

အနန္တနိမိတ်ပုံ
MOTHING ASTFOKE VER
By SIDNY SHELDON

စာမူခွင့်ပြုအမှတ် — ၄၉၁/၉၈ (၉)

မျက်နှာဖုံးခွင့်ပြုအမှတ် — ၄၄၁/၉၈ (၁၀)

ပုံနှိပ်ခြင်း — ပထမအကြိမ်

ထုတ်ဝေသည့်လ — ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ — ၅၀၀

တန်ဖိုး — ၃၀ ကျပ်

ထုတ်ဝေသူ — ဦးဝင်းမြင့် (ဇော်မောင်)

ညီမြင့်အောင်စာပေ

(မြဲ ၀၁၅၁၂) ၃၁၆/၂-စ

တောက်ကြံ့တိုးရဲ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ — ထွန်းကာရာ

စာအုပ်ချုပ် — ပန်းကြာနိုင်

မျက်နှာဖုံး — ဒေါ်လင်းကြည်(မြဲ - ၀၅၆၃၄)

အတွင်းပုံနှိပ်သူ — ဝင်းပုံနှိပ်တိုက်

အမှတ်၁၃၀/၁၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း။

အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။


ဇင်သန့် (မြန်မာပြန်)

# အာရုဏွနီမိတ်ပုံ

MOTHING ASTFOKE VER

BY

SIDNY SHELDON

စီစဉ်သူ ဥက္ကါစံ

# နိဒါန်း

ခရိုင်တရားရေးတာဝန်ခံ 'ဘောအင်ဒရွှေ' အကြီးအကျယ် စိတ်ဆိုးနေသည်။

'ဘယ်လိုတွေ ဖြစ်နေတာလဲ ဆရာဝန်သုံးယောက် တစ်အိမ်တည်းနေ၊တစ်ဆေးရုံတည်းလုပ်၊တစ်ယောက်က ဆေးရုံကို ပိတ်ပစ်ရအောင်လုပ်တယ်၊နောက်တစ်ယောက်က လူနာတစ်ယောက်ကိုသတ်ပစ်တယ်၊ကျန်တဲ့တစ်ယောက်က အသတ်ခံရတယ်'

အင်ဒရွှေက စကားကိုခဏရပ်ကာ အသက်ကို တစ်ချက် ပြင်းပြင်းရှူလိုက်ရင်း…

'နောက်ပြီး… သုံးယောက်စလုံးက မိန်းမတွေချည်းပဲ၊ သောက်ဆရာဝန်မ သုံးယောက်၊ စာနယ်ဇင်း တွေကလည်း သူတို့ကို မှန်းထားလိုက်ကြတာ၊ ရုပ်မြင် သံကြား မှာလည်း

သူတို့အကြောင်းကို မိနစ်ခြောက်ဆယ်စာလောက် လှှင့်ပေးတယ်၊ ရုပ်မြင်သံကြား၊ သတင်းထောက် ဘာဒဘာဆာကဆိုရင် သူတို့ကိုချီးကျူးထားလိုက်တာ မပြောနဲ့တော့၊ သူတို့ဓာတ်ပုံ၊ သူတို့သတင်း မပါတဲ့ သတင်းစာ ရယ်လို့ မရှိတော့ဘူး၊ ဟောလီးဝုဒ်ကထောင် သူတို့အကြောင်းကို ရုပ်ရှင်ရိုက်ဦး မလို့တဲ့၊ ဘာမဟုတ်တဲ့ဟာမတွေက သူ့ရဲကောင်းမကြီးတွေကို ဖြစ်လို့၊ အစိုးရကတောင် သူတို့ပုံတွေကို တံဆိပ်ခေါင်းမှာ သုံးဦးမလားမသိဘူး၊ ငါတော့ နားမလည်တော့ဘူး'

သူက ပြောရင်း တိုင်းမဂ္ဂဇင်း မျက်နှာဖုံးတွင် ပါသည့် မိန်းမတစ်ယောက်၏ ပုံကို လက်သီးနှင့် ထုလိုက်သည်။ ထို မျက်နှာဖုံးအောက်မှ စာကလည်း 'ဒေါက်တာပိုက်တေလာ၊ အကြွင်နာနက်သမီးလော၊ မကောင်းဆိုးဝါးလော' ဟူ၏။

'ဒေါက်တာပိုက်တေလာတဲ့၊ ဒီအမှု မင်းကို ကိုင်ခိုင်းရမယ် ဂတီ၊ ထိပ်တန်းလူသတ်မှုမျိုးဖြစ်အောင်လုပ်၊ သေစား သေစေတဲ့အထိ ဖြစ်စေရမယ်'

ရှိုင်ဘာရားရေး တာဝန်ခံ၏အသံက စက်သုပ်ဟန်ပါနေသည်။ သူက မိမိ၏ဖက်ထောက် ဂတီဗန်နေ့ဘ်အား ပြောနေခြင်းဖြစ်၏။ ဂတီကလည်း....

'စိတ်ချပါ၊ ကျွန်တော်ကြည့်လုပ်ပါမယ်'



တရားရုံးထဲတွင် ဒေါက်တာပိုက်တေလာကို ထိုင်ကြည့်နေရင်း ဂတီဗန်နေဘဲ စိတ်ထဲမှ 'သူ့ကိုယ်သူ ခုံသမာဓိအဖွဲ့ကို လွတ်အောင်ရှောင်နိုင်တယ်ပေါ့လေ၊ ခုံသမာဓိအဖွဲ့ကို ဘယ်သူမှ လွတ်အောင်မရှောင်နိုင်ဘူး။

ပြီးတော့ သူက ရယ်လိုက်သေးသည်။ ဒေါက်တာပိုက်မှာ အရပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ်၊ ဖြူရော်ရော်မျက်နှာပေါ်တွင် မျက်လုံးများက အညိုရင့်ရောင် အမှတ်တမဲ့ ကြည့်လျှင် မိန်းမချောတစ်ယောက်ဟု ထင်စရာရှိ၏။

သူမကို သေသေချာချာ ကြည့်မည် ဆိုလျှင် အသွင်အမျိုးမျိုးကို တွေ့ရမည်။ အလေးတစ်ယောက်၏ ပျော်ရွှင်တက်ကြွမှုမျိုးကိုလည်း တွေ့ရမည်။ အရွယ်မရောက်သေးသူတစ်ယောက်၏ ရှက်ရွံ့မှုနှင့် မခဝခွဲနိုင်မှုမျိုးလည်း တွေ့ရမည်။ မိန်းမကြီးတစ်ယောက်၏ ဉာဏ်ပညာနှင့် ခံဝံ့နာမျိုးကိုလည်း တွေ့ရမည်။ အပြစ်ကင်းသည့် အသွင်မျိုးလည်း ဆောင်နေသည်။

ဂတီ ဆက်၍စဉ်းစားနေသည်။ ပုံစံကတော့ ယောက်ျားတွေ ကိုယ့်အမေဆီကို ခေါ်သွားပြီး ပြချင်စရာကောင်းတဲ့ ရုပ်မျိုး။ အမေကလည်း သွားအေးအေးနဲ့ သတ်တဲ့မိန်းမမျိုးကို သဘောကျတတ်တယ်ဆိုရင်ပေါ့။

သူ့စိတ်များ သူမကိုချုပ်ထားရာ တရားရုံးနှင့်ဝေးရာ အခြားနေရာ၊ အခြားတစ်ချိန်ချိန်ဆီသို့ ရောက်နေဟန်ပေါ်နေသည်။

တရားခွင်မှာ ဆန့်ဖရန်စစ္စကို ခန်းမထဲတွင် ကျင်းပနေခြင်း ဖြစ်သည်။ တရားခွင်ကို လာရောက်နားထောင်သူများသည် လျှပ်စစ်စနစ်ဖြင့် လုံခြုံရေးအရ အစစ်ဆေး ခံကြရသည်။ တတိယထပ်တွင် အထက်တရားရုံးရှိသည်။ လူသတ်မှုများကိုစစ်ဆေးသည့်ရုံးခန်းအမှတ် ၁၂၁တွင် တရားသူကြီးထိုင်သည့်နေရာမှာ နံရံနှင့်ကပ်လျက် ရှိသည်။ နံရံပေါ်တွင် နိုင်ငံတော်အလံ ချိတ်ဆွဲထား၏။

ယင်း၏ဘက်ဝဲဘက်တွင် ခုံသမာဓိလူကြီးများ ထိုင်သည့်နေရာရှိသည်။ အလယ်တွင် စားပွဲနှစ်လုံးကို ကျသွားလမ်းခြား၍ချထားသည်။ စားပွဲတစ်လုံးမှာ တရားလို တရားခံဘက်မှ ရှေ့နေထိုင်ရန်ဖြစ်သည်။

တရားရုံးထဲတွင် သတင်းထောက်တွေနှင့် လာရောက်နားထောင်သူများဖြင့်ပြည့်နေတော့သည်။ ယခုလိုလူသတ်မှုမျိုးကလည်း စိတ်ဝင်စားစရာကောင်းနေသည် မဟုတ်လား။ တရားလိုရှေ့နေ ဂတ်ဗန်နေဘဲ မှာလည်း၊ ဟန်အပြဖြူနှင့် လူက ဝတုတ်တုတ်၊ ဆံပင်ဖြူတွေက ခေါင်းတွင် ထူထဲစွာ ပေါက်နေသည်။ မေးစေ့တွင် မုတ်ဆိတ်မွေး တစ်စုက ရှည်ကျနေ၏။ နောက်ပြီး တောင်ပိုင်းသား ခြံပိုင်ရှင်ကြီးတို့၏ ဟန်ပန်မျိုး။

သို့သော် တောင်ပိုင်းသို့ သူ ရောက်ပင် မရောက်ဖူးခဲ့။ တောင်ဘက်ကလည်း ခပ်ကြီးကြီး။ ဦးနှောက်ကတော့ ကွန်ပျူတာ ဦးနှောက်။



ပိုက်တောလာ၏ရှေ့နေ အလန်မင်းမှာ ဂတ်နှင့်ဆန့်ကျင်ဘက်။ သိုသိပ်ကျနဲလျစ်ပြီး အားမာန်ပါသည်။ သူလိုက်သည့်အမှုမှန်သမျှ နိုင်သည်ချည်း ဖြစ်၍ နာမည်လည်း ကျော်သည်။

ထိုနှစ်ယောက်သည် ယခင် အမှုများတွင်လည်း ဆုံခဲ့ဖူးသဖြင့် တစ်ယောက်နှင့် တစ်ယောက် လေးစားသော်လည်း တစ်ယောက်ကို တစ်ယောက်မယုံကြ။ အလန်မင်းသည် အမှုကို မစစ်မီ တစ်ပတ်အလိုက ဂတ်အား လာတွေ့သဖြင့် ဂတ်အံ့သြခဲ့ရသည်။

'ခင်ဗျားဆီကို အကူအညီ လာတောင်းတာ ဂတ်'

လက်ဆောင်နှင့်လာသော တရားခံရှေ့နေကို သတိထား၍ စိတ်ထဲမှ တွေးလျက် ဂတ်က...

'ဘာများလဲ အလန်'

'ဒီကိစ္စကို ကျွန်တော့် အမှုသည်နဲ့တော့ မဆွေးနွေးရသေးပါဘူး။ ဒါပေမယ့် သူ့ကို အပြစ်ရှိကြောင်း ဝန်ခံပြီး ပြစ်ဒဏ်လျှော့ပေးဖို့ အယူခံဝင်ခိုင်းမယ်ဆိုရင်နိုင်ငံအတွက်လည်း တရားရေး ကုန်ကျစရိတ်တွေ အများကြီး သက်သာသွားမယ်'

'ခင်ဗျားက စွဲချက်ငို့လျှော့ပြီး လျှောက်လဲ-အပေးအယူ လဒလုပ်တာလား'

'ဟုတ်ပါတယ်'

ဂတ်၏ စားပွဲအံဆွဲထဲ ဟိုရှာသည်ရှာနှင့် လုပ်ရင်း...

'ပြက္ခဒိန်နှစ်တောင် ရှာမတွေ့ဘူး၊ ဒီနေ့ဘာနေ့လဲ မသိဘူး'

'ငှန်လ တစ်ရက်နေ့လေ ဘာဖြစ်လို့လဲ'

'ဪ…ကျုပ်က ခရစ္စမတ်များ ရောက်နေမလားလို့၊ ခင်ဗျား ခရစ္စမတ်လက်ဆောင် ပါတောင်းတာမှတ်လို့'

'ဂတ်ကလဲဗျာ'

ဂတ်က ထိုင်ခုံး ရှေ့သို့ကိုင်း၍…

'ဆာမန်ဆိုရင်၊ ခင်ဗျား ကျွန်းတစ်ခုကို ညှိလို့ရပါတယ် ဆာလန်၊ အမှန်အတိုင်း ပြောရရင် အခုအချိန်မှာ ကျွန်တော် လည်း အလာစကာမှာသွားပြီး အေးအေးဆေးဆေး ငါး မျှား နေချင်တာ၊ ဒါပေမယ့် အခုဟာက မဖြစ်ဘူးဗျာ၊ လူနှစ် တစ်ယောက်ဆီက ငွေယူပြီးသွေးအေးအေးနဲ့ သတ်တဲ့ လူသတ်သမားကို ခင်ဗျားက ရှေ့နေ လိုက်ပေးနေတာ၊ ကျုပ်ကတော့ သေဒဏ်စီရင်တာကိုပဲ လိုချင်တယ်'

'ဒီမိန်းကလေးမှာ အပြစ်မရှိဘူးလို့ ကျွန်တော်ထင်တယ်၊ ကျုပ်က နောက်ပြီး…'

ဂတ်က ငါးလုံးကွဲ ရယ်လိုက်ပြီး…

'ခင်ဗျားက ဘယ်ထင်မလဲ၊ ဘယ်သူမှလည်း မထင်ဘူး၊ ဖွင့်ပြီး ပြန်ပိတ်လိုက်ရမယ့် အမှုလို့ပဲ ထင်နေကြမှာပေါ့၊ ခင်ဗျားရဲ့ အမှုသည်ဟာ လုံးဝအပြစ်ရှိတဲ့လူ'

'ခုံသမာဓိအဖွဲ့ မဆုံးဖြတ်မချင်း အပြစ်ရှိတယ်လို့ ပြောလို့ ရပါဘူး'

'သူတို့ကလည်း ဒီအတိုင်း ဆုံးဖြတ်မှာပဲ'



အလန်ပင်း ပြန်သွားတော့ ဂတ်ထိုင်၍ စဉ်းစားနေသည်။ သူ ယခုလိုလာခြင်းသည် သူတို့ဘက်မှ အားနည်းချက်ကို ဖော်ပြနေခြင်းဖြစ်၏။ ဤအမှုတွင် သူ မနိုင် နိုင်ကြောင်း အလန် သိနေခြင်းဖြစ်မည်။ မိမိတွင် ရှိနေသည့် မငြင်းနိုင်လောက်အောင် ခိုင်မာသော အထောက်အထားများနှင့် မိမိ ခေါ်ယူမည့် သက်သေများအကြောင်းကို ပြန်စဉ်းစားကာ ဂတ်ကျေနပ် နေမိသည်။

မည်သို့မျှ သံသယရှိစရာမရှိ၊ ဒေါ်ကတာ ပိုက်တောသာ ဓာတ်ငွေ့ခန်းထဲထည့်၍ သေစားသေစေရမည်။

ခုံသမာဓိအဖွဲ့ဝင် ရွေးချယ်ရေးမှာ မလွယ်လှ၊ ဤအမှုမှာ သတင်းစာ ခေါင်းကြီးပိုင်းများတွင် ပါနေသည်မှာ လပေါင်းများစွာရှိခဲ့ပြီ။ သွေးအေးအေးနှင့် ရက်စက်စွာ သတ်သည့်အမှုကြောင့် လူတော်တော်များများသည် အတော်ဒေါသ ဖြစ်နေကြ၏။

ခုံသမာဓိအဖွဲ့ကို ဦးဆောင်မည့် ဘုရားသူကြီးမှာ 'ယန်း' ဆိုသူ ထက်မြက်သည့် လူမည်းအမျိုးသမီးကြီး တစ်ဦးဖြစ်

သည်။ တရားရုံးချုပ်အဖွဲ့၏ လာမည့်သက်တမ်းတွင် အဖွဲ့ဝင်ဖြစ်လာမည့် သူလည်းဖြစ်သည်။

သူမမှာ ရှေ့နေများအပေါ် လည်း စိတ်မရှည်တတ်၊ စိတ်အည်းတိုသည်။ ဆန်ဖရန်စစ္စကို ရှေ့နေလောကတွင် ပြောစမှတ် တစ်ခုရှိနေသည်။ ကိုယ့်အမှုသည်တွင် အပြစ်ရှိသည်ဟု ထင်လျှင် အသနားခံစာသာ တင်ပြီးတော့ ယန်း၏ရုံးကို ရှောင် ဟူ၏။

အမှုမစစ်မီ ဟစ်ပတ်အလိုတွင် တရားသူကြီး ယန်းသည် နှစ်ဘက်ရှေ့နေများကို သူမ၏ရုံးခန်းထဲတွင် ခေါ်တွေ့၏။

'ကျွန်မတို့ အခြေခံ စည်းမျဉ်းလေးတွေ ညှိကြရအောင် ဒီအမှုဟာ အတော်အလေး အနေးကြီးတယ်ဆိုတော့ တရားခံ အနေနဲ့ အမှုမှန်အတိုင်း ဖြစ်ဖို့လိုတယ်၊ ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်မယ်၊ ဒါကိုတော့ အခွင့်အရေးယူဖို့ မကြိုးစားနဲ့၊ နားလည်လား'

'နားလည်ပါတယ်၊ တရားသူကြီးမင်း'

'နားလည်ပါတယ်၊ တရားသူကြီးမင်း'



စွဲချက်ရှေ့နေ ဂတ်သည် သူမ၏ လျှောက်လဲချက်ကို အဆုံးသတ်နေသည်။

'ခုံသမာဓိအဖွဲ့ဝင်များခင်ဗျား၊ ဒေါက်တာ ပိုက်စတလာဟာ ဂျွန်ခရိုနင်ဆိုတဲ့ လူနာကိုသတ်ခဲ့တယ် ဆိုတာ သံသယရှိစရာမလိုလောက်အောင် ခိုင်မာပါတယ်၊ သူဟာ ရိုးရိုးသတ်တာ မဟုတ်ပါဘူး၊ ငွေရလို့ သတ်တာပါ၊ အခုတော်များတဲ့ ငွေပါ၊ တရားခံဟာ ဂျွန်ခရိုနင်ကို ဒေါ်လာတစ်သန်းရလို့ သတ်ခဲ့တာပါ...

'ကျွန်ုပ်ခုတင်ပြတဲ့ အထောက်အထား အချက်အလက်တွေကို ကြားခဲ့ပြီးမို့ လူကြီးမင်းတို့အနေနဲ့ ဒေါက်တာပိုက်ထိပ်တန်းလူသတ်မှုမျိုး ကျူးလွန်တယ် ဆိုတာ အဖြေပေါက်ဖို့ မခက်ပါဘူး၊ လျှော်ရှုံးတင်ပါတယ်'

ခုံသမာဓိ အဖွဲ့ဝင်များ ငြိမ်နေကြသည်၊ မလှုပ်ကြ၊ ဂတ်က တရားသူကြီးဘက်သို့လှည့်၍...

'တရားသူကြီးမင်း၊ ခွင့်ပြုမယ် ဆိုရင် ဂယ်ရီ ဝိလျံကို နိုင်ငံတော်ရဲ့ ပထမ သက်သေ အဖြစ် ခေါ်ယူ လိုပါတယ် ခင်ဗျာ'

သက်သေ ကျမ်းကျိန်ပြီး...ဂတ်က...

'ခင်ဗျားဟာ အမ်ဘာကက်ဒရီ ခရိုင်ဆေးရုံမှာ ဆေးရုံအလုပ်သမားနော်'

'မှန်ပါတယ်ခင်ဗျာ'

'ပြီးခဲ့တဲ့ နှစ်မှာ ဂျွန်ခရိုနင်ကို ဆေးရုံ တင်လာခဲ့တော့ ခင်ဗျား အဆောင် (၉) မှာ ရှိနေပါသလား'

'ရှိပါတယ်'

'အဲဒီလူနာရဲ့တာဝန်ခံဆရာဝန် ဘယ်သူလဲဆိုတာ ပြောပြပါလား'

'ဒေါက်တာပိုက်ပါ'

'ဒေါက်တာပိုက်နဲ့ ဂျွန်ခရိုနင်တို့ရဲ့ ဆက်ဆံရေးဘယ်လို ရှိပါသလဲ'

ဤတွင် တရားခံရှေ့နေ အလန်က ထ၍—

'ကန့်ကွက်ပါတယ်၊ သက်သေကို နိမိတ်ပြ မေးခွန်းတွေ မေးနေပါတယ်'

'ဒီလိုမမေးပါနဲ့'

'တခြား နည်းနဲ့ ပြန်မေးပါ့မယ်၊ ဒေါက်တာပိုက်နဲ့ ဂျွန်ခရိုနင်တို့ စကားပြောတာကို ကြားဖူးပါသလား'

'ကြားဖူးတာပေါ့၊ မကြားဘဲဘယ်နေမလဲ၊ ကျွန်တော် အဲဒီအဆောင်မှာ အလုပ်လုပ်တာပဲ'

'သူတို့ စကားပြောတာ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပဲလား'

'မဟုတ်ပါဘူး'

'ဟင်—ဘာဖြစ်လို့လဲ'

'မစ္စတာခရိုနင် ဆေးရုံစတက်တဲ့နေ့ကို ကျွန်တော်မှတ်မိနေပါတယ်၊ ဒေါက်တာပိုက်က သူ့ကို စမ်းသပ်ပါတယ်၊ ဒီတော့ မစ္စတာခရိုနင်က သူပြောတဲ့ စကားအတိုင်း ကျွန်တော်ပြောရင် သင့်တော်ပါ့မလားမသိဘူး'



'ပြောသာပြောပါ မစ္စတာဝီလျံ၊ ဒီအခန်းထဲမှာရှိတဲ့လူတွေဟာ ကလေးတွေမှမဟုတ်တာ'

'သူဟာ ခင်ဗျားရဲ့ သောက်လက်ကြီး ဖယ်စမ်းပါတဲ့'

'သူဟာ ဒေါက်တာပိုက်ကို ဒီလိုပြောသလား'

'ဟုတ်ပါတယ်'

'ခင်ဗျား—နောက် မြင်တာ ကြားတာတွေ ရုံးတော်ကို ပြောပြပါဦး'

'သူက ဒေါက်တာပိုက်ကို အမြဲ အဲဒီ ခွေးမလို့ခေါ်ပြီး သုံးနှုန်းတတ်ပါတယ်၊ ဒေါက်တာပိုက် အနား လာတာကို ဆည်း၊ သ မကြိုက်ဘူး၊ ဒေါက်တာပိုက် အခန်းထဲဝင်လာပြီဆိုတာနဲ့ 'ဟိုခွေးမ လာပြန်ပြီ၊ အဲဒီခွေးမ မလာပါစေနဲ့၊ ဘာကြောင့် ကျုပ်ကို ဆရာဝန်အစစ်နဲ့ အကု ခိုင်းကြပါလိမ့်'လို့ ပြောလေ့ရှိပါတယ်'

ခွဲချုပ်ကြီး ဂတ်ထ ဒေါက်တာ ပိုက် ရှိရာဘက်သို့ လှည့်ကြည့်လိုက်သည်၊ ခုံသမာဓိ အဖွဲ့ဝင်များသည်၊ လိုက်ကြည့်ကြ၏၊ ဂတ်က စိတ်မကောင်းဟန် ခေါင်းကိုယမ်းပြီး သက်သေဆီသို့ ပြန်လာသော....

'မစ္စတာ ခရိုနင်ဟာ ဒေါက်တာ ပိုက်ကို ငွေဒေါ်လာ တစ်သန်း ပေးမယ့်လူစားမျိုးလို့ ထင်ပါသလား'

တရားခံရှေ့နေအလန်က ထ၍—

'ကန့်ကွက်ပါတယ်၊ နိမိတ်ပြမေးခွန်းတွေ မေးနေပြန်ပြီ'

တရားသူကြီးက....

'ကန့်ကွက်ချက်ကို ပယ်ချတယ်၊ မေးခွန်းကို သက်သေ အနေနဲ့ ဖြေနိုင်တယ်'

အလွန်က ပိုက်ကိုကြည့်ကာ ပြုံးထိုင်သွားသည်။

'မဖြစ်နိုင်ပါဘူး၊ မစ္စတာခရိုနင်ဟာ ဒေါက်တာပိုက်ကို သိပ်မုန်းပါတယ်'

သက်သေ အဖြစ် အစစ်ခံမည့် ဝက်ခြံအလေးထိတွင် ဒေါက်တာအာသာကိန်းထွက်နေသည်။ ရှေ့ချကြီးဂတ်က...

'ဒေါက်တာကိန်း၊ ခင်ဗျား၊ မစ္စတာခရိုနင် အသတ်ခံ... အကြောင်းဆား သွင်းတဲ့ ပုလင်းထဲမှာ အင်ဆူလင် ထည့်... သေတုန်းက ခင်ဗျားဟာ တာဝန်ခံအဖြစ် တာဝန်ယူနေ... ထယ်လို့ထင်ပါတယ်၊ ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'ဒီကိစ္စမှာ တာဝန်ရှိတဲ့လူဟာ ဒေါက်တာပိုက်လို့ ခင်ဗျား... ...ာက်ပိုင်၊ တွေ့ခဲ့တယ်နော်'



'မှန်ပါတယ်'

'ဒေါက်တာပိုက် လက်မှတ်ထိုးထားတဲ့ သေတမ်း ဆေးစစ်ချက်ကို ကျွန်တော်ပြမယ်၊ အဲဒါကို ကျယ်ကျယ်လေး ဖတ်ပြပါလား'

ဒေါက်တာကိန်းက ဖတ်ပြနေသည်။

> အမည် ဂျွန်ခရိုနင်၊ သေရသည့် အကြောင်း နှလုံးသွေးကြောင်းပိတ်၍ နှလုံးကြွက်သားသေဆော အသက်ရှူကျပ်၍ သေခြင်း။

'အရပ်သား နားလည်နိုင်တဲ့ စကားနဲ့ ပြောပြပါ'

'နှလုံးရောဂါ ထလို့ သေတာပါ'

'ဒီစာရွက်ကို ဒေါက်တာပိုက် လက်မှတ်ထိုးတာနော်'

'ဟုတ်ပါတယ်'

'မစ္စတာခရိုနင် သေရတာ အဲဒီအကြောင်းကြောင့် ဟုတ်ပါသလား၊ ဒေါက်တာကိန်း'

'မဟုတ်ပါဘူး၊ အင်ဆူလင်ဆေး အထိုးခံရလို့ သေတာပါ'

'ဒါဆိုတော့ ဒေါက်တာပိုက်ဟာ အင်ဆူလင်သေလောက်အောင် ထိုးပေးပြီး အစီရင်ခံစာကို လိမ်ရေးတာပေါ့'

'ဟုတ်ပါတယ်'

'ဒါကို ဆရာက ဆေးရုံအုပ် ဒေါက်တာ ဘင်ဂျမင်ဝေါလေ့ကို သတင်းပို့ပြီး ဒေါက်တာဘင်ဂျမင်က ဆက်ဆိုင်ရာ တာဝန်ရှိသူတွေဆီ သတင်းပို့တယ်နော်'

'ဟုတ်ပါတယ်၊ ဒါဟာ ကျွန်တော့်တာဝန်လို့ ယူဆလို့ပါ၊ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ပါ၊ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် လူတစ်ယောက်ရဲ့ အသက် မသေစေသင့်ဘူးလို့ ယူဆပါတယ်'

နောက်သက်သေမှာ ဂျွန်ခရိုနင်၏ ကျန်ရစ်သူဇနီး ဟာဇယ် ခရိုနင် ဖြစ်သည်။ အသက်လေးဆယ်နီးပါးရှိ ဆံပင်နီနီနှင့် ကိုယ်လုံးကိုယ်ပေါက် ချောင်းကောင်းဖြစ်သည်။

ရှေ့နေကြီး ဂတ်အာ....

'အစ်မကြီး ဘယ်လောက် ခံစားနေရမယ်ဆိုတာ ကျွန်တော် သဘောပေါက်တယ်၊ ဒါပေမယ့် တဆိတ်လောက် အစ်မကြီးရဲ့ သွားလေသူ ခင်ပွန်းနဲ့ အစ်မကြီးတို့ ဆက်ဆံရေးကို ပြောပြပါလား'

ဟာဇယ်က လက်ကိုင်ပဝါကြီး တစ်ထည်ဖြင့် မျက်လုံးကို တို့ရင်း....

'ဂျွန်နဲ့ကျွန်မဟာ ချစ်လို့ ယူခဲ့ကြသူတွေပါ၊ သူဟာလေ အင်မတန်တော်တဲ့ လူတစ်ယောက်၊ ကျွန်မနဲ့နေရတာ သိပ်စိတ်ချမ်းသာတယ်လို့ သူကအေအေ ပြောပါတယ်'



'လက်ထပ်တာ ဘယ်လောက်ကြာပါပြီလဲ'

'နှစ်နှစ်ရှိပါပြီ၊ ဂျွန်ကအဲဒီနှစ်နှစ်ကာလဟာ နိဗ္ဗာန်ဘုံကို ရောက်နေရသလိုပဲတဲ့'

'မစ္စက်ခရိုနင် ခင်ဗျား၊ ဒေါက်တာပိုက်နဲ့ ပတ်သက်ပြီး အစ်မကြီး ခင်ပွန်းက အစ်မကြီးကို ပြောပြဖူးပါသလား၊ အင်မတန်တော်တဲ့ ဆရာဝန်တစ်ယောက် ဆိုတာမျိုးပေါ့၊ ဒါမှမဟုတ် သူ့အပေါ် ဘယ်လို ကောင်းတယ် ဆိုတဲ့ အကြောင်း၊ ဒါမှ မဟုတ်လည်း သူဘယ်လောက် ခင်တဲ့ အကြောင်း ဆိုပါတော့'

'အဲဒီ ဆရာဝန်အကြောင်း တစ်ခါမှ မပြောဖူးပါဘူး'

'လုံးဝ မပြောဘူးလား'

'လုံးဝ မပြောပါဘူး'

'အစ်မကြီးနဲ့ အစ်မကြီးရဲ့ မောင်ကို ဂျွန်က သေတမ်းစာ မထည့်တာနဲ့ ပတ်သက်ပြီး အစ်မကြီးကို သူပြောဖူးပါသလား'

'လုံးဝ မပြောဖူးပါဘူး၊ ဂျွန်ဟာ အင်မတန် စကားနည်းတဲ့ လူတစ်ယောက်ပါ၊ ကျွန်မလိုတာ ရစေရမယ်လို့ အမြဲပြောလေ့ရှိပါတယ်၊ ဒါပေမယ့် သူသေသော့ မချမ်းသာပြီး ကျန်ရစ်ရမယ့်အခါ....'

သူမ စကားကို မဆက်နိုင်တော့။

အမျိုးသမီး တရားသူကြီး ယန်းက....

'အားလုံး ဆယ့်ငါးမိနစ် နားမယ်'

တရားရုံး၏ နောက်ဘက်နားတွင် ထိုင်နေသူ ဂျေဆင်ကားတစ်မှာ အတော်စိတ်ဆိုးနေ၏။ ပိုက်နှင့် ပတ်သက်၍ သက်သေများ တွက်ဆိုသွားသည်ကို သူ မယုံအောင်ရှိရသည်။ ‘ဒါဟာ ငါချစ်နေတဲ့ အမျိုးသမီး၊ ငါနဲ့လက်ထပ်တော့မယ့် အမျိုးသမီး’ စိတ်ထဲမှ ပြောနေမိ၏။

ပိုက်ကို ဖမ်းဖမ်းချင်း ဂျေဆင် သူမကို ထောင်ဝင်စာသွားတွေ့သည်။

‘ကိုယ်တို့ ပြန်တိုက်မယ်၊ မင်းအတွက် အကောင်းဆုံး ရှေ့နေကို ကိုယ်ရှာပေးမယ်’

ပြောရင်း အလန်ပင်းကိုလည်း ချက်ချင်းသတိရလိုက်၏။ ပင်းက သူ့အား...

‘ဒီအမှု အကြောင်း၊ ကျုပ်သတင်းစာထဲမှာ ဖတ်ပြီးပါပြီ၊ သတင်းစာတွေကတော့ မစ္စတာရေနိုင်ကို သူသတ်လိုက်တယ်လို့ပဲ ရေးနေကြတယ်၊ ဒေါက်တာပိုက် ကိုယ်တိုင်က သတ်မိပါတယ်လို့ ဝန်ခံထားတယ်ဆိုပဲ’

‘သူ့အကြောင်းကို ကျွန်တော် အသိဆုံးပါ ဆရာရယ်၊ ပိုက်ဟာ ပိုက်ဆံရဖို့ ဒါမျိုးလုပ်တယ်ဆိုတာ မဟုတ်ပါဘူး ယုံပါ’

‘သူကိုယ်တိုင်က သတ်မိပါတယ်လို့ ဝန်ခံတော့ ဝေဒနာမခံစားရအောင်ဆိုတာပဲ လုပ်လို့ရမှာပေါ့၊ သနားလို့သတ်တယ်ဆိုတာကို ဒီပြည်နယ်မှာရော၊ တခြားပြည်နယ်တွေမှာရော ဥပဒေက လက်မခံဘူး၊ ဒါပေမယ့် လက်ခံတဲ့ လူတွေလည်း ရှိတော့ရှိပါတယ်၊ နောက်ပြီး ခင်ဗျားအမျိုးသမီးက



လုံနာတစ်ယောက်ကို သတ်တယ်၊ လူနာက သေတမ်းစာနဲ့ သူ့ကို ဒေါ်လာတစ်သန်း ပေးခဲ့တယ်၊ ဒီငွေပေးမယ်ဆိုတာကို မသတ်ခင်သိတာလား၊ သတ်ပြီးမှ သိတာလား’

‘ငွေနဲ့ပတ်သက်လို့ ပိုက် ဘာမှမသိပါဘူး’

ဂျေဆင်က အခိုင်အမာပြောနေသည်။ ပင်းက...

‘ဟုတ်ပြီ၊ ကံကောင်းတဲ့ တိုက်ဆိုင်မှုပဲ ထားပါတော့၊ ရှေ့တရားရေးတာဝန်ခံက ဒီအမှုကို ထိပ်တန်းလူသတ်မှုလို့ သတ်မှတ်ပြီး ပြောဆိုကျူစေချင်နေတာ’

‘ဒီအမှုကို ဆရာလက်ခံမလား’

ပင်းက ထိုသို့ဆိုင်းနေသည်။ ဒေါက်တာပိုက်ကို ဂျေဆင်အားတစ် ယုံကြည်နေသည်မှာ အေးရသည်။ သူက ဂျေဆင်ကိုကြည့်ရင်း ‘ဒီငနဲ့ အဖြစ်မှန်ကို သိမှသိရဲ့လား’ ဟု လည်း တွေးနေမိ၏။ ပြီးမှ...

‘ကျုပ် ဒီအမှုကို လိုက်ပါမယ်၊ ဒါပေမယ့် ခင်ဗျားသိတဲ့အတိုင်း လွယ်တော့မလွယ်ဘူး၊ နိုင်ဖို့တော့ အတော်ခက်မယ်’

နောက်တစ်နေ့မနက် အမှုကိုစစ်သောအခါ စုံထောက်ကြီးဂတ်ဗင်
နေတဲ့က သက်သေတသီတတန်းကြီး ခေါ်တော့သည်။
သက်သေထွက်ဆိုသည့်ဝက်ခြံလေးထဲတွင် သူနာပြုဆရာမ
တစ်ဦး ရောက်နေသည်။
'ဂျွန်မရိုနင်ပြောတာကို ကျွန်မကြားတာကတော့ ကျုပ်
တော့ ခွဲစိတ်ခုတင်ပေါ်မှာပဲ သေရလိမ့်မယ်၊ ခင်ဗျားသတိ
လို့မေ၊ ခင်ဗျားသည်၊ လူသတ်မှုနဲ့ တရားစွဲခံရမယ်တဲ့'
သက်သေထွက်ဆိုသည့်ဝက်ခြံကလေးထဲတွင် လာရောက်
နေသည့် ဓမ္မာနု ဆေးရုံအုပ်အား ဂတ်ဗ...
'ဂျွန်မရိုနင်က ခေါ်လာ တင်သန်း ထားခဲ့တယ် လို့
ခေါ်လဲတာပုံကိုပြောတော့ ခေါ်ဘ်ဘာသိုက်ကဘာပြောလဲ'
'သူက ဒီငွေကို ကျွန်မအာနေနဲ့ မယူကောင်းပါဘူး၊
သူသ ဂျွန်မဖွဲ့လူနာပဲဆိုတာမျိုး ပြောပါတယ်'
'မယူကောင်းဘူးဆိုတာ သူဝန်ခံတယ်ပေါ့'
'ဟုတ်ပါတယ်'
'ဒါပေမယ့် ယူလိုက်တယ်မဟုတ်လား'
'ဟုတ်ကဲ့၊ ယူလိုက်ပါတယ်'
တရားခံရှေ့နေ အလန်ဘင်းက မေးမြန်းသည်။
'မစ္စတာ ဒေါ့ဗရစ် ခင်ဗျား၊ ခင်ဗျား လာတွေ့မယ်ဆို
တာကို ဒေါက်ဘာပိုဘ် သိနေပါသလား'
'ဘာဖြစ်လို့လဲ၊ ဟင့်အင်း...မသိ...'
'သူ့အတွက် ဂျွန်မရိုနင်က ငွေ တစ်သန်း ထားခဲ့တဲ့
အကြောင်း ဘယ်လိုဖုန်းနဲ့ပြောတာ မဟုတ်ဘူးမဟုတ်လား'



'ဟင့်အင်း၊ ကျွန်တော်...'
'ဒါဆို...ခင်ဗျားတို့ကို လူချင်းတွေ့ပြီးမှပြောတာပေါ့'
'ဟုတ်ပါတယ်'
'ဒီသတင်းကြောင့် သူဖြစ်သွားတဲ့အမူအရာကို မြင်နိုင်တဲ့
နေအထားပေါ့'
'ဟုတ်ပါတယ်'
'ငွေအကြောင်း ပြောလိုက်တော့ သူ့ အမူအရာ ဘယ်လို
ဖြစ်သွားသလဲ'
'အင်း...အံ့ဩသွားပုံရတယ်၊ ဒါပေမယ့်...'
'ကျေးဇူးတင်ပါတယ် မစ္စတာဒေါ့ဗရစ်'

အမှုကို စစ်နေသည်မှာ သီတင်းလေးပတ် အတွင်းသို့
ရောက်နေလေပြီ။ လာရောက်နားထောင်သူများနှင့် သတင်း
ထောက်များအဖို့ စုံထောက်ရှေ့နေကြီးနှင့် တရားခံ အကျိုး
ဆောင်တို့ အပြိုင်အဆိုင် လျှောက်လဲနေကြပုံကို သဘောကျ
နေကြသည်။ စုံထောက်ကြီး ဂတ်ဗ အဖြူရောင်ဝတ်စုံကို ဝတ်၍
တရားခံအကျိုးဆောင် ပင်းက အနက်ရောင် ဝတ်စုံကို ဝတ်

ထားသည်။ သူတို့ နှစ်ယောက် ရုံးခန်းထဲ လှည့်ဝင်ပြီး လျှောက်လဲနေပုံမှာ ဒေါက်တာပိုက်သော၏အား နယ်ရုပ်အဖြစ်ထား၍ စစ်တုရင်ထိုးနေသည်နှင့် တူနေတော့သည်။

စွဲချကြီးက လှုတ်နေသောအစများကို လိုက်၍ထုံးချည်နေသည်။

'ရုံးခေတ်က ခွင့်ပြုမယ်ဆိုရင် အယ်လီမာ ရှေ့ကျွန်းကို ဆက်သေအဖြစ် ခေါ်စစ်ချင်ပါတယ်'

သက်သေကျမ်းကျိန်ပြီးသောအခါ ဂတ်က—

'မစ္စက်ရှေ့ကျွန်းခင်ဗျာ၊ ခင်ဗျား ဘာအလုပ် လုပ်ပါသလဲ'

'ကျွန်မကို မစ္စရှေ့ကျွန်းလို့ ခေါ်ပါ'

'ကျွန်တော် တောင်းပန်ပါတယ်'

'ကျွန်မ ခရီးသွားအေဂျင်စီမှာ လုပ်ပါတယ်'

'ခင်ဗျားရဲ့အေဂျင့်စီက နိုင်ငံတကာ သွားမယ့် ကမ္ဘာလှည့်ခရီးသည်တွေကို လက်ခံပြီး သူတို့အတွက် ဟိုတယ်တွေ ငှားပေးတာတို့ ဘာတို့ ဆောင်ရွက်ပေးတယ်နော်'

'ဟုတ်ပါတယ်ရှင့်'

'ဒီမှာ တရားခံကို ကြည့်လိုက်စမ်းပါ၊ သူ့ကို ခင်ဗျား မြင်ဖူးသလား'

'မြင်ဖူးပါတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်က သူ ကျွန်မတို့ အေဂျင်စီကို သူ လာဖူးပါတယ်'

'ဘာလာလုပ်တာလဲ'



'လန်ဒန်နဲ့ ပဲရစ်ကို သွားချင်လို့တဲ့အီတလီနိုင်ငံ ဗင်းနစ်မြို့ကိုလည်း သွားချင်တယ်ဆိုလားပဲ'

'သူက အုပ်စုလိုက်သွားချင်တာတဲ့လား'

'မဟုတ်ပါဘူး၊ အစစအရာရာ ပထမတန်းတွေကချည်း သွားချင်တာတဲ့၊ လေယာဉ်စီးတာရော၊ ဟိုတယ်တည်းတာရောပေါ့၊ သဘောင်တောင် စင်းလုံးငှားစီးချင်တယ်လို့ ပြောတယ်'

တရားခွင်တစ်ခုလုံး ဟင်ခနဲ ဖြစ်ကုန်ကြသည်။ ဂတ်က စားပွဲရှိရာသို့ လျှောက်သွားပြီး စာတွဲတစ်ခုကို မြှောက်ပြ...

'ဒေါက်တာပိုက်မေတလာရဲ့ တိုက်ခန်းထဲကို ရှာဖွေတော့ ဒါတွေ တွေ့ခဲ့ရပါတယ်၊ ဒါတွေက လန်ဒန်နဲ့ဗင်းနစ်မြို့တွေကို သွားတဲ့ခရီးစဉ်တွေပါ၊ ဈေးကြီးတဲ့ဟိုတယ်တွေနဲ့ လေကြောင်းလိုင်းတွေက ထုတ်တဲ့ ဆက်ကမ်းကြော်ငြာတွေပေါ့၊ သဘောစင်းလုံး ငှားနိုင်တဲ့ အစီအစဉ်ကြော်ငြာလည်း ပါတယ်'

တရားခွင်တစ်ခုလုံး ဟင်ခနဲ ဖြစ်ကုန်သည်။ စွဲချကြီးက ကြော်ငြာတစ်ရွက်ကို ဖြန့်လိုက်ပြီး—

'ဒီအထဲမှာ စင်းလုံးငှားလို့ ရတဲ့ သဘောတွေရဲ့စာရင်းပါတယ်၊ ခရစ္စတီးနားအို သဘောက တစ်ပတ်ငှားခနဲ့ စရိတ်ပါလာ နှစ်သောင်းခြောက်ထောင်၊ ရိုဇိုလုတိုင်း သဘောတစ်ပတ်ကို နှစ်သောင်းလေးထောင့်ငါးရာ၊ လပ်ကီးလင်းက နှစ်သောင်းခုနစ်ထောင့်သုံးရာ၊ လပ်ကီးဒရင်း

ဆိုတဲ့ သခေါ်ဒုနာမည်ကို မင်နဲ့ ခြစ်ပြီး မှတ်ထားတာ တွေ့ ရပါတယ်၊ ဒေါက်တာပိုက်တောလာဟာ သူသတ်မယ့် သား ကောင်ကို မရွေးချယ်ခင်ကတည်းက တစ်ပတ်ကိုဒေါ်လာ နှစ် သောင်းခွဲနှစ်ထောင်သုံးရာ ပေးရမယ့် သခေါ်ကိုငှားစီးဖို့ ရည်ရွယ်ထားပါတယ်၊ ဒါကို သက်သေခံအဖြစ် တင်ပြလို ပါတယ်'

ဇော်က တရားခံအကျီးဆောင်ပင်၊ အက်သို လှည့်ကြည့် သည်။ ဇော်ကလည်း ဒေါက်တာပိုက်တောလာကို လှည့် ကြည့်လိုက်၏။ ပိုက်တောမှ ခေါင်းငုံ့ထားသည်။ မျက်နှာတွင် လည်း သွေးမရှိတော့။ ပင်းက ထရပ်ပြီး—

'ဆရာမသော ခရီးသွား အေဂျင်စီလုပ်ငန်းတွေ ဘယ် လိုရှိသလဲ မစ္စဘရာဂျား'

'ရှင်...'

'လုပ်ငန်းတွေ ကောင်းရဲ့လားလို့ မေးတာပါ။ ခင်ဗျားတို့ အေဂျင်စီလုပ်ငန်းက အတော်ကြီးသလား'

'အတော်ကြီးပါတယ်'

'လူတွေ အတောင်အပြီး ခရီးထွက်ဖို့ စုံစမ်းကြမှာပေါ့ နော်'

'ဟုတ်ပါတယ်ရှင်'

'တစ်နေ့ကို လေးငါးခြောက် ယောက်လောက် လာ သလား'

'ဟုတ်တယ်ပေါ့၊ တစ်နေ့ လေးငါးဆယ်ယောက် လာ ပါတယ်'



'တစ်နေ့ လေးငါးဆယ်တောင်နော်၊ အခု ကျွန်တော် ပြောနေတာက လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်က ဟုတ်သလား၊ တစ်နေ့ လေးငါးဆယ်ကို ရက်ပေါင်းကိုးရာနဲ့ မြှောက်ရင် လေးသောင်းငါးရာလောက် ရှိမယ်နော်'

'ဟုတ်ပါတယ်'

'အဲဒီလောက် များတဲ့ လူတွေအထဲက ဒီ ဒေါက်တာပိုက်ကို ဗျား ဘာဖြစ်လို့ မှတ်မိနေရတာလဲ'

'အင်း... သူနဲ့ သူ့ဇနီးချင်း နှစ်ယောက်ဟာ ဥရောပ သိပ်သွားချင်နေကြတာ၊ ချစ်စရာကလေးတွေပေါ့၊ ကလေးတွေ ကျနေတာပဲ၊ သူတို့ကို ကောင်းကောင်း မှတ် မိတာပေါ့၊ သူတို့မှာ သင်္ဘောငှားစီးနိုင်ပုံမှ မရဘူး'

'ဟုတ်ပြီ၊ လက်ကမ်းကြော်ငြာစာတောင်းတဲ့ လူတိုင်း ထွက်ဖြစ်ကြသလား'

'ဟို... မထွက်ဖြစ်ကြပါဘူး၊ ဒါပေမယ့်...'

'ဒေါက်တာပိုက်ဟာ ခရီးထွက်ဖို့ စာရင်း မပေးခဲ့ဘူး ဟုတ်လား'

'အင်းအင်း... ကျွန်မဆီမှာတော့ မပေးပါဘူး'

'တခြားမှာလည်း မပေးပါဘူး၊ ကြော်ငြာတွေ သက် သေခံတာ မဟုတ်သလား'

'ဟုတ်ပါတယ်၊ သူ... သူ'

'ဒီလိုတောင်းဖတ်ရုံနဲ့ပဲ ဥရောပတို့ လန်ဒန်တို့ကို သွား ပြောနိုင်ဘူး မဟုတ်လား'

'မပြောနိုင်ပါဘူး၊ ဒါပေမယ့်....'

'ကျေးဇူးတင်ပါတယ်၊ သွားနိုင်ပါပြီ'

စွဲချကြီးဂတ်ဇာ တရားသူကြီးထက်သို့ လှည့်၍—

'ဒေါက်တာဘင်ဂျမင်ဝေါလေ့စ်ကို ဆက်ပြီး ခေါ်ပါတယ်'

'ဒေါက်တာဘင်ဂျမင်ဝေါလေ့စ်ခင်ဗျား၊ ဒေါက်တာ ဟာ အမ်ဘာကက်စရီ ဆေးရုံမှာ ဆေးရုံအုပ်နော်'

'ဟုတ်ပါတယ်'

'ဒါဆိုရင် ဒေါက်တာပိုက်ကိုရော၊ သူလုပ်ကဲ့ အလုပ်ကို ရော သိနေမှာပေါ့နော်'



'ဟုတ်ပါတယ်'

'ဒေါက်တာပိုက်ကို လူသတ်မှုနဲ့ စွဲချက်တင်တယ်ဆိုကြားတော့ ခင်ဗျား အံ့သြမိပါသလား'

'မအံ့သြမိပါဘူး'

တရားခံအကျိုးဆောင် ပင်းဇာ ထ၍—

'ကန့်ကွက်ပါတယ် တရားသူကြီးမင်း၊ ဒေါက်တာဘင်ဂျမင်ဝေါလေ့စ်ရဲ့အမြင်ဟာ ဆီလျော်ညီညွတ်ဖို့ မရှိပါဘူး'

ဂတ်ဇာ—

'ကျွန်တော် ရှင်းပြပြီးရင် ဆီလျော်ညီညွတ်မှု ရှိတာကို တွေ့ရပါလိမ့်မယ်၊ ခဏစောင့်ပါဦး'

အမျိုးသမီး တရားသူကြီးယန်းဇာ...

'ကဲ... စောင့်ကြည့်လိုက်ပါဦး၊ ဒါပေမယ့် အဓိပ္ပာယ် မရှိတာတော့ မဖြစ်စေနဲ့နော် မစ္စတာဂတ်'

'ကျွန်တော် နောက် တစ်မျိုး ပြောင်း မေး ပါ့ မယ်၊ ဒေါက်တာခင်ဗျာ... ဆရာဝန်တိုင်းဟာ ကျမ်းသစ္စာ ကျိန်ဆိုရတယ်ဆိုတာ ဟုတ်ပါသလား'

'ဟုတ်ပါတယ်'

'အဲဒီကျမ်းကျိန်တဲ့ အထဲမှာ အကောက်ကြံမှု အဂတိ လိုက်စားမှုမပြုပါဆိုတာ ပါတယ်နော်'

'ဟုတ်ပါတယ်'

'အဲဒီကျမ်းသစ္စာကို ဖောက်ဖျက်တာမျိုးတွေ အရင်က ဒေါက်တာပိုက် လုပ်ခဲ့တာကို မြင်ပါသလား'

‘ကန့်ကွက်ပါတယ်’
‘မေးပါ’
‘ဟုတ်ကဲ့… ရှိပါတယ်’
‘အဲဒါကို တစ်ဆိတ်လောက် ပြောပြပါ’
‘တစ်ခါက လူနာ တစ်ယောက်ကို သွေးသွင်းဖို့ လိုတော့ ဒေါက်တာပိုက်က သွေးသွင်းမယ် အလုပ် လူနာရဲ့ မိသားစုက ခွင့်မပြုပါဘူး’

‘အဲဒီတော့ ဘယ်လို ဖြစ်သွားလဲ’
‘ဒေါက်တာပိုက်က သွေးကို ဆက်သွင်းပါတယ်’
‘အဲဒီလို သွင်းခွင့် ရှိပါသလား’
‘မရှိပါဘူး၊ တရားရုံး အမိန့် တောင်းရပါတယ်’
‘အဲဒီတော့ ဒေါက်တာပိုက်က ဘယ်လိုလုပ်သလဲ’
‘ဒေါက်တာပိုက်က တရားရုံးအမိန့်ကို နောက်မှ တောင်းပါတယ်၊ ပြီးတော့ နေ့စွဲကို ပြင်လိုက်ပါတယ်’
‘ဒါဆိုတော့ သူ ဥပဒေကို ဖောက်ဖျက် တာပေါ့၊ နောက်ပြီးတော့ ဒါကို ဖုံးကွယ်ဖို့ ဆေးရုံမှတ်တမ်းကိုလည်း ဖျက်ပြီး ပြင်တယ် ဆိုပါတော့’
‘မှန်ပါတယ် ခင်ဗျား’

တရားခံအကျိုးဆောင် အလန်ဝင်းက ဒေါက်တာပိုက်အား ဒေါသတကြီး လှမ်းကြည့်သည်။ ဒါကို ဘာဖြစ်လို့ ငါ့ကို မပြောဘဲ ဖုံးထားတာလဲ’
ဟု၍လည်း စိတ်ထဲမှ ပြောနေမိ၏။



ထိုကိစ္စနှင့် ပတ်သက်၍ မလိုမလဲ ဖြစ်နေမည်လားဟု ပိုက်၏ အမူအရာကို အကဲခတ်လျှင်တော့ စိတ်ပျက်သွားရပေမည်။

ခုံသမာဓိအဖွဲ့ဥက္ကဋ္ဌ စိတ်ယဲကမူ အတော် လူခြွေကောင်းသည့် မိန်းတော့ တွေးနေမိ၏။

ဝဲချကြီး ဂတ်က တရားသူကြီးဘက်သို့ လှည့်က….
‘တရားသူကြီးမင်း ခင်ဗျား၊ ဒေါက်တာရှုလာရင့်ဘာတာ သက်သေအဖြစ် ကျွန်တော် ခေါ်စစ်ချင်ပေမယ့် နှလုံး ရောဂါဖြစ်နေလို့ ဒီရုံးကို မလာနိုင်ပါဘူး၊ ဒါကြောင့် ဒေါက်တာဘားကာနဲ့ နီးစပ်တဲ့ ဆေးရုံအမှုထမ်းတချို့ကိုပဲ ခေါ်စစ်ပါ့မယ်’

တရားခံရှေ့နေ ဝင်းလ ထ၍…
‘ကန့်ကွက်ပါတယ်၊ ဒေါက်တာ ဘားကာကို ခေါ်စစ် စရာ အကြောင်းမရှိပါဘူး’
ဂတ်က…

'တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော့်မေးခွန်းတွေဟာ အခုထွက်ဆိုသွားတာတွေနဲ့ ဆီလျော်မှု ရှိပါတယ်၊ နောက် ပြီး တရားခံမှာ ဆရာဝန်တစ်ယောက် ရှိရမယ့်အရည်အချင်း ပြည့်မပြည့်နဲ့လည်း ဆိုင်ပါတယ်'

တရားသူကြီးက...

'ကြည့်ရမယ်လေ၊ ဒါဟာ တရားရုံး။ မြစ်ထဲမှာ ငါးမျှား သလို ဟိုစမ်းစမ်း၊ ဒီစမ်းစမ်းလုပ်လို့ မရဘူး၊ ရှင့်သက်သေ ကို ခေါ်ချင်ခေါ်နိုင်တယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ဂတ်က ဘီးလစ်စာရေးကြီးအား...

'ဒေါက်တာ မက်သယူးပက်တာဆင်ကို ခေါ်လိုက်ပါ'

အသားနာ၊သန့်ပြန့် ညှိုလူတစ်ယောက် ဝင်လာပြီး ကျမ်း ကျိန်သည်၊ ပြီးတော့ ကိုလူ သက်သေထွက်ဆိုမည့်နေရာတွင် ထိုင်သည်နှင့် ဂတ်က...

'ဒေါက်တာ မက်တာဆင်၊ အမ်ဘာအက်စရိုဆာရုံမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပါပြီလဲ'

'ရှစ်နှစ် ရှိပါပြီ'

'အဓိက တာဝန်က ဘာလဲ'

'ကျွန်တော်က နှလုံးခွဲစိတ်ဆရာဝန်ပါ'

'အဲဒီဆေးရုံမှာလုပ်ခဲ့တဲ့ သက်တမ်းအတွင်း ဒေါက်တာ လောရင့်ဘားကာနဲ့ တွဲလုပ်ဖူးပါသလား'

'အကြိမ်ကြိမ် လုပ်ဖူးပါတယ်'

'သူ့ကို ဘယ်လို မြင်ပါသလဲ'



'တခြားလူတွေ မြင်တာနဲ့ အတူတူ ပါပဲ၊ နောက်ပြီး ဒေါက်တာ ဘားကာဟာ ကမ္ဘာမှာ အတော်ဆုံး နှလုံးခွဲစိတ် ဆရာဝန်ကြီးတစ်ယောက်ပါ'

'ဒေါက်တာပိုက်ဘ် လန့်စ်ကွယ်လီဆိုတဲ့ လူနာတစ်ယောက် ကို ခွဲစိတ်တုန်းက အဲဒီခွဲစိတ်ခန်းထဲမှာ ဒေါက်တာ ရှိပါ သလား'

သက်သေမှာ လေသံပြောင်းကာ...

'ဟုတ်ကဲ့...ရှိပါတယ်'

'အဲဒီ မနက်ပိုင်းက ဘယ်လိုဖြစ်တယ် ဆိုတာ ပြောပြ ပါလား'

ဒေါက်တာ ပက်တာဆင်က ခပ်ဆိုင်းဆိုင်းဖြင့်...

'ပြဿနာတွေ ဖြစ်ကုန်ပါတယ်၊ လူနာ တစ်ယောက် အသက်ဆုံးတော့မလို ဖြစ်သွားပါတယ်'

'လူနာ တစ်ယောက် အသက်ဆုံးတယ် ဆိုတာ ဘယ်လို အခါမျိုးမှာလဲ'

'နှလုံးရပ်သွားတဲ့အခါမှာပါ၊ ကျွန်တော်တို့ ပြန်ဆယ်ဖို့ ကြိုးစားပါတယ်'

'အဲဒီအခါ ဒေါက်တာ ဘားကာကို သွားခေါ်ပါ သလား'

'ခေါ်ပါတယ်'

'ခွဲစိတ်ခန်းမှာခွဲနေတဲ့ သူ ရောက်လာတာလား'

'ခွဲစိတ်ပြီးခါနီးမှာရောက်လာပေါ့ပါတယ်၊ အဲဒီတော့ နောက် ကျနေပါပြီ၊ လူနာကို ကယ်လို့ မရတဲ့ အခြေအနေမျိုးကို ရောက်နေပါပြီ'

'အဲဒီတော့ ဒေါက်တာ ဘာဆာက ဒေါက်တာပိုက်ကို ဘာပြောသလဲ'

'ကျွန်တော်တို့အားလုံး စိတ်ညစ်သွားတာ'

'ဒေါက်တာ ဘာကာက ဒေါက်တာပိုက်ကို တစ်ခုခု ပြောသလားလို့ မေးတာပါ'

'ဟုတ်ကဲ့… ပြောပါတယ်'

'ဘာပြောသလဲ'

ရှည်တရက် မြန်မာပြည် ထိုစဉ် အပြင်၌ မိုးခြိမ်းသံ တစ်ချက်က မြည်းဟည်းသွားသည်၊ ခဏကြာတော့ ရေလ ဖြင်းမှုန်တိုင်း ကျလာပြီး တဖွားဖွား အမိုးပေါ်သို့ မိုးစက် မိုးပေါက်တို့ ကျလာ၏

'ဒေါက်တာ ဘာဆာက သူ့ကို နှင်ထုတ်တာလို့ ပြော ပါတယ်'

ကြည့်ရှုသူများ တဝေါဝေါဖြစ်ကုန်သည်၊ တရားသူကြီး က ခုံကို ထစ်သားတူနှင့် ထုလာ…

'တောင်ကြီးစမ်း…. ကျောက်ခေတ်ကလို ဂူထဲမှာ နေတယ် များမှတ်နေကြသလား၊ နောက်တစ်ခါ ဒါမျိုး ဖြစ်ရင် အားလုံး အပြင်ဘက် မိုးရေထဲမှာ ထွက်ရပ်နေရမယ်'

လူသံတွေ တိတ်သွားသည်ကို စောင့်ပြီးမှ ဂယ်ထာ…



'ဒေါက်တာ ဘာဆာက ဒေါက်တာပိုက်ကို သူ့ကို နှင်ထုတ်တာ လို့ပြောတယ်ဆိုတာ သေချာရဲ့လား'

'သေချာပါတယ်'

'ခင်ဗျား အခုန ထွက်ဆိုသွားတဲ့အထဲမှာ ဒေါက်တာ ဘာဆာရဲ့ ဆေးပညာ သဘောထားဟာ တန်ဖိုးရှိတယ်လို့ ဆိုတယ်နော်'

'ဟုတ်ပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ဒါပါပဲ ဒေါက်တာ'

ဂယ်ထာ အလန့်ပင်းဘက်သို့ လှည့်၍—

'မစ္စတာပင်း မေးနိုင်ပါပြီ'

ပင်းက ထ၍သက်သေခုံရှိရာ ဝင်ခြံလေးဆီသို့လျှောက် …ပြီ'

'ဒေါက်တာ ပက်ထားဆင် ခွဲစိတ်ထားတာတွေကိုတော့ ကျွန် …ာ မကြည့်ဖူးပါဘူး၊ ဒါပေမယ့် ခွဲစိတ်တဲ့အခါ အထူး …ဉ့် အရေးကြီးတဲ့နှလုံးခွဲစိတ်တာမျိုးမှာ အတော်အောင်မြင် …း ရတယ်လို့ ထင်ပါတယ်'

သိပ်အောင်မြင်များပါတယ်'

အဲဒီလို အချိန်မျိုးဆိုရင် အခန်းထဲမှာလူဘယ်နှစ်ယောက် …လဲ၊ သုံးယောက်လား၊ လေးယောက်လား'

'ဘယ်ဟုတ်မလဲ၊ ခြောက်ယောက်လောက်ရှိတယ်'

'ဟုတ်လား'

'ဟုတ်ပါတယ်၊ ခွဲစိတ်ဆရာဝန်က နှစ်ယောက်၊ လက် …ာက်ဆရာဝန်က တစ်ယောက်၊ တစ်ခါတလေ မေ့ဆေး

ဆရာဝန်နှစ်ယောက်လောက်ပါတယ်၊ ခွဲစိတ်သူနာပြုဆရာမတစ်ယောက်၊ အလှည့်ကျသူနာပြုဆရာမကတစ်ယောက်'

'ဟုတ်လား၊ လူတွေပြောဆိုနေတဲ့အသံတွေနဲ့ ဆူညံနေမှာပဲနော်'

'ဟုတ်ပါတယ်'

'ခွဲစိတ်နေတဲ့အချိန်မှာ သီချင်း တီးလုံးတွေလည်း ဖွင့်ထားရတယ်လို့ ကျွန်တော် သိရပါတယ်'

'ဟုတ်ပါတယ်'

'ဒေါက်တာဘာဘာကာဝင်လာပြီး လန့်စ်ကယ်လီ ဆေးပေးမယ်ဆိုတာတွေတော့ ပိုပြီး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်မှာပေါ့နော်'

'လူနာကိုကယ်ဖို့ အားလုံး အလုပ်ရှုပ်နေကြပါတယ်'

'ဆူညံနေမှာပေါ့'

'ဆူညံနေတာပေါ့'

'ဒီလောက်ဆူညံပြီး သီချင်းတွေလည်း ဖွင့်ထားတဲ့ကြားက ဒေါက်တာဘာဘာကာက လူနာကို ဒေါက်တာပိုက်သတ်လိုက်တာလို့ပြောတာ ခင်ဗျား ကြားရသလား၊ စိတ်ရှုပ်နေလို့ ခင်ဗျား နားကြားလွဲတာမျိုး မဖြစ်နိုင်ဘူးလား'

'နားကြားမလွဲပါဘူးခင်ဗျာ'

'ဘယ်လိုကြောင့်ပြောနိုင်တာလဲ'

'ဒေါက်တာဘာဘာကာ ပြောလိုက်တဲ့အချိန်မှာ ကျွန်တော် သူ့အနားကပ်ပြီး ရပ်နေလို့ပါ'

ရှောင်လွှဲ၍မရတော့။



'မေးစရာ မရှိတော့ပါဘူး'

အားလုံး ကစဉ့်ကလျားတွေ ဖြစ်ကုန်ရပြီ။ တရားခံ အကျိုးဆောင်အနေနှင့် မည်သို့မျှ မတတ်နိုင်တော့၊ ပို၍ ဆိုးဖို့သာရှိတော့သည်။

သက်သေ ဗင်းနစ်ဘယ်ရီ အစစ်ခံနေသည်။

'ခင်ဗျားဟာ အမ်ဆာကက်ဒရီ ဆေးရုံက သူနာပြုဆရာမနော်'

'ဟုတ်ပါတယ်ရှင်'

'အဲဒီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ'

'ငါးနှစ်ရှိပါပြီ'

'အဲဒီသက်တမ်းအတွင်းမှာ ဒေါက်တာဘာဘကာနဲ့ ဒေါက်တာပိုက်တို့ စကားပြောနေတာကို ကြားဖူးပါသလား'

'အများကြီးကြားဖူးပါတယ်'

'နည်းနည်းလေးက ပြောပြပါလား'

သူနာပြုဆရာမက ဒေါက်တာပိုက်ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး....

'ဒေါက်တာဘာသာဟာ အတော်ခက်တန်ပါတယ်'

'ကျွန်တော်ခေါ်တာ အဲဒါမဟုတ်ပါဘူး ဆရာမ၊ ဒေါက်တာပိုက်ကို ဘယ်လိုပြောသလဲဆိုတာပဲပြောပြပါ'

အတော်ကြာအောင်နေပြီးမှ...

'အင်း...တစ်ခါတုန်းကတော့ ဒေါက်တာပိုက်ကို အသုံးမကျဘူးလို့ ပြောဖူးပါတယ်'

စွဲချ ဂတ်မှာ အံ့ဩဟန်ဖြင့်....

'ဒေါက်တာပိုက် အသုံးမကျဘူးလို့ ဒေါက်တာဘာသာအား ပြောတာကို ဆရာမ ကြားလိုက်တယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူကတော့ အမြဲတမ်း....'

'ဒေါက်တာပိုက်ကို တခြား ဘယ်လိုဝေဖန်တာချီးမွ ကြားသေးလဲ'

ဆရာမမှာ ပြောရန်ဝန်လေးနေဟန်ရှိသည်။ ပြီးမှ...

'ကျွန်မ သိပ်မမှတ်မိပါဘူး'

'ဆရာမ ကျမ်းကျိန်ထားတယ်နော်'

'အင်း...တစ်ခါ ကြားလိုက်တာကတော့'

သူမ စကားလုံးများမှာ လုံးထွေး၍ အသံတိုးနေသည်။

'မကြားရဘူးဗျ၊ ကျယ်ကျယ်ပြောပါ'

'သူက ဘယ်လိုပြောတယ်'

'ဒေါက်တာပိုက်ကို သူ့အိမ်က ခွေးကိုတောင် ခွဲစိတ်မခိုင်းဘူးလို့ပြောပါတယ်'

တရားခွင်တစ်ခုလုံး ဟာခနဲဖြစ်သွားကြသည်။



ဆရာမ၏ အသံ၌...

'ဒါပေမယ့် သူ့စိတ်ရင်းက...'

'ဒေါက်တာဘာသာကတော့ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်တယ်လို့ ကျွန်တော်တို့ ယူဆပါတယ်'

မျက်လုံးအပေါင်း ဒေါက်တာပိုက်ဘက်သို့ ရောက်ကုန်ကြသည်။

ပိုက်အပေါ် စွဲချရှေ့နေကြီး၏ စွဲချက်များမှာ ခိုင်မာလှသည်။ သို့တစေ ရှေ့နေကြီး အသနားခံမှုလည်း ဘားရှေ့နေလောကတွင် နာမည်ကြီး။

ယခု တရားခံဘက်မှ ချေပလျှောက်လဲရန် သူ့အလှည့်ကျပေပြီ။ အမှုကို မျက်လှည့်ပမာ သူ လုပ်ပြနိုင်ပါမည်လား။

တရုန်းခွင်ဝက်ခြံကလေးထဲတွင် တရုန်းခံ ဒေါက်တာပိုက်ဒတာလာ ရောက်နေသည်။ သူမကို အလန်ပင်းက မေးတော့မည်ဖြစ်၏။ လူတိုင်းကလည်း ထိုအချိန်ကို စိတ်ဝင်တစား စောင့်နေကြသည်။

'ဂျွန်ခရိုနင်ဟာ ဒေါက်တာ၏ လူနာပါလား'

'ဟုတ်ပါတယ်'

'သူ့အပေါ် ဒေါက်တာ ဘယ်လို သဘောထားပါသလဲ'

'ကျွန်မ သူ့ကို ခင်ပါတယ်၊ ရောဂါ အခြေအနေကို သူ သိနေပါတယ်၊ ဒါပေမယ့် သတ္တိရှိတယ်၊ နှလုံးကျုံ ဖြစ်လို့ ခွဲစိတ်ရတာပါ'

'ဒေါက်တာ ခွဲတာလား'

'ဟုတ်ပါတယ်'

'ခွဲတော့ ဘာတွေ့သလဲ'

'ရင်ဘတ်ကို ခွဲလိုက်တော့ ကျုမှာ ပြန့်နေတာကို တွေ့ရပါတယ်'

'အများ နားလည်အောင် ပြောရရင် ကင်ဆာရောဂါ တစ်ကိုယ်လုံး ပြန့်နေတယ်ပေါ့နော်'

'ဟုတ်ပါတယ်၊ ပြန်ရည်ကြောင်းတွေ အားလုံးကို ပျံ့နှံ့နေပါပြီ'

'အဓိပ္ပာယ်က မျှော်လင့်ချက်မရှိတော့ဘူးပေါ့၊ သူ နေပြန်ကောင်းအောင် ဘယ်လိုမှ လုပ်လို့ မရတော့ဘူး ဆိုပါတော့'



'မရတော့ပါဘူး'

'ဂျွန်ခရိုနင်ကို အသက်ဆယ်ဆေးသွင်းတာပါသလား'

'သွင်းထားပါတယ်'

'ဂျွန်ခရိုနင်ကို အင်ဆူလင်ဆေး သေနိုင် လောက်တဲ့ ဘိုင်းအတာအထိ ဒေါက်တာ ထိုးတာလား'

'ဟုတ်ပါတယ်'

တစ်ခန်းလုံး ဆူညံသွားသည်။

အ တော်မာသည် မိန်းမဟု စွဲချက်တင် စိတ်ထဲမှ တွေးမိသည်။ ထိုမေးခွန်းမေးသည်ကို သူမအား လက်ဖက် ဘိုက်သလို သဘော ထားနေသည်ဟု မှတ်နေသလား သိ။

'ဘာကြောင့် သူ့သေအောင် လုပ်ရတယ်ဆိုတာ ခုံသမာဓိ ကို ပြောပြလိုက်ပါ'

'သူကိုယ်တိုင်က ခိုင်းလို့ပါ၊ ကျွန်မကို တောင်းပန်ပါတယ်၊ အရမ်း အောင့်လို့ဆိုပြီး ညကြီး မင်းကြီး န်မကို အခေါ်ခိုင်းပါတယ်၊ သူ့ဝေဒနာ သက်သာ ောင် ပေးထားတဲ့ ဆေးတွေလည်း ခတ်တော့ပါဘူး၊ ဝေဒနာကို မခံစားချင်တော့ဘူးတဲ့၊ သေဖို့ဆိုလည်း ရက် င်းပဲ လိုတော့တယ်၊ ဒါကြောင့်မြန်မြန်သေအောင် လုပ် းပါလို့ ကျွန်မကို တောင်းပန်တယ်၊ ကျွန်မလည်း လုပ် းလိုက်တယ်'

'သူ့ကို သေအောင် လုပ်ပေးတာကို ပတ်မရဲ မဖြစ်မိဘူး သလား၊ မလုပ်ကောင်းဘူးလို့ မထင်ဘူးလား'

ဒေါက်တာပိုက်က ခေါင်းခါလျက်...

'မဖြစ်ဘူး၊ မြင်စေချင်တယ်၊ သူ့ခံစားနေရတာကို ကြည့်ရှုခံစားစရာတောင် မရှိဘူး'

'အင်ဆူလင်ကို ဘယ်လို ထိုးသလဲ'

'အကြောဆေးပုလင်းထဲကို ထိုးပေးလိုက်တယ်'

'အဲဒီလိုထိုးလိုက်တဲ့အခါ သူ့ဝေဒနာ ပိုခံစားလာနိုင်သလား'

'ဟင့်အင်း... တဖြည်းဖြည်း မှိန်းပြီး အိပ်ပျော်သွားတယ်'

စုံချကြီး ဂတ်က သာ၍...

'ကန့်ကွက်ပါတယ်၊ တရားခံက မှိန်းပြီး တဖြည်းဖြည်း သေသွားတယ်လို့ ပြော'

တရားသူကြီးက စုံကို သစ်သားတူဖြင့် ထုလိုက်ပြီး၊

'မစ္စတာဂတ်... ရှင့်ရဲ့လှည့်ကျမှ မေး၊ ထိုင်ပါ'

စုံချကြီးက ခုံသမာဓိအဖွဲ့ကို တစ်ချက် လှမ်းကြည့်ပြီး ခေါင်းကို ရမ်းကာ ပြန်ထိုင်သွားသည်။

'ဒေါက်တာပိုက်... ခင်ဗျား ဂျွန်ရော်နင်ကို အင်ဆူလင် ထိုးပေးတော့ သူ့သေတမ်းစာထဲမှာ ခင်ဗျား အတွက် ဒေါ်လာတစ်သန်း ထားခဲ့မယ်ဆိုတာ သိသားပါသလား'

'မသိပါဘူး၊ အဲဒါ သိတော့ ကျွန်မ အတော် အံ့ဩသွားခဲ့တယ်'

'...ဂါးကိုစွမ်းကြီးတော့ ဂျွန်ရော်နင်နဲ့ ပြောဖူးသလား၊ သူ့ဆီက လက်ဆောင်တို့ ဘာတို့ တောင်းဖူးသလား'



သူမ ပါးပြင်တွင် မသိမသာကလေး ရဲသွားပြီး၊

'ဘယ်တော့မှ မတောင်းဖူးပါဘူး'

'ဒေါက်တာ သူနဲ့ ခင်ခင်မင်မင် ရှိသလား'

'ရှိပါတယ်၊ အဲဒီလောက် ဆရာဂါကြီးတယ်ဆိုရင် ဆရာဝန်နဲ့ လူနာ ဆက်ဆံရေးဟာ ပြောင်းသွား တတ်ပါတယ်၊ သူ့ရဲ့လုပ်ငန်း ပြဿနာတွေ၊ မိသားစုပြဿနာတွေကို ဆွေးနွေးရပါတယ်'

'ဒါပေမယ့် သူ့ဆီက ဘာကိုမှ မမျှော်လင့်ခဲ့ဘူးပေါ့ဟုတ်သလား'

'မမျှော်လင့်ခဲ့ပါဘူး'

'ဒါဆိုသူက ဒေါက်တာကို လေးစား ယုံကြည်လို့ ဒီငွေတွေ ပေးခဲ့တာပေါ့၊ ကျေးဇူးပါပဲ'

ပင်းက ဂတ်ဘက်သို့ လှည့်၍...

'မေးနိုင်ပါပြီ'

အလန်ပင်း သူ့ထိုင်ခုံရှိရာသို့ ပြန်သွားသည်၊ ပိုက်က တဆူးချိန်းနောက်နားဆီသို့ လှမ်းကြည့် လိုက်၏၊ ချစ်သူ ဂျေဆင်မှာ ထိုနေရာတွင် ထိုင်၍ မိမိကို အားပေး သလို လှမ်းကြည့်နေသည်။

သူ၏ဘေးတွင် ဟန်နီ ထိုင်နေသည်၊ ဟန်နီ၏ဘေးတွင် လူစိမ်းတစ်ယောက် ထိုင်နေ၏၊ တကယ်တော့ ထိုနေရာမှာ ကက်ထိုင်ရမည့် နေရာဖြစ်သည်၊ ကက်သာ မသေသေးလျှင် ပေါ့၊ သို့သော် ကက်မှာ သေသွားပြီ၊ သူ့ကို သတ်သည်မှာ မိမိသာလျှင် ဖြစ်သည်။

စွဲချကြီးဂတ်စာ ထကာ သက်သေ ထွက်ဆိုရာ ဝက်ခြံ စာလေးဆီသို့ လျှောက်လာသည်။ ပြီးတော့ သတင်းစာသမားများဘက်သို့ လှည့်ကြည့်လိုက်၏။ ထိုင်ခုံ အားလုံးတွင် လူပြည့်နေသည်။ သတင်းထောက်များကလည်း လိုက်၍ ရေးမှတ်နေကြ၏။ ခင်ဗျားတို့ ရေးဖို့ သတင်း ရအောင် ကျုပ် လုပ်ပေးမယ်ဟုလည်း ဂတ် စိတ်ထဲမှ ပြောနေသည်။

ထို့နောက် တရားခံရှေ့မှ ရပ်ကာ တရားခံကို အတန်ကြာအောင် စိုက်ကြည့်နေသည်။ ပြီးမှ....

'ဒေါက်တာပိုက်.... အမ်ဘာဂက်ဗရိုဆေးရုံမှာ ခင်ဗျား သတ်ခဲ့တဲ့ လူနာတွေအနက် ဂျွန်ခရိုနင်ဟာ ပထမဆုံးပဲလား'

အလန်ပင်းက ဒေါသတကြီး ထ၍....

'တရားသူကြီးခင်ဗျား၊ ကျွန်...ကျွန်...'

တရားသူကြီးယန်းက ခုံကို သစ်သားတူဖြင့် ထုပြီးသား ဖြစ်နေသည်။

'တန့်ကွက်မှုကို ဆိုင်းငံ့ထား၊ ဆယ့်ငါးမိနစ်နားမယ်၊ ရှင်တို့နှစ်ယောက်ကို ကျွန်မ အခန်းထဲမှာ ဆွေးနွေးစရာ ရှိတယ်'



ရှေ့နေနှစ်ဦး၊ သူမအခန်းထဲသို့ ရောက်လာတော့ အမျိုးသမီး တရားသူကြီးယန်းက....

'ရှင်လည်း ဥပဒေကျောင်း တက်လာတာပဲမဟုတ်လား ဂတ်'

'ကျွန်တော်တောင်းပန်ပါတယ် တရားသူကြီး'

'ရှင်အပြင်ကပြန်လာတုန်းက ရှက်သည်တဲ့တွေ့ခဲ့သလား'

'ကျွန်တော်သဘောမပေါက်ပါဘူး'

'ကျွန်မရဲ့တရားရုံးဟာ ဆပ်ကပ်ပွဲ မဟုတ်ဘူးရှင့်၊ ရှင် ဆပ်ကပ်ပွဲဖြစ်အောင် လုပ်သည်း လက်မခံဘူး၊ ဒီလိုစိတ်ကို သုံးပြီးမေးတာမျိုး ဘာလို့လုပ်တာလဲ'

'ကျွန်တော်တောင်းပန်ပါတယ်၊ ကျွန်တော် ပြင်ပြီးမေးပါ့မယ်၊ နောက်ပြီး....'

'ဒီလောက်နဲ့မရဘူး၊ ရှင့်သဘောထားကိုပါ ပြင်ပါ၊ ရှင့်ကို သတိပေးလိုက်မယ်၊ နောက်တစ်ခါ ဒါမျိုးစတန့်ထွင်တာနဲ့ ဒီတရားခွင်ကို ဖျက်သိမ်းပစ်လိုက်မယ်'

အခန်းထဲပြန်ရောက်လာကြတော့ တရားသူကြီးယန်းအေ ခုံသမာဓိလူကြီးများအား...

'စွဲချက်နေ့ကြီး နောက်ဆုံး မေးသွားတဲ့ မေးခွန်းကို ခုံသမာဓိ လူကြီးများ ပယ်ထားလိုက်ပါ၊ ကဲ...စွဲချက်ကြီး၊ ဆက်မေးနိုင်တယ်'

ဂျက်ဆာ ဝင်ခြံကလေးဆီသို့ လျှောက်လာပြီး...

'ဒေါက်တာပိုက်ခင်မျှားသတ်လိုက်တဲ့လူနာဟာ ခင်မျှား အတွက် ဒေါ်လာတစ်သန်း ထားခဲ့တာသိရတော့ ခင်မျှား အံ့ဩသွားသလား'

အသန်ဝင်းက ထ၍...

'ကန့်ကွက်ပါတယ်'

တရားသူကြီးက...

'ကန့်ကွက်ချက်ကို လက်ခံတယ်၊ မစ္စတာ ဂျက်... ရှင် ကျွန်မရဲ့သည်းခံနိုင်မှုကို စမ်းနေတာလား'

'ကျွန်တော် မတောင်းပန်ပါတယ် တရားသူကြီး'

ပြီးတော့ ဒေါက်တာပိုက်တာဆီသို့လှည့်၍...

'ဒေါက်တာဟာ ဒေါက်တာရဲ့ လူနာနဲ့ ခင်မင်ခဲ့တယ် နော်၊ ဆိုလိုတာက ဒေါက်တာအတွက် ဒေါ်လာတစ်သန်း ထားခဲ့တဲ့လူဟာ သူစိမ်းပြင်ပြင်တစ်ယောက် မဟုတ်ဘူးပေါ့ နော်'

မိုက်မှာ မျက်နှာရဲသွားပြီး...

'ကျွန်မတို့ ခင်မင်တယ်ဆိုတာက ဆရာဝန်နဲ့လူနာဆက်ဆံ ရေးအပေါ်မှာ အခြေခံတာပါ'



'အဲဒါထက် နည်းနည်းကလေးမှမပိုဘူးလား၊ လူတစ် ယောက်ဟာ သူ့သေတမ်းစာထဲမှာ သူ့မိန်းမနဲ့မိသားစုကို ညှာဘဲ သူစိမ်းတစ်ယောက် အတွက် ဘာသံယောဇဉ်မှ ဘဲ ဒေါ်လာတစ်သန်း ထားခဲ့ပါမလား၊ သူ့လုပ်ငန်း က်အခွဲတွေနဲ့ပတ်သက်ပြီး ဒေါက်တာဆွေးနွေးတယ် ဆို က...'

တရားသူကြီး ယန်းက ကိုယ်ကိုရှေ့သို့ ကိုင်း၍ အသံ ဖြင့်...

မစ္စတာဂျက်...'

ဂျက်က အလျှော့ပေးပါသည်ဆိုသောအနေအထားဖြင့် လက် ပြကာ တရားခံဘက်သို့လှည့်၍...

ဒီတော့ ဒေါက်တာနဲ့ ဂျွန်ခရိုနင်တို့ ရင်းရင်းနှီးနှီး ပြောကြတယ်ပေါ့၊ သူက သူ့အတွင်းရေးတွေကို ပြော ယ်၊ ပြီးတော့ ဒေါက်တာ့ကို ခင်မင် လေးစားတယ်၊ လို့ယူဆနိုင်ပါသလား'

ယူဆနိုင်ပါတယ်'

အဲဒီအတွက် ဒေါ်လာတစ်သန်း ပေးခဲ့တာလား'

ိုက်က တစ်ခန်းလုံးကို လိုက်ကြည့်နေသည်။ သူမ ပြန် ့ သူ့ ဘာပြန်ပြောရမှန်းလည်းမသိ။

ဂျက်က မိမိစားပွဲရှိရာသို့ ပြန်လျှောက်သွားသည်၊ ပြီးမှ ရက်ပြန်လှည့်ကာ တရားခံနှင့် မျက်နှာချင်းဆိုင်လိုက် ည်။

'ဒေါက်တာ ခေ၁ခေ၁က ထွက်ဆိုသွားတဲ့အထဲမှာ ဂျ ရှိနှင် ဒေါက်တာအတွက် ငွေဒေါ်လာတစ်သန်း ထား မယ်ဆိုတာရော၊ သေတမ်းစာထဲမှာ သူ့မိသားစုကိုမထည့် ထားမယ်ဆိုတာရော ကြိုတင်မသိခဲ့ဘူးလို့ ပြောသွားပါတယ်

'မှန်ပါတယ်'

'ဆေးရုံက သာမန် ဆရာဝန် တစ်ယောက်ဟာ လ ဘယ်လောက်ရပါသလဲ'

ပင်းက ထ၍—

'အန့်ကွက်ပါတယ်၊ ဒါ—'

'မေးသင့်တဲ့ မေးခွန်းပါ၊ မေးခွန်းကို ဖြေနိုင်ပါတယ်'

'တစ်နှစ်ကို ဒေါ်လာသုံးသောင်းရှစ်ထောင် ရပါတ'

ဝတ်က စာနာဟန်ဖြင့်—

'ဘယ်သိပ်ရလို့လဲ၊ ဒီထဲကဖြတ်တာတောက်တာတွေလည်း ရှိဦးမယ်၊ ဝင်ငွေခွန်လည်း ပေးရဦးမယ်၊ နေထိုင်စရိတ် လည်း ရှိသေးတယ်၊ ဒါနဲ့ဆိုရင် လန်ဒန်တို့၊ ပဲရစ်တို့ ဗင်းနစ်တို့ကို ဘယ်အပျံစား သွားလည်နိုင်မလဲ'

'မလည်နိုင်ပါဘူး'

'ဒါဆိုတော့ ဒေါက်တာ ငွေမတတ်နိုင်လို့ အဲဒီလိုသွား လည်ဖို့ အစီအစဉ်မရှိခဲ့ဘူးမဟုတ်လား'

'မှန်ပါတယ်'

အလန်ပင်းက တစ်ခါထရပ်ပြီး—

'တရားသူကြီးခင်ဗျား—'

တရားသူကြီးယန်းက ဂတိအား—



'ဒီမေးခွန်းဟာ ဘာရည်ရွယ်ချက်နဲ့ မေးတာလဲ မစ္စတာ ဝတ်'

'တရားခံဟာ တစ်ယောက်ယောက်ဆီက ငွေရစရာမရှိဘဲ ဒီလိုသွားလည်ဖို့ အစီအစဉ် မရှိနိုင်ဘူးဆိုတာမျိုး လိုချင်လို့ မေးတာပါ'

'ဒါကို သူပြောပြီးပြီပဲ'

မိမိ တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု အလန်ပင်း တွက်မိသည်။ စိတ်ထဲက မပါဘဲလျက် ဝက်ခြံကုဆေးဆီသို့ ထိ ပေါက်ထားသူ တစ်ယောက်၏ မျက်နှာထားမျိုး လုပ်ဆော ပျောက်လာသည်။ ပြီးတော့—

'ခရီးသွားလုပ်ငန်းကမ်းကြော်ငြာတွေကို သွားတောင်းတာ မှတ်မိသလား ဒေါက်တာပိုက်'

'မှတ်မိပါတယ်'

'အဲဒီတုန်းက ဥရောပကို သွားလည်ဖို့ သင်္ဘောစင်းလုံး ငှားစီးဖို့ အစီအစဉ်ရှိသလား'

'မရှိပါဘူး၊ အပျော်သဘောနဲ့ စိတ်ကူးယဉ်ကြည့် ...
ပါ၊ ကျွန်မသူငယ်ချင်းတွေနဲ့ စိတ်လက်ပေါ့ပါးအောင် လ...
ကြတာ၊ ကျွန်မတို့ ဆိပ်ပင်ပန်းလွန်းလို့ အဲဒီလို လုပ်...
ကောင်းမလားလို့ လုပ်မိတာပါ'

အလန်ပင်းက ခုံအောက်မှလူကြီးများကို လှမ်းကြည့်လ...
သည်။ သူတို့အားလုံး မိယုံသောမျက်နှာများနှင့်....

ဂတီက တရားခံကို ထပ်မေးသည်။

'ဒေါက်တာဘာဆာနဲ့ သိကျွမ်းပါသလား ဒေါက်...
ပိုက်'

ပိုက်မှာ အတိတ်၏အာရုံများ ပြန်လည်ပေါ်လာသ...
'ဘာကာကို ငါသတ်ပစ်မယ်၊ ဖြည်းဖြည်းချင်း သေအ...
လုပ်မယ်၊ ပထမဆုံး ဝေဒနာခံစားစေရမယ်၊ ပြီးမှသတ်...
မယ်'

'ဟုတ်ကဲ့၊ ဒေါက်တာဘာဆာကို ကျွန်မသိပါတယ်'

'ဘယ်လိုသိတာလဲ'



'လွန်ခဲ့တဲ့နှစ်နှစ်အတွင်းမှာ ဒေါက်တာဘာဆာနဲ့ ကျွန်မ ကြာအောင်တွဲပြီး အလုပ်လုပ်ရပါတယ်'

'သူဟာ အင်မတန်တော်တဲ့ ဆရာဝန်တစ်ယောက်လို့ ဆိုနိုင်ပါသလား'

အလန်ပင်းရှေ့ ထိုင်ရာမှခုန်ထပြီး....

'ကန့်ကွက်ပါတယ် တရားသူကြီးမင်းဗျာ၊ တရားခံကို....'

သပြောချွေမှမဆုံးမီ ပိုက်က....

'ဘယ်ရှိအယ်လဲ၊ အစွမ်းထက်မြက်တဲ့လူပါ'

အလန်ပင်း ပြန်ထိုင်သွားသည်။ ဘာမျှမပြောရဲတော့။

'ဘယ်လိုတော်တယ်ဆိုတာ ပြောပြပါလား'

'ဒေါက်တာဘာဆာဟာ ကမ္ဘာမှာ နာမည်အကြီးဆုံး နှလုံးခွဲစိတ်ဆရာဝန်ကြီးပါ၊ သူ့မှာ ကိုယ်ပိုင်ဆေးခန်းရှိပါတယ်၊ ဒါပေမယ့် တစ်ပတ်ကို သုံးရက်လာပြီး ကျွန်မတို့ ဆေးရုံမှာ ကုသိုလ်ဖြစ် လုပ်အားပေးပါတယ်'

'ဒါဆိုရင် ဆေးဘက်ဆိုင်ရာနဲ့ ပတ်သက်ပြီး သူ့ရဲ့ သဘောထားတွေကို ဒေါက်တာလေးစားမှာပေါ့'

'လေးစားပါတယ်'

'တခြားဆရာဝန်တစ်ယောက်ရဲ့ အရည်အသွေးနဲ့ ပတ်သက်ပြီး သူ့မှာ သုံးသပ်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ ဒေါက်တာထင်ပါသလား'

မသိပါဘူးဟု ပင်းက ပြောချင်စေနေ၏။ ပိုက်အာ အနည်းငယ် တုံ့ဆိုင်းနေပြီးမှ—

'ထင်ပါတယ်'

ဂတိက ခုံသမာဓိလူကြီးများဘက်သို့လှည့်၍....

'အဲ...ခုကြားတဲ့အတိုင်း တရားခံဟာ ဒေါက်တာ ဘာ ကံ၁ရဲ့ ဆေးဘက်ဆိုင်ရာ အဆုံးအဖြတ်တွေကို လေးစားပါ သတဲ့၊ တရားခံဟာ သူ့ရဲ့အရည်အချင်းပြည့်တာနဲ့ ပတ်သက်ပြီး ဒေါက်တာဘာကာဝဖန်တာကို နှစ်ခံမယ်ထင်ပါ တယ်'

အလန်ပင်းက ထ၍...

'ကန့်ကွက်ပါတယ်'

'ကန့်ကွက်ချက်ကို လက်ခံတယ်'

သို့သော် သိပ်နောက်ကျသွားလေပြီ၊ အားလုံးပျက်စီး သွားလေပြီတည်း။

နောက်တစ်ကြိမ် တရားခွင်ရပ်နားစဉ် အလန်ပင်းက ဂျေဆင်အား အိမ်သာထဲခေါ်၍...

'ခင်ဗျားတို့ ဘာယ်လိုလုပ်တာလဲ၊ ဂျွန်ခရိုနင်က ဒေါက် တာပိုက်ကို သိပ်မုန်းတယ်၊ ဒေါက်တာဘာကာလည်းမုန်း တယ်၊ ကျုပ်အမှုသည်ဟာ အမှန်တွေအားလုံး ကျုပ်ကို



ပြောပြထားရမယ်လို့ပြောခဲ့သားနဲ့၊ ဒါမှ ကျုပ်ကူညီလို့ ပေါ့၊ အခုတော့ ကျုပ်ဘယ်လိုလုပ် ကူညီလို့ရတော့ ခင်ဗျားအမျိုးသမီးလုပ်ပုံက ကျုပ် အတော်အကျပ် တယ်...

'သူပြောလိုက်တဲ့ စကားတိုင်းဟာ သူ့ကို သင်္ဂြိုဟ်မယ့် င်းကို သံတစ်ချောင်းစီရိုက်ပြီး ပိတ်တာနဲ့အတူတူပဲ၊ ဒီ က်အမှု လုံးဝ မနိုင်တော့ဘူး'

ညနေပိုင်းတွင် ဂျေဆင်က ပိုက်ကို ထောင်ဝင်စာ တွေ့သည်။

ညှိုးဆည်ရောက်နေတယ် ဒေါက်တာပိုက်'

ဂျေဆင်က ပိုက်၏အချုပ်ခန်းသို့ ဝင်လာသည်။

ပိုက်...'

ကဲ သူ့ကို လှည့်ကြည့်သည်၊ မျက်ရည်မကျအောင် အနိုင်နိုင် ထိန်းနေရ၏။

အခြေအနေမကောင်းဘူးမဟုတ်လား...ဟင်'

ဂျေဆင်က အားယူပြုံးကာ...

'ဟိုလူပြောတယ်မဟုတ်လား၊ မပြီးမချင်း ပြီးပြီလို့မဆိုနိုင်ဘူး ဆိုတာလေ'

'ဂျေဆင်ရယ်…ကျွန်မရှိနေတာကို ငွေရသွားသတိတာမဟုတ်ဘူးဆိုတာ ရှင်ယုံတယ်မဟုတ်လား၊ ကျွန်မ လုပ်တာက သူ့ကို ကူညီလိုက်တဲ့သဘောပါ'

'ကိုယ်က ယုံပါတယ်၊ ကိုယ် မင်းကိုချစ်တယ်'

ဂျေဆင်က သူမ လက်ကလေးကိုဆွဲယူရင်း ဝါ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး၊ သူဟာ ငါ့အတွက် အဖိုးအဘန်ဆုံး အရာပဲဟု စိတ်ထဲမှ တွေးနေသည်။ ပြီးမှ…

'အားလုံး အဆင်ပြေသွားမှာပါ၊ ကိုယ်ပြောရဲတယ်၊ ကိုယ်တို့နှစ်ယောက် တစ်သက်လုံး မခွဲရတော့ဘူး'

ဗိုက် သူ့ကိုတင်းတင်းဖက်ထားရင်း တယ်အရာမှ မတည်မြဲပါဘူး၊ ဘာဖြစ်လို့ ဒီလိုတွေဖြစ်ကုန်ရပါလိမ့်ဟု စိတ်ထဲမှ တွေးနေမိသည်။

အခန်း (၁)

…နိဖရန့်စစ္စကို
၁၉၉၀ ခုနှစ်၊ ဇူလိုင်လ
'ကတ်'
'ရှိတယ်'
'ဘက်တီ'
'ရှိပါတယ်'
'ဗိုက်'
'ရှိပါတယ်'

အမ်ဘာကေဒရီ ဆေးရုံခန်းမကြီးထဲတွင် စုဝေးရောက်…နေသော ဆရာဝန်အသစ်များထဲတွင် သူတို့ သုံးယောက်…သာလျှင် အမျိုးသမီးဆရာဝန်များဖြစ်သည်။

အမ်ဘာကက်ဒရို ဆေးရုံကြီးမှာ ဆက်တမ်းအရှည်ဆုံး ဆေးရုံကြီးဖြစ်၍ အလွန်ကြီးမားပြီး ဝန်ထမ်းလည်း ကိုးထောင်ခန့် ရှိသည်။

ယင်းတို့အထဲတွင် အမားတော်အဆင့် ဆရာဝန်လေးရာ၊ အချိန်ပိုင်း လုပ်အားပေး သမားတော် တစ်ရာ့ငါးဆယ်၊ အချိန်ပြည့် ရိုးရိုးအဆင့် ဆရာဝန် ရှစ်ရာ၊ သူနာပြုဆရာမ သုံးထောင်နှင့် ကျွမ်းကျင် ပညာရှင်များ၊ အကူဝန်ထမ်းများ၊ ကျွမ်းကျင်လုပ်သားများ ပါဝင်သည်။

ယခု ဆရာဝန်အသစ်များ ရောက်လာသည်ဖြစ်၍ ဆေးရုံအုပ်ကြီး ဒေါက်တာ ဘင်ဂျမင်ပေါလေ့စ်က မိန့်ခွန်းပြောနေသည်။

'ဒီနေ့ရောက်လာကြတဲ့ ဆရာဝန်အသစ်တွေကို ဆရာ ကြိုဆိုပါတယ်၊ ဆေးကျောင်းမှာ ပထမနှစ်နှစ် မင်းတို့ လူအေအလောင်းတွေကို လေ့လာခဲ့ရတယ်၊ နောက်ဆုံးနှစ်နှစ်ကျတော့ ဆေးရုံမှာ ကြီးကြပ်ဆရာဝန်တွေရဲ့ ကြီးကြပ်မှုနဲ့ လူနာတွေကို လေ့လာခဲ့ရတယ်၊ အခု မင်းတို့ဟာ ကိုယ့်လူနာကို ကိုယ်တာဝန်ယူကြရတော့မယ်၊ အင်မတန်လည်း တာဝန်ကြီးသလို စိတ်ဝင်စားမှုနဲ့ ကျွမ်းကျင်ဖို့လည်း လိုပါတယ်'

သူက ဆရာဝန်အားလုံးကို ဝေ့ကြည့်လိုက်ပြီး—

'မင်းတို့အထဲက တချို့ ခွဲစိတ်ကုသမှုဘက်မှာတာဝန်ကျမယ်၊ တချို့ကျတော့ ကုသမှုဘက်မှာတာဝန်ကျမယ်၊ အုပ်စုတစ်ခုစီကို အထက်တန်း ဆရာဝန်တစ်ယောက်က ကြီးကြပ်



ယ်၊ အဲ့ဒီကြီးကြပ်တဲ့ ဆရာဝန်တွေက မင်းတို့ နေ့စဉ်လုပ်ရ ယ့်လုပ်ငန်းတွေကို ရှင်းပြလိမ့်မယ်၊ အခုအချိန်က စပြီး းတို့လုပ်ရမယ့် ကိစ္စမှန်သမျှ သေရေးရှင်ရေးတွေချည်းပဲ'

အားလုံးက အာရုံစိုက် နားထောင်နေကြသည်။

'အမ်ဘာကက်ဒရိုဆေးရုံဟာခရိုင်ဆေးရုံတစ်ခုပါ၊လူတိုင်း ဆေးရုံတက်ခွင့်ရှိတယ်၊ ဒီလို ဆေးရုံလာတက်ဟဲ့ လူတွေဟာ လိုက်ဆေးရုံမှာတက်ဖို့ ငွေကြေးမတတ်နိုင်တဲ့လူတွေ၊ ဆရာ ရဲ့ အရေးပေါ်ဌာနဟာ နှစ်ဆယ့်လေးနာရီ အလုပ်များ တယ်၊ မင်းတို့ လစာကို နည်းနည်းရပြီး အလုပ်ကို းများလုပ်ကြရမယ်၊ ပုဂ္ဂလိက ဆေးရုံတွေမှာဆော့ ပထမ နှစ် ဗာဟီရလောက် လုပ်ရတယ်၊ ဒုတိယတစ်နှစ်ကျမှ တ်မှဒါးကို ကိုင်ရတယ်၊ တတိယနှစ်နှစ်ကျတော့ အသေး လေးတွေကို စခွဲတယ်၊ ဒီမှာတော့ 'သူများလုပ်တာကို ည့်၊ ကိုယ်တိုင်ဝင်လုပ်၊ တခြားလူကိုလည်းသင်ပေး' ဆိုတဲ့ သင်ပုဒ်အတိုင်း ကျင့်သုံးရတယ်....

'တို့ဆီမှာ ဝန်ထမ်းက သိပ်နည်းတယ်၊ ဒါကြောင့် တ်ခန်းကို မြန်မြန်ဝင်နိုင်လေ ကောင်းလေပဲ၊ ကဲ—ဘာ းမေးစရာရှိသေးလဲ'

ဆရာဝန်အသစ်လေးများ၏အဖွဲ့ မေးချင်သည့် မေးခွန်း ၊ ထောင်သောင်းမက ရှိနေသည်။

'မေးစရာမရှိဘူးလား၊ ကောင်းပြီ၊ မနက်ဖြန်ကစပြီး းတို့ အလုပ်စဝင်ပေတော့၊ မနက်ဖြန်မနက် ငါးနာရီခွဲ ရောက် အဝင်ဝ ဧည့်ကြိုဌာနမှာ သတင်းပို့ရမယ်'

အားလုံး စကားတပြောပြောနှင့် တံခါးပေါက်ဆီသို့ ထွက်လာကြသည်။ အမျိုးသမီးသုံးယောက်မှာ အတူရပ်နေမိလျက်သား ဖြစ်နေ၏။

'အခြားအမျိုးသမီးတွေရော ဘယ်မှာလဲမသိဘူး'

'တို့ပဲရှိတယ်ထင်တယ်ဟဲ့'

'ဆေးကျောင်းမှာတုန်းကလိုပဲ ယောကျာ်းတွေချည်း များနေတယ်၊ ဒီနေရာဟာ အမှောင်ခေတ်ကို ပြန်ရောက်နေသလားမသိဘူး'

ယခုလို ပြောလိုက်သူမှာ ဖြစ်မျိုးမွှဲမထင်မျှ လှပသော လူမည်းအမျိုးသမီးဖြစ်သည်။ အရပ်က ခြောက်ပေနီးပါးရှိ၍ အချိုးအဆစ်ကြီးသော်လည်း ကျက်သရေရှိလှသည်။ လှမ်းလျှောက်ပုံ အမူအရာနှင့် ကြည့်ပုံရှုပုံတို့မှာ ထူးခြားမှုရှိနေသည်။ သူက—

'ငါ့နာမည် ကိုတ်ဟန်းတားလို့ ခေါ်တယ်၊ ဒါပေမယ့် အက်လှိုင်း ခေါ်ပါ'

'ငါ့နာမည်က ပိုက်တေလာ'

ပျိုမျှစ်၍ ခင်စရာကောင်းပြီး ထက်မြက်ပုံရသော အခြားအမျိုးသမီးတစ်ယောက်ကဆိုသည်။

သူတို့နှစ်ယောက်က တတိယတစ်ယောက်ကို လှည့်ကြည့်လိုက်ရာ ထိုတစ်ယောက်က—

'ငါ့နာမည်က ဘက်တီသူဆပ်ပါ၊ ခင်တဲ့လူတွေကတော့ တန်နီလို့ပဲ ခေါ်ကြတယ်'



ထူးခြားပုံမှာ အကြေးသံဝဲနေသည်။ ပွင့်လင်း၍ အပြစ်ကင်းသော မျက်နှာပေါ်တွင် အပြာနုရောင်မျက်လုံးနှင့်ပြုံး၍ ပြောနေခြင်းဖြစ်၏။

'နင်က ဘယ်ကလာတာလဲ'

ကက်က မေးသည်။

'တင်နက်စီပြည်နယ်၊ မင်းဖစ်မြို့က'

သူတို့က ပိုက်ကိုကြည့်လိုက်သည်တွင် ပိုက်က—

'ဘော့စတွန်မြို့ကပါ'

'ငါကတော့ မင်နီပိုးလစ်မြို့က'

ကက်က ပြောလိုက်သည်။ အနီးစပ်ဆုံး ပြောလိုက်ခြင်း ဖြစ်၏။ ပိုက်က—

'ငါတို့ သုံးယောက်စလုံး အဝေးကြီးကလာကြတာနော်၊ နင်တို့ ဘယ်မှာနေကြလဲ'

'ငါကတော့ ခပ်ပေါ့ပေါ့ ဟိုတယ်တစ်ခုမှာ တည်းတယ်၊ နေစရာ မရှာရသေးဘူး'

ကက်က ပြောခြင်းဖြစ်သည်။ တန်နီကလည်း—

'ငါလည်း ဒီလိုပဲ'

ပိုက်က—

'ဒီမနက်ပဲ ငါ တိုက်ခန်းတွေ လိုက်ကြည့်ခဲ့တယ်၊ တစ်ခန်းကတော့ အရမ်းကောင်းတာပဲ၊ ဒါပေမယ့် ငါတော့ ငှားမနိုင်ဘူး၊ အိပ်ခန်းလည်း သုံးခန်းပါတယ်'

သုံးယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြပြီး ကက်က—

'ငါတို့ သုံးယောက် စပ်ငှားရင် မကောင်းဘူးလား'

တိုက်ခန်းမှာ မာရီနာရပ်ကွက်ထဲတွင် ဖြစ်သည်။ သူတို့နှင့်လည်း အံကိုက်ဖြစ်နေ၏။

သုံးယောက်သား တိုက်ခန်းကို လှည့်ပတ်ကြည့်ပြီးသော အခါ ဟန်နီက—

'ငါတော့ အတော်ကြိုက်တယ်'

'ငါလည်း ကြိုက်တယ်'

ကက်ကဆိုသည်။ သူတို့က ပိုက်ကို ကြည့်လိုက်တော့ ပိုက်က—

'ဒါဆိုလည်း ယူလိုက်ကြရအောင်ဟယ်'

ထိုညနေပိုင်းမှာပင် သူတို့ ပြောင်းလာကြသည်။ တိုက်စောင့် အလုပ်သမားက သူတို့ ပစ္စည်းတွေကို ကူသယ်ပေးသည်။



'ဆေးရုံမှာ အလုပ်လုပ်ကြမယ်ဆိုတော့ သူနာပြုဆရာမတွေပါနော်'

တိုက်စောင့်က မေးသည်။ ကက်က—

'ဆရာဝန်တွေရှင့်'

တိုက်စောင့်က သူမအား မယုံသလိုကြည့်ကာ....

'ဆရာဝန်တွေ ဟုတ်လား၊ တကယ့် ဆရာဝန်တွေမျိုးကို ပြောတာလားဟင်'

'ဟုတ်တယ်၊ ဆရာဝန်အစစ်တွေရှင့်'

ပိုက်က ဝင်ပြောသည်။ တိုက်စောင့်က တတွတ်တွတ်နှင့်—

'မှန်တာပြောရရင် နေမကောင်းလို့ ဆေးကုခံရရင်တောင် မိန်းမဆရာဝန်တွေ ကုတာတော့ ကျုပ်မကြိုက်ဘူး'

'ဟုတ်ကဲ့၊ ကျွန်မတို့ မှတ်ထားပါ့မယ်'

'ရုပ်မြင်သံကြား ဘယ်မှာလဲ၊ မတွေ့ပါလား'

ကက်က ဆိုသည်။

'လိုချင်ရင် ကိုယ့်ဘာသာကိုယ် ဝယ်ကြပေါ့၊ ကဲ—စိတ်ချမ်းချမ်းသာသာ နေကြပေတော့ အမျိုးသမီးတို့၊ ဒေါက်တာတို့'

တိုက်စောင့်ကြီးပြောပြီး ထွက်သွားသည်ကို သုံးယောက်သား ကြည့်၍ ကျန်ခဲ့ကြသည်။ ကက်က သူ့အသံမျိုး တုလျက်....

'သူနာပြုဆရာမတွေပါနော်တဲ့၊ အလကား ယောက်ျားကြီး နိုးခရုဝါဒီကြီးပါကွာ၊ ကဲ—အိပ်ခန်းရွေးကြရအောင်'

'ငါတော့ ဘယ်အခန်းရရ ကြိုက်တယ်'

ဟန်နီက ခပ်အေးအေးဆိုသည်။ သုံးယောက်သား အိပ်ခန်းတွေကို လိုက်ကြည့်သည်။ ပင်မ အိပ်ခန်းကြီးမှာ ကျန်နှစ်ခန်းထက် ပို၍ကျယ်သည်။ ကက်က...

'ဒီအခန်းကို နင်ယူလိုက်ပါလား ပိုက်၊ ဒီတိုက်ခန်း နင်ရှာထားတာမဟုတ်လား'

ပိုက်က ခေါင်းညိတ်ကာ...

'ကောင်းပြီ'

ကိုယ့်အခန်းကိုယ်ဝင်ပြီး အထုပ်အပိုးတွေကိုဖြေကြသည်။ ပိုက်က အသက် သုံးဆယ်ကျော်ကျော် လူတစ်ယောက်၏ ဘောင်ကွပ်ထားသည့် ဓာတ်ပုံတစ်ပုံကို အရိုအသေ ထုတ်လိုက်သည်။ ထိုသူမှာ လူချောတစ်ယောက်ဖြစ်၍ ကိုင်းအနက်နှင့် မျက်မှန်ကြောင့် ပညာတတ်တစ်ယောက်အသွင် ပေါ်၏။ ပိုက်က ဓာတ်ပုံကို ခုတင်ဘေးရှိ စားပွဲပေါ်တွင် စာအုပ်ထောင်းတွေဘေး၌ တင်ထားလိုက်သည်။

ထိုစဉ် ကက်နှင့် ဟန်နီတို့ ဝင်လာကြကာ...

'အပြင်ထွက်ပြီး ညစာစားကြရအောင်'

ပိုက်က...

'အသင့်ပဲဟေ့'

ကက်က ဓာတ်ပုံကို တွေ့သဖြင့်...

'အဲဒါ ဘယ်သူလဲဟေ့'

ပိုက်က ပြုံးပြီး...

'ငါနဲ့လက်ထပ်မယ့်အမျိုးသားလေ၊ သူလည်း ဆရာဝန်ပဲ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးမှာ လုပ်နေတယ်၊ နာမည်က ဆဲရက်တန်နာတဲ့၊ အခု အာဖရိကမှာရောက်နေတယ်၊ မကြာခင် ဆန်ဖရန်စစ္စကိုကို ငါနဲ့တွေ့ရအောင် လာလိမ့်မယ်'



'နင်တော့ ကံကောင်းတာပဲ၊ သူ့ကိုကြည့်ရတာ သဘောကောင်းပုံရတယ်'

ဟန်နီကဆိုသည်။ ပိုက်က သူမကို ကြည့်လိုက်ပြီး...

'နင့်မှာရော ရည်းစားမရှိဘူးလား'

'ဟေ့အေး၊ ယောက်ျားနဲ့ပတ်သက်ရင် ငါ ကံမကောင်းပါဘူးဟယ်'

ကက်က...

'အမ်ဘာကက်ဒရီ ဆေးရုံရောက်ရင်တော့ နင်ကံကောင်းလာမှာပေါ့'

သုံးယောက်သား သူတို့တိုက်ခန်းနှင့် မနီးမဝေးနေရာရှိ ဆိုင်တစ်ဆိုင်တွင် ညစာစားကြသည်။ စားရင်းသောက်ရင်း သူတို့၏ နောက်ကြောင်းများကိုတစ်ယောက်နှင့်တစ်ယောက် ပြောပြဖြစ်ကြ၏။ သို့သော် ခပ်ထိန်းထိန်း ပြောကြသည်။ တစ်ယောက်နှင့် တစ်ယောက် ယခုမှ မြင်ဖူးသူများဖြစ်၍ တစ်ယောက်အကြောင်းတစ်ယောက် စူးစမ်းဆဲမဟုတ်လော။

ဟန်နီအာ စဓားနည်းသည်၊ ရှက်တတ်ပုံရသည်ဟု ပိုက်ထင်သည်။ အတော်လေး အညှာလွယ်ပုံရပြီး မင်းဖစ်ပြုတုန်းက သူ့ကို တစ်ယောက်ယောက်ကများ အသည်းခွဲခဲ့လေသည်လား။

ဏက်ကို ပိုက် အကဲခတ်ကြည့်ပြန်သည်။ ယုံကြည်စိတ်အပြည့်ရှိပုံရ၍ ဏွန္နြကြီးသည်၊ သူစဓားပြောပုံကို ပိုက်သဘောကျ၏၊ မိန်ကောင်းဖခင် သားသမီးမှန်း သိသာသည်၊

ထိုအချိန်တွင် ကက်ဏလည်း ပိုက်ကို အကဲခတ်နေ၏၊ ချမ်းသာသူတစ်ယောက်ဖြစ်၍ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာပုံရသည်ဟု ဏက် တွေးနေသည်။ ရှပ်ရည်ကိုက လိုချင်သည်ကိုရနိုင်သည့် မိန်းမချိုးဟု တွက်မိ၏။

ဟန်နီကလည်း ကျွန်နှစ်ယောက်ကိုအကဲခတ်သည်။ သူတို့နှစ်ယောက်စလုံး မိမိကိုယ်ကို ယုံကြည်စိတ်အပြည့်ရှိ၍ အေးချမ်းချမ်းရှိသူများ ဖြစ်နိုင်သည်ဟု တွက်သည်။

သူတို့အားလုံး အတွက်မှားခဲ့ကြသည်တည်း။



တိုက်ခန်းသို့ ပြန်ရောက်တော့ ပိုက်က အိပ်ချင်လှပြီ။ ဆုံးယောက်သား မိမိခုတင်ပေါ်တွင် အသီးသီးလှဲ၍ ရှေ့ရေးကို တွေးနေကြ၏၊ အပြင်ဘက်တွင် ဓားချင်းတိုက်သံဘင်ခုကို ကြားလိုက်ရပြီး အော်သံဟစ်သံများလည်း ကြားနေရသည်၊ ထိုအသံများသည် အာဖရိကနယ်ဘက်မှ လူတွေအော်ကြဟစ်ကြသည့် အသံတွေ၊ သေနတ်သံတွေနှင့်တူသည်ဟု ပိုက် စဉ်းစားနေမိသည်၊ အရှေ့အာဖရိက ကျေးရွာကလေးတစ်ရွာတွင် လူမျိုးစုချင်းတိုက်ပွဲအကြား မိမိရောက်ရှိသည်ကို ပိုက် ပြန်သတိရနေ၏။

ထိုစဉ်က ပိုက်မှာ ကြောက်နေပြီး—

'သူတို့ သမီးတို့ကို သတ်တော့မယ်'

ဖခင်က သူမကို ချော့ထားရင်း—

'ဖေဖေတို့ကို သူတို့ ရန်မမူပါဘူး၊ ဖေဖေတို့က သူတို့ကိုလာပြီး ကူညီနေကြတဲ့ လူတွေပဲ၊ ဖေဖေတို့ဟာ သူတို့ဘက်တော်တွေမှန်း သူတို့သိကြပါတယ်'

ထို့နောက်မပြောမဆိုလူမျိုးစုခေါင်းဆောင်တစ်ယောက်သူတို့၏ တဲထဲသို့ ဝင်လာသည်။

တန်နီကလည်း ခုတင်ပေါ်တွင် လှဲနေရင်း....

'ဒီနေရာဟာ ငင်းဖစ်မြို့နဲ့ အတော်ဝေးတယ်၊ မင်းဖစ်ကို ငါ ဘယ်တော့မှ မပြန်တော့ဘူး' ဟု တစ်ယောက်တည်း စဉ်းစားနေ၏။ ကျေးလက် ခရိုင်ရဲ့အရာရှိ ပြောနေသော စကားများကိုလည်း ပြန်လည်ကြားယောင်နေသည်။

'သူ့မိသားစုကို လေးစားလို့ အရှင် ဒေါက်ကလပ်လင်ပတ္တနီဝေဟာရကို မည်သည့်အကြောင်းဟူ၍ မသိတဲ့ မိမိကိုယ်ကို သင်္ချင်းဆိုတဲ့ စာရင်းထဲမှာ ထည့်ထားလိုက်မယ် ဒါပေမယ့် မင်း ဒီအရပ်ကနေ အမြန်ဆုံး ထွက်ပေတော့

ထက်မှာ မိမိအခန်းထဲတွင် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်ရင်း မြို့၏အသံဗလံများကို နားထောင်နေသည် မိုးရေစက်သံတို့က မိမိအား စကားပြောနေသည်ဟု ထင်မှတ်နေမိ၏။

'မင်း အောင်မြင်သွားပြီ၊ သူတို့ ထက်ကိုန်း မှား အကြောင်း ငါပြလိုက်ပြီ၊ မင်း ဆရာဝန်ဖြစ်ချင်တယ်ဆို လူမည်းဆရာဝန်မ ဖြစ်ချင်တယ်ပေါ့၊ ဆေးကျောင်းက



ယ်ခံရတယ်၊ ယခုလို လျှောက်ထားသည့်အတွက် ကျေးဇူး ပါသည်၊ ကျွန်တော်တို့ကျောင်းတွင် လူပြည့်၍ စာရင်း လိုက်ပါပြီ....

'မင်းရဲ့နောက်ကြောင်းအရဆိုရင်တော့ တခြားတက္ကသိုလ် လေးတစ်ခုမှာ သွားတက်ရင် ပိုကောင်းပါလိမ့်မယ်'

သူမ အရှုံးမပေးခဲ့ပါ။ သူမ အမှုထမ်းကောင်းကောင်းနှင့် အောင်ခဲ့သည်၊ သို့သော် တက္ကသိုလ်နှစ်ဆယ့်ငါးခုသို့ လျှောက်လွှာတင်ခဲ့ရာ တက္ကသိုလ် ခုကသာ လက်ခံခဲ့၏၊ ထိုတက္ကသိုလ် ကျောင်းအုပ်ကြီး

'ခုတလော သာမန်လူတန်းစား မိန်းကလေးတွေ ပတ်သက်ပြီး ... လာလျှောက်တာတွေ တွေ့ရတာ အားရစရာပဲ' အဖြစ်မှန်ကိုသာ သူသိလျှင်တော့—

## အခန်း (၂)

နောက်တစ်နေ့နံနက် ငါးနာရီခွဲတွင် ဆရာဝန်အသစ်များ အလုပ်စဝင်တော့ ဆေးရုံဝန်ထမ်းတို့က ဆရာဝန်အသစ်များ သက်ဆိုင်ရာတာဝန်များ လက်ခံဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ကြသည်။ နံနက်စောစော ဖြစ်သော်လည်း ကြွက်စီကြွက်စီ ဖြစ်နေကြ၏။

လူနာတွေအလည်း တစ်ညလုံး ရောက်နေကြသည်။ လူနာတင်ကားနှင့်တစ်မျိုး၊ ရိက်ကားများနှင့်တစ်ဖုံ၊ ခြေကျင်တစ်လ လာခဲ့ကြ၏။ ဆေးရုံဝန်ထမ်းတွေက သူတို့ကို ရေမျှောကမ်းတင်တွေဟု ခေါ်သည်

အရေးပေါ်ခန်းသို့ ကျိုးပဲ့၍လာသည်လည်း ရှိ၊ သွေးထွက်ရွှဲရွှဲနှင့် လာသူလည်း ရှိ၊ တချို့ကလည်း သေနတ်မှန်၍



လာသည်၊ တချို့က ကားတိုက်၍လာသည်။ လှူတွင်ဒဏ်ရာ ...၍ လာသည်လည်း ရှိသည်။ ဘာမျှမဖြစ်ဘဲ ကြောက်၍ ...သည်လည်း ရှိသည်။ အိမ်မဲ့ရာမဲ့ ကလေးလေးတွေလည်း ...သည်။ မြို့ကြီးတစ်မြို့တွင် ရှိတတ်သည့် အမှိုက်သရိုက် ...ပုံပင်။

အပြေးအလွှား ရောက်လာကြပြီး အော်ကြဟစ်ကြ၊ ရယ် ...ကြနှင့် ဆူညံနေသဖြင့် ဆရာဝန်တွေ ချက်ချင်း မကြည့်ပေး၍ ...ဖြစ်ကြတော့။

ဆရာဝန်အသစ်တို့မှာ တစ်ယောက်နှင့်တစ်ယောက်ပွားကပ် ...ာ အသံဗလံတွေကို နားခံရင်း ပထိဝန်းကျင် အသစ်ကို ...သားကျအောင် လုပ်နေရသည်။

ပိုက်၊ တက်နှင့် ဟန်နီတို့ စကြံတွင် စောင့်နေစဉ် အကြီး ...နီး အလုပ်သင်ဆရာဝန်တစ်ယောက် ရောက်လာပြီး...

'မင်းတို့အထဲက ဒေါက်တာဟန်နီဆိုတာ ဘယ်သူလဲ'

ဟန်နီက...

'ကျွန်မပေါ့'

အကြီးတန်း အလုပ်သင်ဆရာဝန်က ပြုံး၍ လက်ဆွဲ
ပေးပြီး....

'တွေ့ရတာ ဝမ်းသာပါတယ်၊ မင်းကို လိုက်ရှာပါတဲ့
ခိုင်းထားလို့၊ ကြီးကြပ်ရေး ဆရာဝန်ကြီးက မင်း ဟာ
ကျောင်းမှာ အခတော်အဆင့်မြင့်မြင့် ရခဲ့တယ်လို့ ပြောတယ်
မင်းလိုလူမျိုးရတာ ငါတို့ ဝမ်းသာတယ်ကွာ'

ဟန်နီ ပြုံးနေသည်။ ပြီး ရှက်စနိုးနှင့်....

'ကျေးဇူးတင်ပါတယ် ဆရာ'

ကက်နှင့် ပိုက်တို့ နှစ်ယောက်သား ဟန်နီကို ပြိုင်တူ
ကြည့်လိုက်မိကြသည်။ သူ သည်သလောက် တော်လိမ့်မယ်လို့
မထင်မိဘူးဟု ပိုက် စိတ်ထဲမှ တွေးနေ၏။

'မင်းက ကိုယ်တွင်းပိုင်းဆိုင်ရာဌာနမှာ လုပ်မှာနော်'

'ဟုတ်ကဲ့'

အကြီးတန်းဆရာဝန်က ကက်ဘက်သို့လှည့်၍—

'ဒေါက်တာကက်ဟန်းတားနော်'

'ဟုတ်ပါတယ် ဆရာ'

'မင်းက အာရုံကြောဆိုင်ရာဌာနမှာလုပ်ချင်တယ်မဟုတ်လား'

'ဟုတ်ပါတယ်'

အကြီးတန်း အလုပ်သင်ဆရာဝန်သည် စာရင်းကို တစ်ဖန်
ပြန်ကြည့်ရင်း—

'ဒါဆို မင်းက ဒေါက်တာလူးဝစ်လက်အောက်မှာ လုပ်
ရမယ်'

ဆရာဝန်က ပိုက်ကို ကြည့်လိုက်ပြီး—



'ဒေါက်တာပိုက်နော်'

'ဟုတ်ကဲ့'

'မင်းက နှလုံးခွဲစိတ်ဌာနမှာ လုပ်မှာနော်'

'ဟုတ်တယ် ဆရာ'

'ကောင်းတယ်၊ မင်းနဲ့ ဒေါက်တာကက်တို့ ခွဲစိတ်လူနာ
တွေလှည့်ပြီး စစ်ဆေးရမယ်၊ သူနာပြုချုပ် ဆရာမကြီး
ဓာဂရက်စပင်ဆာဆီမှာ သွားသတင်းပို့ကြ၊ စကြံအဆုံးမှာ
ရှိတယ်'

'ကျေးဇူးတင်ပါတယ် ဆရာ'

ပိုက်က ကျန်နှစ်ယောက်ကို ကြည့်ကာ သက်ပြင်းရှိုက်
လိုက်ပြီး....

'သွားပြီဟေ့၊ ငါတို့ ကံကောင်းကြပါစေ'

❁

မာဂရက်စပင်ဆာမှာ သူနာပြုချုပ် ဆရာမကြီးနှင့်မတူ၊
စစ်သေနတ်ကြီးနှင့် တူနေသည်။ ဝဝဖိုင့်ဖိုင့်၊ မျက်နှာထန်ထန်၊
ခပ်ပြတ်ပြတ် လူစားမျိုး။ ပိုက်ရောက်သွားတော့ ဆရာမကြီး
သူနာပြုများအခန်းတွင် အလုပ်များနေ၏။

'ဒီမယ် တစ်ဆိတ်လောက်'

ဆရာမ စပင်ဆာက မော့ကြည့်ကာ....

'ဟုတ်ကဲ့'

'ကျွန်မ ဒီမှာသတင်းပို့ရမယ်ဆိုလို့၊ ကျွန်မက ဒေါက်တာပိုက်ပါ'

ဆရာမကြီး စပင်ဆာအာ စာရင်းကိုကြည့်ကာ...

'ခဏနော်'

ပြောပြီး အခန်းအပြင်သို့ ထွက်သွားသည်။ ပြန်လာတော့ ခွဲစိတ်ဝတ်စုံနှင့် အဖြူရောင် ဂျူတီကုတ်တစ်ထည် ပါလာသည်။

'ရော့...ခွဲစိတ်ဝတ်စုံက ခွဲစိတ်တဲ့အခါမှာ ဝတ်ဖို့၊ လူနာတွေ လှည့်စစ်တဲ့အခါကျရင် ဂျူတီကုတ်ကို ဝတ်'

'ကျေးဇူးပဲ'

'ကြော်....နေဦး'

ဆရာမကြီးအာ ရင်ဘတ်တွင်တပ်ရန် 'ဒေါက်တာ ပိုက် အေလာအမ်ဒီ' ဟူသော သတ္တုရင်ထိုးတစ်ခုကို ပေးကာ...

'ဒါက ဒေါက်တာရဲ့ နာမည်ရင်ထိုး'

ပိုက်အာ နာမည်ရင်ထိုးကလေးကို လက်ထဲတွင် ကိုင်၍ ဇာတန်ကြာအောင် ကြည့်နေမိသည်။ 'ဒေါက်တာပိုက်တေလာ အမ်ဒီ'ဆိုပါလား။ ဆေးပညာ ဂုဏ်ထူးဆောင် တံဆိပ်ကို ရသလို ခံစားလိုက်မိသည်၊ ထိုစာတန်းကလေးရဖို့ နှစ်ပေါင်းများစွာ ကြိုးစားခဲ့ရသည်ပါလား။

ဆရာမကြီး စပင်ဆာက သူမကို ကြည့်လျက်....



ဒေါက်တာ ဘာဖြစ်လို့လဲဟင်'

'ဘာမှမဖြစ်ပါဘူး၊ ကျေးဇူးပဲ၊ ကျွန်မ ဘယ်မှာ....'

'ဆရာဝန်တွေ အဝတ်လဲခန်းအတော့ စင်္ကြံအောက်ဘက် ယ်ဘက်အခြမ်းမှာ ရှိတယ်၊ ဒေါက်တာ လှည့်စစ်ရတော့ ယ်ဆိုတော့ အဝတ်လဲရတော့မှာပေါ့'

'ကျေးဇူးပဲ'

ပိုက် စင်္ကြံအတိုင်း လျှောက်လာခဲ့သည်။ မိမိပတ်ဝန်း ညှင့်၌ သွားလာလှုပ်ရှားမှုများကို ကြည့်၍လည်း အံ့ဩနေ ။ စင်္ကြံတစ်ခုလုံး ဆရာဝန်များ၊ ဆရာမများ၊ ပညာရှင် နေ့ထမ်းများ၊ လူနာများ ပျားပန်းခတ် သွားလာနေကြ ။ စပီကာအသံတွေကလည်း လူသံတွေနှင့် ရောထွေးနေ သည်။

ဒေါက်တာ ကင်းနန်.... ခွဲစိတ်ခန်း သုံးကို လာခဲ့ပါ၊ ဒေါက်တာကင်းနန်...ခွဲစိတ်ခန်းသုံးကို လာပါ'

'ဒေါက်တာ တောဘော့.... အရေးပေါ်အခန်း တစ်ကို သွာပါ၊ စတက်'၊ ဒေါက်တာ တောဘော့... အရေးပေါ် အခန်းတစ်ကို လာပါ၊ စတက်....'

ဒေါက်တာအိန်ဂျယ်...အခန်းနံပါတ် ၂၁၂ ကိုလာပါ၊ ဒေါက်တာအိန်ဂျယ်....အခန်းနံပါတ် ၂၁၂ ကို လာပါ'

'ဆရာဝန်များ အဝတ်လဲခန်း' ဟု ရေးထားသော အခန်းသို့ ပိုက်ရောက်လာပြီး တံခါးကို ဖွင့်လိုက်သည်။ အထဲတွင် အဝတ်အစားလဲရင်းတန်းလန်း အမျိုးသား ဆရာဝန် ဆယ့်နှစ် ယောက်ခန့်ကို တွေ့ရသည်။ နှစ်ယောက်မှာ မူလအဝတ်အစား

ကို ချိတ်လျှက်သား ရှိနေသည်။ သူတို့က တံခါးပွင့်သွား သဖြင့် လှည့်ကြည့်၏။

'အို--ကျွန်...ကျွန်မ--စိတ်မရှိပါနဲ့'

ပိုက် ရှေ့ရွှတ်ရင်း တံခါးကို ပြန်ပိတ်လိုက်သည်။ သူမ ထိုနေရာမှာပင်ရပ်လျက် ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။ စကြံ့ အောက်ဖက် တစ်နေရာတွင် 'သူနာပြုများ အဝတ်လဲခန်း' ဟု ရေးထားသည့် အခန်းတစ်ခန်းကို တွေ့လိုက်ရသည်၊

ထိုအခန်းဆီသို့သွားကာ တံခါးဖွင့်ကြည့်လိုက်၏။ အထဲ တွင် သူနာပြုဆရာမများ၊ ယူနီဖောင်း လဲနေကြသည်။ တစ် ယောက်က မော့ကြည့်ပြီး--

'ဟေ့....မင်းက သူနာပြုအသစ်လား'

'ဟင့်အင်း...မဟုတ်ပါဘူး'

ပိုက်က ခပ်တည်တည် ပြန်ပြောပြီး 'ဆရာဝန်များ အဝတ် လဲခန်း'သို့ ပြန်သွားသည်။ ထိုနေရာတွင် ခဏရပ်နေပြီးနောက် စိတ်ကိုတင်းကာ တံခါးကိုဖွင့်၍ ဝင်လိုက်သည်။ အထဲတွင် စကားပြောသံများ၊ ရပ်သွား၏။ အမျိုးသားတစ်ယောက် က--

'ဟေ့...ဒါ ဆရာဝန်တွေအခန်းကွ'

'ကျွန်မလည်း ဆရာဝန်ပါ'

သူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး--

'သြော်...အဲ...ဟို--ကြိုဆိုပါတယ်နော်'

'ကျေးဇူးတင်ပါတယ်'



သူမ ခေတ္တမျှ တွေဆိုင်းနေပြီးနောက် လွတ်နေသည့် ဗီရို တစ်လုံးဆီသို့ လျှောက်လာသည်။ သူမ အမျိုးသားတွေကို တစ်ချက်ကြည့်လိုက်ပြီး အင်္ကျီကြယ်သီး ဖြုတ်သည်။

အမျိုးသား ဆရာဝန်များ ရပ်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။ တစ်ယောက်က...

'ဒီအမျိုးသမီးကလေး လွတ်လွတ်လပ်လပ် အဝတ်လဲ ပါစေ ရဲဘော်တို့'

အမျိုးသမီးကလေးဆိုပဲ။

'ကျေးဇူးပါပဲ'

သူတို့ အဝတ်လဲပြီး ထွက်သွားသည်ကို သူမ ရပ်စောင့် နေလိုက်သည်။ မီမီ ယခုလို နေ့စဉ် သည်လိုချည်း နေသွား ရမည်လား။

ဆေးရုံတွင် လူနာများ လှည့်လည်စစ်ဆေးသည့်အခါ တာဝန်ခံဆရာဝန်က ရှေ့မှနေ၍ အကြီးတန်း အလုပ်သင် ဆရာဝန်တစ်ယောက် နောက်မှလိုက်သည်။ ပြီးခတော့ အခြား အလုပ်သင် ဆရာဝန်များ လိုက်ရသည်။ ၎င်းတို့နောက်မှ

ဆေးကျောင်းသား တစ်ယောက် နှစ်ယောက် ပါလာတတ်သည်၊ ထိုအစဥ်အလာမပျက်။
ပိုက်တို့၏တာဝန်ခံဆရာဝန်မှာ ဒေါက်တာဝီလျံရတ်နော ဖြစ်၏။ ပိုက်နှင့် အခြားအလုပ်သင်ဆရာဝန် ငါးယောက်မှာ စင်္ကြံပေါ်တွင်ရပ်၍ တာဝန်ခံဆရာဝန်ကို စောင့်နေရသည်။
မိမိတို့အုပ်စုထဲတွင် တရုတ်ဆရာဝန်ကလေးတစ်ယောက် ပါလာသည်။ သူအား နှုတ်ဆက်ရန် လက်ကမ်းပေးရင်း....
'ကျွန်တော် တွမ်ချန်းပါ၊ ခင်ဗျားလည်း ကျွန်တော့်လိုပဲ ရင်ခုန်နေမယ်ထင်တယ်'

ပိုက် သူ့ကို ချက်ချင်း ခင်သွားမိသည်။ ထိုစဥ် လူတစ်ယောက် သူတို့ဆီသို့ လျှောက်လာပြီး....
'မင်္ဂလာပါ၊ ကိုယ်က ဒေါက်တာရတ်နောပါ'
အပြောချိုချိုမျက်လုံးပြာပြာများကအရောင်တလက်လက်နှင့်၊ ကျန်လူများအားလည်း မိမိတို့ကိုယ်ကို မိတ်ဆက်ကြသည်။

'ဒီနေ့ ပထမဆုံးစပြီး လှည့်ရမယ့်နေ့ဆိုတော့ စေ့စေ့စပ်စပ်ကြည့်ပြီး၊ မြင်တာ ကြားတာတွေကို အကုန်မှတ်ထားမယ်နော်၊ ပြီးတော့ အေးအေးဆေးဆေး အမူအရာမျိုး ဖြစ်နေရမယ်'

စေ့စေ့စပ်စပ်ကြည့်၊ အေးအေးဆေးဆေး အမူအရာ ဖြစ်နေရမယ်၊ ပိုက် စိတ်ထဲမှ မှတ်ထားလိုက်မိသည်။



'တကယ်လို့ ကိုယ်က မျက်နှာအမူအရာ ပျက်နေရင် လူနာက သူ့ကို ထုတ်မပြောတဲ့ ရောဂါတစ်ခုခုကြောင့် သူသေရတော့မယ်ဆိုပြီး သူပါ မျက်နှာပျက်လာလိမ့်မယ်'
လူနာကို မျက်နှာမပျက်စေနဲ့။

'တခြားလူတွေရဲ့ အသက်နဲ့ပတ်သက်ပြီး ကိုယ့်မှာတာဝန်ရှိတယ်ဆိုတာ အခုကတည်းက မှတ်ထားပါ'

အခြားလူများ၏ အသက်နှင့်ပတ်သက်၍ မိမိတွင်တာဝန်ရှိသည်ဆိုပါလား၊ ဘုရား....ဘုရား။
ဒေါက်တာရတ်နော ဆက်ပြောလေ ပိုက်မှာ ပို၍ရင်တုန်လေ ဖြစ်လာပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တွေ ပျောက်ကုန်ရသည်။ ငါလုပ်နိုင်ပါ့မလား၊ ငါလုပ်တတ်ပါ့မလား၊ ငါ့ကို ဆရာဝန်တစ်ယောက် ဖြစ်တယ်လို့ ဘယ်သူပြောသလဲ၊ ငါ့ကြောင့် တစ်ယောက်ယောက် သေသွားမှဖြင့်....
ဒေါက်တာရတ်နောက ဆက်၍...
'လူနာတစ်ယောက်ချင်းနဲ့ ပတ်သက်ပြီး မင်းတို့မှတ်သားတဲ့ မှတ်စုတွေကို ငါလိုက်ကြည့်မယ်၊ ဓာတ်ခွဲခန်းတစ်ခန်းတွေရော၊ သွေးနဲ့ပတ်သက်လို့ရော၊ ကိုယ်တွင်း လျှပ်စီးရည် စစ်ဆေးချက်တွေရော အားလုံးပဲ၊ ရှင်းပြီလား'
'ဟုတ်ကဲ့ပါ ဆရာ'
အားလုံးပြိုင်တူ အသံထွက်လာကြသည်။
'ဒီမှာ ခွဲစိတ်လူနာ သုံးလေးဆယ်လောက် အမြဲ ရှိနေတယ်၊ သူတို့အားလုံး အစစအရာရာ အဆင်ပြေအောင်

လုပ်ပေးဖို့ကဲ မင်းတို့အလုပ်၊ ကဲ…ဒီမနက် သွည့်ကြမယ်၊ ညနေကျရင် တစ်ခါလှည့်မယ်'

❁

ဆေးကျောင်းတုန်းကတော့ ခပ်လွယ်လွယ်ဟုထင်ခဲ့သည်။ ဆေးကျောင်း၌ လေးနှစ် နေခဲ့သည်ကို ပိုက် ပြန်စဉ်းစားနေမိ၏။ ကျောင်းသား တစ်ရာ့ငါးဆယ်လောက်ရှိသည့်အနက် မိန်းကလေးက ဆယ့်ငါးယောက်သာ ပါသည်။ ခန္ဓာဗေဒ အတန်းတွင် စတက်သည့်နေ့ကို သတိရနေသည်။

ကျောင်းသားတွေအားလုံး အဖြူရောင် ကြေပြားကပ် အခန်းကြီးထဲသို့ ဝင်လာကြပြီး အဝါရောင်အခင်းဖြင့် အုပ် ထားလျက် တန်းစီထားသော စားပွဲများတွင် ဝင်ထိုင်ကြ သည်။ စားပွဲတစ်လုံးတွင် ကျောင်းသားငါးယောက်ကျ၏။ ပါ…ကွက…

'ကဲ… အပေါ်ဖုံးထားတဲ့ အဝတ်ကို ဖွင့်လိုက်ကြစမ်း'

ဖွင့်လိုက်သည်နှင့် လူသေအလောင်းကို ပိုက် ပထမဆုံး တွေ့လိုက်ရသည်။ မိမိကြောက်များသွားမည်လား၊ နှလုံးနာ သွားမည်လားဟု ထင်ခဲ့သော်လည်း ပိုက် ထူးထူးခြားခြား



ည်ငြိမ်နေ၏။ လူသေအလောင်းကို မပုပ်အောင် စိမ်ထား င်းဖြစ်သည်။

ပထမတော့ ကျောင်းသားအားလုံး ခန္ဓာဗေဒလက်တွေ န်းတွင် ခပ်ဆိတ်ဆိတ်နေပြီး လေးလေးစားစား ရှိကြ ည်။ နောက်ပိုင်းတွင် စားရင်းသောက်ရင်း လူနာကို ခွဲစိတ် ည့်မျိုးလည်း ရှိ၏။ အလောင်းကို အကြောင်းပြုကာ ရယ် ာ့တွေလည်း ပြောကြသည်။

ဤသည်မှာ မိမိတို့လည်း သေရမည်ဟူသော အသိကို ဉ်းစားမိရန် ဟာကွယ်နေခြင်းဖြစ်၏။ အလောင်းတွေကို မည်များပင် ပေးထားပြီး မိမိတို့၏ မိတ်ဆွေဟောင်း၊ ဆွေ ာင်းပမာ ဆက်ဆံနေသည်။

ပိုက်လည်း အခြားကျောင်းသားများလိုပင် သေလိုက် သာသာ လုပ်နေကြသည်။ သို့သော် မရေ၊ မိမိလုပ်ကိုင် သည့် အလောင်းကိုကြည့်ကာ ဤလူက အရင်က အိမ် သားမယားတွေနဲ့ နေခဲ့တဲ့လူ။ နေ့စဉ် ရုံးတက်ခဲ့ပြီး နှစ်တစ်ခါ ဇနီးနဲ့ သားမယားတွေခေါ်ပြီး အပျော်ခရီး က်တာမျိုးလည်း ရှိမယ်။ အားအစားတို့၊ ရုပ်ရှင်ပွဲသမ်း ာင်လည်း ကြိုက်တဲ့လူ ဖြစ်ချင်ဖြစ်မယ်။ ရယ်ခဲ့မယ်၊ ငိုခဲ့ ယ်။ ကလေးတွေ ကြီးပြင်းလာတာကို ကြည့်ပြီး သူတို့ လေးတွေ စိတ်ချမ်းသာမှု၊ စိတ်ဆင်းရဲမှုတွေကိုလည်း မျှဝေ ခံမယ်။ ကြီးကြီးကျယ်ကျယ် မျှော်လင့်ထားတာတွေ ည်၊ ရှိချင်ရှိမယ်။ အဲဒါတွေလည်း ပြည့်ဝလာနိုင်လားမယ် သဖြင့် တင်ကိုယ်တည်း တွေးကြည့်နေမိသည်။

အခုတော့ သူက သေနေပြီး မိမိက အသက်ရှင်နေသည် ဟူသော အသိကြောင့် ပိုက် အတော် စိတ်မကောင်းဖြစ်သွား မိ၏။

တစ်ခါတလေတော့လည်း လူသေကို ခွဲစိတ်ရသည်မှာ ပိုက်ကိုယ်တိုင်ပင် သာမန်အလုပ်တစ်ခုလို သဘောထားနေမိ သည်။ ရင်ဘတ်ကိုခွဲ၊ နံရိုး၊ အဆုပ်၊ နှလုံးကိုကာသော၊ သည် နှလုံးအိတ်၊ သွေးပြန်ကြော၊ သွေးလွှတ်ကြောနှင့် အာ ကြောတွေအားလုံးကို စစ်ဆေးသည်။

ဆေးကျောင်းတွင်ပထမနှစ်နှစ်လုံးလုံးလိုလိုမှာ လူ့အရိုး တွေကို အရကျက်ရသည့် ကာလအဖြစ် ကျောင်းသားတိုင်း မှတ်မိနေသည်။ ပထမဦးဆုံး ဦးခေါင်း၊ အရိုးကြောများကို လေ့လာရသည်။ ယင်းတွင် အနံ့ခံ အာရုံကြော၊ အမြင် အာရုံကြော၊ မျက်လုံးကို လှုပ်ရှားစေသည့် အာရုံကြော၊ စတုတ္ထဦးနောက်နာဗ်ကြော၊ သုံးလက်ဖြာနာဗ်ကြော၊ မျက်လုံး ဘေးဆွဲနာဗ်ကြော၊ မျက်နှာပြင်နာဗ်ကြော၊ အကြားအာရုံ ကြော၊ လျှာနှင့် လည်ချောင်းအာရုံကြော၊ ဦးနောက်နာဗ် ကြော၊ ကျောရိုးနာဗ်ကြော၊ လျှာအောက် နာဗ်ကြောများ ပါဝင်သည်။

ယင်းတို့ကို ကျောင်းသားတို့ ဖြတ်ထိုးဉာဏ်သုံး၍ မှတ် ထားရသည်။

နောက်ဆုံးနှစ်နှစ်တွင် ပို၍ စိတ်ဝင်စားဖို့ကောင်းသည်။ ကိုယ်တွင်းပိုင်းဆေးပညာ၊ ခွဲစိတ်မှုပညာ၊ ကလေးသူငယ်



နီးမေ့ဆေးပညာ၊ မီးယပ်နှင့် သားဖွားပညာများ သင်ယူ သည်။

'ဒေါက်တာပိုက်တော့သွား'

အကြီးတန်း အလုပ်သင်ဆရာဝန်က သူ့ကိုခေါ်ပြီး စိုက် ကြည့်နေသည်။

ပိုက် လန့်သွားမိသည်။ ကျိန်လှူများမှာ ကြိုးတစ်ဝက် က်သို့ပင် ဆွေ့ကန်နေ၏။

'လာပါပြီ'

သူမ ကပျာကယာ ထူးလိုက်၏။

ထမဝင်ရသည့်ဓာ လေးထောင့်အခန်းကြီးတစ်ဆောင် သည်။ အခန်း၏ ဘေးနှစ်ဖက်တွင် ခုတင်တွေ တန်းစီ ၏၊ ခုတင်တစ်လုံးစီ၏ဘေးတွင်လည်း စင်ကလေးတစ်ခုစီ သည်။ ခုတင်တစ်လုံးစီကို လိုက်ကာများဖြင့် ကာထားမည် ပိုက်ထင်ခဲ့သည်။ သို့သော် ယခုတော့ သီးသန့် လွတ်လွတ် လပ်မရှိလှ။

ပထမဆုံးကြည့်ရသည့် လူနာမှာ အသားဖြူဖြူ ရော်ရော်နှ
အသက်ကြီးကြီးလူတစ်ယောက်ဖြစ်သည်။ လူနာမှာ အိပ်ပျော်
နေပြီး အသက်ကို ပြင်းပြင်းရှူနေ၏။ ဒေါက်တာရထ်နေ
ခုတင်ခြေရင်းသို့သွား၍ လူနာမှတ်တမ်းကို ဖတ်ကြည့်လို
ပြီး လူနာဘေးသို့ လျှောက်သွားကာ လူနာ၏ ပခုံးကိုအသာ
တို့လိုက်ရင်း...

'မစ္စတာဧဝေါ်တာ'
လူနာက မျက်လုံးဖွင့်ကြည့်ကာ...
'ဟာ...'
'ဂေ်လာပါ၊ ကျွန်တော်က ဒေါက်တာ ရထ်နေဘ
နေကောင်းရဲ့လားလို့ လာကြည့်တာပါ၊ ညက အိပ်ကော
ရဲ့လား'
'ကောင်းပါတယ်'
'အောင့်သေးလား'
'ဟုတ်ကဲ့၊ ရင်ဘတ်ကအောင့်တယ်'
'ခဏကြည့်ပါရစေ'

စမ်းသပ်ကြည့်ပြီးသောအခါ ဒေါက်တာရထ်နေက—
'အတော်ကောင်းသွားပါပြီ၊ မအောင့်အောင် သူနာပြု
ဆရာမကို မေးဆေးပေးခိုင်းလိုက်ပါမယ်'
'ကျေးဇူးပါပဲ ဒေါက်တာ'
'ကျွန်တော်တို့ ညနေပိုင်း တစ်ခေါက် လာကြည့်ပါဦး
မယ်'



ထွက်လာကြပြီးနောက် ဒေါက်တာရထ်နေက အလုပ်
သင်ဆရာဝန်များဘက်သို့ လှည့်ကာ...
'လူနာကို မေးတဲ့အခါ ဟုတ်ကဲ့ဆိုတာလောက်ပဲ ဖြေရ
မယ့် မေးခွန်းမျိုး၊ ဒါမှမဟုတ် ဖြေစရာမလိုတဲ့ မေးခွန်း
မျိုးကိုပဲ မေးရတယ်၊ ဒါမှ လူနာမပင်ပန်းမှာ၊ နောက်ပြီး
လူနာရဲ့ တိုးတက်မှု အခြေအနေကိုလည်း ပြောပြရမယ်၊ သူ့
မှတ်တမ်းကိုကြည့်ပြီး မှတ်စုမှတ်ထား၊ ညနေတစ်ခေါက်
ပြန်လာတဲ့အခါ ဘာရင့်နေလည်း သိရအောင်၊ လူနာတွေ
ကို ခံစားနေရတာတွေ၊ လက်ရှိဖြစ်နေတဲ့ရောဂါ၊ အရင်က
ခဲ့တဲ့ရောဂါ၊ မိသားစုသမိုင်းကြောင်း၊ လူမှုရေးသမိုင်း
တွေကို အကုန်ရေးမှတ်ထားဖို့ လိုတယ်၊ လူနာဟာ အရက်
သောက်တတ်သလား၊ ဆေးလိပ်သောက်တတ်သလား သိထား
ရမယ်၊ နောက်တစ်ကြိမ် လှည့်ကြည့်ပြီးရင် လူနာတိုင်းနဲ့
ပတ်သက်ပြီး မင်းတို့ အစီရင်ခံစာ ရေးရမယ်'
နောက်လူနာတစ်ယောက်ဆီသို့ လျှောက်သွားကြပြန်သည်။
လူနာမှာ အသက်လေးဆယ်ကျော်ခန့် ရှိ၏။
'မင်္ဂလာပါ မစ္စတာဘာလင်း'
'မင်္ဂလာပါဆရာ'
'ဒီမနက် သက်သာရဲ့လား'
'သိပ်မသက်သာဘူး ဆရာ၊ ညက တစ်ညလုံးလိုလို မအိပ်
ရဘူး၊ အိပ်မပျော်လို့'
ဒေါက်တာရထ်နေက အကြီးတန်း အလုပ်သင်ဆရာဝန်နှင့်
လှည့်ကြည့်ကာ...

'လူနာနဲ့ ရောဂါအခြေအနေ ဘယ်လိုထင်သလဲ'

'ဘာရောဂါလက္ခဏာမှ မတွေ့ရဘူး'

'သူ့ကို မြေရိုယမ်းဝမ်းချတောင်ပေးလိုက် စတက်'

'စတက်' ဆိုသော ဝေါဟာရကို ပိုက်၏ဘေးမှ အလုပ်သင်ဆရာဝန်ကလေးက မဖွယ်မရာ အဓိပ္ပာယ်ဖွင့်သည်။ ယင်းကို ဒေါက်တာရတ်နေဘက ကြားသဖြင့်...

'စတက် ဆိုတာက လက်တင်ဘာသာကလာတာ၊ အမြန်လုပ်သို့ အဓိပ္ပာယ်ရတယ်'

နောက်ပိုင်းတွင် ထိုဝေါဟာရကို ပိုက် မကြားစေဘ ကြား နေရတော့သည်။

နောက်လူနာတစ်ယောက်မှာ အသက်ကြီးကြီး မိန်းမကြီး တစ်ယောက်ဖြစ်ပြီး နှလုံးသွေးကြောလွှဲ ကုသထား သည့် လူနာဖြစ်သည်။

'မင်္ဂလာပါ မစွက်ကဲ'

'ကျွန်မ ဒီမှာ ဘယ်လောက်ကြာကြာ နေရဦးမှာလဲ'

'သိပ်မကြာပါဘူး၊ ကုသတာ အဆင်ပြေနေပါတယ် ကြောင်အိမ်ပြန်ရတော့မှာပါ'

ထို့နောက် အခြားလူနာ တစ်ယောက်ဆီသို့ လာခဲ့ပြ ပြန်သည်။

သည်လိုနှင့် တစ်မနက်ကုန်မှန်းမသိကုန်သွားတော့သည် လူနာသုံးဆယ်လောက်ကိုလည်း ကြည့်ခဲ့ပြီးပြီ၊ လူနာတ ယောက် စစ်ပြီးတိုင်းလည်း အလုပ်သင်ဆရာဝန်ကလေးမျ မှတ်စုကို ထခန်းကတန်း လိုက်မှတ်ကြရသည်။ နောက်ပိုင်



သက်ရေး မိမိပြန်ဖတ်၍ ရပါစေဟုလည်း ဆုတောင်းနေ ၏၊

လူနာတစ်ယောက်ကိုမှ ပိုက် နားမလည်နိုင်အောင် ဖြစ်ရ သည်၊ ထိုအမျိုးသမီးမှာ ကောင်းစွာ ကျန်းမာနေပုံလည်း ၏၊ ထိုလူနာကိုစစ်ပြီး ထွက်လာသောအခါပိုက်က ကြီးကြပ် ဆရာဝန်အား...

'သူက ဘာရောဂါလဲ ဒေါက်တာ'

ဒေါက်တာရတ်နေဘက ထက်ပြင်းချရင်း...

'ဘာရောဂါမှ မရှိပါဘူး၊ ဂွမ္ဘာရောဂါလို့ ခေါ်တယ်၊ င်းတို့ ကျောင်းတုန်းက သင်ခဲ့ရပါတယ်၊ မေ့နေလို့ဖြစ်မယ်၊ ဒီးရောဂါသည်တွေဟာ နေမကောင်းဖြစ်နေရမှ ကျေနပ်တတ် တဲ့လူတွေ၊ ဝါသနာလို ဖြစ်နေတာ၊ ပြီးခဲ့တဲ့နှစ်က လူ ဒီးဆေးရုံမှာတက်တာ ခြောက်ကြိမ်တောင်'

နောက်ဆုံးလူနာမှာ အဘွားကြီးတစ်ယောက် ဖြစ်၏။ ဒေါက်တာရတ်နေဘက အလုပ်သင် ဆရာဝန်များကို ရှင်းပြ သည်။

'ဒီအဘွားကြီး နှလုံးရောဂါ အကြီးအကျယ်ဖြစ်တာ၊ မျှနေတာ သီတင်းခြောက်ပတ်လောက်ရှိပြီ၊ အသက်ရှင် ဆမ်း သိပ်မရှိတော့ဘူး၊ တို့လည်း သူ့ကို ကယ်လို့မရတော့ ဘူး၊ ဒါကြောင့် ညနေဆိုရင် သူ့ကို ပလပ်ဖြုတ်လိုက် တော့မယ်'

'ပလပ်ဖြုတ်မယ် ဟုတ်လား'

ပိုက်က ကြောင်အောင်အောင်နှင့်ကြည့်ရင်း မေးသည်။ ဒေါက်တာရတ်နေသာ...

'ဆေးရုံလူမှုရေး ကော်မတီက ဒီနေ့ကပဲ ဆုံးဖြတ်လိုက်ပြီ၊ ကိုယ်တွင်း ထိန်းချုပ်မှု အာရုံကြောတွေလောက်ပဲ လှုပ်ရှား နေတော့တာ၊ အသက်ကလည်း ရှစ်ဆယ့်ခုနစ်နှစ် ရှိပြီ၊ ဦးနှောက်ကလည်း သေနေပြီ၊ သူ့ကို ဒီအတိုင်းထားဖို့ဆိုရင် လည်း ငွေကုန်ကြေးကျမယ်၊ သူ့မိသားစုလည်း ငွေသိပ်ကုန် မယ်၊ ကဲ... ညနေကျမှ ပြန်တွေ့ကြမယ်'

သူ ထွက်သွားသည်ကို အလုပ်သင် ဆရာဝန်တစ်သိုက် ကြည့်၍ ကျန်ခဲ့ကြသည်။ ပိုက်က လူနာကို ပြန်ကြည့်လိုက် ပြန်၏။ လူနာမှာ မသေသေး။ သူ၏ သေချိန်လည်း နာရီပိုင်း မျှသာ ရှိတော့ပါလား။ မိမိတို့ သူ့ကို ယခုညနေ ပလပ် ဖြုတ် (အသက်ဖြတ်) လိုက်ရတော့မည်။

ယင်းမှာ လူသတ်ခြင်းဟု ဆိုနိုင်သည်သာ၊ ပိုက် တွေး ကြည့်နေမိတော့သည်။

## အခန်း (၉)

ထိုနေ့ညနေ လူညီလည် စစ်ဆေးပြီးတော့ အလုပ်သင် ဆရာဝန် အသစ်ကလေးများ အပေါ်ထပ် ညှို့ခန်းမတွင် စုကြသည်။ ထိုအခန်းထဲတွင် စားပွဲရှစ်လုံး၊ အဖြူအမည်း ရုပ်မြင်သံကြား စက်အောင်းတစ်လုံး၊ အသားညှပ်ပေါင်မုန့် အသီးများနှင့် ကော်ဖီခါးခါးများ တင်ထားသည့် ဈေး ရောင်းစင်နှစ်လုံးရှိသည်။

စားပွဲတိုင်းတွင် ပြောဆိုနေကြသည့် စကားများမှာ အတူတူလိုပင်။ အလုပ်သင် ဆရာဝန်တစ်ယောက်က...

'ငါ့လည်ချောင်းထဲကို ကြည့်စမ်းကွာ၊ ကွဲခြောက်နေပြီ ထင်ပါရဲ့'

'ငါ့တောင် ဖျားချင်သလိုလို ဖြစ်လာတယ်၊ မအိပ်ရသေး ကြီး'

'ခါ့ဒိုက်ကြီး ယောင်ပြီး အထိမခံနိုင်ဘူး ဖြစ်နေတယ် အူအတက်ယောင်နေပြီ ထင်တယ်ကွ'

'ရင်ဘတ်က အောင့်လိုက်တာကွာ၊ နှလုံးရောဂါမဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေတယ်'

ကက်က ပိုက်နှင့်ဟန်နီတို့ ထိုင်နေသည့် စားပွဲတွင် ဝင်ထိုင်ရင်း....

'ဘယ်လိုလဲဟေ့'

'အဆင်ပြေပါတယ်'

ဟန်နီက ဆိုသည်။ သူတို့နှစ်ယောက် ပိုက်ကို ပြိုင်တူ လှည့်ကြည့်ကြတော့ ပိုက်က....

'နည်းနည်းတော့ ထန့်သား၊ ဒါပေမယ့် အဆင်ပြေပါတယ်၊ ရင်ခေါင်း နာတယ်၊ ဒါပေမယ့် တည်ဘည်ငြိမ်ငြိမ်ပါပဲ'

ဟန်နီက....

'နေ့တာကလည်း ရှည်သလိုပဲ၊ အခုလို ပြန်ရတာ ဝမ်းသာလိုက်တာ၊ ညကျမှ အိမ်မှာ ဇိမ်နဲ့ နေလိုက်ဦးမယ်'

ကက်က....

'ငါလည်း ဒီလိုပဲ၊ တို့အပြင်မှာ ထမင်းစားပြီး ရုပ်ရှင်ကြည့်ရအောင်ဟေ့'

'သိပ်ကောင်းတာပေါ့'

အော်ဒလီခေါ် ဆေးရုံအလုပ်သမားတစ်ယောက် ရောက်လာပြီး....

'ဒေါက်တာပိုက်ဆိုတာ....'



'ကျွန်မ ဒေါက်တာပိုက်ပါ'

'ဒေါက်တာဝေါလေ့စ်က သူ့ကိုလာတွေ့ပါတဲ့၊ သူ့ရုံးခန်းထဲမှာ'

'ဆေးရုံအုပ်ကြီးက ခေါ်နေသည် ဆိုပါလား၊ မိမိ ဘာချုပ်မိလို့ပါလိမ့်'

အော်ဒလီအလုပ်သမားက ခေါ်ရင်း....

'ဒေါက်တာပိုက်....'

'လာခဲ့မယ်၊ ရှေ့က သွားနှင့်'

ပြောရင်း သက်ပြင်းချ၍ ပိုက်က ရပ်လိုက်သည်။

'ဒီဘက်က လာပါ ဒေါက်တာ'

ပိုက်က အော်ဒလီနောက်သို့ လိုက်သွားပြီး ဓာတ်လှေကားဖြင့် ဒေါက်တာ ဝေါလေ့စ်၏ ရုံးခန်းရှိရာ ပဉ္စမထပ်သို့ တက်ခဲ့သည်။

ဒေါက်တာ တင်ဂျမင်ဝေါလေ့စ်က သူ့စားပွဲတွင် ထိုင်နေသည်။ ပိုက် ဝင်သွားတော့ သူက မော့ကြည့်ပြီး....

'မင်္ဂလာပါ ဒေါက်တာပိုက်'

'မင်္ဂလာပါ ဆရာ'

ဝေါလေ့စ်က လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး....

'မင်းလည်း ဝင်ဝင်ချင်း မှတ်မှတ်သားသားလေး ဖြစ်နေတယ်နော်'

ပိုက်က သူ့ကို နားမလည်နိုင်သလို ကြည့်ရင်း....

'ကျွန်.... ကျွန်မ သဘောမပေါက်ဘူး ဆရာ'

'ဒီမနက် မင်း အဝတ်လဲခန်းမှာ ဖြစ်သွားတာကို ဆရာ ကြားပြီးပါပြီ'

'ခင်ဗျာ...'

ဒါကြောင့် ခေါ်သည်တို့။

ဝေါလေ့စ်က သူမကို ကြည့်ကာ ပြုံးပြီး...

'အဲဒီအတွက် ဆရာ တစ်ခုခု စီစဉ်ပေးပါ့မယ်၊ တခြား မိန်းကလေးတွေဆော့ကဲ့ရောပေါ့'

'ကျွန်မတို့က...'

ကျွန်မတို့ ကလေးမလေးတွေ မဟုတ်တော့ဘူးဟု ပြောမည်ပြုပြီးမှ....

'ကျေးဇူးတင်ပါတယ် ဆရာ'

'မလာလာသယ် သူနာပြုဆရာမတွေ အခန်းမှာ အဝတ် မလဲချင်ဘူးဆိုရင်တော့....'

'ကျွန်မ သူနာပြုဆရာမ မဟုတ်ဘူး ဆရာ၊ ကျွန်မက ဆရာဝန်ပဲ'

'ဟုတ်ပါပြီ...ဟုတ်ပါပြီ၊ မင်းတို့အတွက် အဆင်ပြေအောင် စီစဉ်ပေးပါ့မယ် ဒေါက်တာ'

'ကျေးဇူးတင်ပါတယ် ဆရာ'

သူက ပိုင်ကို စာရွက်တစ်ရွက် လှမ်းပေးပြီး...

'ဒါက မင်းအတွက် တာဝန် အချိန်ဇယား၊ ဆ ညနေ ခြောက်နာရီကစပြီး နှစ်ဆယ့်လေးနာရီ မင်း ဂျူ ကျမယ်၊ အခု နာရီဝက်ပဲ လိုတော့မယ်'



ပိုင်က အံ့သြစွာ သူ့ကို ကြည့်နေမိသည်။ မိမိ ယခု နံနက် ငါးနာရီခွဲက အလုပ်ဝင်ခဲ့သည်ပဲ။

'နှစ်ဆယ့်လေးနာရီ ဟုတ်လား ဆရာ'

'တကယ့်တော့ သုံးဆယ့်ခြောက်နာရီပေါ့၊ နောက်နေ့ မနက်လည်း လှည့်ပြီး စစ်ရဦးမယ်'

သုံးဆယ့်ခြောက်နာရီတောင်။ မိမိ ခံနိုင်ရည် ရှိပါမည်လား။ ရှိမရှိ မကြာမီ သိရမည်ပင်။

ပိုင်က ကက်နှင့်ဟန်နီတို့ကို သွားရှာပြီး....

'ငါတော့ အပြင်မှာ ထမင်းထွက်စားပြီး ရုပ်ရှင်ကြည့်မလို့ မသွားတော့ဘူး၊ သုံးဆယ့်ခြောက်နာရီ ဂျူတီကျတယ်တဲ့'

ပိုင်က ဆိုသည်။ ကက်က ခေါင်းညိတ်ကာ...

'ငါတို့အတွက် မကောင်းသတင်းကို အခုပဲ လို့ ကြားပြီ၊ ငါက မနက်ဖြန် ဂျူတီ၊ ဟန်နီက ဗုဒ္ဓဟူးနေ့'

ပိုင်က....

'သိပ်တော့မဆိုးလှဘူးထင်တာပဲ၊ဂျူတီခန်းဆိုတော့ အိပ်လို့တော့ရတာပဲ၊ နောက်တော့ ဖြစ်သွားမှာပေါ့လေ'

သူမ အထင်မှားသွားလေပြီ။

❀

အော်ဒလီက ပိုက်အား ကြိုန်းရှည်အတိုင်း ခေါ်သွားသည်။ ပိုက်က....

'ကျွန်မ သုံးဆယ့်ခြောက်နာရီ ဂျူတီ ဝင်ရမယ်လို့ ဒေါက်တာ စောလေးစ်က ပြောလိုက်တယ်၊ အလုပ်သင် ဆရာဝန်တွေ အားလုံး အဲဒီအတိုင်း ဝင်ရသလား'

'ပထမဆုံးနှစ်မှာ ဒီအတိုင်း ဂျူတီ ဝင်ရပါတယ်'

'ကောင်းပါ'

'ဒါပေမယ့် နားဖို့ အချိန်တွေ အများကြီး ရပါတယ် ဒေါက်တာ'

'ဟုတ်လား'

'ဒါက ဂျူတီခန်း'

အော်ဒလီက ပြောရင်း တံခါးကိုဖွင့်ပေးသည်။ ပိုက်အတွင်းသို့ဝင်လိုက်၏။ အခန်းမှာ ဆင်းရဲသော ဘုန်းကြီး



ကျောင်းမှ သံဃာများ သီတင်းသုံးသည့် အခန်းလေးနှင့် တူနေသည်။ ခုတင်ကလေးတစ်လုံးနှင့် ဖုံဖုံထစ်ထစ်မွေ့ယာ နှင့်သဲ့၍ အခြား ဘာပစ္စည်းမျှ မရှိ။

လက်ဆေးကြွေခွက်နှင့် ခုဖင်ဘောင်တွင် တယ်လီဖုန်းတင်သည့် စင်ကလေးတစ်ခုတော့ ရှိသည်။

'အလုပ်မရှိတဲ့ အချိန် ဒေါက်တာ ဒီမှာ အိပ်လို့ရတယ်'

'ကျေးဇူးပါပဲ'

❀

ဆော့ဖီဆိုင်တွင် ညစာစားနေစဉ်သော်၊ သူမကို လှမ်းခေါ်တော့သည်။

'ဒေါက်တာပိုက်... အရေးပေါ် အခန်းသုံးကို လာပါ၊ ဒေါက်တာပိုက်...အရေးပေါ် အခန်းသုံးကို လာပါ'

'နှံရိုးအက်သွားတဲ့ လူနာ တစ်ယောက် ရောက်နေပါတယ်'

'မစ္စတာဟောင်နီဂန်က ရင်ဘတ် အောင့်တယ်လို့ ပြောနေပါတယ်'

'အဆောင်နှစ်က လူနာ ခေါင်းကိုက်နေလို့တဲ့၊ သူ့ကို အစ်ဘာဗီနိုဖင်တိုက်ဖို့ ရှိမလား'

ဆန်းခေါင်ဆောင်တော့မှ အိပ်ခွင့်ရတော့သည်။ သို့သော် တယ်လီဖုန်းလာသဖြင့် ထရပြန်သည်။

'အရေးပေါ် အခန်းတစ်ကို သတင်းပို့ပါ'

ခက်ရာမှာ ဓားနှင့်ထိုးခံရခြင်း ဖြစ်သည်။ ထိုလူနာကို ကုသပြီးသည့်အချိန်တွင် နံနက်တစ်နာရီခွဲလေပြီ။ နှစ်နာရီ ဆယ့်ငါးမိနစ်တွင် တစ်ခါ ထရပြန်၏။

'ဒေါက်တာပိုက်... အရေးပေါ် အခန်းနှစ်ကို လာပါ၊ စောစော (အမြန်)'

ပိုက်က ခပ်ချဉ်ချဉ်ဖြင့်—

'ကောင်းပါပြီရှင်'

ဟု ခပ်ယောက်တည်း ပြောလိုက်သည်။

ပြီးတော့ မအားချင် အချင်နှင့် ထပြီး အရေးပေါ်အခန်းဆီသို့ ကြွ အတိုင်း လျှောက်လာခဲ့သည်။ ခြေထောက်ကျိုးနေသည့် လူနာတစ်ယောက် ရောက်နေခြင်းဖြစ်၏။ လူနာမှာ နာလွန်းသဖြင့် အသံကုန်အော်နေ၏။

'ခေတ်မှုန်ရိုက်လိုက်ပါ၊ ဒီမောရိုး အနာသက်သာဆေး ငါးဆယ်ဂရမ် ထိုးပေးလိုက်ပါ'

ပိုက်က လူနာ၏လက်မောင်းကိုကိုင်ကာ

'ကောင်းသွားမှာပါ၊ စိတ်အေးအေးထားပါ'

ထိုစဉ် အသံချဲ့စက်မှ အသံပေါ်လာပြန်သည်။

'ဒေါက်တာပိုက်... အဆောင်သုံးကို အမြန်ဆုံးလာခဲ့ပါ'



ပိုက်က ညည်းတွားနေသည့် လူနာကိုကြည့်ကာ သူ့ကို ...းမပစ်ရက်နိုင် ဖြစ်နေရ၏။ ထိုစဉ် အသံချဲ့စက်မှ အသံ ...ါလာပြန်၏။

ပိုက်က ညည်းတွားနေသည့် လူနာကိုကြည့်ကာ သူ့ကို ...းမပစ်ရက်နိုင် ဖြစ်နေရ၏။ ထိုစဉ် အသံချဲ့စက်မှ အသံ ...ါလာပြန်၏။

'ဒေါက်တာပိုက်... အဆောင်သုံးကို အမြန်ဆုံးလာခဲ့ပါ'

'လာပါပြီ'

ပိုက်က တစ်ကိုယ်တည်း ရေရွတ်သလို ပြောလိုက်မိ၏။ ...နောက် ကြွ သို့ထွက်ကာ အဆောင်သုံးသို့ ပြေးခဲ့ရ...၊ လူနာတစ်ယောက် အန်ပြီး အန်ဖတ်ဆို့နေခြင်း ...၏။

'ဘူ အသက်ရှူလို့မရတော့ဘူး ဖြစ်နေတယ်'

သူနာပြုဆရာမကြီးက ဆီးပြောသည်။

'...စက်နဲ့ စုပ်ထုတ်ပစ်လိုက်'

ပိုက်က အမိန့်ပေးလိုက်သည်။ ကြည့်နေစဉ် လူနာ ...က်ရှူနိုင်လာသည်ကို တွေ့လိုက်ရသည်။ ထိုစဉ် သူမ... အသံချဲ့စက်မှ ခေါ်သံကြားလိုက်ရပြန်၏။

'ဒေါက်တာပိုက်...အဆောင်လေးကိုလာခဲ့ပါ၊ အဆောင် ...ကိုလာခဲ့ပါ'

ပိုက် ခေါင်းကိုယမ်းရင်း အဆောင်လေးသို့ ပြေးခဲ့ရ...၏။ ပိုက်ရောက်နေသဖြင့် အော်နေသောလူနာကို တွေ့ရ...ည်။ ပိုက်က လျှင်မြန်စွာ စမ်းသပ်ကြည့်လိုက်ပြီး...

'အူထဲမှာ တစ်ခုခုဖြစ်တာဖြစ်မယ်၊ 'အာထရာဆောင်း' ရိုက်ပေးလိုက်'

ပြောပြီး ခြေထောက်ကျိုးသည့် လူနာဆီသို့ ပြန်လာခဲ့သည်။ လူနာမှာ ဝေဒနာ အတော်သက်သာနေပြီ ဖြစ်၏။ လူနာအမျိုးသမီးကို ခွဲစိတ်ခန်းသို့ယူကာ ခြေထောက်ကို ပြန်ဆက်ပေးသည်။ ပြီးသည့်အချိန်တွင် သူမအား ခေါ်သံ ကြားလိုက်ရပြန်၏။

'ဒေါက်တာပိုက်တေလာ၊ အရေးပေါ် အခန်းနှစ်ကို အမြန်သတင်းပို့ပါ'

'အခဆောင်လေးက အစာအိမ်အနာရောဂါသည် အောင့်နေပါတယ်'

နံနက် ၃ နာရီ ၃၀ မိနစ်တွင်—

'ဒေါက်တာ ပိုက်တေလာ၊ အခန်း ၃၁၀ က လူနာ သေ့းပါနေပါတယ်'

အခဆောင်တစ်ခုမှ လူနာ တစ်ယောက်ကလည်း နှလုံးရောဂါထဖြင့် လူနာ၏ နှလုံးခုန်နှုန်းကိုနားထောင်နေစဉ် အသံခွဲျစက်မှ—

'ဒေါက်တာပိုက်တေလာ၊ အရေးပေါ် အခန်းနှစ်ကို အမြန်လာပါ ဒေါက်တာပိုက်'

မိမိ ပင်ပန်းနေ၍မဖြစ်။ တည်တည်ငြိမ်ငြိမ် ဖြစ်နေဖို့လိုသည်၊ အတော်တော့ ပင်ပန်းနေပြီ။ မိမိ လက်ရှိစမ်းသပ်နေသည့်လူနာနှင့် နောက်လူနာ မည်သူက ပို၍ အရေးကြီးသနည်း။



'ရှင် ခဏနေဦးနော်၊ ကျွန်မ အခုပဲ ပြန်လာခဲ့မယ်'

ပိုက် အဆောင်နှစ်သို့ ရောက်သည့်အချိန်တွင် မိမိအား ခေါ်သံကို ကြားလိုက်ရပြန်သည်။

'ဒေါက်တာပိုက်၊ အရေးပေါ်အခန်းတစ်ကို အမြန်လာပါ၊ ဒေါက်တာပိုက်တေလာ—အရေးပေါ် အခန်းတစ်ကို အမြန်—'

ဘုရား—ဘုရား။ ပိုက်မှာ အိပ်မက်ဆိုး အမျိုးမျိုးမြင်နေသကဲ့သို့ ခံစားနေရသည်။

ထိုတစ်ညတာ မကုန်မီကလေးတွင်ပင် အစာအဆိပ်သင့်သော လူနာတစ်ယောက်၊ လက်ကျိုးသည့်လူနာတစ်ယောက်၊ အစာအိမ်ကွဲ ရောဂါသည်တစ်ယောက်၊ နံရိုးအက်သွားသည့် လူနာတစ်ယောက်တို့ကို ထပ်၍ကုခဲ့ရသေးသည်။

နောက်ဆုံး ဂျူတီခန်းသို့ ဒယိမ်းဒယိုင်နှင့် ပြန်ရောက်လာသည့်အချိန်တွင် လှုပ်ပင် မလှုပ်နိုင်တော့။ ခုတင်ပေါ်လေးအက်ထောက်၍ တွားတက်ပြီး တစ်ရေးမှေးစည်းဖို့စဉ်

ဆယ်လီဖုန်းက မြည်လာပြန်သည်။ မျက်လုံးကို မဖွင့်ဘဲ ဆယ်လီဖုန်းကို ကိုင်လိုက်ပြီး—

'ဟဲလို—'

'ဒေါက်တာပိုက်တေလား၊ ငါတို့ မင်းကိုစောင့်နေတယ်'

'ဘာလဲ—'

တုံးလုံးလှဲနေလျက်က မိမိ ဘယ်ရောက်နေသည် လဲ စဉ်းစားနေရသည်။

'မနက်ပိုင်း လှည့်စစ်ရမယ့်အချိန် ရောက်ပြီလေ'

'လှည့်စစ်ဖို့ ဟုတ်လား'

ယခုလို နေ့ခက်ပြောင်သည်ကတော့ မကောင်းဟု ပို တွေးနေမိသည်။ သေရောပေါ့။ ယခုလိုလုပ်ဖို့တော့ မတော ထိုတစေ ရှုတ္တိုတော့ မိမိကို ထံဆယ်ပင် စောင့်နေကြ

နောက် ဆယ်မိနစ်ကြာသောအခါ ပိုက်မှာ ဆိပ်ချင်မူး နှင့် လူနာတွေကို လှည့်စစ်နေရပြန်သည်။ ဒေါက်တာရ နောက်ဆုံးတွေ့တော့ သူမက—

'ကျွန်မ တစ်ရေးမှ မအိပ်ရသေးဘူး ဆရာရယ်'

သူက ပိုက်၏ပခုံးကို စာနာသလိုပုတ်လျက်—

'နောက်တော့ အသားကျသွားမှာပေါ့'

ပိုက် ဂျူတီမှထွက်တော့ ဆယ့်လေးနာရီခန့် တော လျောက်အိပ်ပစ်လိုက်တော့သည်။



အလုပ်ကလည်းပိ၊ အလုပ်ချိန်ကလည်း များသဖြင့် အချို့ အလုပ်သင် ဆရာဝန်တွေ မခံနိုင်တော့။ အချို့ ဆေးရုံမှ ထွက်ကုန်သည်။ မိမိ ဤသို့မဖြစ်စေရဟု စိတ်တင်းထား သည်။

အလုပ်ပိသည်မှာလည်း ခံနိုင်ဖွယ်မရှိ။ ဂျူတီချိန် သုံး ဆယ့်ခြောက်နာရီကုန်၍ ဂျူတီထွက်တော့ ပိုက်မှာ ပင်ပန်း သဖြင့် မိမိကိုယ်ကို ဘယ်ရောက်နေသည်ကိုပင် မသိ တော့။ ဧယီးဧထိုင် လျှောက်လာပြီး ခုတင်လှေကားရှေ့ ရှိဧဗဧဝန်းဝန်း ရပ်နေမိသည်။

ထိုစဉ် အလုပ်သင်ဆရာဝန် ထရှတ်ကမေလး တွမ်ချန်း ရောက်လာပြီး—

'နေကောင်းရဲ့လား ပိုက်'

'ကောင်းပါတယ်'

ပိုက် မပီမသ ပြန်ပြောလိုက်သည်။ သူကပြုံးလျက်—

'ခင်ဗျားကို ကြည့်ရတာ နေမကောင်းသလိုပဲ'

'ကျေးဇူးပါပဲ၊ သူတို့ ငါတို့ကို ဘာကြောင့်များပိုလောက် ရတာလဲ မသိတူးနော်'

ချန်းက ပခုံးတွန့်ကာ—

'ဒါမှ လူနာတွေနဲ့ ကျွန်တော်တို့ ပိုပြီး ထိတွေ့မှုရှိမယ်လို့ ပဲ၊ သူတို့ကိုထားခဲ့ပြီး အိမ်ပြန်သွားရင် သူတို့ ဘာဖြစ် ဆိုတာ သိမှာမဟုတ်ဘူးတဲ့'

ပိုက်က ခေါင်းညိတ်လျက်—

'ဒါတော့လည်း ဟုတ်တာပဲ၊ ဒါပေမယ့် တို့ဇာတ်ထုပ် ကြီး အိပ်ပျော်နေရင် သူတို့ကို ဘယ်ဆိုလွှပ် ကုနိုင်မှာလဲ'

ချန်းက ပခုံးတွန့်လိုက်ပြန်ရင်း—

'ကျွန်တော်လည်း သိပ်တော့ မသိပါဘူး၊ ဆေးရုံတေ မှာတော့ ဒီလိုချည်းပဲ၊ ဒါထက် ပိုက် အိမ်ကိုရောက်အော ပြန်နိုင်ပါ့မလား'

ပိုက်က ချန်းအား စိုက်ကြည့်ပြီး—

'ရပါတယ်'

'သတိတော့ထား၊ပြီး ပြန်ပေါ့'

ပြောပြီး ချန်း ထွက်ခွာပျောက်ကွယ်သွားသည်။ ပိုက်အ ဖိတ်လွှာကား ဆက်စောင့်နေသည်။ ဓာတ်လှေကား ရော လာသောအခါ ထူမ တော်တော်ကြီး အိပ်ပျော်နေသည်။

နောက်နှစ်ရက်ကြာသောအခါ နံနက်စာစားရင်း ပိုက်က—

'ငါ အမှန်အတိုင်း တစ်ခု ဝန်ခံမယ်၊ မနက်လေးနာ လောက်ကြီးထပြီး လူနာတစ်ယောက်ကို ဘယ်စပရင်ဆေ သွား၊ပြီးတိုက်ရတဲ့ အခါမျိုးမှာ အေးဆေးဆေးဆေး အိ



ပျော်နေတဲ့ လူနာအခန်းတွေကို ဖြတ်သွားရရင် တံခါးတွေ ဇဝုန်း၊ဝုန်း၊နဲ့ကို အကုန်လျှောက်ထုပြီး 'အားလုံးထကြ' လို့ အော်ဖွစ်လိုက်ချင်တယ်'

ကက်ဆာ နှုတ်ဆက်ရန် လက်ကမ်းပေးရင်း—

'ထူလိုက်စေတယ်'

လူနာတွေကလည်း ပုံစံအမျိုးမျိုး၊ ပုံပန်းသဏ္ဌာန်အသွယ် သွယ် အသက်အရွယ်၊ အသားရောင်မှအစ ဇာတူကြီး ကြောက် တတ်သူလည်း ရှိ၊ သတ္တိရှိသူလည်း ရှိ၊ သိမ်မွေ့သူလည်း ရှိ၊ ဇာန်တက်သူလည်း ရှိ၊ အားမနာတတ်သူလည်း ရှိ၊ စာနာ နားလည်သူလည်း ရှိ။

တကယ်တော့ သူတို့သည် ဝေဒနာရှင် လူနာများ ဖြစ်သည်။

ဆရာဝန် အားလုံးလိုလိုမှာလည်း စေတနာပါသူ များ သည်။ အခြားလုပ်ငန်းများမှာကဲ့သို့ပင် ကောင်းသူလည်း ရှိသည်၊ မကောင်းသူလည်းရှိသည်၊ ငယ်ရွယ်သူလည်းရှိသည်၊ အသက်ကြီးသူလည်းရှိသည်၊ ဖြစ်သလိုလုပ်သူလည်း ရှိသလို

သေချာသူလည်းရှိသည်၊ ချစ်စရာကောင်းသူ ရှိသလို ရွံစရာ ကောင်းသူလည်း ရှိသည်။

သူတို့အထဲမှ အချို့က ပိုက်အား ချဉ်းကပ်ကြသည်။ ရင်းတို့အထဲမှပင် အချို့က ညစ်ညင်သာသာ ချဉ်းကပ်သလို အချို့က ခပ်ရိုင်းရိုင်း ချဉ်းကပ်ကြသည်။ လူနာတွေထဲက ပင် ရိသဲ့ သဲ့ လုပ်ကြသည်။

ထိုအခါမျိုးတွင် ပိုက် အံကြိတ်ပြီး မသိယောင်ပြုနေလိုက် သည်။ မိမိနှင့် အဲဖရက်တို့ ဆက်ထပ်ပြီးလျှင် ထိုကိစ္စတွေ ရှိမည်မဟုတ်တော့။ အဲဖရက်အကြောင်းကို စဉ်းစားလိုက်မိ သည်နှင့် စိတ်ထဲတွင် ကြည်နူးသွားရသည်။ သူ အာဖရိကမှ မကြာမီ ပြန်လာမှာပါလေ။

တစ်နံနက် လူနာများကို လှည့်ခေါ်စစ်မိ နံနက်စာစားရင်း ပိုက်နှင့် ဆက်တို့ ယောက်ျားတွေအကြောင်းကို ဆွေးနွေးဖြစ် ကြသည်။ ဆက်က—

'ယောက်ျား ဆရာဝန်တွေဟာ အများအားဖြင့်တော့ လူကြီးလူကောင်းတွေလိုပါပဲ၊ ဒါပေမယ့် တချို့ကျတော့ တို့အပေါ် စည်းမစောင့်ချင်ကြဘူး၊ ငါတို့ကို အဖျော်ဖြေ



ဆက်သက်လို့ သဘောထားချင်ကြတယ်၊ တနင်္ဂနွေတစ်ပတ် မှာ အနည်းဆုံး တစ်ကြိမ်လောက် တို့အိမ်ကို တစ်ခုခုသောက် ဖို့အဆောင် လိုက်ခဲ့ပါလား၊ တို့မှာ အကောင်းဆုံး စီဒီသီချင်း ခွေတွေလည်းရှိတယ်ဆိုတာမျိုး ဆရာဝန်တစ်ယောက်ယောက် ပြောတာ ခံရမြဲပဲ၊ ဒါမှမဟုတ်လည်း ခွဲစိတ်ခန်းမှာ ကူလုပ် ပေးနေတုန်း ခွဲစိတ်ဆရာဝန်က ငါ့ခြင်ထောက်ကို ပွတ်တိုက် သွားတာမျိုးလည်း ခံရတယ်၊ ခပ်တုံးတုံး တစ်ယောက်က ဆိုရင် 'ကိုယ်ကတော့ ကြွက်သား မှာစားရိုင်တောင် ခပ် ညည်းမည်းမှ ကြိုက်တယ်' လို့ ပြောတယ်'

ပိုက်က သက်ပြင်းချလိုက်ရင်း—

'သူတို့က ငါတို့ကို ကာမဂုဏ်ပစ္စည်းလို သဘောထား တာကိုပဲ မြှောက်စားနေတာလို့ သူတို့ကိုယ်သူတို့ ထင်နေကြ တာ၊ ငါတို့ကို ဆရာဝန်တွေလို့များ အဘောထားကြပါဦး မလား'

'တချို့က ဆိုရင် ငါတို့ကို အကပ်တောင် မခံချင်ဘူး၊ ငါတို့ကို ကာမဂုဏ် သဘောထားလောက်ပဲ ဆက်ခံချင်ကြတာ၊ ငါသာ မှတရားဘူး၊ ယောက်ျားတွေသည်း အားသာချက်ကို ပြနိုင်မှ အားသာတာပါ၊ မိန်းမတွေကျည်း အစဲနည်းချက် ပြသူဟာ အားနည်းတာပါ'

'ဒါက ယောက်ျားကြီးစိုးရေးဝါဒဟောင်းတွေပါ၊ ငါ တို့ကလည်း မိန်းမကြီးစိုးရေး ဝါဒသစ်ကို ဖော်ထုတ် ရ မယ်'

အာသာကိန်းအကြောင်း ပိုက် ကြားနေရသည်။ ဆေးရုံတစ်ခုလုံး သူ့အကြောင်း ပြော၍ မဆုံးကြ။ သူ့ကို လူသတ်လိုင်စင်ရ ဒေါက်တာ '၀၀၇'ဟု အမည်ပေးထားကြသည်။ သူက ဘာရောဂါဖြစ်ဖြစ် ခွဲစိတ်လိုက်သည်ပင်။ ဆရာဝန်များ အထဲတွင် သူက ခွဲစိတ်မှုနှုန်း အများဆုံး၊ သေနှုန်းလည်း အများဆုံး။

ထိပ်က ပြောင်ပြောင်၊ အရပ်က ပုပု၊ နှာခေါင်းက ကောက်ကောက်၊ သွားတွေက ဆေးချေးတွေနှင့်၊ လူက တုပ်တုပ်။ သူ့ကိုယ်သူ မိန်းမစွဲသည်ဟု ထင်နေသူ။ သူနာပြုဆရာမအသစ်ကလေးတွေနှင့် အလုပ်သင်ဆရာဝန် အသစ်ကလေးတွေကို လတီလတီဆတီဆတီ အသားတွေဟု ပြောလေ့ရှိသည်။

ပိုက်ကလေးမှာလည်း လတီဆတီသော အသားပင်။ သူမကို အပေါ်ထပ်စားသောက်ခန်းတွင် တွေ့တော့ မပြောမဆို သူမ ထိုင်နေသည့် စားပွဲတွင် ဝင်ထိုင်လိုက်သည်။

'တို့ မင်းကို လိုက်ကြည့်နေတာ'

ပိုက်က သူ့ကို အလန့်တကြားမော့ကြည့်ပြီး...

'ဘာပြောတာလဲ'

'တို့နာမည် ဒေါက်တာကိန်းပါ၊ လူငယ်ချင်းတွေကတော့ အာသာလို့ ခေါ်တယ်'

သူ့တွင် သူငယ်ချင်း ဘယ်နှယောက်များ ရှိနေလို့လဲ။

'ဒီမှာ လုပ်ရတာ အဆင်ပြေရဲ့လား'



ထိုမေးခွန်းကြောင့် ပိုက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။

'ကျွန်...ကျွန်မ...အဆင်ပြေပါတယ်'

သူက ကိုယ်ကို ရှေ့သို့ ကိုင်းပြီး...

'ဒီဆေးရုံကြီးက သိပ်ကြီးတယ်၊ တော်ရုံတန်ရုံနဲ့လူ တွေ့နိုင်ရဘူး၊ တို့ပြောတာ သဘောပေါက်ရဲ့လား'

'သိပ်သဘောမပေါက်ဘူး'

'မင်းဟာ လူတွေကြားထဲမှာ ထူးထူး ခြားခြား ဖြစ်အောင် လှတယ်၊ ဒီမှာ အစစအဆင်ပြေချင်ရင် မင်း တစ်ယောက်ယောက်ရဲ့ အကူအညီလိုလိမ့်မယ်၊ ဒီမှာ ကျွမ်းကျင်နေတဲ့ လူမျိုးဆီကပေါ့'

ပြောနေသည့် စကားများက သိပ်မကောင်းလှတော့။

'ရှင်က ကျွန်မကို ကူညီချင်တယ်ပေါ့'

'ဟုတ်တယ်... အဲဒီအကြောင်း ညစာစားရင်း ဆွေးနွေးကြရအောင်လား'

'ဘာမှ ဆွေးနွေးစရာ အကြောင်းမရှိဘူး၊ စိတ်မဝင်စားဘူး'

အာသာကိန်း ချက်ချင်းထ၍ မကျေမနပ် မျက်နှာနှင့် ထွက်သွားသည်။

ယခုနေ့ ခွဲစိတ်အလုပ်သင် ဆရာဝန်များသည် မီးယပ်နှင့် သားဖွားဌာန၊ အရိုးနှင့် အာရုံကြောဌာန၊ ဆီးရောဂါဌာန၊ ခွဲစိတ်ဌာနတို့တွင် နှစ်လစီလုပ်ရသည်။

အလုပ်သင်ဆရာဝန် သင်တန်းတွေ၌သော ဆေးရုံများတွင် လူနာတွေ မတက်သင့်ဟု ပိုက် ယူဆသည်။ အကြောင်းမှ ဝန်ထမ်းဆရာဝန်တွေ ခွင့်ရက်ရှည်ယူသွားကြသည့် အခါ လူနာများမှာ မကျွမ်းကျင်သော အလုပ်သင် ဆရာဝန်တို့ လက်တွင် 'ဝ' ကွက်အပ်ထားရသေးကြောင့် ဖြစ်၏။

ဆရာဝန်တိုင်းလိုလို ခွဲစိတ်ခန်းတွင် တေးဂီတသီချင်းသံ ဖွင့်ထားသည်ကို ကြိုက်ကြသည်။

အဘယ်ကြောင့်ရယ်မသိ၊ ခွဲစိတ်ခန်းတွင် အလုပ်လုပ်နေရသူတို့ သာဆောင်မှတ်သိပ်တတ်သည်။ အစားအသောက် အကြောင်း အမြဲ ပြောဆို ဆွေးနွေးလေ့ ရှိ၏။ ပျက်စီး သွားသည့် သည်းခြေအိတ်ကို ခွဲစိတ်ထုတ်သည့် ခွဲစိတ်ဆရာ ဝန်သည် မိမိစားကောင်းသောက်ဖွယ် စားသောက်ခဲ့ရပုံကို ပြောလေ့ရှိ၏။

ခွဲစိတ်ဆရာဝန်များသည် အစားအသောက်အကြောင်း မပြောသည့်အခါ ဘောလုံးပွဲ အကြောင်း ပြောလေ့ ရှိသည်။



ပိုက် ဂျူတီကျနေစဉ် နံနက် သုံးနာရီအချိန်၌ ဘယ်လီ နှိုးသဖြင့် ထ၍ မြန်သည်။ တစ်ဖက်မှ အသံတစ်ခုက...

'ဒေါက်တာပိုက်ခေတာသာ အခန်းနံပါတ် ၄၁၉ ကို လာ ခဲ့ပါ၊ နှလုံးရောဂါသူနာတစ်ယောက် အသည်းအသန် ဖြစ် နေလို့ မြန်မြန်လာခဲ့ပါ'

ပြီးတော့ ဖုန်းကျသွားသည်။

ပိုက် ခုတင်ပေါ်တွင် ထိုင်ရင်း အိပ်ချင်စိတ်ကို အသင်း တွန်းလှန်နေရ၏။ ပြီးတော့ ဒယီးဒယိုင်နှင့် ထ ရပ်လိုက် သည်၊ မြန်မြန်လာခဲ့ပါ ဟူ၏။

ထို့နောက် စကြံ့ထဲသို့ ထွက်လိုက်လည်း၊ ဓာတ်လှေ ကားစောင့်ရန် အချိန်မရှိတော့၊ အပေါ်ထပ်သို့ လှေကား မှ အပြေးတက်လာအား စင်္ကြံ့အတိုင်း အခန်း နံပါတ် ၄၁၉ သို့ လာခဲ့သည်။ ငုံ့တော့လည်း ခုန်ခန့်၏။ ထံခါးကို တွန်းဖွင့်ပြီး အကြောင်းသား ရပ် ကြည့် နေ မိ သည်။

အခန်းနံပါတ် ၄၁၉ မှာ စတိုခန်းတစ်ခုသာတည်း။

ဆက်ဟန်းထားမှာ ဒေါက်တာ ရစ်ချတ်ဟက်တန်၏ အဖွဲ့ဖြင့် လူနာများကို လှည့်စစ်ရသည်။ ဒေါက်တာ ဟက်တန်မှာ အသက်လေးဆယ်ကျော်ခန့် ရှိပြီး စိတ်မြန် လက်မြန် လူတစ်ယောက် ဖြစ်သည်။ လူနာတစ်ယောက်ကို ကြည့်ရာတွင် နှစ်မိနစ်၊ သုံးမိနစ်ထက်မပို၊ လူနာမှတ်တမ်းကို တစ်ချက်ကြည့်ပြီး အလုပ်သင်ဆရာဝန်အလေးတွေကို စက်သေနတ်ပစ်သလို ဆက်တိုက်အမိန့်ပေးတော့သည်။

'လူနာ့ရဲ့ဟီမိုဂလိုဘင်ကိုစစ်ပြီး မနက်ဖြန်ခွဲစိတ်ဖို့စီစဉ်'

'သူ့ရဲ့အပူချိန်ပြဇယားကို မျက်ခြည်မပြတ်စေနဲ့'

'သူ့သွေးကို လေးကြိမ်ထုတ်ပြီး နှိုင်းယှဉ်ကြည့်—'

'ချုပ်ရိုးတွေ ဖြေပေးလိုက်....'

'ရင်ဘတ်ကို ဓာတ်မှန်ရိုက်လိုက်—'

ဆက်နှင့် အခြားအလုပ်သင် ဆရာဝန်များမှာ သူပြောသမျှကို အမီလိုက်ရေးမှတ်နေကြရသည်။

လူနာတစ်ယောက် ဆေးရုံတက်သည်မှာတစ်ပတ်လောက် ရှိပေပြီ။ အမျိုးမျိုးအဖုံးတိုင်း ကြည့်ကြသော်လည်း မရ ဖြစ်နေ၏။ အပြင်စင်္ကြံပေါ်သို့ ရောက်သောအခါ ဆက်က—

'ဒီလူနာက ဘယ်လိုဖြစ်တာလဲ ဆရာ'

'ဒါကို ဘုရားသိရောဂါခေါ်တယ်၊ သူ့ရောဂါကို ဘုရားသခင်သာသိလိမ့်မယ်၊ ဓာတ်မှန်လည်း ရိုက်ကြည့် ပြီးပြီ၊ နှလုံးတိုင်း စက်နဲ့လည်းတိုင်းကြည့်ပြီးပြီ၊ ကျောရိုးကိုလည်း ဖောက်စစ်ပြီးပြီ၊ အသည်းကိုလည်း စစ်ဆေးပြီးပြီ၊ အကုန်စုံနေပြီ၊ ဘာရောဂါမှန်းကို မသိသေးဘူး'



နောက်တစ်ဆောင်တွင် လူနာတစ်ယောက် ခေါင်းတွင် ရှည်း ပတ်တီးနှင့် ခွဲစိတ်ပြီးနောက် အိပ်ပျော်နေသည်။ ဒေါက်တာ ဟက်တန်က ခေါင်းမှ ပတ်တီးကို ဖြေမည် ပြုသော် လူနာက နိုးလာပြီး အလန့်တကြား—

'ဘာ—ဘာလုပ်မလို့လဲ'

'ထ ထိုင်ပါ'

ဒေါက်တာ ဟက်တန်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။ လူနာမှာ တဆတ်ဆတ်တုန်နေသည်။

လူနာတွေကို မိမိ ထိုသို့ မဆက်ဆံဟု ဆက် တွေးလိုက်မိသည်။

နောက်လူနာတစ်ယောက်က အသက် ခုနစ်ဆယ်ကျော် ရှိပြီ၊ ကျန်းကျန်းမာမာပုံပေါက်နေသည်။ ဒေါက်တာ ဟက်တန်က သူ့ခုတင်အနီးရောက်သည်နှင့် လူနာက ရန်တွေ့တော့သည်။

'မင်းကိုငါတရားစွဲမယ်၊ မင်းဟာ အင်မတန်ညစ်ပတ်တဲ့ လူယုတ်မာပဲ'

'ဒီမယ်—မစ္စတာဇပေါ်ရှိမိနီ....'

'မစ္စတာဇပေါ်ရှိမိနီလို့ ခေါ်မနေနဲ့၊ မင်းငါ့ကို ယောကျ်ားစင်စစ်က မိန်းမဖြစ်အောင် လုပ်လိုက်တဲ့ကောင်'

'မစ္စတာ ဇပေါ်ရှိမိနီ၊ ဖြတ်ဖို့ကို ခင်ဗျားပဲ သဘောတူခဲ့တာပဲ'

'ဒါ ဝါမိန်းမအကြံကွ၊ သင်းတော့လား… နေနှင့်ဦး၊ ဝါအိမ်ပြန်ရောက်မှသိမယ်'

မိမိတို့ထွက်သွားကြတော့ ထိုလူနာတတွတ်တွတ်နှင့်ပြော၍ ကျန်ခဲ့သည်။

'သူက ဘာဖြစ်တာလဲဆရာ'

အလုပ်သင်ဆရာဝန်တစ်ယောက်က မေးသည်။

'ပြဿနာက ဗီအတိုကြီးဟာ အင်မတန် သွေးသား သောင်းကျန်းတာ၊ သူ့မိန်းမကလည်း ငယ်ငယ်၊ ကလေးက လည်း ခြောက်ယောက် ရှိနေပြီ၊ သူ့မိန်းမက ကလေးထ မလိုချင်တော့ဘူးတဲ့လေ'

နောက်လူနာတစ်ယောက်မှာ အသက်ဆယ်နှစ်သာရှိသေးသည့် မိန်းကလေးတစ်ယောက် ဖြစ်၏။ ဒေါက်တာဟက်တန်က ထိုမိန်းကလေးကိုကြည့်ကာ—

'သမီးမှာရှိတဲ့မကောင်းတဲ့ပိုးတွေ ထွက်ပြေးကုန်အောင် သမီးကို ဆေးတစ်လုံးထိုးမယ်နော်'



သူနာပြုဆရာမတစ်ယောက်က ဆေးထိုးအပ်ဖြင့် ဆေးကို ...်၍ ရောက်လာသည်။

'တင့်အင်း…နာလိမ့်မယ်'

'မနာပါဘူးကွယ်'

သူနာပြုဆရာမက ချော့သည်။

ထိုအသံမှာ ကက်၏အာရုံတွင် ပဲ့တင်ထပ်နေသည်။

ချောက်ချားဖွယ် မှောင်မိုက်အတွင်း သူမ၏ထွေးပြော ...ည့်အသံများကို ဆက် ကြားယောင်နေ၏။

ထိုစဉ်က သူမ ငယ်ငယ်ပင် ရှိသေးသည်။ ထိုညက၍ ...တွေ၊ မိမိထံသို့ ညစဉ်ရောက်လာတော့သည်။ ငိုခဲ့ရပေါင်း ...ည်း မရေတွက်နိုင်တော့။

ကက်မှာ ဖခင်အရင်းကို မမြင်ဖူးလိုက်။ မိခင်မှာသန့်ရှင်း ...ရေးအလုပ်သမား၊ အင်ဒီးယားနားပြည်နယ်ရှိ မိမိတို့နေထိုင် ...ာ တိုက်ခန်းကလေးနှင့် မလှမ်းမကမ်းရှိ ရုံးတစ်ရုံးတွင် ...ခင် အလုပ်လုပ်သည်။

ကျက်၏ ပထွေးမှာ လူထွားကြီး တစ်ယောက် ဖြစ်... သံစက်စက်ရုံတွင် ထိခိုက်ဒဏ်ရာရထားသူဖြစ်သည်။ အိမ်တွင်... ထိုင်စားသော အရက်ကိုသာသောက်နေသူ ဖြစ်၏။ ညဘက်... မိခင် အလုပ်သွားသောအခါ သူ ကျက်ထံသို့ ရောက်လာ... တတ်ပြီ။

'နင့်အမေကိုပြန်ပြောတာနဲ့ နင့်မောင်လေးကိုအသတ်ခံ...

ထိုသို့ လျှင် သူက ခြိမ်းခြောက်သည်။ မောင်လေးမို့... ကိုတော့ အထိခိုက်မခံနိုင်။ မောင်လေးမှာ မိမိထက် ငါး... ငယ်၍ အသက်ရှစ်နှစ်သာ ရှိသေးသည်။ နောက်ပြီး တော... လေးကိုလည်း ကျက်ချစ်သည်။ နောက်ပြီး မောင်လေး... အမေတစ်ယောက်လို ပြုစုခဲ့ရပြီ။ သူ့အတွက် အကြော... အကန် အကာအကွယ် ပေးခဲ့ရသည်ချည်း။ မောင်လေး... ဘူ့တဝအတွက် တစ်ခုတည်းသော ကွယ်တာစရာတည်း...

တစ်မနက်တွင် ပထွေး၏ ခြိမ်းခြောက်မှုကို ကြောက်... မိခင်အား ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။ မိခင်က... ထိုသို့ မဖြစ်အောင် တားဆီးပြီး မိမိကို အကာအကွယ်... မည်ပင်။

ပြောပြလိုက်တော့ မိခင်သည် ကျက် အား စူးစူး... ကြည့်နေပြီး ကျက်၏ပါးကို ရိုက်ချလိုက်သည်။

'ဘာဖြစ်လို့ ဒီလို ပလီစီချောက်ချက်ပြောရတာလဲ'

ကျက် နောက်ထပ် ထိုအကြောင်းကို မပြောတော့။ ... ထိုအိမ်တွင်မောင်လေးမိုက်ရှိနေ၍ နေနေခြင်းဖြစ်သည်။ ... မရှိလျှင် မောင်လေး မျက်စိသူငယ် နားသူငယ် ဖြစ်...



တော့သည် ဟူသောအသိကြောင့် ဖြစ်၏။ သို့ဖြင့် တစ်နေ့တော့ မိမိတွင်ကိုယ်ဝန်ရှိနေပြီမှန်း သိလိုက်သဖြင့် မင်းနီသာ ပိုးလစ္ဆမြို့ရှိ အဒေါ် တစ်ယောက်ထံတွင် သွားနေခဲ့တော့၏။

ကျက်အိမ်ကထွက်လာသည့်နေ့အစ၍ ကျက်ဘဝပြောင်းလဲသွားခဲ့တော့သည်။

အဒေါ်က -

'နင်ဘာဖြစ်လာတယ်ဆိုတာ ငါကိုပြောနေစရာမလိုတော့ဘူး၊ တာပဲဖြစ်ဖြစ် အခုကစပြီး နင်လျှောက်သွားမနေနဲ့တော့၊ 'နှမ်းတောသမီး' ဆိုတဲ့ သီချင်းထဲကအဆိုပေါ့၊ အစိမ်းရောင်ဖြစ်နေရတာလွယ်ပါလားဆိုတာလေ၊ ဒအား... လူမည်းဖြစ်ရတာလည်း မလွယ်ဘူးတူ၊ လမ်းနှစ်လမ်းပဲ ညည်းမှာ ရွေးစရာ ရှိတော့တယ်၊ ညည်းလျှောက်ပြေးနေပြီ၊ ညည်းခံစားနေရတဲ့ ပြဿနာအတွက် လောကကြီးကို အပြစ်ဖို့နေသလား၊ ဒါမှမဟုတ် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြီး ညည်းကိုယ်ညည်း ရင်ကော့နေနိုင်တဲ့အခြေအနေမျိုး ရောက်အောင်လုပ်မလား'

'ကျွန်မဘယ်လိုလုပ်ရမှာလဲ'

'ရှင်ကောင်းနေနိုင်တဲ့အဆင့်မျိုး ဖြစ်ချင်တယ်ဆိုရင် သမီး ဘယ်လိုလူမျိုးဖြစ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲဆိုတာ ညည်း တာသာစဉ်းစားပေါ့၊ ပြီးတော့ အဲဒီလိုမျိုးမဖြစ်ဖြစ်အောင် လုပ်'

သူနှင့်ရသည့် အလေးကိုတော့ မိမိမလိုချင်၊ မိမိ အဖေ ကိုဖျက်ချချင်သည်။ ထိုကိစ္စကို စနေနေ့တွင်ပင် အဒေါ်၏ မိတ်ဆွေ သားဖွားဆရာမတစ်ယောက်နှင့် တိုးတိုးတိတ်တိတ် စီစဉ်လိုက်သည်။ ထိုကိစ္စ ပြီးသွားသည့်နောက် မိမိ ဘယ် ယောကျ်ားကိုမှ အထိမခံတော့ဟု ကတ်ဆုံးဖြတ်လိုက်တော့ သည်။

မင်နီယာပိုးဂ စွမ်းမြို့သည် ကတ်အတွက် စိတ်ချမ်းမြေ့ဖွယ် ရာအရပ်တည်း၊ မိမိတို့ရပ်ကွက်နှင့် မလှမ်းမကမ်းတွင် ရေ ကန်များ၊ စမ်းချောင်းကလေးများနှင့် မြစ်များ ရှိနေ၏ ရှုစ်ကေကျော်ရှိသော သာယာသည့် ဥယျာဉ်မြို့ကြီးများ လည်းရှိသည်။ ကတ်သည် ကန်ထဲတွင် ရွက်လှေစီးလိုက် မစ်စစ္စပီမြစ်ထဲတွင် လှေစီးလိုက်နှင့်။



အမေဒေါ်ဖြစ်သူ ဆိုဖီကတော့ ကတ်ကိုကြည့်ကာ ဤ အရွယ်မှာ အလေးစိတ်ကိုမကုန်သေးဟု တွက်နေမိသည်။

ကတ်ကတော့ မပျော် ပျော်အောင်နေသည်။ သို့သော် သူမရင်ထဲ၌ နောက်တစ်ကြိမ် အလားတူ နာကြည်းလောက် သော အဖြစ်မျိုး မကြုံရန် နက်ရှိုင်းစွာ တံတိုင်းခတ်ထားပြီ ဖြစ်ကြောင်းကိုမူ အဒေါ်လုပ်သူက သိနေ၏။

ကျောင်းတွင် သူငယ်ချင်းတွေနှင့်ပေါင်းသည်။ သို့သော် ယောကျ်ားလေးတွေနှင့်တော့မပေါင်း၊ သူမ၏ မိန်းကလေး သူငယ်ချင်းတွေကတော့ ချစ်သူကိုယ်စီနှင့်၊ ကတ်အမှု တစ် ယောက်တည်း၊ သည်လိုနေရသည်ကိုလည်း ဂုဏ်ယူသည်။ သူမ ကလွန်ချစ်သည့် အဒေါ်ဖြစ်သူကိုသာ တွယ်တာနေ သည်။

ကတ်က ကျောင်းစာကို သိပ်စိတ်မဝင်စား၊ စာဖတ်လည်း ဝါသနာမပါခဲ့၊ သို့သော် အဒေါ်ဖြစ်သူကြောင့် ပြောင်းလဲ ခဲ့ရသည်၊ ထို့ကြောင့် သူမတစ်အိမ်လုံးစာအုပ်တွေနှင့် ပြည့် နက်လာရတော့သည်။ အဒေါ် ဆိုဖီမှာလည်း ထိုအတွက် ဝမ်းသာမဆုံး။

ဆိုဖီက...

'စာအုပ်တွေထဲမှာ ထူးဆန်းတဲ့လောကတွေအကြောင်း သမီးတွေ့ရမယ် ဖတ်ကြည့်၊ သမီး ဘယ်ကလာတယ်၊ ဘယ် ကိုသွားရမယ်ဆိုတာသိလိမ့်မယ်၊ သမီးဟာ တစ်နေ့မှာ ကြီး ကြီးကျယ်ကျယ် ဖြစ်လာဦးမယ်လို့ ဒေါ်လေးမြင်နေတယ်၊ ဒါပေမယ့် ပထမဆုံးပညာတော့ တတ်အောင်လုပ်၊ ဒါဟာ

အမေရိကန်နိုင်ငံ၊ သမီးဖြစ်ချင်တာမျိုး ဖြစ်အောင် လုပ်လို့ရတဲ့အရပ်၊ သမီးဟာ လူမည်းဆင်းရဲသားတစ်ယောက်ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် သမီးလိုမျိုး ကွန်ဂရက်အမတ်တွေ၊ ရုပ်ရှင်သရုပ်ဆောင်တွေ၊ ဂီတပညာရှင်တွေ၊ အားကစားသမားအကျော်အမော်တွေ အများကြီးရှိတာပဲ၊ တစ်နေ့မှာ လူမည်းသမ္မတဆိုတာမျိုး ပေါ်လာခဲ့ရမယ်၊ သမီးဖြစ်ချင်တာဖြစ်အောင် လုပ်လို့ရတယ်၊ အဲဒါကတော့ သမီးအပေါ်မှာတည်တယ်'

ဤသည်မှာ ဆက်၏ဘဝကို စလိုက်ခြင်းပင်။

မှာ အတန်းထဲတွင် အတော်ဆုံးကျောင်းသားဖြစ်
စာကိုလည်း တအားဖတ်သည်။ တစ်နေ့ ကျောင်း
ညီတိုက်တွင် ဆင်ကလဲသားလွှဲဝစွ ရေးသည့် 'ပဲ့ရိုး
စခစ် ဆုံသော စာအုပ်တစ်အုပ်ကိုတွေ့၍ ဖတ်မိရာ သို့စာ
အုပ်ထဲမှ ဇာတ်ဆောင်ဆရာဝန်လေးကိုအားကျသွားမိသည်။
ထို့နောက် အခြားဆေးပညာနောက်ခံ စာအုပ်များကို ဖတ်
ပြန်သည်။



ထိုသည့်မှစ၍ ကျက်အောက် ဆလာအသစ်တစ်ခု မွေးဖွားလာခဲ့သည်။ လောအတွင်း သူတစ်ပါးကိုကူညီစာယ်ဆယ်ရန် ကိုယ်ကျိုးမငဲ့ ဆောင်ရွက်သူများ ရှိသည့်ကို ကျက်တွေ့ခဲ့ရသည်။ တစ်နေ့ ကျောင်းကပြန်လာတော့ ဖေဖေ့ ဆိုဖီကား....

'သမီး ဆရာဝန်ဖြစ်အောင်ကြိုးစားမယ်၊ ကျော်ကြားတဲ့ ဆရာဝန်တစ်ယောက်ဖြစ်စေရမယ်'

ဟု ပြောလိုက်လေသည်။

## အခန်း ( ၄ )

တနင်္လာနေ့နံနက်တွင် ပိုက်၏လူနာတွေထဲမှ သုံးယောက်၏ လူနာမှတ်တမ်းများ ပျောက်သွားသဖြင့် အပြစ်တင်ခံရသည်။

ဗုဒ္ဓဟူးနေ့တွင် ဂျူတီကျနေစဉ် မနက်သေးနာရီလောက်ကြီး တယ်လီဖုန်းလာသဖြင့် နိုးရပြန်၏။ အိပ်မှုန်စုံမွှားဖြင့် ပိုက် တယ်လီဖုန်းကိုင်လိုက်သည်။

'ဒေါက်တာပိုက်သလားပါ'

တစ်ဖက်မှ အသံပေါ်လော။

'ဟဲလို...ဟဲလို...'

တစ်ဖက်ဖုန်းထဲမှ အသက်ရှူသံကို ပိုက်ကြား ထို့နောက် ဖုန်းချလိုက်သံကိုပါ ကြားလိုက်ရသည်။



ထိုနောက်ပိုင်း ပိုက် အိပ်၍မရတော့။ မနက်ကျွန်တော့ ပိုက်၏ ဆက်အား...

'ငါ့အပဲ စိတ်ဖောင်ချောက်ချားဖြစ်တာလား၊ ငါ့ကို နှိုးနေတဲ့ တစ်ယောက်ယောက်ရှိနေလို့အားတော့ မသိဘူး'

ကက်...: အဖြစ်အပျက်ကိုလည်း ပြောပြလိုက်၏။

'တစ်ခါတလေ လူနာတွေကလည်း ဆရာဝန်အပေါ် အစာသာအထားတာရှိတတ်တယ်၊ စဉ်းစားကြည့်ပါဦးလား၊ နင့်ကို ဘယ်သူအများ...'

'အများကြီးရှိနိုင်တာပေါ့'

ပိုက်အ ပြောရင်း သက်ပြင်းချဖြစ်သည်။

'စိတ်ပူစရာမလိုပါဘူးဟယ်'

ကက်၏စကားကို ပိုက် ယုံလိုက်ချင်သည်။

နွေရာသီတွင် အုံ့ကြဲဖွယ်ရာ ကြေးနန်းတစ်စောင် ရောက်လာသည်။ ထိုနေ့က ပိုက် အိမ်ပြန်နောက်ကျသည်။ စာအား ရောက်နှင့်နေ၏။ စာထဲတွင်...

တနင်္ဂနွေနေ့ ဆန်ဖရန်စစ္စကိုမြို့ကို ရောက်
လာမယ်။ မင်းကို တွေ့ချင်လှပြီ။

ချစ်သော အဲဗရက်။

**တွေ့၏။** နောက်ဆုံးတော့ သူ မိမိထံသို့ ရောက်လာပြီပဲ၊ ကြေးနန်းကို ပိုက် အကြိမ်ကြိမ် ပြန်ဖတ်နေမိ၏။ ပျော်လိုက်သည်မှာလည်း ပြောစရာမရှိ။ အဲဗရက် ဟူသော အမည်မှာ သူ့၏ အာရုံထဲတွင် တချစ်ဝဲဝဲ။

❀

ပိုက်နှင့် အဲဗရက်တို့မှာ အတူတကွ ကြီးပြင်းလာကြသူများဖြစ်သည်။ သူတို့၏ ဖခင်များမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ဆေးပညာဝန်ထမ်းဆရာဝန်များဖြစ်ပြီး တတိယကမ္ဘာ့နိုင်ငံများတွင် ဖိစီးနေသည့် ရောဂါများကို လိုက်လံကုသပေးနေရသူများဖြစ်၏။ ပိုက်နှင့် မိခင်က ဖခင်ဖြစ်သူ အဖွဲ့ခေါင်းဆောင် ဒေါက်တာအာလာ သွားလေရာလျှောက်လိုက်နေရသည်။



ပိုက်နှင့် အဲဗရက်တို့မှာ ကလေးသဘာဝအတိုင်း ခပ်ပျော်ပျော်ပင်။ အိန္ဒိယနိုင်ငံတွင်ရောက်စဉ်က ပိုက် ဟိန္ဒူစကားကို တတ်မြောက်ခဲ့သည်။

ထို့နောက် သူတို့ အာဖရိကတိုက်ဘက်သို့ ပြောင်းခဲ့ရသည်။ စွန့်စားမှုအသစ်တွေလည်း ကြုံခဲ့ရသည်။

ပိုက်နှင့် အဲဗရက်တို့နှစ်ယောက် မိကျောင်းတွေ၊ ရေမြင်းတွေရှိသော မြစ်ထဲတွင်လည်း အတူရေကူးကြသည်။ သူတို့နှင့် ခင်နေကြသည့် တိရစ္ဆာန်များထဲတွင် မြင်းကျားပေါက်လေးတွေလည်း ပါသည်။ သစ်ကျုတ်ကလေးတွေလည်းပါသည်။ မြွေတွေလည်းပါသည်။

မြေမာမာကြမ်းပြင်နှင့် ပြတင်းပေါက်မရှိ၊ ခပ်မှိုင်းမှိုင်း အုံ့ချွန်ချွန် တဲကြီးများထဲတွင် သူတို့ ကြီးပြင်းခဲ့ရသည်။ တစ်နေ့တွင် မြက်ခင်းစိမ်းစိမ်း၊ ခြံစည်းရိုးဖြူဖြူကလေးနှင့် သာယာ့ အိမ်လှလှကလေးတွင် နေနိုင်ရမည်ဟု ပိုက် ကြုံးဝါးထားသည်။

ဆရာဝန်တွေ၊ သူနာပြုဆရာမတွေအတွက်ကတော့ ထိုနိုင်ငံက ဘဝမှာ ခက်ခဲပြီး ဒုက္ခရောက်သော အခြေအနေဖြစ်သော်လည်း ကလေးနှစ်ယောက်အတွက်မူ ခြင်္သေ့တွေ၊ သစ်ကုလားအုတ်တွေ၊ ဆင်တွေကြားတွင် ပျော်စရာကြီး ဖြစ်နေ၏။

သူတို့နှစ်ယောက် ကျောက်ခေတ်က တဲနှင့် တူသော ကျောင်းတွင်လည်း အတူတက်ခဲ့ရသည်။ အခြား ဘာမျှ မပြည့်စုံသော်လည်း ကျောင်းတွင် ဆရာတွေတော့ရှိသည်။

ပိုက်ဆာ စာတော်သည်။ သင်သမျှ အကုန်အတတ်၏။ အဲဖရက်ကသည်၊ သူမကိုချစ်သည်။

'တစ်နေ့ကျရင် ငါ နင့်ကိုလက်ထပ်ယူမယ် ပိုက်'

သူမ အသက် ၁၂ နှစ်အရွယ်တွင် အသက် ၁၄ နှစ်ရှိပြီ ဖြစ်သော အဲဖရက်က ဆိုသည်။

'ငါလည်း နင့်ကိုပဲယူမယ် အဲဖရက်'

သူတို့နှစ်ယောက်မှာ ဘဝတစ်လျှောက် အတူတူနေသွားကြရန် ရည်မှန်းချက်ကြီးသော ကလေးနှစ်ယောက် ဖြစ်၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော ဆရာဝန်များမှာလည်း မိမိ၏အသက်ကိုပင်မငဲ့ကွက်ဘဲ ဆောင်ရွက်နေသူများဖြစ်သည်။ မကြာခဏဆိုသလို ဖြစ်ဆဲလည်း အလုပ်လုပ်ကြရ၏။

အာဖရိကတွင် သားစဉ်မြေးဆက်ပညာဆက်ခံခဲ့ကြသော ဒေသခံ ဗိန္ဒောဆရာများနှင့် အပြိုင်အဆိုင် ကုကြရသည်။ ထိုလူနာများကိုကုသရာမှ သေကြသည်လည်းမနည်း။ ဒဏ်ရသည့်ဝေဒနာကို နွားသေး၊ နွားသားနှင့် သစ်မြစ်တစ်ခု အဆီတို့ဖြင့် ကုသည်လည်းရှိ၏။

အစ်လူယူ မြို့တွင် ကျောက် ပေါက် သည့် ကလေး တုတ်နှင့်ရိုက်ကုကြသည်။

'ခင်ဗျားတို့အဲဒီလိုလုပ်ကြနဲ့၊အဲဒီလိုကုလို့ မပျောက်ဘူး'

ပိုက်၏ဖခင် ဒေါက်တာတေလာကပြောသော် သူတို့က—

'အပ်ချုပ်ချုပ်နဲ့ အသားထဲထိုးသွင်းတာထက်စာရင်ဒါ ဆေးသာပေါ့'ဟုဆိုကြသည်။



ဆေးပေးခန်း ဆိုသည်မှာလည်း သစ်ပင် အောက်တွင် ထိုးပွဲတွေစီချပြီး ခွဲစိတ်ရသည်လည်းရှိသည်။ ဆရာဝန်များမှာ တစ်နေ့တစ်နေ့ လူနာတွေ ရာနှင့်ချီ၍ကုရသည်။ လူနာများမှာ တန်းအရှည်ကြီးစီ၍ စောင့်ကြရသည်။ ရောဂါတွေကလည်း ကိုယ်ရေပြား ရောဂါ၊ အဆုတ်နာ၊ ကြက်ညှာချောင်းဆိုး၊ ကျောက်ရောဂါ၊ ဝမ်းလျှော ဝမ်းပျက်ရောဂါ စုံနေ၏။

ပိုက်နှင့်အဲဖရက်တို့မှာ တစ်ယောက်နှင့်တစ်ယောက်ခွဲမရ။ အရွယ်ရောက်လာတော့ ဈေးသွားသည်၊ အဘွား၊ ဝေးလံသည့် ရွာတွေကိုသွားတော့လည်းအတူတူ။ မိမိတို့အနာဂတ် စီမံအစဉ်များကိုလည်း တိုင်ပင်ကြသည်။

ပိုက်မှာ ငယ်ငယ်ကပင် ဆေးပညာနှင့်ရင်းနှီးလာသည်။ လူနာတွေကို ပြုစုတတ်သည်။ ဆေးထိုးတတ်သည်၊ ဆေးပေးတတ်သည်၊ ဖခင်အား ကူညီနိုင်ရမည်ဟုလည်း ရည်မှန်းထားသည်။

ပိုက် ဖခင်ကိုချစ်သည်။ ဖခင်မှာ ကိုယ်ကျိုးမငဲ့တတ်သည့် စေတနာရှင်တစ်ဦး ဖြစ်၏။ လူတွေအပေါ် စေတနာထားသည်။ မိမိအသက်ကိုပင် ပဓာနမထားဘဲ လူတွေကို ကူညီသည်။ နောက်ပြီး ပိုက်ကိုလည်း သိပ်ချစ်သည်။ အလုပ်တွင် ဘယ်လောက်အချိန်ကုန်သည်ဖြစ်စေ၊ သမီးနှင့်နေရန် အချိန်တော့ ထားသည်။ မိမိနေထိုင်ရသည့် ဖြစ်ဆလိုနေရာကလေးတွင် ပျော်စရာကောင်းအောင်နေသည်။

ပိုက်နှင့်မိခင်၏ ဆက်ဆံရေးကတော့ ဇစ်မျိုး၊ မိခင်မှာ ကြေးရတက်အသိုက်အဝန်းမှ ပေါက်ဖွားသည့် မိန်းမချော တစ်ယောက်ဖြစ်၏။ သူမ၏ ဘာသိဘာသာနေမှုကြောင့် ပိုက်နှင့် စိမ်း၏စိတ်ချမ်းမြေ့ဖွယ်ကောင်းသော အရုပ်များသို့ လှည့်လည် အလုပ်လုပ်မည်ကို သဘောကျ၍ ဆရာဝန် တစ်ယောက်ကို လက်ထပ်ခဲ့သော်လည်း တကယ် ကြမ်းကြမ်း တမ်းတမ်းအရုပ်များကို သွားရောက်ရသည်ကိုတော့ သူမ မခံနိုင်။ ငယ်ကိုချစ်တတ်သော ဇနီးဆောင်းမတုတ်။ ပိုက် အမြင်တွင် မိခင်မှာ ကဂျီအဂျောင်နိုင်လှသည်။

'ဒီလိုနေရာကြီးကို ဘာသွားလာရတာလဲ'

'ဒီအရပ်ကလူတွေဟာ တိရစ္ဆာန်လို နေကြတာပဲ၊ သူတို့ ဆီက ရောဂါတွေအဘောင် ကျွန်မတို့ကို ကူးဦးမယ်'

'အမေရိကန်မှာပဲဆေးခန်းဖွင့်ပြီး တခြားဆရာဝန်တွေလို ငွေရှာပါလား'

စသည်ဖြင့် ပြောနေတတ်သည်။

မိခင်၏ ထိုသို့ ဖခင်ကိုဝေဖန်လေ၊ ဖခင်ကိုပို၍ချစ်လေ ဖြစ်လာရသည်။

ပိုက် ဆယ့်ငါးနှစ်သမီး အရွယ် ရောက်တော့ မိခင်မှာ ဘရာဇီးနိုင်ငံမှ ရာဘာခြံပိုင်ရှင်တစ်ယောက်နှင့် လိုက်ပြေး သွားသည်။

'အမေပြန်မလာတော့ဘူးမဟုတ်လားဟင်'

ပိုက်က မေးသည်။

'မလာတော့ဘူးသမီး၊ အဖေစိတ်မကောင်းပါဘူး'



'သမီးတော့ ဝမ်းသာတယ်'

သူမ တကယ်သည်းပြောခြင်းဖြစ်သည်။ အဖေ့ကို ဂရု စိုက်သည်းမရှိ၊ နောက်ပြီး မိမိကိုကို ပစ်သွားသဖြင့် အမေ့ကို စိတ်နာမိသည်။ သည်အဖြစ်ကြောင့် ပိုက်နှာ အဲဖရက်အပေါ် ပို၍ တွယ်တာလာသည်။ စားသည်း အတူတူ၊ အပျော်ရေးထွက်လည်း အတူတူ၊ တူညီသော စိတ်ကူးရည်မှန်းချက်တွေကိုသည်၊ တည်ဆောက်ခဲ့ကြသည်။

'ငါ့သာ ကြီးလာရင် ဆရာဝန်လုပ်မယ်၊ ငါတို့လက် တွဲကြမယ်၊ ပြီးတော့ အတူတူအလုပ်လုပ်ကြမယ်'

အဲဖရက်က ဆိုသည်။

'အော... ကလေးတွေလည်း အများကြီးမွေးမယ်'

'နင်ကြိုက်သင်မွေးပေါ့'

ဖခင်က အမေရိကားသို့ပြန်၍ ညီဖြစ်သူ၏အိမ်တွင် ပြန် နေမည်ဟု မကြာခဏပြောသည်။

'ဘာဖြစ်လို့လဲအဖေ'

'သမီးကို ကောင်းကောင်းမွန်မွန် ဖြစ်စေချင်လို့ပေါ့'

'သမီးလည်း ကောင်းကောင်းမွန်မွန်ပဲဟာ'

'အမျိုးကောင်းသမီး ဆိုတာ မျောက်ကလေးတွေကို စ တာတို့၊ မြင်းကျားကိုစီးတာသို့ မလုပ်ရဘူးကွဲ့'

'သမီး အဖေ့ကိုမခွဲနိုင်ဘူး'

ပိုက် ပြောနေကျလေ။

ပိုက်အသက် ၁၇နှစ်အရွယ်တွင် ဗမ္ဘာ့ကျွန်းမာရေးအဖွဲ့သည် တောင်အာဖရိကနိုင်ငံတွင် အူယောင်ဝမ်းပျက်ရောဂါများ သွားရောက် တိုက်ဖျက်ရသည်။ အခြေအနေတွေက မကောင်း။ ဆရာဝန်တွေ ရောက်သည်နှင့် လူမျိုးစု တိုက်ပွဲများ စတင်ဖြစ်တော့သည်။ ဖခင်အား ပြန်ရန်ပြောကြ၍ သို့သော် ဖခင်က—

'ဘယ် ပြန်လို့ ဖြစ်မလဲ၊ ကျုပ်ပြန်ရင် ကျုပ်လူနာတွေ သေကုန်မှာပေါ့'

နောက်လေးရက်ကြာသောအခါ ထိုရွာကို တိုက်ခိုက်ခံရသည်၊ ပိုက်နှင့်ဖခင်မှာ တဲထဲတွင် ပုန်းနေရင်း အပြင်မှ အော်သံဟစ်သံ၊ သေနတ်သံတွေကို နားထောင်နေရသည်။

ပိုက်မှာ ကြောက်နေသဖြင့်—

'သူတို့ သမီးတို့ကိုသတ်လိမ့်မယ်'

ဖခင်က ပိုက်ကိုပွေ့ချီထားလျက်—

'မသတ်ပါဘူးသမီးရဲ့၊ အဖေတို့က သူတို့ကို ကူညီဖို့လာကြတာပဲ၊ အဖေတို့ဟာ သူတို့မိတ်ဆွေတွေမှန်း သူတို့သိပါတယ်'

သူပြောသည့် အတိုင်းလည်း မှန်သည်။ လူမျိုးစုအုပ်တစ်စုမှ ခေါင်းဆောင်က တဲထဲသို့ သူ့နောက်လိုက်များနှင့် ဝင်လာပြီး....

'မပူပါနဲ့၊ ကျွန်တော်တို့ ဒေါက်တာကို ကာကွယ်ထားပါမယ်'



နောက်ဆုံးတွင် ပစ်ခတ်မှုများ စဲသွားတော့သည်။ သို့သော် မိုးလင်းတော့ ဖခင်က ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သူက သူ့ညီထံသို့ ကြေးနန်း တစ်စောင် ရိုက်လိုက်၏။ နောက်လေယာဉ်ခေါက်နဲ့ ပိုက်ကိုလွှတ်လိုက်မယ်၊ လေဆိပ်မှာ လာကြိုပါ ဟူ၏။

ထိုအကြောင်းကိုသိရတော့ ပိုက် အတော်စိတ်ဆိုးသည်။ လေဆိပ်သို့သွားစဉ် တစ်လမ်းလုံးငိုလာသည်။

'သမီးကိုစွန့်ပစ်ချင်လို့ သမီးကိုလွှတ်လိုက်တာလား'

ဖခင်က ပိုက်ကိုဖက်ထားပြီး—

'လောကမှာ သမီးထက်ချစ်ရမယ့်အရာ မရှိတော့ပါဘူး သမီးရယ်၊ သမီးကို အချိန်နဲ့အမျှ အဖေ လွမ်းနေရမှာပါ၊ အဖေလည်း အမေရိကားကို မကြာခင်ပြန်လာခဲ့မယ်၊ အဲဒီတော့မှ အဖေနဲ့သမီး အတူပြန်နေကြတာပေါ့'

'အဖေ ကတိတည်နော်'

'ကတိတည်ပါတယ်'

အဲဖရက်လည်း ပိုဆ်ကိုသိုက်ပို့သည်။ သူက—

'ပွဲ့ပါနဲ့ပိုက်ရယ်၊ မကြာခင် ကိုယ် မင်း၊ကိုလာခေါ်ပါ
မယ်၊ ကိုယ့်ကိုစောင့်နေမှာလား'

သည်လောက်ချစ်သာကြပြီးမှ သည့်ပို့ခဲ့ခဲ့နေရန် မရှိ
တော့။

'စောင့်ရမှာပေါ့'

◈

နောက်သုံးရက် ကြာတော့ ပိုက်စီးလာသည့် လေယာ
ရှိကာကိုသည်ဆိပ်သို့ ဆိုက်ရောက်သည်။ ဦးလေး ရစ်ချတ်
လာကြိုနေ၏၊ ဦးလေးမှာ အလွန်ချမ်းသာသည့်လုပ်ငန်း
ကြီးဖြစ်၍ စနီးကွယ်လွန်သည်မှာ ကြာပြီဟူ၍သာသိသ
သူ့အကြောင်း ပိုက်သိထားသည်။

'ကို့မိသားစုထဲမှာတော့ သူတစ်ယောက်ပဲ ကြီးပွားသွ
တာ'

ဖေဖေက ပြောခဲ့ဖူးသည်။ ရောက်ရောက်ချင်း ဦးလေ
က—



'ပြောရမှာတော့ စိတ်မကောင်းဘူး ပိုက်ရယ်၊ သမီးရဲ့
ဖေဖေ အဲဒီကား တိုက်ပွဲကြားမှာ သေသွားတယ်လို့ အခုမဲ
ဦးလေးဆီက အကြောင်းကြားတယ်'

သူ့စကားအဆုံးမှာလေး ရုတ်ခြည်း ထစ်စစီ ကွဲကြေသွားတော့
သည်။ ခံစားရလွန်း၍ ခံနိုင်ရည်ပင်မရှိတော့။
မိမိငိုရသည်ကို ဦးလေးမမြင်စေရ။ မိမိပြန်လာမိသည်မှာ
ားသည်။ မိမိဖခင်ဆီသို့ ပြန်သွားဦးမည်။
လေဆိပ်မှ ကားနှင့်လာစဉ် အပြင်မှ များပြားလှသော
ားများကိုသာ စိုက်ကြည့်နေမိ၏။

သမီး ရှိတာကိုမြို့ကိုမုန်းတယ်'
'ဘာကြောင့်လဲအမီး'
'တောကြီးမျက်မည်းအုနေတာပဲ'

◈

ဖခင်၏ အသုဘသို့ ပြန်သွားရန် ဦးလေး၏ ခွင့်မပြု
ကြောင့် ပိုက် ဒေါသဖြစ်မိသည်။

'ထူ့ကိုဆက်ပြီးပြီပဲ သမီးရယ်၊ သမီးအဲဒီကိုပြန်သွ
ရေး ဘာအကြောင်းရှိတော့လို့လဲ'

ရှိသည်ပဲ။ အဲဖရက် ငိုနေသည်လေ။

ပိုက်ရောက်ပြီး တစ်ရက်နှစ်ရက် ကြာတော့ ဦးလေး
ပိုက်၏ရှေ့ရေးနှင့် ပတ်သက်၍ ဆွေးနွေးရန် လာထိုင်သည

'ဘာမှ ဆွေးနွေးစရာမလိုဘူး ဦးလေး၊ သမီး ဆရာ
ဖြစ်အောင်လုပ်မယ်'

အသက် ၂၁ နှစ်တွင် ပိုက် ကျောင်းပြီးတော့ 
ကျောင်း ၁၈ ကျောင်းကို လျှောက်လွှာ တင်လိုက်သည
အားလုံးကလည်း လက်ခံ၏၊ သူမက ဘော့စတွန် 
တက္ကသိုလ်ကို ရွေးချယ်လိုက်သည်။

ဗိုင်ယာနိုင်ငံရှိ အဲဖရက်ထံသို့ တယ်လီဖုန်း ဆက်ရာ
မှာ နှစ်ရက်ကြာသည်။ သူက ဗိုင်ယာရှိ ကမ္ဘာ့ကျန်းမာ
အဖွဲ့ကြီးတွင် အချိန်ပိုင်းတာဝန်ထမ်းဆောင်နေ၏။

မိမိအခြေအနေကို ပြောပြတော့ သူက—



'သိပ်ကောင်းတာပေါ့ အချစ်ရယ်၊ ကိုယ်လည်း ဆေး
ကျောင်းပြီးတော့မယ်၊ လာလာဆယ်တော့ ကမ္ဘာ့ကျန်း
ရေးအဖွဲ့မှာပဲ ဆက်လုပ်ဦးမယ်၊နောက်တော့ မင်းနဲ့ကိုယ်
ဘုဆေးခန်းဖွင့်တာပေါ့'

အတူ' ဟူ၏။ ချမ်းမြေ့ဖွယ်စကားတည်း။

'ပိုက်ရေ—မင်းကိုသိပ်တွေ့ချင်တာပဲကွာ၊ ကိုယ် အပြင်ကို
ရက်ဆောက်ထွက်ခွင့်ရရင် ဟာဝိုင်ယီမှာ ကိုယ့်ကို လာ
ါလေ'

ိုက်က ချက်ချင်းပင်....

'တွေ့မယ်လေ'

တွေလည်းတွေ့ဖြစ်ခဲ့ကြသည်။နောက်မှ အဲဖရက် ယခုလို
ညသည့်ခရီးမှာ မည်မျှခက်ခဲကြောင်းသိရသည်၊ သို့သော်
က် မညည်းခဲ့။

စ်ယောက်သား ဟာဝိုင်ယီရှိ ဟိုတယ်အခန်းလေးတစ်ခုတွင်
ယ် ပျော်ပျော်ကြီး နေခဲ့ကြသည်။ ခွဲရတော့မည်ဟုပင်
ခဲ့။ ပိုက်က အဲဖရက်အား ဘော့စတွန်သို့ လိုက်ခဲ့ရန်
ချင်သည်။ သို့သော် မိမိတစ်ကိုယ်ကောင်း ဆန်ရာကျ
၍ မခေါ်ခဲ့။ သူလက်ရှိလုပ်နေသည်က ပို၍မှန်မြတ်
ည်လေ။

နောက်ဆုံးနေ့တွင် နှစ်ယောက်သား အဝတ်အစားလဲရင်း
ာ—

နင့်ကို တယ်ကိုလွမ်းကြဦးမလဲ'

'ဇင်တီယာနိုင်ငံဖြစ်ဖြစ်၊ ဘင်္ဂလားဒေ့ရှ်ဖြစ်ဖြစ် လွှ
လိမ့်မယ်'

လူ့အသက်ကိုကယ်ရန်၊ သူ့ကို လိုအပ်နေသူများအား
ကူညီရန် သွားရောက်ဦးတော့မည်။ ပိုက် သူ့ကို ဖက်
မျှော်စိမ့်ထားမိသည်၊ သူ့ကို မည်သို့မျှ မခွဲနိုင်တော့
ပင်းကိုသိ၍ထင်၏၊ သူက...

'ကိုယ် မင်းကို ဘယ်တော့မှ မခွဲပါဘူးကွာ'

ပိုက် ဆေးကျောင်း၊ ၈ တက်သည်။ အဲဖရက်လည်း
အဆက်အသွယ်အမြဲရှိ၏။ သူ ဘယ်အရပ်ရောက်ရောက် ပိုက်
မွေးနေ့နှင့် ခရစ္စမတ်နေ့များတွင် ပိုက်ထံ အမြဲဖုန်းဆက်
သည်။ ပိုက် ဆေးကျောင်း ဒုတိယနှစ်၊ နှစ်သစ်မကူး
တစ်ရက်အလိုတွင် အဲဖရက် တယ်လီဖုန်းဆက်သည်။

'ပိုက်...'

'ကိုယ်... ကိုယ်ဘယ်ကဆက်တာလဲ'

'ကိုယ် ဆင်နီဂေါနိုင်ငံကို ရောက်နေတယ်၊ ဟာဝိုင်အီ
ထိုရင် မိုင်... ၈၀၀၀ ဝေးတာပေါ့'



သူ့စကားကို ခဏမျှ အဓိပ္ပာယ်ဖော်ကြည့်ပြီး—

'အဓိပ္ပာယ်က...'

'နှစ်သစ်ကူးကြိုနေ့မှာ ကိုယ့်ကို ဟာဝိုင်ယီမှာ လာတွေ့
နိုင်မလား'

'အို... ပိုက်တွေ့နိုင်တာပေါ့'

အဲဖရက် ကမ္ဘာတစ်ဝက်လောက် ခရီးကို လာခဲ့ရသည်။
ပိုထက်ကြိမ်တွေတော့ ပိုက်၏ သံယောဇဉ်တွယ်ခဲ့ရသည်။ သူတို့
အတွက် အချိန်တို့သည် ရပ်တန့်နေသည်ထင်၏။

'နောက်နှစ်ဆိုရင် ကိုယ့်ဆေးအဖွဲ့ကို ကိုယ်ဦးစီးရတော့
မယ်၊ မင်းကျောင်းပြီးသွားရင် ကိုယ်တို့လက်ထပ်ကြမယ်'

နှစ်ဦးသား တစ်ကြိမ်ဆုံစည်းခဲ့ရပြန်သည်။ တစ်ဦးနှင့်
တစ်ဦး မတွေ့ရသည့်ကာလများတွင်တော့ စာများဖြင့်သာ
ဆက်သွယ်နိုင်ကြ၏။

သူ့ဖခင်နှင့် ပိုက်၏ဖခင်တို့လို အတိုက်ကမ္ဘာ့နိုင်ငံများ၌
သွားရောက်အလုပ်လုပ်ရာတွင် သူတို့လိုပင် ကြိုးစားလုပ်ကိုင်
နေသည်။ ယခုတော့ သူ အမိမြေကို ပြန်လာတော့မှာပါ
လား။

အဲဖရက်၏ ကြွေးနန်းစာကို ငါးကြိမ်မြောက် ဖတ်ပြီးနောက် 'သူ ဆန်ဖရန်စစ္စကို ကိုရောက်သွားတော့မှာပါလား' ဟု တွေးနေမိသည်။

ကက်နှင့် ဟန်နီတို့ အိပ်နေသည်ကို သူ၏နှိုးကာ—

'အဲဖရက်လာတော့မယ်ကွ၊ သူ တနင်္ဂနွေနေ့မှာ ရောက်မယ်'

'ကောင်းပါတယ်၊ တနင်္ဂနွေနေ့ကျမှ ငါ့ကိုနှိုးပေါ့၊ ငါ အခုအိပ်တော့မယ်'

ကက်က ဆိုသည်။ ဟန်နီကမူ ထထိုင်ပြီး—

'အတော်ပဲ၊ ငါလည်း သူ့ကို သိပ်မြင်ဖူးချင်နေတာ နင်နဲ့သူ မတွေ့တာ ဘယ်လောက်ကြာပလဲ'

'နှစ်နှစ်ရှိပြီ၊ ဒါပေမယ့်အဆက်အသွယ်တော့ အမြဲရှိတယ်'

'နင် သိပ်ကံကောင်းတာပဲဟယ်၊ ကဲ— အားလုံးနိုးနေတော့ ငါ ကော်ဖီဖျော်လိုက်ဦးမယ်'

သုံးယောက်သား မီးဖိုခန်း စားပွဲတွင် ထိုင်ကြသည်။ ဟန်နီက—

'အဲဖရက်လာရင် ငါတို့ ပါတီတစ်ခုပေးရအောင်၊ သူ့ အားလောင်းကို ကြိုဆိုတဲ့အနေနဲ့ပေါ့'

'သိပ်ကောင်းတယ်'

တနင်္ဂနွေနေ့ရောက်ရန် လေးရက်လိုသေးသည်။ ကြွ ထိ အားတိုင်း အဲဖရက်လာမည့်အကြောင်းကို သုံးယော



သား ဆွေးနွေးကြ၏။ ကံကောင်းချင်တော့ ထိုတနင်္ဂနွေတွင် သုံးယောက်စလုံး ဂျူတီမရှိ။

စနေနေ့တွင် ပိုက် အလှပြင်ဆိုင် သွားသည်။ အဝတ်အစား အသစ်တွေလည်း ဝယ်၏။

'ငါကြည့်ကောင်းရဲ့လားဟ၊ သူ့သဘောကျပါ့မလား'

'သိပ်လှတာပဲ၊ သူကတော့ နင့်ကိုရတာတန်တယ်'

ဟန်နီကဆိုသည်။ ပိုက်ကပြုံးလျက်....

'ငါက သူ့ကိုရတာ တန်တာပါဟာ၊ နင်တို့ သူ့ကိုတွေ့ရင် သဘောကျမှာ၊ သူက သိပ်ချောတာ'

တနင်္ဂနွေနေ့ကျတော့ အပြင်မှာဝယ်သော စားသောက်ဖွယ်များ ထမင်းစားပွဲပေါ်တွင် ခင်းကျင်းထားသည်။ ရေခဲစိမ်ရှန်ပိန်ပုလင်းလည်း ပါ၏။ အမျိုးသမီးသုံးယောက် စားပွဲလေးတွင်ရပ်နေကြရင်း အဲဖရက်အလာကို စိတ်စောစွာ စောင့်နေကြသည်။

နှစ်နာရီထိုးတော့ တံခါးခေါင်းလောင်းသံ ပေါ်လာသည်။ ပိုက်က တံခါးပြေးဖွင့်၏။ အဲဖရက်ပင် ဖြစ်သည်။

အတော်လေး နွမ်းနေပုံရ၏။ အနည်းငယ်လည်း ပိန်သွားသည်။ သူ့ဘေးတွင် အသက်သုံးဆယ်ကျော်ရှိ ဆံပင်နီနီနှင့် မိန်းမတစ်ယောက် ရပ်နေ၏။

'ပိုက်...'

အဲဖရက်အား နှုတ်ဆက်သည်။ ပိုက်လ သူ့ကို ပြောင်းပြန် နှုတ်ဆက်ပြီးနောက် ဟန်နီနှင့်ကက်တို့ဘက်သို့လှည့်ကာ...

'အဲဒါ ဖရက်လေ၊ အဲဖရက်... ဒါက ငါ့ရဲ့အခန်းဖော် သူငယ်ချင်းတွေ၊ ဟန်နီနဲ့ ကက်တဲ့'

'တွေ့ရတာ ဝမ်းသာပါတယ်'

အဲဖရက်က ပြောပြီး သူ့ဘေးနှမိန်းမဘက်သို့လှည့်ကာ...

'ဒါက ကာရင်လေ၊ ကိုယ့်ဇနီး'

ပိုက်တို့မိန်းမအလေးသုံးယောက်သား မှင်တက်မိသွားကြသည်။ နောက်မှ ပိုက်က...

'ဇင့်မိန်းမ...ဟုတ်လား'

'ဟုတ်တယ်၊ ကိုယ့်...ကိုယ်ရေးလိုက်တဲ့စာ မရဘူးလား'

'စာ...ဟုတ်လား'

'ဟုတ်တယ်လေ၊ ကိုယ်ထည့်လိုက်တာ ကြာပြီပဲ'

'မရဘူး'

'ဪ...ကိုယ်တောင်းပန်ပါတယ်၊ အဲဒီစာထဲမှာ ကိုယ်အားလုံးရှင်းပြထားတယ်၊ အဲဒီစာမရဘူးဆိုတော့...'

သူ့အသံ တိမ်ဝင်သွားသည်။ ပြီးမှ ဆက်၍...



'ကိုယ်စိတ်မကောင်းပါဘူးပိုက်ရယ်၊ မင်းနဲ့ကိုယ် ခွဲခွာနေရတာ ကြာပြီဆိုတော့ အဲဒီမှာ ကိုယ် ကာရင်နဲ့ တွေ့ခဲ့တယ်၊ ခုဒီအတော့ သိတဲ့အတိုင်းပဲလေ'

'သိပါပြီ...သိပါပြီ'

ပိုက်က ပြောရင်း ကာရင်ဆိုသောမိန်းမဘက်သို့လှည့်ကာ အားယူပြုံးပြရင်း...

'ရှင်...ရှင်နဲ့အဲဖရက် ပျော်နိုင်ကြပါစေ'

'ကျေးဇူးတင်ပါတယ်'

ထို့နောက် အားလုံးတိတ်ဆိတ်နေကြသည်။

ကာရင်က....

'ကဲ...အချစ်ရေ၊ ကျွန်မတို့ သွားကြမှ ကောင်းမယ်'

'သိပ်ကောင်းတာပေါ့'

ကက်အား ပြောပစ်လိုက်သည်။ အဲဖရက်က ဆံပင်ကိုဆက်နှင့်ထိုးသပ်ရင်း....

'ကိုယ်တကယ်ကိုစိတ်မကောင်းဘူးပိုက်ရယ်၊ ကိုယ်...တို့...သွားတော့မယ်ကွာ'

'သွားတော့ အဲဖရက်'

အမျိုးသမီး သုံးယောက်မှာ ညားခါစ ဇနီး မောင်နှံ နှစ်ယောက် ထွက်သွားသည်ကို ရပ်ကြည့်ကျန်ခဲ့ကြသည်။ ကက်က...

'လူယုတ်မား ဒါ သက်သက်ယုတ်မာတာ'

ပိုက်၏မျက်လုံးများတွင် မျက်ရည်တို့ ပြည့်လျှံနေသည်။ ပြီး...

'ငါ...သူ...ဒီလိုတော့ ဟုတ်ခယ်မဆင်ပါဘူး၊ စာထဲမှာ သူ့ရှင်းပြထားတာ ဖြစ်မှာပါ'

ဟန်နီက ပိုက်ကိုဖက်လိုက်ပြီး...

'ယောက်ျားတွေကို 'သင်း' ပစ်တဲ့ ဥပဒေ ရှိရင် သိပ်ကောင်းမှာ'

'ငါကတော့ အဲဒီဥပဒေရှိပါစေလို့ဆုတောင်းတဲ့အခန်း ဆောက်မယ်'

ဖက်ဆ ဆိုသည်။

'ငါ့ကို ခွင့်လွှတ်ကြပါတယ်'

ပိုက်က ပြောပြီး လူမအိပ်ခန်းသို့ ပြေးဝင်သွား တံခါး ပိတ်ထားလိုက်သည်။

ထိုတစ်နေ့လုံး ထွက်မလာတော့။

## အခန်း (၅)

နောက်တစ်လခန့် နှစ်လခန့်အထိ ပိုက်မှာ ကသီနှင့် ဟန်နီတို့ကို သိပ်မတွေ့ဖြစ်။ ဆေးရုံ စားသောက်ဆိုင်တွင် နံနက်စာအမြန်အတန်းစားရင်းလောက်၊ စကြံဘွင် ဆုံသည့် ဆောက်သာ တွေ့ဖြစ်သည်။ ပြောစရာရှိလျှင်လည်း အိမ်တွင် စာရေး၍မှာထားခဲ့သည်လောက်သာ လုပ်ဖြစ်သည်။

'ရေခဲသေတ္တာထဲမှာ ညစာထည့်ခဲ့ဘယ်...'

'ဖုန်းပျက်နေတယ်...'

'အိမ်မရှင်းခဲ့နိုင်တာ တောင်းပန်ပါတယ်...'

'စနေနေ့ညကျရင် တို့သုံးယောက် အပြင်မှာ ထွက်စားကြရအောင်'

အချိန်ကလည်း နည်းနည်းမျှရ၊ အလုပ်ကလည်း သူတို့သုံးယောက်၏ငွေကို စမ်းသပ်နေသည်။

ပိုက်ကတော့ ဖိစီးသည့်ကို ပိုကြိုက်နေ၏။ အလုပ်အကော်တော့ အဲဖရက်အကြောင်း ‌တွေးဖြစ်၊ မိမိတို့ စီစဉ်ထားသည့် အနာဂတ်စီမံကိန်းအကြောင်း မတွေးဖြစ်။ ထိုတစ်ခုသူ့ကို မိမိဦးနှောက်ထဲမှ ထုတ်ထား၍တော့ရသေး။ သူပြုသွားသည့်ကြောင့် ခံစားရသည့်ဝေဒနာက မပျောက်နိုင်။ တစ်ယောက်တည်း မဖြစ်နိုင်သည်များကို စဉ်းစားရင်း မိမိကိုယ်ကိုနှိပ်စက်နေမိသည်။

‘အဲဖရက်နဲ့အတူ အာဖရိကမှာနေခဲ့ရင် အကောင်းသား’
‘သူ့ကို ရှိကာဂိုကိုခေါ်လာရင် အကောင်းသား’
‘သူ ထာရင်နဲ့မတွေ့ခဲ့ရင် ကောင်းမှာ’
‘—……’

တောကြာနေ့တွင် ဆေးရုံ၌ ပိုက် အာတ်လဲခန်းသို့ဝင်တော့ သူ၏ခွဲစိတ်ဝတ်စုံများပေါ်တွင် ငွေးဖဟု မင်နက်ဆောဝင်ဖြင့် ရေးထားသည်ကို တွေ့လိုက်ရသည်။

နောက်ထစ်နေ့တွင် မိမိ၏ဆေးရုံမှတ်စုစာအုပ်ကို လိုက်ရှာတော့ ပျောက်နေသည်။ မိမိမှတ်စုတွေ အကုန်ပါသွား



လေပြီ။ မိမိအထားမှားသည်လား၊ အထားမှားသည်ဟုလည်း မိုက်ခဲ့ထင်။

အပြင်လောကတွင် ဘာဖြစ်နေသည်ကိုပင် ပိုက် မသိတော့။ အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်နေသည်ဟုတော့ ပိုက် ကြားလိုက်သည်။ သို့သော် ထိုကိစ္စမှာ သေလုးမျှပါးဖြစ်ခဲ့သော အသက် ၁၁ နှစ် အရွယ် ဘွေးဆောင်ဆာလူနာအလေးသောက် အရေးမကြီး။

အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီနိုင်ငံတို့ ပေါင်းစည်းလိုက်သည့်နေ့တွင် ပိုက်မှာ ဆီးချိုရောဂါသည့် လူနာတစ်ယောက်ကို ကုသနေရ၏။ ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာ ရာထူးမှနုတ်ထွက်သွားသည့် သတင်းထက် အခန်းအမှတ် ၂၀၄ မှ လူနာသမ်းပြန်လျောက်နိုင်ဖို့က ပိုအရေးကြီးနေသည်။

ပိုက်နှင့်အတူအလုပ်လုပ်သည့်ဆရာဝန်တွေ အလုပ်သည်းလုပ်နိုင်ကြပါပေသည်။ အချို့ အနည်းငယ်သောက်ကလွဲ၍ အားသုံးလိုလိုမှာ ရောဂါတွေကိုပျောက်အောင်ကု၊ ဝေဒနာ

တွေကို သက်သာအောင်လုပ်၊ အထက်တွေကို ဆယ်ဆယ် နေကြသည်။ ယင်းတို့ကိုကြည့်၍ ပိုက် ဂုဏ်လည်းယူမိသည်။

အရေးပေါ်အခန်းမှာတော့ အပင်ပန်းဆုံး၊ အခြေးပေါ် ဌာနတွင် အသည်းအသန် လူနာတွေနှင့် အမြဲပြည့်နေ သည်။

ဆေးရုံတွင် အလုပ်လုပ်ရသော အချိန်က များသည့် အပြင် အလုပ်၏ဖိစီးမှုဒဏ်ကိုလည်း ဆရာဝန်များနှင့် သူနာ ပြုများ ခံစားနေကြရသည်။ ဆရာဝန်များ၊ လင်မယားကွဲ သည့် နှုန်းတွေလည်းများနေပြီး နောက်အိမ်ထောင်ပြုသည် များလည်း အမြဲလိုလိုရှိနေသည်။

တွမ်ချမ်းတစ်ယောက်လည်း ထိုပြဿနာမျိုးနှင့် ရင်ဆိုင် နေရ၏။ သူက ကော်ဖီသောက်ရင်း ပိုက်ကို ပြောပြသည်။

'အချိန်ပြည့် အလုပ်လုပ်ရတာကို ကျွန်တော်ကတော့ခံနိုင် ရည်ရှိပါတယ်၊ ဒါပေမယ့် ကျွန်တော်အိမ်က သည်းမခံနိုင် ဘူး၊ သူအ ကျွန်တော့်ကို မမြင်ရတာတောင် ကြာပြီတဲ့၊ ကျွန်တော့် သမီးငယ်ကလေးဆိုရင် ကျွန်တော့်ကိုတောင် စိမ်းနေတယ်၊ သူပြောတာလည်း ဟုတ်တာပဲ၊ ကျွန်တော် တော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး'

'ရှင့်မိန်းမ ဆေးရုံကိုရောက်ဖူးသလား'

'ဟင့်အင်း'

'တစ်နေ့လောက် နေ့လယ်စာစားဖို့ ခေါ်လာပါလား၊ ရှင်ဒီမှာ ဘယ်လိုလုပ်နေရတယ်၊ ဘယ်လောက် အရေးကြီး တယ်ဆိုတာ သူသိသွားတာပေါ့'



ချန်း၏မျက်နှာ ဝင်းလက်သွားပြီး—

'အဲဒါကောင်းတယ်၊ ကျေးဇူးပဲပိုက်၊ ကျွန်တော်ခေါ် ခဲ့မယ်၊ ပိုက်နဲ့လည်း တွေ့စေချင်တယ်၊ ကျွန်တော်တို့နဲ့ နေ့ လယ်စာ လာစားမနော်'

'ကောင်းပါပြီရှင်'

❋

ချန်း၏မိန်းမဆယ်မှာ အဆင့်အတန်းမြင့်သည့် မိန်းမ ချောကလေးတစ်ယောက်ဖြစ်၏။ ချန်းက သူ့ဇနီးကို ဆေးရုံ အတွင်း လှည့်ပတ်ပြသည်။ ပြီးတော့ ပိုက်နှင့်အတူ နေ့လယ် စာ စားကြသည်။

ဆယ်မှာ ဟောင်ကောင်တွင်မွေး၍ ဟောင်ကောင်တွင် ကြီးပြင်းခဲ့သူဖြစ်ကြောင်း ချန်းက ပိုက်အား ပြောပြထား ၏။

'ဆန်ဖရန်စစ္စကိုမှာနေရတာ ဘယ်လိုနေလဲ'

ပိုက်အမေးတော့ ဆယ်က ရုတ်တရက်မဖြေ၊ ပြီးမှ ယဉ် ယဉ်ကျေးကျေးနှင့်—

'စိတ်ဝင်စားစရာကောင်းတဲ့ မြို့တစ်မြို့ပါပဲ၊ ဒါပေမယ့် ကျွန်မနဲ့စိမ်းနေတုန်းပဲ၊ မြို့ကသိပ်ကျယ်ပြီး သိပ်ဆူညံလွန်းတယ်'

'ကျွန်မသိသလောက် ဟောင်ကောင်ဟာ သိပ်ကျယ်ပြီး သိပ်ဆူညံတာပဲ မဟုတ်လား'

'ကျွန်မနေတာက ဟောင်ကောင်မြို့နဲ့ အဝေးကြီးလှမ်းတဲ့ ရွာလေးတစ်ရွာပါ၊ ရွာမှာတော့ ဆူသံညံသံလည်း မရှိဘူး၊ ခေတ်ဆန်ကားလည်း မရှိဘူး၊ ကိုယ့်အိမ်နီးနားချင်းတွေနဲ့လည်း ခင်ခင်မင်မင်ပဲ၊ ချုန်းရယ် ကျွန်မရယ် ကျွန်မတို့သမီးလေးရယ် အဲဒီတုန်းက သိပ်ပျော်ကြတာ၊ ကျွန်မတို့အလားမားကျွန်းပေါ်မှာဆိုတော့ သိပ်သာယာတာ၊ ပြီးတော့ ပင်လယ်ကမ်းခြေတွေ၊ ယက်ကွင်းတွေနဲ့ မလှမ်းမကမ်းမှာ တံငါရွာအလေးလည်းရှိတယ်၊ သိပ်အေးချမ်းတာပဲ'

ယုမက ထမ်းဘမ်းတ တပြောပြနေသည်။ ပြီးမှဆက်၍—

'ကျွန်မနဲ့ ကျွန်မယောကျ်ား ဆိုသည်၊ အိမ်ထောင်တစ်ခု ထူးစံအတိုင်း အမြဲတွေ့ခွင့်ရတယ်၊ ဒီနောက်တော့ သူ့ကို တွေ့ခွင့်ထောင်မဥတော့ဘူး'

ပိုက်က—

'အခုလောလောဆယ်တော့ ခွင့်အတွက် အခက်အခဲဖြစ်နေမယ်ဆိုတာ မှန်ပါတယ် မစ္စက်ချုန်း၊ ဒီနောက်ပိုင်း ချုန်းကိုယ်ပိုင်ဆေးခန်းဖွင့်တော့ အချိန်တွေအားလာမှာပေါ့'

ချုန်းက သူ့မိန်းမလက်ကို ကိုင်လျက်—



'တွေ့အယ်မဟုတ်လား၊ နောက်တော့ အဆင်ပြေသွားပါ ဆယ်ရယ်၊ ထည်းခံပါဦး'

'ကျွန်မ သဘောပေါက်ပါတယ်'

ပြောသာပြောသည်၊ ယုမလေးသံက လက်ခံသည့်အနေ ပေါ်။

သူတို့စကားပြောနေစဉ် လူတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။ ကျောဘက်ကဖြစ်၍ ပိုက် သူ့ကို မမြင်ရ။ သူ မျက်ကိုလှည့်ကြည့်လိုက်သည်။ 'ဩော်—လူစိမ်းပြင်ပြင် တစ်ယောက် ဖြစ်နေပါပေါ့လား'

ချုန်းက ပိုက်ကိုကြည့်၍—

'ပိုက်အာဖြစ်လို့လဲဟင်'

'ဘာမှမဖြစ်ပါဘူး'

ပိုက် မှသားဆိုလိုက်သည်။ မိမိ သူ့ကို မေ့ပစ်ရမည်။ သွားပြီပဲလေ။ သို့သော် ပျော်ခဲ့ ရှင်ခဲ့ ချစ်ခဲ့ကြသည့် ကာလများကိုကား မေ့ပျောက်၍မရသေး။ ဤသည်တို့ကို မည်သို့ မေ့ပျောက်အောင် လုပ်ရမည်နည်း။ ဆရာဝန်တစ်ယောက်ကိုခေါ်၍ မိမိဦးနှောက်ထဲမှ ထိုအစရှုံတို့ကို ခွဲထုတ်ပစ်လိုက်ချင်သည်။

ပိုက် ကြော်ငြာ ပေါ်တွင် ဟန်နီနှင့်ဆုံသည်။ ဟန်နီမှာ မျော ကြီးဝန်းကြီးနှင့် မျက်နှာလည်းပျက်နေ၏။

'အဆင်ပြေရဲ့လား'

ပိုက်ကမေးတော့ ဟန်နီက မသက်မသာပြုံးပြရင်း...

'ပြေပါတယ်'

ပြောပြီး ခပ်သုတ်သုတ်ထွက်သွားတော့သည်။ ဟန်နီမှာ ချွေးအစွလာဆိုသော ဆရာဝန်တစ်ယောက်၏ လက်အောက်တွင် တာဝန်ကျသည်။ ထိုဆရာဝန်မှာ စည်းကမ်းကြီးသူဟုလည်း နာမည်ရ၏။ ဟန်နီ ပထမဆုံး ရောက်သည့်နေ့တွင် ဒေါက်တာအစွလာက...

'ကျုပ်လည်း အမိန့်တွဲပြီး အလုပ်လုပ်ချင်နေတာ၊ မင်းအကြောင်းမှာ သိပ်တော်တယ်လို့ ဒေါက်တာဝေါလစ် ပြောထားလို့လေ၊ မင်းက ကိုယ်တွင်းပိုင်းဆိုင်ရာမှာ လုပ်မှာ မဟုတ်လား'

'ဟုတ်ပါတယ်'

'ကောင်းတယ်၊ ဒီတော့ မင်း ဒီဆေးရုံမှာ နောက်ထပ် သုံးနှစ်လုပ်ရမယ်'

သူတို့ လူနာတွေကို လှည့်လည်စစ်ကြသည်။

ပထမဆုံးလူနာမှာ မက္ကဆီကိုလူမျိုး ကောင်လေး တစ်ယောက်ဖြစ်သည်။ ဒေါက်တာအစွလာက အခြားအလုပ်သင် ဆရာဝန်တွေကို ဂရုမစိုက်ဘဲ ဟန်နီဘက်သို့လှည့်၍...

'ဒီလူနာဖြစ်နေတဲ့ရောဂါက စိတ်ဝင်စားဖို့ကောင်းမှန်း မင်းသိမှာပေါ့ ဒေါက်တာဟန်နီ၊ ရောဂါလက္ခဏာတွေအရ



သိသာနေတယ်၊ ခံတွင်းပျက်တယ်၊ ကိုယ်အလေးချိန်ကျတယ်၊ ခံတွင်းက ခါးနေတယ်၊ မောတယ်၊ သွေးအားနည်းတယ်၊ ယားယံတယ်၊ လှုပ်ရှားရတာ အဆင်မပြေဘူး၊ ဒါဆိုရင် ဘာရောဂါ ဖြစ်မလဲ'

မေးရင်း သူက မျှော်လင့်တကြီးပြုံးနေသည်။ ဟန်နီအသူ့ကို တစ်ချက်ကြည့်လိုက်ပြီး...

'ဖြစ်နိုင်တာတွေ အများကြီးပဲ'

ဒေါက်တာအစွလာက သူမကို နားမလည်သလို ကြည့်လိုက်...

'ဒီရောဂါက ရှင်းရှင်းလေးပဲ'

အခြားအလုပ်သင်ဆရာဝန်တစ်ယောက်က ဝင်၍...

'ခဲဆိပ်သင့်တာပါ'

'ဟုတ်တယ်'

ဒေါက်တာအစွလာက လက်ခံလိုက်သည်။ သည်တော့မှ ဟန်နီက...

'ဟုတ်ပါတယ်၊ ခဲဆိပ်သင့်တာပါ'

ဒေါက်တာအစွလာက ဟန်နီဘက်သို့ လှည့်လိုက်ပြီးရင်း...

'ဒါကို ဘယ်လိုကုမလဲ'

ဟန်နီက မရှုတ်မလွှန်ဖြင့်...

'ကုနိုင်တဲ့နည်းတွေ အများကြီးရှိတာပဲ မဟုတ်လား'

နောက်ထပ် အခြားအလုပ်သင် ဆရာဝန်တစ်ယောက်က ဝင်၍...

'သူ့မှာ ဓိရောဂါရနေတာ ကြာပြီဆိုရင် ကျောခရိုးကို ဖောက်စစ်ပြီး ကုသရမယ်'

ဒေါက်တာအစ္စလာမ ခေါင်းညိတ်လျက်...

'ဟုတ်တယ်၊ အဲဒီအတိုင်းလုပ်ရမယ်၊ ရေမွတ်နဲ့ လျှော် လိုအပ်ပစ္စည်း ချို့ယွင်းမှုတွေကို ပြုပြင်ပေးရမယ်၊ ပြီးရင် ပုံမှန် ဟီမိုဂလိုဘင်ဖြစ်အောင် ပြန်လုပ်ရမယ်'

ပြောပြီး သူက ဟန်နီကိုကြည့်လိုက်တော့ ဟန်နီက ထောက်ခံဆလို ခေါင်းညိတ်ပြသည်၊

နောက်လူနာမှာအာ သက်ရှစ်ဆယ်ကျော်အဘိုးကြီးဖြစ်၏၊ မျက်လုံးတွေက နီရဲပြီး မျက်ခွံများပိတ်နေသည်၊

'ဘကြီးရဲ့မျက်လုံးကို ကျွန်တော်တို့ အခုပဲ ကုပေးမယ်၊ အခု နေမကောင်း ဘယ်လိုရှိလဲ'

ဒေါက်တာအစ္စလာမ လူနာကိုပြောနေသည်၊

'ကြည့်...ဒီအသက်အရွယ်ရောက်မှတော့ ဒီရောဂါတွေ ရှိမှာပေါ့'

ဒေါက်တာအစ္စလာက စောင်ကိုဆွဲဖယ်ကာ ယောင်ရမ်း နေသော လူနာ၏ဒူးနှင့် ခြေမျက်စေ့များကိုပြလိုက်သည်၊ ခြေ ဖဝါးတွင်လည်း အနာတွေနှင့်၊

ဒေါက်တာအစ္စလာမ အလုပ်သင်ဆရာဝန်များဘက် လှည့်ကာ...

ယောင်နေတာတွေက လေးဘက်နာရောဂါကြောင့်ဖြစ် တာ၊ အဲဒီမှာ အနာတွေလည်းပေါက်ပြီး မျက်ခမ်းလည်း ယောင်နေတယ်၊ ဘယ်လိုကုရမယ်ဆိုတာ ခင်းသိမှာပေါ့'



ဟန်နီကိုကြည့်၍ ပြောခြင်းဖြစ်သည်၊ ဟန်နီက ခပ်အေးအေးပင်...

'အင်း...ဖြစ်နိုင်တာက သိတယ်မို့လား'

'ဒါကို ရိုက်တာဆင်ဒရုမ်းလို့ခေါ်ပါတယ်၊ ရောဂါ ဘာ ကြောင့်ဖြစ်ရတယ်ဆိုတဲ့ အကြောင်းရင်းကို မသိကြသေးပါ ဘူး၊ နည်းနည်းလေး စဖျားရောက် ဖြစ်တတ်တာများတယ်'

အခြား အလုပ်သင်တစ်ယောက်က ဝင်ပြောလိုက်ခြင်း ဖြစ်သည်၊ ဒေါက်တာအစ္စလာက ခေါင်းညိတ်ပြီး...

'မှန်တယ်၊ ဆေးချက် ဘယ်လိုချမလဲ'

ဟန်နီကိုမေးလိုက်ခြင်းဖြစ်၏၊

'ဆေးချက်လွှား'

အခြား အလုပ်သင်တစ်ယောက်ကပင်...

'ဆေးချက်ချဖို့ တိတိကျကျရှိပါဘူး၊ ဒါကို အယောင် လျှော့တဲ့ဆေးတွေနဲ့ ကုရပါတယ်'

'သိပ်ဟုတ်တာပေါ့'

ဒေါက်တာအစ္စလာမ ထောက်ခံလိုက်သည်၊

သူတို့ နောက်ထပ် လူနာ ဆယ့်နှစ်ယောက်ခန့်ကို ဆက် လက်ကြည့်ကြသည်။ ပြီးသောအခါ ဟန်နီအား ဒေါက်တာ အစ္စလာအား...

'ဆရာ့ကို ကျွန်မ တစ်ယောက်ချင်း တွေ့ခွင့်ရမလား ဆရာ'

'ရပါတယ်၊ ဝါ့ခန်းလိုက်ခဲ့'

သူတို့ထိုင်မိကြသောအခါ ဟန်နီက...

'ကျွန်မနဲ့ ပတ်သက်ပြီး ဆရာ စိတ်ညစ်နေမယ်ဆိုတာ ကျွန်မ သိပါတယ်'

'အမှန်အတိုင်းဝန်ခံရရင် ငါအံ့ဩသွားတာ...'

ဟန်နီအား သူ့စကားကိုဖြတ်၍...

'ကျွန်မ သိပါတယ် ဒေါက်တာအစ္စလာ၊ ညက ကျွန်မ တစ်မှေးမှ မအိပ်ခဲ့ရဘူး၊ အမှန်အတိုင်းပြောရရင် ကျွန်မ ဆရာနဲ့ တွဲလုပ်ရမယ်ဆိုတာနဲ့ ပျော်လွန်းလို့ အိပ်မပျော် တာ'

သူက ဟန်နီကို အံ့တသြကြည့်လျက်...

'အားလေ... တစ်ခုခုကြောင့်ဆိုတာ ဆရာ သိလိုက်ပါ တယ်၊ ဆေးကျောင်းမှာ မင်းရဲ့ အမှတ်တွေကလည်း သိ ကောင်းခဲ့တာပဲ၊ မင်းက ဘာကြောင့် ဆရာဝန်ဖြစ်ချင်သ ရတာလဲ'

ဟန်နီက ခဏမျှ မျက်လွှာကိုချလိုက်ပြီး...

'ကျွန်မ မောင်လေး မတော်တဆထိခိုက်ပြီး ဒဏ်ရာရ တယ်၊ ဆရာဝန်တွေကလည်း အသက်နိုင်ဆုံး ကြိုးစားကြ



ပါတယ်၊ ဒါပေမယ့် မရဘူး၊ ဆုံးသွားတယ်၊ ကျွန်မလည်း ဆောက်တည်ရာမရ ဖြစ်ခဲ့ရတယ်၊ ဒါနဲ့ပဲ ကျွန်မ တစ်သက် သုံး လူတစ်ဖက်သားရဲ့ ဝေဒနာကိုကုပြီး ကူညီတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်'

မျက်လုံးများတွင်လည်း မျက်ရည်များဝဲနေသည်။

ဖြစ်မှုဖြစ်ရလေဟုတွေးအား ဒေါက်တာအစ္စလာက...

'အခုလိုသိလိုက်ရတာ ဝမ်းသာပါတယ်ကွာ'

ဟန်နီက သူ့ကိုကြည့်လျက် ငါပြောတာတော့ ယုံသွား ပြီဟု တွေးနေ၏။

## အခန်း (၆)

မြို့၏ ဟိုမှာဘက်အပိုင်းတွင် တရားရုံးမှ ထွက်လာစဉ်၌ ဒင်နက်တို့ကို သတင်းထောက်များနှင့် ရုပ်မြင်သံကြား ကင်မရာသမားများက ဝိုင်းအုံ စောင့်ကြိုနေကြသည်။ ဒင်နက်တို့က လယ်သမားများအား ဘုရင်မင်းမြတ်ဆာ လက်ပြ နှုတ်ဆက်ဟန်မျိုးဖြင့် ပြုံး၍ လက်ပြနေသည်။

သူ့ဘေးတွင်လည်း ကိုယ်ရံတော် နှစ်ယောက်ရံလျက်။ ပိန်ပိန်ရှည်ရှည်တစ်ယောက်မှာ ရှဲဒိုးဟုခေါ်ပြီး တုတ်တုတ်ခိုင်ခိုင်တစ်ယောက်၏ အမည်မှာ ရိုင်နိုဖြစ်သည်။

ဒင်နက်တို့သည် အမြဲတမ်း အဖိုးတန်ဝတ်စားဆင်ယင်စားလှ ဝတ်တတ်၏။ အနက်ရောင် ဖိုးသားဝတ်စုံ၊ အဖြူရောင် ရှပ်အင်္ကျီ၊ အဖြူရောင်လည်စည်း၊ မိကျောင်းသားရေဖိနပ်



တို့ကို ဆင်မြန်းထားသည်။ အဝတ်အစားများမှာ ဝဝ ဖိုင့်ဖိုင့် သူ့ခန္ဓာကိုယ်ကို ခပ်သွယ်သွယ်ပုံပေါက်သွားအောင် ကျကျနန ချုပ်ထားခြင်းဖြစ်သည်။

ဒင်နက်တို့က အမြဲတမ်း ပြုံးနေတတ်ပြီး သတင်းစာသမားတို့ကိုလည်း ရေးစရာရအောင် ပြောပြတတ်သည်။ သတင်းစာသမားတွေကလည်း သူ့စကားကို ကိုးကားရေးတတ်သည်။

ဒင်နက်တို့မှာ မီးရှို့မှု၊ ငွေလိမ်မှု၊ လူသတ်မှုများဖြင့် သုံးကြိမ် တရားစွဲဆိုကာ ရုံးတင်စစ်ဆေးခြင်း ခံခဲ့ရသည်။ သုံးကြိမ်စလုံးလည်း လွတ်ခဲ့၏။

သူတို့ တရားရုံးထဲမှ ထွက်လာစဉ် သတင်းထောက် တစ်ယောက်က အော်၍—

'လွတ်မယ်ဆိုတာ သိထားပါသလား၊ မစ္စတာဒင်နက်တို'

ဒင်နက်တို့က ရယ်လျက်—

'သိတာပေါ့ဗျာ၊ ကျုပ်က ရိုးရိုးအေးအေး စီးပွားရေးသမားတစ်ယောက်ပဲ၊ အစိုးရဟာ ကျုပ်ကို စွဲချက်တင်ဖို့ ဆောက်ကလွဲပြီး ဘာမှလုပ်တာမဟုတ်ဘူး၊ ဒါကြောင့်လည်း အခွန်နှုန်းတွေ မြင့်တက်နေရတာပေါ့'

ရုပ်မြင်သံကြားကင်မရာတစ်ခုက သူ့ကိုချိန်ရွယ်၍ ရိုက်နေသည်။ သူက ကင်မရာရှေ့တွင် ရင်ကော့ပြုံးပြလိုက်သေးသည်။

'မစ္စတာ ခင်နက်တို… အခု လူ့ဘတ်မှု့မှာ တရားလိုပြု ဆက်သေနှစ်ယောက် ဘာကြောင့် တရားရုံးကို ရောက်မလာကြတာလဲ'

'သူတို့က ရိုးသားတဲ့နိုင်ငံသားတွေပဲ၊ မတရားသက်သေ ထွက်ချင်ကြလို့ မလာတာပေါ့'

'ခင်ဗျားဟာအနောက်ဖက်ကမ်းခြေရိုက်ားရဲ့ခေါင်းဆောင်လို့ အစိုးရကစွပ်စွဲတာနဲ့ ပတ်သက်ပြီး ဘာဖြေလိုပြောချင်ပါသလဲ၊ ထောက်ပြီး ခင်ဗျားရဲ့စီစဥ်မှုနဲ့…'

'ကျုပ်စီစဥ်တာက ကျုပ်ရဲ့ စားသောက်ဆိုင်မှာ ခနရှုထိုင်ခင်း စီစဥ်ပေးတာလောက်ပါပဲ'

သူက သတင်းထောက်လူအုပ်ကြီးကို ပြုံးပြုံးလျက်…

'ဒါထက်… ခင်ဗျားတို့အားလုံး ဒီည ကျုပ်ရဲ့စားသောက်ဆိုင်မှာ အခမဲ့ ညစာလာရောက် သုံးဆောင်ကြဖို့ ဖိတ်လိုက်ပါတယ်'

သူက ပြောပြီး ကားများထားသည့် နေရာသို့ လျှောက်သွားသည်။ ကားနက်ကြီးတစ်စီးက သူ့ကိုစောင့်နေ၏။

'မစ္စတာခင်နက်တို…'

'မစ္စတာခင်နက်တို…'

'မစ္စတာခင်နက်တို…'

'ညကျမှစားသောက်ဆိုင်မှာတွေ့ကြမယ်၊ ခေါင်တို့မယ်တို့ ဈေးဆိုင်နေရာကို မင်းတို့သိကြနာပါ'



ပြောပြီး ခင်နက်တို ကားဆီဝင်ကာ လက်ပြနေသည်။ ရှိုင်နိုက ကားတံခါးပိတ်ပေးပြီး ရှေ့ခုံတွင် ဝင်ထိုင်သည်။ ရှုံ့ိုးက ကားမောင်းသည်။ ရှိုင်နိုက…

'ပိုင်လိုဘ်တာ သရာချယ်၊ ဆရာ့အတော့ ဒီနားဘင်တွေ့ကို ဘယ်သိုကိုင်ရမယ်ဆိုတာ သိပ်သိတာပဲ'

'ဘယ်ကိုမောင်းရမလဲ'

ရှုံ့ိုးကမေးတော့ ခင်နက်တိုက…

'အိမ်ကိုမောင်းကွာ၊ ရေနွေးနွေးလေးချိုးပြီး အသား ပေါင်းလေး စားချင်သေးတယ်'

ကားထွက်လာတော့ ခင်နက်တိုက…

'တရားလိုပြုဆက်သေတွေနဲ့ ပတ်သက်တဲ့ မေးခွန်းကို တော့ ငါမကြိုက်ဘူးကွာ၊ သူတို့သာဝရ ကိစ္စပြတ်ပြီဆိုတာ သေချာရဲ့လား'

'ရေအောက်အနေ စကားတော့ပြောနိုင်မယ်မထင်ပါဘူးဆရာ'

ခင်နက်တိုက ခေါင်းညိတ်လျက်….

'ကောင်းတယ်'

ဖိနှိုးလမ်းပေါ်တွင်ရောက်စဥ် ခင်နက်တိုက…

'တရားသူကြီးက တရားသေ လွှတ်လိုက်တယ် ဆိုတော့ ရှေ့ဆိုင်တရားရေးတာဝန်ခံရဲ့မျက်နှာကိုခင်းဗျ သတိထားမိလိုက်လား'

ဘယ်ကပေါ်လာမှန်းမသိသော ရှေ့မြောလီးတစ်ကောင် ကားရှေ့သည့်ဘည်ဘြိုးဆောက်ခုသည်။ ရှုံ့ိုးက ခတိုက်မိရန်

ကားကို တအားကျွေ့ဆော ဘရိတ်ကို ဆောင့်နင်းလိုက်ပါ၊ ကားမှာ ပလက်ဖောင်းပေါ် တက်သွားပြီ၊ ဓာတ်တိုင်နှင့် ဝင်တိုက်မိသည်။ ရှိုင်နီမှာ ရှေ့သို့အရှိန်လွန်ကာ ရှေ့မှန်ကို ဖောက်၍ ခေါင်းထွက်သွားသည်။

'ဟေ့ကောင်...မင်းဘယ်လိုလုပ်လိုက်တာလဲ၊ ငါ့ကိုအတိုက်ခံတာလား'

ဒင်နက်တို အော်ပစ်လိုက်သည်။ ရှဲဒိုးမှာ တဆတ်ဆတ် တုန်နေပြီး....

'တောင်းပန်ပါတယ်ဆရာ၊ ကားရှေ့က ခွေးဖြတ်ပြေးလို့'

'ခွေးရဲ့ အသက်က ငါ့အသက်ထက် တန်ဖိုးရှိလို့လား ကွ'

ရှိုင်နီမှာ ညည်းနေသည်။ သူ ပြန်လှည့်လာသည့်အခါ နဖူး၌ အစောင်းမျာများ ကွဲသွားသည်ဒဏ်ရာမှ သွေးများ စီးကျနေ၏။

'သေလိုက်စမ်းပါကွာ၊ ကြည့်စမ်း... မင်းလုပ်လိုက်တာ ဘယ်လိုဖြစ်ကုန်ပြီလဲ'

ဒင်နက်တိုက အော်နေပြန်သည်။ ရှိုင်နီက...

'ကျွန်တော် ရပါတယ်ဆရာ'

'ဘယ်ရ ရမှာလဲကွ'

ရှဲဒိုးဘက်သို့ လှည့်၍တစ်ဖန်...

'သူ့ကို ဆေးရုံပို့စမ်း'

ရှဲဒိုးက ကားကို လမ်းပေါ်သို့ပြန်မောင်းနေစဉ်...



'အမ်ဘာကက်ဒရို ဆေးရုံက ဗီခနဲ့ရှာနဲ့ သိပ်ခေစေးတော့ဘူး၊ အဲဒီဆေးရုံ အရေးပေါ်ဌာနကို ပို့လိုက်'

'ကောင်းပါပြီဆရာ'

ဒင်နက်တိုက အားထဲဘွင် နောက်မှီသိုဝိရင်း...

'ခွေးတစ်ကောင်များကွာ...ဖြစ်မှဖြစ်ရလေ'

ဆက်အားရုံပေါ် အခန်းထဲ၌ရှိနေစဉ် ဒင်နက်တို၊ ရှဲဒိုးနှင့် ရှိုင်နီတို့ ဝင်လာသည်။ ရှိုင်နီမှာ သွေးတွေ ထွက်နေ၏။ ဒင်နက်တိုက ဆက်အား...

'ဟေး....သူဝယ်မ'

ကက်က မော့ကြည့်ပြီး...

'ကျွန်မကို ခေါ်တာလား'

'ဘယ်သူ့ကို ခေါ်ရဦးမှာလဲ၊ဒီကောင် သွေးတွေထွက်နေတာ အခုလုပ်ပေးလိုက်စမ်း'

'ရှင်တို့အလျင် ရောက်နေတဲ့လူတွေ အများကြီး၊ ကိုယ့်အလှည့်ရောက်အောင်စောင့်'

'ဘာမှစောင့်နေစရာမလိုဘူး၊ သူ့ကို အခုလုပ်ပေးလိုက်'

ခင်နှက်တိုက အမိန့်ပေးနေခြင်းဖြစ်သည်။ ကက်က ရိုဝ်နို ထံ သွားကြည့်ပြီး ကွဲသွားသည့် နေရာကို ဂွမ်းစနှင့် ဖိကပ်လိုက်သည်။ ပြီးတော့...

'အဲဒါကိုကိုင်ထား၊ ကျွန်မ အခုပြန်လာခဲ့မယ်'

'သူ့ကို အခုလုပ်ပေးလိုက်လို့ ပြောနေတယ်'

ခင်နှက်တိုက အမိန့်ပေးနေပြန်သဖြင့် ကက်က...

'ဒါဟာ ဆေးရုံ အရေးပေါ်ဌာန၊ ကျွန်မက ဘာဝန်ခံ ဆရာဝန်၊ တိတ်တိတ်နေရင်နေ၊ မနေရင်ထွက်သွား'

ဤတွင် ရှဲဗိုးက ဝင်၍...

'မင်းပြောနေတဲ့လူဟာ ဘယ်သူဆိုတာ မင်းမသိဘူး မိန်းမလေး၊ သူပြောတဲ့အတိုင်း လုပ်ပေးလိုက်၊ ဒါက မစ္စတာ ခင်နှက်တို ဆိုတာလေ'

'ကဲ... မိတ်ဆက်ပေးပြီးပြီ၊ ဒီလူကိုလုပ်ပေးလိုက်ပါ'

ခင်နှက်တိုက စိတ်ရှည်နိုင်သလို ပြောနေသည်။ ကက်က...

'ရှင် နားမကောင်းဘူးထင်တယ်၊ နောက်တစ်ခါ ထပ်ပြောမယ်၊ တိတ်တိတ်နေရင်နေ၊ မနေရင်ထွက်သွား၊ ကျွန်မမှာ အလုပ်တွေရှိသေးတယ်'

ရိုင်နိုက...

'ဘာလို့ဒီလိုပြောရတာ...'

ခင်နှက်တိုက သူ့ဘက်သို့လှည့်၍

'တိတ်စမ်း'



တို့နောက် ကက်ဘက်သို့လှည့်ကာ လေသံပြောင်း၍...

'သူ့ကို ကျေးဇူးပြုပြီး အမြန်ဆုံး ဆေးထည့်ပေးပါ မိန်းကလေးရယ်'

'ကျွန်မ အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်၊ ကဲ... လွှဲလိုက်၊ ကျွန်မ အခုပဲ ပြန်လာခဲ့မယ်'

သူမက ခင်နှက်တိုကို ကြည့်ပြီး...

'ဟိုထောင့်မှာ ကုလားထိုင်တွေရှိတယ်'

အခြားအဆောင်တွင် စောင့်စောင့်နေသည့် လူနာများဆီသို့ သွားနေသောသူမအား ခင်နှက်တိုနှင့်ရှဲဗိုးတို့ ကြည့်၍ ကျန်ခဲ့ကြသည်။ ရှဲဗိုးက...

'ဖြစ်မှဖြစ်ရလေ၊ ဆရာ့ဘယ်သူဆိုတာတောင် သူမသိပါလား'

'ဒါ အရေးကြီးပါဘူး၊ ဒီမိန်းမလေး မြတ်တော့ အတော်မြတ်တယ်'

နောက် ဆယ့်ငါးမိနစ်ခန့် ကြာတော့ ရှိုင်နီထံသို့ ဆက် ပြန်ရောက်လာပြီး စမ်းသပ်နေသည်။

'အရိုးတော့ အက်သွားတာမျိုး မရှိဘူး။ ရှင် အတော် ကံကောင်းတယ်၊ ဒဏ်ရာက အသားနက်တာပဲ'

အနာအား ကျွမ်းကျင်စွာချုပ်ပေးနေသည်ကို ဒင်နက်တို့ တေးကရုပ်ကြည့်နေသည်။ ပြီးသောအခါ ဆက်က—

'အနာကျက်သွားပါလိမ့်မယ်၊ နောက် ဝါးရက်ပြည့်ရင် ပြန်လာခဲ့ဦး၊ ချုပ်ရိုးဖြေပေးမယ်'

ဒင်နက်တို့က လျှောက်သွားပြီး ရှိုင်နီ၏ နဖူးကို ကြည့်ရင်း....

'ဟာ....သိပ်ကောင်းတာပဲ'

'ကျေးဇူးပါပဲ၊ ကဲ—ကျွန်မကို ခွင့်ပြုဦး'

'ခဏနေပါဦး'

ဒင်နက်တို့ကပြောပြီး ရှဲဗိုးဘက်သို့ လှည့်၍—

'ရာတန်တစ်ရွက် ပေးလိုက်စမ်း'

ရှဲဗိုး မိမိအင်္ကျီအိတ်ထဲမှ ဒေါ်လာ တစ်ရာတန် တစ်ရွက် ထုတ်ပြီးပေးသည်။

'ရော့'

'ငွေသွင်းဌာနက အပြင်မှာပါ'

'ဒါက ဆေးရုံကိုပေးတာမဟုတ်ဘူး၊ မင်းကိုပေးတာ'

'မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်'

ဆက် လျှောက်သွားပြီး အခြားလူနာများအား စမ်းသပ်နေသည်ကို ဒင်နက်တို့ ကြည့်၍ကျန်ခဲ့သည်။ ရှဲဗိုးက—



'နည်းလို့ထင်ပါတယ် ဆရာရယ်'

ဒင်နက်တို့က ခေါင်းကိုယမ်းလျက်—

'ဒီမိန်းမလေးဟာ တည်ကြည် ပြတ်သားတဲ့ သဘောရှိတယ်၊ ငါ သဘောကျတယ်၊ ဒေါက်တာအီဗန်တစ်ယောက် အနားယူသွားပြီမဟုတ်လား'

'ဟုတ်ကဲ့'

'ကောင်းပါပြီ၊ ဒါဆို—ဒီဆရာဝန်မလေးနဲ့ ဝတီသက်ပြီး အဆင်ပြေအောင်ကြည့်လုပ်လိုက်'

'ဘာလုပ်ရမှာလဲ'

'ငါတို့လိုတဲ့အခါ အလွယ်တကူ သုံးလို့ရအောင် သူ့ကို ကိုင်နိုင်တဲ့နည်း တစ်ခုခုရှာပေါ့ကွ'

## အခန်း (၅)

ဆေးရုံများတွင် သူနာပြုဆရာမများက အရေးပါသည်။ သူနာပြုချုပ် ဆရာမကြီး မာဂရက်စပင်ဆာဆိုလျှင် အမ်ဘာကက်ဒရီဆေးရုံ၌ အမှုထမ်းလာခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ရှိပေပြီ။ အားလုံး အူမချေးခါး သိနေ၏။

ဆေးရုံတွင် ဆရာမကြီး စပင်ဆာက သေတ္တာမှောက်၊ ဆင်းကိုမသိသောဆရာဝန်များ ဒုက္ခတွေ့ကြရသည်။ မည်သည့်ဆရာဝန် ဆေး လှိုမဟုတ် အရက်စွဲနေသည်။ မည်သည့်ဆရာဝန်က အရည်အချင်း ညံ့ဖျင်း၏။ မည်သည့်ဆရာဝန်ကို ပံ့ပိုးပေးဖို့လိုသည်ကို စပင်ဆာ သိနေ၏။ သူမလက်အောက်တွင် ထင်ထန်း၊သူ သူနာပြုများ၊ ဝန်ထမ်းသူနာပြုများ၊ ခွဲစိတ်ခန်းသူနာပြုများ အားလုံးရှိနေရ၏။



ခွဲစိတ်ခန်းတာဝန် ထမ်းဆောင်ရန် သူနာပြုဆရာမများအား တာဝန်ချရသည်မှာ စပင်ဆာဖြစ်၏။ အရည်အချင်းပြည့် ဆရာမကိုဖြစ်စေ၊ အရည်အချင်းမပြည့်သည့် ဆရာမကိုဖြစ်စေ သူမ ပေးသည့် ဆရာမကိုသာ ရ၏။ ထို့ကြောင့် ဆရာဝန်များ၊ သူမကို ကပ်ပေါင်းထားရသည်။

သို့မဟုတ်ပါက အရေးကြီးသော ကျောက်ကပ်ခွဲစိတ်မှုမျိုးတွင် အရည်အချင်းမပြည့်သည့် ဆရာမအား တာဝန်ချချင်သည်၊ ချသည်။ အသားယောင် ခွဲစိတ်မှုတွင် အရည်အချင်းပြည့်သည့် ဆရာမအား တာဝန်ချချင်လည်း ချသည်။

မာဂရက်စပင်ဆာ၏ အစွဲတစ်ခုက အမျိုးသမီးဆရာဝန်နှင့် လူမည်း ဆရာဝန်တွေကို သူမ မကြိုက်တတ်ခြင်းဖြစ်သည်။

ဆက်က လူမည်း အမျိုးသမီးဆရာဝန်။

ဆက်အဖို့ အဆင်မပြေလှ။ ပေါ်ပေါ်ထင်ထင် ပြောဆို ပ်ကိုင်လာသည်မျိုးလည်း မဟုတ်။ မသိမသာနှင့် သိမ်သိမ် မွေ့မွေ့ ဆန့်ကျင်နေကြခြင်းဖြစ်၏။ ဘယ်ဆရာမကိုမေးမေး

အားသည်ဟူ၍ မရှိ။ သူမကို ပေးထားခဲ့သော ဆရာမတွေမှာလည်း အရည်အချင်း မပြည့်သူချည်း။

ကာလသားရောဂါသည် ယောကျ်ားလူနာတွေကို ကုသရန် ကျွန်ုပ်အား တာဝန်ချသည့်များလည်း မကြာခဏ၊ ပထမတစ်ယောက် နှစ်ယောက်ကိုတော့ ကျွန်ုပ် လက်ခံလိုက်သေးသည်။ သို့သော် တစ်နေ့တည်း ခြောက်ယောက်လောက်ကို ကုသရန် တာဝန်ချလာတော့ ကျွန်ုပ် မသက်သာဖြစ်ရ၏။

နေ့လယ်စာစားတော့ ကျွန်ုပ်က ပိုက်အား ပြောပြသည်။

'နင် ယောကျ်ား ကာလသားရောဂါ လူနာတွေကို ကိုင်ရသလား'

ပိုက်က ခဏမျှ စဉ်းစားလိုက်ပြီး...

'ပြီးခဲ့တဲ့ အပတ်ကတော့ တစ်ယောက်ကိုင်ရတယ်၊ ဆေးရုံအလုပ်သမား ဓော်ဓလီတစ်ယောက်ပေါ့'

ဤကိစ္စအတွက် မိမိ တစ်ခုခုတော့လုပ်မှဟု ကျွန်ုပ် တွေးလိုက်မိသည်။



ဆရာမကြီး စပင်ဆာက ဓေါက်တာကက်ဟန်းတား စိတ်ညစ်ပြီး လွှက်သွားအောင် ကြိုးစားသည်။ သို့သော် ကျွန်ုပ်၏ စိတ်ဓာတ်နှင့် အရည်အချင်းကို စပင်ဆာ ထည့်မတွက်မိ။

ကျွန်ုပ်မှာလည်း မိမိနှင့် အလုပ်အတူ တွဲလုပ်သူတွေအပေါ် လွှမ်းမိုးလာနိုင်ခဲ့သည်။ သူမ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို အလုပ်တွဲလုပ်သူများနှင့် လူနာများကပင် အထင်မကြီးဘဲ မနေနိုင်ကြ။

ထူးထူးခြားခြားဖြစ်သွားသည်ကတော့ ဆေးရုံတစ်ခုလုံး နှံ့မည်ကြီးသွားသည့် ဝက်သွေးပြဿနာ ဖြစ်သည်။

တစ်နေ့ ကျွန်ုပ်မှာ ဒန်းဒတ်ဆိုသူ အကြီးတန်း အလုပ်သင်ဆရာဝန်တစ်ယောက်နှင့်အတူ သတိလစ်နေသည့် လူနာတစ်ယောက်ကို ကုသနေ၏။ ဒန်းဒတ်က...

'ဒီမစ္စတာလက်ဗီက ဆေးအမှာလည်တာလေ၊ သွေးလွန်နေတယ်၊ သူ့ကို အမြန်ဆုံး သွေးသွင်းပေးမှရမယ်၊ ဆေးရုံမှာလည်း သွေးကုန်နေတယ်၊ သူ့မိသားစုကလည်း သွေးမလှူနိုင်ဘူးတဲ့'

ကျွန်ုပ်က...

'သူ့မိသားစုက ဘယ်မှာလဲ'

'ဧည့်ခန်းထဲမှာ'

'ကျွန်မ သူတို့ကို နည်းနည်းသွားပြောကြည့်မယ်'

'မရပါဘူး၊ ကျွန်တော်ပြောပြီးပြီ၊ လုံးဝထောက်မခံဘူး'

လူနာများကို လှည့်လည် စစ်ဆေးမှုပြီးတော့ ကက်က ညှိနှိုင်းခန်းထဲသို့ လာခဲ့သည်။ လူနာ၏ ဇနီးနှင့် အရွယ်ရောက်ပြီးဖြစ်သည့် သားနှင့် သမီးတို့ ရှိနေကြသည်။ ကက်က—

'မစ္စက်လက်ဗီ လား'

ထိုမိန်းမက ထရပ်ပြီး—

'ကျွန်မယောကျ်ား ဘယ်လိုနေသေးလဲဟင်၊ သူ့ကို ခွဲမှာလား'

'ခွဲမှာ'

'ဒါပေမယ့် သွေးလွှူဖို့တော့ မပြောပါနဲ့နော်၊ အေအိုင်ဗီအက်စ်တွေကြောင့် သွေးလှူတာ သိပ်အန္တရာယ်ရှိတယ်'

'သွေးလှူတာနဲ့ အေအိုင်ဗီအက်စ် မဖြစ်နိုင်ဘူး မစ္စက်လက်ဗီ၊ ဒါနဲ့ ဘယ်လိုမှ—

'လုပ်မနေပါနဲ့၊ ကျွန်မ သတင်းစာ အမြဲဖတ်ပါတယ်၊ ဒါတွေကို ကျွန်မ သိနေပါပြီ'

ကက်က သူမကို တစ်ချက်အကဲခတ်လိုက်ပြီး—

'ကျွန်မ သဘောပေါက်ပါတယ်၊ ဒါဆိုလည်း ရပါတယ်၊ ဆေးရုံမှာတော့ သွေးကုန်နေတယ်၊ ဒါပေမယ့် ဖြစ်အောင် လုပ်လို့ရပါတယ်'

'ဟုန်ကျလိုက်တာ'

'ရှင့်ယောကျ်ားကို ဝက်သွေးနဲ့ သွင်းပေးလိုက်ပါ့မယ်'

သားအမိနှစ်ယောက် တအံ့တသြနှင့်—

'ဘာသိ—'

'ဝက်သွေးလေ၊ ဝက်သွေးကတော့ အန္တရာယ်မရှိပါဘူး'



ကက်ကပြောပြီး လှည့်ထွက်သည်လုပ်တော့ မစ္စက်လက်ဗီက—

'ခဏလောက်နေပါဦး'

ကက်က ရပ်ပြီး—

'ပေတီကဲ့—ပြောပါ'

'ကျွန်မ—ဟို—ကျွန်မတို့ တိုင်ပင်ပါရစေဦးနော်'

'ကောင်းပါပြီ'

နောက်ဆယ့်ငါးမိနစ်ကြာတော့ အပေါ်ထပ်ရှိဓါတ်ထာ ခန်းဒတ်ဆီရောက်တော့ ကက်က—

'မစ္စတာလက်ဗီရဲ့ မိသားစုနဲ့ ပတီသက်ပြီး မပူနဲ့တော့၊ သူတို့ ကျေကျေနပ်နပ် သွေးလှူကြပါလိမ့်မယ်'

ထိုအကြောင်းမှာ ဆေးရုံတစ်ခုလုံး ပျံ့နှံ့သွားတော့သည်။ သို့အချိန်မှစ၍ ကက်ကို ယခင်က ဘာသိဘာသာနေခဲ့သော သူနာပြုများ၊ ဆရာဝန်နှင့် သူမကို စကားပြောနှုတ်ဆက်လာကြတော့သည်။

နောက်တစ်ချက် နှစ်ရက် ကြာသောအခါ တွမ်လစ်နုတ် ဆိုသော လူနာတစ်ယောက်၏ သီးသန့် အခန်းထဲသို့ ကက် ရောက်သွားသည်။ လူနာမှာ အနီးအနားရှိ ထိုင်ခုံတစ်လုံးမှ ရယ်လာသော နေ့လယ်စာကို တဝတပြ စားနေသည်။ ကက်က သူ့ခုတင်နားသို့လျှောက်သွားပြီး…

'ဘာလုပ်နေတာလဲ'

လူနာက မော့ကြည့်ပြီး ပြုံးလျက်…

'နေ့လယ်စာ ကောင်းကောင်းတီးနေတာလေ၊ စားပါဦး သား အများကြီးရှိပါတယ်'

ကက်အား သူနာပြုဆရာမကို ဖုန်းဆက်၍ခေါ်လိုက်သည်။

'ဟုတ်ကဲ့…ဒေါက်တာ'

'ဒီစားစရာတွေ သိမ်းသွားပါ၊ မစ္စတာ လစ်နုတ်ကို ဆေးရုံကပေးတဲ့ ဓာတ်စာပဲ ကျွေးရမယ်၊ ဒီလူနာမှတ်တမ်း ထဲမှာ ရေးထားတာမတွေ့ဘူးလား'

'ဟုတ်ကဲ့၊ ဒါပေမယ့် သူက အဘင်း…'

'ယူသွားပါ'

'ဟေ့ဟေ့…နေစမ်းပါဦး၊ ကျုပ် ဒီဆေးရုံကကျွေးတဲ့ ဝက်စာကို မစားနိုင်ဘူးဗျ'

'ရှင့်ရဲ့အစာအိမ်အနာ ပျောက်ချင်ရင် စားရမှာပဲ၊ ကဲ… ယူသွားတော့'

ကက်က ဆရာမကို လှည့်ပြောလိုက်သည်။ နာရီဝက် လောက် ကြာသောအခါ ကက်အား ဆေးရုံအုပ်ကြီးက ခေါ်တော့သည်။



'ဒေါက်တာဝေါလေ့စ် ကျွန်မကိုခေါ်တယ်ဆို'

'ဟုတ်တယ်… ထိုင်ပါဦး၊ တွမ်လစ်နုတ်ဆိုတာ မင်းရဲ့ လူနာမဟုတ်လား'

'မှန်ပါတယ်၊ အပွအစပ်ပါတဲ့ အစားအသောက်တွေကို ဒေးနေတာတွေ'

'မင်းက အဲဒါတွေ သိမ်းပစ်တယ်ဆို'

'ဟုတ်တယ်လေ'

ဝေါလေ့စ်ကနောက်သို့မှီထိုင်လိုက်ရင်း…

'တွမ်လစ်နုတ်ဟာ ဆေးရုံကြီးကြပ်ရေး ဘုတ်အဖွဲ့ဝင်ဆို တာ မင်းမသိဘူးလား၊ သူ့ကျေနပ်အောင်ထားရမယ်၊ ငါ ပြောတာ သဘောပေါက်ရဲ့လား'

ကက်က သူ့ကိုကြည့်၍ ခေါင်းမာစွာပင်…

'မပေါက်ဘူး ဆရာကြီး'

'ဘာကွ'

'သူကျေနပ်ဖို့ဆိုတာက သူ့ရောဂါ ပျောက်ဖို့လိုတယ် ဟုတ်လား၊ အခုလို အစာအိမ်ကိုဖျက်ဆီးပစ်နေရင် ဘယ် လိုလုပ် ရောဂါပျောက်မှာလဲ'

ဒေါက်တာဝေါလေ့စ်က အားငယ်ပြုံးရင်း…

'ဒါကတော့ သူ့ကိစ္စ ဆုံးဖြတ်ပါစေ'

ကက်က ထရပ်ပြီး…

'ကျွန်မဟာ သူ့ဆရာဝန်ပါ၊ ခွင့်မပြုနိုင်ဘူး၊ နောက် ဘာမြေစရာရှိသေးလဲဆရာကြီး'

'ဟို… အင်း… ဒါပဲ'

ဆက် ထွက်လာခဲ့သည်။ ဒေါက်တာ ပြေါ်လွှ စ်မှာ အကြောင်းအား ကျန်ခဲ့တော့သည်။

ပြော်....ဆရာဝန်မတွေ။

❋

ကျော် ညဂျူတီကျနေစဉ် ဖုန်းဝင်လာသည်။

'ဒေါက်တာကက်ဟန်းတား၊ အခန်းနံပါတ် ၃၂၀ ကို လာခဲ့ပါ'

'လာခဲ့မယ်'

အခန်းနံပါတ် ၃၂၀မှ လူနာမှာ မစ္စက်မော်လီ ဆိုသူ အသက်ရှစ်ဆယ်ကျော်ကင်ဆာရောဂါသည် အဘွားကြီးဖြစ် သည်။ ရောဂါအခြေအနေကို စမ်းသပ်၍လည်းမရ ဖြစ်နေ သည်။ ထိုအခန်းနားအနီးသို့ကျော်ရောက်သွားတော့ အတွင်း မှ ငိုင်းခိုးနေသံများ ကြားနေရ၏။ ကျော် အခန်းထဲသို့ဝင် လိုက်သည်။

မစ္စက်မော်လီမှာ ခုတင်ပေါ်တွင် မှိန်းနေသည်။ သူတို့ တော့ ငနေ၏။ သူမ၏ သားနှင့်သမီးနှစ်ယောက်တို့ အခန်း ထဲတွင် ရောက်နေသည်။ သားက—



'အိမ်နဲ့ခြံကို သုံးပုံပုံမယ်'

'ဘယ်ရမလဲ၊ မေမေ့ကို ငါနဲ့ လောင်ရီက ပြုစုရတာ၊ မေမေ့ကို ဘယ်သူလျှော်ဖွပ်ချက်ပြုတ်ကျွေးမွေးလို့လဲ၊ ငါတို့ပဲ လုပ်ရတာ၊ မေမေ့ငွေတွေ ငါတို့နဲ့ပဲဆိုင်တယ်'

သမီးတစ်ယောက်က ဆိုသည်။ သားက—

'ငါလည်း နင်တို့လို သူ့ သားသမီးပဲ'

မစ္စက်မော်လီမှာ ခုတင်ပေါ်တွင် မလှုပ်နိုင်ဘဲ ငြိမ်၍ နားထောင်နေရှာသည်။ ကျော် စိတ်တိုဘိုနှင့်—

'တစ်ဆိတ်လောက်ရှင်—'

သမီးတစ်ယောက်က လှည့်ကြည့်ပြီး—

'နောက်မှပြန်လာပါဆရာမ၊ ဒီမှာ အလုပ်များနေလို့'

ကျော်က ဒေါသဖြစ်သွားပြီး....

'ဒါ ကျွန်မလူနာရှင့်၊ ရှင်တို့ ဒီအခန်းထဲက ထွက်သွားဖို့ ငါးမိနစ်ကျွန်ုပ်အချိန်ပေးမယ်၊ ရှင်တို့ ညှိခန်းထဲမှာ သွားနေ ပါ၊ ကဲ—ကျွန်မ လုံခြုံရေးတွေကိုခေါ်ပြီး ရှင်တို့ကိုဆွဲထုတ် ခိုင်းခင် ရှင်တို့သွားကြရင်ကောင်းမယ်'

သားလုပ်သူက တစ်စုံတစ်ရာပြောမည်လုပ်ပြီးမှ ကျော်၏ အမူအရာကြောင့် မပြောတော့ဘဲ သူ့နှမနှစ်ယောက်ဘက်သို့ လှည့်ကာ—

'ကဲ...ငါတို့ အပြင်မှာ ပြောကြတာပေါ့'

ထိုသုံးယောက် ထွက်သွားသည်ကို ကြည့်နေပြီး၊ နောက် ကျော်ခုတင်နားသို့သွားကာ မစ္စက်မော်လီ၏ခေါင်းကလေးကို သပ်ကာ....

'သူတို့က ဘာရယ်မဟုတ်ပါဘူး အဘွားရယ်'

ဦးတော့ ခုတင်စွန်းတွင် ထိုင်ကာ အဘွားကြီး လက်ကလေးကို ကိုင်ထားသည်။ ခဏကြာတော့ အဘွားကြီး အိပ်ပျော်သွားတော့သည်။

ငါတို့အားလုံး တောကြီးမှာပါလား။ သေသည့်အခါ သေခြင်းကောင်းဖို့သာ လိုသည်။ ကျက် စဉ်းစား နေမိ၏။

ကျက် လူနာတစ်ယောက်ကို စမ်းသပ်နေစဉ် ဆော်ဒလီ တစ်ယောက် ဝင်လာပြီး—

'ရုံးစမ်းဓရှ၊ ဌာနမှာ ဒေါက်တာ့ဖုန်းလာနေတယ်၊ အရေးကြီးလို့တဲ့'

ကျက်က မျက်ခုံးချင်းတစ်ချက်ကြုတ်လိုက်ပြီး—

'ကျေးဇူးပဲ'

ထို့နောက် တစ်ကိုယ်လုံးကျောက်ပတ်တီးဖြင့် စည်းထား သော ခြေထောက်များကိုလည်း စက်သီးဖြင့် တွဲလားရသည့် လူနာဘက်သို့လှည့်ကာ....

'ကျွန်မ အခုပဲ ပြန်လာခဲ့မယ်'



စင်္ကြံပေါ် ရောက်တော့ ဆရာမများ အခန်း ကျသည့် နေရာတွင် ဖုန်းကိုကောက်ကိုင်ပြီး....

'ဟဲလို—'

'ဒေါ်...မမ'

'မိုက်လား'

မောင်လေးအသံကြားလိုက်ရသဖြင့် ရုတ်တရက်ဝမ်းသာ သွားသည်။ တစ်ဆက်တည်းမှာပင် စိတ်ပူ၍လည်းသွားမိ၏။

'မိုက်...ဆေးရုံကိုဖုန်းမဆက်နဲ့လို့ ပြောထားရက်သားနဲ့၊ မမနေတဲ့တိုက်ခန်းက ဖုန်းနံပါတ်လည်း မင်းသိတယ်မဟုတ် လား၊ ကိစ္စရှိရင်—'

'တောင်းပန်ပါတယ် မမရယ်၊ အချိန်မရလို့ပါ၊ ကျွန် တော် ပြဿနာတစ်ခုတက်နေလို့'

ဘာပြောလာတော့မည်ကို ကျက် သိလိုက်ပြီ။

'ကျွန်တော်ဒီတီဗွီတစ်ယောက်ဆီအကြွေးယူပြီးလုပ်ငန်း တစ်ခုလုပ်လိုက်တာ'

သူ့လုပ်ငန်းဟူ၍ ကျက်မမေးမနေတော့။

'လုပ်ငန်းက ရှုံးသွားတယ်မဟုတ်လား'

'ဟုတ်တယ်၊ အဲဒါ အခု သူက သူ့ငွေပြန်တောင်းနေလို့'

'ဘယ်လောက်မတောင်လဲ မိုက်ရယ်'

'ဖြစ်နိုင်ရင် ငါးထောင်လောက်'

'ဟာ—'

အခုနကြား သူနာပြုဆရာမကလေးက ကျက်ကို စူးစမ်း သလို ကြည့်နေသည်။

ဒေါ်လာငါးထောင်၊ ကက်က အသံကိုနှိမ့်၍—

'ငါ့မှာ အဲဒီလောက် မရှိဘူး၊ အဲဒီ တစ်ဝက်လောက်ပဲ လောလောဆယ်ပို့နိုင်မယ်၊ ကျန်တာတော့ တစ်ပတ် နှစ်ပတ် လောက်နေမှရမယ်၊ ဖြစ်မလား'

'ဖြစ်မယ်ထင်တာပဲ၊ မမကိုလည်း ကျွန်တော် ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမယ့် သိတယ်မဟုတ်လား၊'

ကက် ကောင်းကောင်း သိပါသည်၊ ကက်တို့မောင်လေးမှာ အသက် ၂၂ ရှိပြီး ဘာတွေလုပ်နေမှန်းမသိ၊ ဂိုက်းတွေနှင့်လည်း ပေါင်းနေသည်၊ သူတို့ ဘာတွေလုပ်နေကြသည်ကို ကက် သဘောမပေါက်၊ သို့တစေ မိမိမောင်အတွက်တော့ မိမိတွင် တာဝန်ရှိသည်မဟုတ်လော၊

ဤသည်မှာ မိမိအပြစ်သာလျှင်ဖြစ်သည်၊ အကယ်၍ မိမိသာ သူ့ကိုထားခဲ့ပြီး အိမ်မှထွက်မပြေးခဲ့လျှင်—

'မင်းဒုက္ခကို ရှင်းပစ်လိုက် မောင်လေး၊ မင်းကို မမ ဘယ်လောက်ချစ်သလဲ သိလား'

'ကျွန်တော်လည်း မမကို ချစ်ပါတယ်'

ထိုငွေကို မိမိ ဖြစ်သည့်နည်းဖြင့် ပေးရမည်၊ လောကတွင် တွယ်တာစရာဆိုလို့ ဤမောင်လေး တစ်ယောက်သာ ရှိသည်မဟုတ်လား၊



ဒေါက်တာအစ္စလာသည် ဟန်နီနှင့် နေ့ခင်းတစ်ကြိမ်တွေ့၍ အလုပ်လုပ်ရမည့်အချိန်ကို မျှော်နေခဲ့သည်၊ သူမ၏ အရည်အချင်း၊ မပြည့်ဝမှုနှင့် ပတ်သက်၍ မိမိ ခွင့်လွှတ်ပြီးသား၊ သူမနှင့်ပတ်သက်၍ နားမလည်နိုင်သလိုလည်း ဖြစ်ရသည်၊

ယခု သူမနှင့် လှည့်လည်စစ်ဆေးကာ ဟန်နီမှာ အခြား အလုပ်သင်ဆရာဝန်များနောက်တွင် ကပ်နေပြီး ဘာမေးခွန်း ကိုမျှလည်း ဂင်မမြေ၊

လူနာများကို လှည့်စစ်ပြီး နောက်နာရီဝက်လောက်ကြာ သော့ ဒေါက်တာအစ္စလာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဘင်မင်ဝေါလေ့စ်၏ ရုံးခန်းထဲသို့ ရောက်နေ၏၊ ဆေးရုံအုပ်ကြီးက—

'ဘာပြဿနာဖြစ်လို့လဲ'

'ဒေါက်တာဟန်နီနဲ့ ပတ်သက်လို့ပါ'

ဝေါလေ့စ်က သူ့ကို အံ့ဩဟန်ဖြင့် ကြည့်နေရင်း—

'ဒေါက်တာဟန်နီ ဟုတ်လား၊ ငါတွေ့ဖူးသမျှတော့ ရှုလာတဲ့ ဆေးကျောင်းထောက်ခံချက်ဟာ အကောင်းဆုံးပဲ'

'အဲဒါကို ကျွန်တော် နားမလည်နိုင်တာပေါ့၊ လူနာတွေကို အနာတစ်လွဲ ဆေးတစ်လွဲ လုပ်နေတယ်လို့ တခြား အလုပ်သင် ဆရာဝန်တွေဆီကကြားတာ များပြီ၊ အဲဒါ ဆရာကြီးသိအောင် လာပြောတာပါ'

'ငါတော့ နားမလည်ဘူးကွာ၊ ဆေးကျောင်းမှာတုန်းက သူသိပ်တော်ခဲ့တယ်ဆို'

'သူတို့ကျောင်းက ကျောင်းအုပ်ကို ဖုန်းဆက်ကြည့်ပါလား'

'ကျောင်းအုပ်က ဂျင်ပီယာဆင်လေ၊ လူကောင်းပါ၊ ဝါ ဖုန်းဆက်ကြည့်လိုက်မယ်'

ခဏကြာသော် ဝေါခလာ့စ်နှင့်ပီယာဆင်တို့ တယ်လီဖုန်းစကားပြောနေသည်။ ခေတ္တမျှ ပဋိသန္ဓာရစကားများ ပြောပြီးနောက် ဝေါ်လော့စ်က—

'တန်နီအကြောင်း မေးချင်လို့ ကျွန်တော် ဖုန်းဆက်တာပါ'

တစ်ဖက်တွင် ခဏမျှ ငြိမ်သွားပြီး—

'ခမ်းလေ'

'ဒီမှာ သူနဲ့ပတ်သက်ပြီး ပြဿနာလေးတွေ ရှိနေတယ်၊ သူ ဒီဆေးရုံမှာ ဝင်ခွင့်ရတော့ အကောင်းဆုံး ထောက်ခံစာပါလာတယ်'

'ဟုတ်တယ်လေ'

'အခုတော့ ခင်ဗျားရဲ့ ထောက်ခံစာ ကျွန်တော့်ဆီမှာ ရှိနေတယ်၊ အဲဒီမှာ ခင်ဗျားက တွေ့ဖူးသမျှထဲမှာ အတော်ဆုံး ကျောင်းသားတစ်ယောက်လို့ ရေးထားတယ်'

'ဟုတ်တယ်'

'ဆေးဘက်ဆိုင်ရာ လုပ်ငန်းခွင်လည်း တော်လာနိုင်တယ်လို့ ဆိုတယ်'

'ဆင်း'

'အဲ့ဒါနဲ့ပတ်သက်လို့ မြင်စရာရှိဆေးလို့လား'



'မရှိပါဘူး၊ ဒီကလေးမမှာ နည်းနည်း စိတ်လှုပ်ရှားတတ်တာတစ်ခုပဲ၊ ခင်ဗျား နည်းနည်း သည်းခံကြည့်လိုက်ပါ၊ ပြစ်သွားပါလိမ့်မယ်'

'ကောင်းပြီ—အခုလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး သူ့ကို ဖေးမလိုက်ပါ့မယ်၊ ကျေးဇူးပဲဗျို့'

'ရပါတယ်'

ထို့နောက် ဖုန်းလိုင်းပြတ်သွားသည်။

ဂျင်ပီယာဆင်မှာ မိမိ၏ ပြုမိမှားခြင်းအတွက် နောင်တရနေမိသည်။

သို့တစေ မိမိ၏ဇနီးနှင့် ကလေးများအရေးက အဓိကမဟုတ်လော။

## အခန်း (၈)

ဟန်နီမှာ အောင်မြင်သောမိသားစုထဲမှပေါက်ဖွားသည့် ကံဆိုးသောမိန်းကလေးဖြစ်သည်။ သူမ၏ဖခင် လူချောကြီးမှာ မင်းဖစ်မြို့ရှိ ကွန်ပျူတာကုမ္ပဏီတစ်ခုကိုတည်ထောင်သူ ကုမ္ပဏီဥက္ကဋ္ဌကြီးဖြစ်၏။ မိခင်ဖြစ်သူ မိန်းမချောကြီးမှာလည်း စီးပွားဆိုင်ရာသိပ္ပံပညာရှင် တစ်ယောက်ဖြစ်သည်။ သူမအသက်မှ အမြွှာညီအစ်မမှာလည်း မိဘများလိုပင်ရုပ်ရည်ချောမောပြီး ဉာဏ်ကောင်းကြသည်။ ဟန်နီတို့ မိသားစုမှာ မင်းဖစ်မြို့တွင်တော့ အထောင်လေးလူသိများသည်။

ဟန်နီ၏ အစ်မနှစ်ယောက် ခြောက်နှစ် သမီး အရွယ်အရောက်၊ ဟန်နီ လူ့ဘဝသို့ ရောက်လာသည်။ မိခင်၏ မိတ်ဆွေများအား...



'ဟန်နီကတော့ ကျွန်မတို့အထဲမှာ မဘောင်တဆ မွေးလာတယ်လို့ဆိုရမယ်၊ ကျွန်မက ဖျက်ချဖို့ လုပ်ခဲ့သားဘယ်၊ သူ့အဖေအာ လက်မခံဘူးလေ၊ အခုမှ သူလည်း မှားမှန်းသိတော့တယ်'

အစ်မနှစ်ယောက်က တအားလှသလောက် ဟန်နီကတော့ ရွက်ကြမ်းရေကျိုလောက် ရှိသည်။ အစ်မနှစ်ယောက် ဉာဏ်အက်ထလောက်၊ ဟန်နီက သာမန် အဆင့် လောက်သာရှိသည်။ အစ်မနှစ်ယောက် ကိုးလသမီးကတည်းက စကားပြောဆောင်သည်။ ဟန်နီမှာ နှစ်နှစ်ပြည့်ခါနီးမှ တစ်လုံးစ နှစ်လုံးစ ပြောလာနိုင်သည်။

'ကျွန်တော်တို့က သူ့ကို ကောင်ပထဲရုပ်လို့ ခေါ်တယ်၊ ကျွန်တော်တို့ မိသားစုထဲမှာတော့ အရုပ်အဆိုးဆုံးပဲ၊ ကြီးလာရင်လည်း လှလာမယ်မထင်ဘူး'

ဖခင်က ပြောရင်းရယ်သည်။

ဟန်နီမှာ ထိုမျှလောက် အရုပ်ဆိုးသည်တော့ မဟုတ်။ သို့သော် လှသည်ဟုလည်း မဆိုနိုင်။ ရွက်ကြမ်းရေကျိုအဆင့်သာ ရှိသည်။ လူ့ကပိန်၍ မျက်နှာက သေးသည်။ ရွှေရောင်ဆံပင် ထိုးထိုးထောင်ထောင်နှင့်မြင်သူတကာစိတ်ပျက်အောင်သည့် ကိုယ်လုံးပိုင်ရှင်ဖြစ်သည်။

ထိုတတ်စ အရွယ်ကတည်းက ဟန်နီမှာ မိဘနှင့်ပါနှင့် အစ်မနှစ်ယောက်၏ မေတ္တာကိုရဖို့ ကြိုးစားသည်။ သို့သော် ရခဲ့။ မိဘနှစ်ပါးကလည်း သူတို့ကလုပ်နှင့်လှုပ်၊ အစ်မ

နှစ်ယောက်ကလည်း အလှမယ် ရွေးပွဲတွင် အရွေးခံရဖို့နှင့် ပညာသင်ဆုရဖို့ကြိုးစားရင်း အလုပ်များနေကြသည်။

ပိုဆိုးသည်က ဟန်နီမှာ အရွက်ကြီးသည်။ သူမ၏မိသားစုမှာ ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ မရည်ရွယ်ဘဲနှင့်လည်းကောင်း ဟန်နီအား စိတ်အားငယ်အောင် လုပ်နေသလိုဖြစ်နေ၏။

အထက်တန်းကျောင်း ရောက်တော့လည်း ဟန်နီမှာ လူတော်မတိုးနိုင်ခဲ့။ သူများတွေပျော်နေသည်ကို မဖျက်ဆီးလို။ မိမိစိတ်ညစ်နေသည်ကို လူမသိအောင် အမြဲပြုံးနေတတ်သည်။

ကျောင်းမှ ပျိုတိုင်းကြိုက် ကောင်ကလေးတို့ အိမ်တွင် အစ်မနှစ်ယောက်အား လာခေါ်ထုတ်သွားသည်ကိုကြည့်ကာ အိမ်ပေါ်တက်ပြီး အခန်းထဲ၌ ကျောင်းစာများ ကိုသာ တကုတ်ကုတ်လုပ်ကျန်ခဲ့တတ်၏။

မငိုမိအောင်တော့ ကြိုးစားသည်။

စနေ၊ တနင်္ဂနွေနေ့များနှင့် နွေရာသီ ကျောင်းပိတ်ရက်များတွင် ဟန်နီမှာ ကလေးထိန်း အလုပ်ဖြင့် ငွေရှာသည်။ ကလေးထိန်းရသည်ကို သူမသဘောကျသည်။ ကလေးများကလည်း သူမကို ချစ်ကြ၏။

အလုပ် မလုပ်သည့်အခါ မြို့ထဲသို့ တစ်ယောက်တည်း လျှောက်လည်သည်။ ဟန်နီမှာ အမြဲတမ်း တစ်ယောက်တည်း။



သူမဘဝ ရုတ်ခြည်းပြောင်းလဲ သွားတော့မည်ကိုတော့ သူမ မသိလိုက်။

ဟန်နီ၏ အတန်းဖော် မိန်းကလေးတွေမှာ ရည်းစားကိုယ်စီနှင့်။ ကျောင်းတွင်လည်း ထိုအကြောင်းတွေ ပြောနေတတ်ကြသည်။

ဟန်နီမှာ သူတို့ပြောနေသည်ကို နားထောင်ရင်း မနာလိုစိတ်တွေ ထဖွားဖွား ပေါ်လာသည်။ အချစ်၏ အရသာကို လည်း ဘယ်တော့မှ သိရမည်မဟုတ် ဟုလည်း ခံစားလာရသည်။

ပျော်ရွှင်စရာ သောကြာနေ့ ညဘက် ကျောင်းကပွဲတစ်ခု ကျင်းပသည်။ ဟန်နီက ကပွဲသို့သွားရန် စိတ်မကူးခဲ့။ သို့သော် ဖခင်က…

'သမီးအတွက် ဖေဖေ စိတ်မကောင်းဘူး၊ သမီး အစ်မ နှစ်ယောက်ပြောတော့ သမီးမှာတွဲကမယ့်လူမရှိလို့ ကျောင်း ကပွဲကို မသွားတာဆို'

ဟန်နီက ရှက်သွေးဖြာသွားပြီး…

'မဟုတ်ပါဘူး၊ သမီးမှာ အတွဲရှိပါတယ်၊ သမီးသွား မှာပ'

မိမိ အတွဲဘယ်သူလဲဟု မမေးပါစေနှင့်ဟုသာ ဆုတောင်း နေရသည်။ ဖခင်ကလည်း မမေး။

ကျောင်းကပွဲရောက်တော့ ဟန်နီမှာ ထိုင်ခုံနောက်ဆုံးတန်း တစ်ထောင့်တွင်ထိုင်ကာ လူများအား ကခုန် ပျော်မြူးနေ သည်ကိုသာ ကြည့်နေ၏။

ထိုစဉ်မှာပင် ထူးဆန်းသောဖြစ်ရပ်တစ်ခု ဖြစ်လာခဲ့၏။



ရော့ဂျာ၊ မာသာနီမှာ ကျောင်းတောလုံး အသင်းတွင် အသင်းခေါင်းဆောင် ဖြစ်၍ ကျောင်းတွင် ပေါ်ပျူလာ ဖြစ်နေသည်။ ယခု ရော့ဂျာမှာ ကပွဲကြမ်းပြင်ပေါ်တွင် သူ့ရည်းစားကောင်မလေးနှင့် စကားများနေ၏။ အရက်တွေ သည်။ သောက်ထားသည်။

'နင်ဟာ တစ်ကိုယ်ကောင်းသမား လူယုတ်မာပဲ'

မိန်းကလေးကဆိုတော့ ရော့ဂျာက…

'နင်လည်း အလကား ခွေးကောင်မပဲ၊ နင့်ကိုငါ အချစ် …က်နေစရာမလိုဘူး ဆယ်လီ၊ ငါလိုချင်ရင် ဘယ်သူ့ကိုမဆို …နိုင်တယ်'

ရော့ဂျာကပြောတော့ ဆယ်လီကလည်း…

'သွား၊ ယူပေါ့'

ထိုအသံများကို ဟန်နီကြားနေရသည်။ မိမိ သူ့ကိုကြည့် …နသည်ကို ရော့ဂျာမြင်သွားသဖြင့်…

'ဘာကြည့်တာလဲ'

အာလေးလျှာလေးကြီးနှင့် မေးသည်။ ဟန်နီက…

ဘာမှမကြည့်ပါဘူး'

'ဒီခွေးမကို ငါအကြောင်းပြမယ်၊ ပြေဘူးလို့ နင်ထင် လား'

'ဟို…ဟုတ်ကဲ့'

'အေး… ဟုတ်ပြီ၊ လာ… နည်းနည်း သောက်လိုက်ရ အောင်'

ဟန်နီအာ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ရောဂျားမှာ မူးနေပုံရ၏။

'ဟို....ဝါ...မသေခက်...'

'ကောင်းတယ်၊ ငါ့အခန်းထဲမှာ ပုလင်းပါတယ်'

'ငါ...တကယ်...'

တစ်ချိန်တည်းမှာပင် ရောဂျားက သူမအား လက်ဆွဲ၍ အခန်းထဲမှ ထွက်သွားတော့သည်။ သူမလည်း လူတော့မြင်ပြီး သူရှက်သွားမည်စိုး၍ အသာလိုက်လာခဲ့သည်။

အပြင်ရောက်တော့ ဟန်နီက လက်ကိုရုန်းရင်း...

'အဲဒီလိုမလုပ်နဲ့ ရောဂျားရယ်...'

'နင်ကဘာလဲ...ကြောက်နေသလား'

'မဟုတ်ပါဘူး၊ ငါ...'

'ကောင်းပြီ၊ ဒါဖြင့်...လာ'

သူကဟန်နီအား သူ့ကားဆီသို့ခေါ်သွားကာ တံခါးကို ဆွဲဖွင့်သည်။ ဟန်နီမှာ ထိုနေရာတွင်ပင် ရပ်နေဆဲ။

'ဝင်လေ'

'ခဏပဲ နေမယ်ဟာ'

ပြောပြီး ဟန်နီ ကားထဲသို့ ဝင်လိုက်သည်၊ ရောဂျား စိတ်ခုသွားမည်စိုး၍ဖြစ်၏။ ရောဂျားကလည်း သူမဘေးတွင် ဝင်ထိုင်သည်။

'ဝါတို့ပွဲကြီးကျင်းပတာပေါ့၊ ဒီမှာကြည့်စမ်း'

ရောဂျားက ဘာဘွန်ပုလင်းကို မြှောက်ပြသည်။ ယင်း... ဟန်နီ အရက် တစ်ခါသာ သောက်ဖူးသည်၊ မကြိုက်။



သို့သော် ရောဂျားစိတ်ဆိုးမည်ကိုလည်း ကြောက်နေသည်။ ထို့ကြောင့် သူ့ကိုတစ်ချက် ကြည့်ကာ တစ်ငုံ ယူသောက်လိုက်၏။

'အဆင်ပြေတယ်နော်၊ နင်က ကျောင်းသားသစ်လား'

'မဟုတ်ပါဘူး၊ ငါ...'

သူက ရှေ့သို့တိုးကာ ဟန်နီအား ဖက်သည်။ ဟန်နီက လန့်ပြီး အတင်းရုန်းလိုက်၏။

'ဟာ...နင်ကလည်း၊ ငါ့စိတ်ချမ်းသာအောင် နင်လုပ်မပေးနိုင်ဘူးလား'

ထိုစကားမှာ ဟန်နီအတွက် ထိရောက်သည့်စကားဖြစ်၏။ ဖြစ်နိုင်လျှင် ဟန်နီ လူတိုင်းကိုစိတ်ချမ်းသာအောင် လုပ်ပေးချင်သည်။

မိမိဘဝ၏ ထူးခြားသော အဖြစ်အပျက်ကြီးကို ဟန်နီ မေ့ပစ်၍မရ။ ခုတင်ပေါ်တွင် လဲလျောင်းရင်း ရောဂျားနှင့် တွေ့ခဲ့ရသည်ကို ပြန်လည်မြင်ယောင်နေမိသည်။

ရောဂျားသည် မိမိကိုပင် ဆယ်လီနှင့် အမှတ်မှားကာ 'ဆယ်လီ'ဟု ခေါ်နေခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ ထို့အတွက် ဟန်နီစိတ်မဆိုးတော့လုံး အသင်းခေါင်းဆောင်ကို မိမိ ကျေနပ်နိုင်စေခဲ့သည် မဟုတ်လော။ ရောဂျာ့မှာ ကျောင်းတွင် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်။

ဟန်နီမှာ မိမိအဖြစ်ကိုပင် မိမိမေ့နေခဲ့သည်။ ယောကျာ်းတွေ ကျေနပ်အောင်လုပ်သည့်နည်းကို သိပြီဆိုတော့—

သို့ဖြင့် ဒုတိယ အသိတရားတစ်ခု ဟန်နီ သိလာရပြန်လေသည်။

❋

ထိုခုလို ဟန်နီ ရှင်တရက် လူကြိုက်များလာသည့်အတွက် သူ့၏မိတ်ဆွေများလည်း စိတ်ချမ်းသာနေကြ၏။

❋



စာမေးပွဲ အဆင့်တွေလည်း တက်လာသည်။ နောက်ပြီး အစ်မနှစ်ယောက်ထက်လည်း ပို၍ ပေါ်ပျူလာဖြစ်လာခဲ့၏။ မစားဖူးသည့် စားသောက်ဆိုင်၊ မရောက်ဖူးသည့်နေရာဟူ၍လည်း မရှိ။

တက္ကသိုလ် ရောက်တော့လည်း အလားတူ မအောင်မြင်ခဲ့သည်။ တစ်နေ့တွင် ညစာစားနေရင်း ဖေက...

'သမီးလည်း ကျောင်းပြီးတော့မယ်၊ သမီးရဲ့ရှေ့ရေးကို စဉ်းစားဖို့ကောင်းပြီ၊ ဘဝမှာ ကိုယ်လုပ်ချင်တာကို ကိုယ်သိသားဖို့လိုတယ်'

'သမီး ဆေးရုံမှာ ဆရာမပဲ လုပ်ချင်တယ်'

'ဆရာဝန်ကိုပြောတာလား'

'ဟင့်အင်း၊ မဟုတ်ဘူးဖေဖေ၊ သမီး...'

'ဆေးပညာဘက် လိုက်မယ်ဆိုရင်သည်း ဆရာဝန်ပဲလုပ်ချင်မှာပေါ့၊ နားလည်လား'

'ဟုတ်ကဲ့ပါဖေဖေ'

သူနာပြုဆရာမအဖြစ် လုပ်ချင်သည်ဟု ပြောလိုက်သည်မှာ ဟန်နီတကယ်စိတ်ထဲပါ၍ ပြောလိုက်ခြင်းဖြစ်သည်။ လူတွေကို ပြုစုရ၊ ကူညီရသည်ကို သူမသဘောကျ၏။ ဆရာဝန်လုပ်၍ လူ့အသက်တွေကို တာဝန်ယူကုသရမည်ကို ကြောက်သည်။ သို့သော် ဖေဖေ့အား စိတ်မဆင်းရဲစေချင်။

❋

ဟန်နီ၏ တက္ကသိုလ်အောင်မှတ်မှာ ဆေးကျောင်းဝင်ရန် မမီ၊ သို့သော် ဖခင်၏အရှိန်အဝါက ရှိသည်။ တင်နက်ဆီ ဆေးကောလိပ်တွင် ဖခင် ငွေတွေ လှူထား၏။ ဖခင်က ဆေးကျောင်းမှ ကျောင်းအုပ်ကြီး ဒေါက်တာပီယာဆင်နှင့် သွားတွေ့ခဲ့သည်။ ပီယာဆင်က—

'ခင်ဗျားတောင်းတဲ့ အကူအညီက သိပ်တော့မလွယ်ဘူး၊ ဒါပေမယ့် ကျွန်တော်တတ်နိုင်တာကို ကျွန်တော်ပြောမယ်၊ ဟန်နီကို အစမ်းဝင်ခွင့် ပေးကြည့်မယ်၊ ခြောက်လပြည့်လို့ သူ့အကယ် ဆက်မလိုက်နိုင်ဘူးဆိုရင် ကျောင်းကထုတ်ပစ်ရမှာပဲ'

'ရပါတယ်၊ ဆရာကြီး၊ သူ့ကို အံ့ဩသွားရပါစေမယ်'

တိုအပြောအတိုင်းလည်း မှန်ခဲ့သည်။

ဖခင်က ဆေးကျောင်း၊ တည်ရှိရာမြို့တွင် ဟန်နီကိုသွားထားသည်။ ထိုမြို့ရှိ ဖခင်၏ အစ်ကိုဝမ်းကွဲ သင်းအုပ်ဆရာ ဒေါက်ဂလပ်လစ်ပတ္တန် အိမ်တွင်ထားသည်။



လစ်ပတ္တန်မှာ အသက်ခြောက်ဆယ် ကျော်ပြီဖြစ်၍ သူ့သက် အသက်ဆယ်နှစ်ကြီးသူနှင့် အိမ်ထောင်ကျနေသူ ဖြစ်သည်။ ဟန်နီအိမ်တွင်လာနေသဖြင့် လစ်ပတ္တန်သည် ဝမ်းသာနေ၏။

'သူကတော့ လေကောင်းလေသန့်လေးနဲ့ တူတယ်'

သူက ဇနီးသည်ကို ပြောပြသည်။

ယခုလို စိတ်ချမ်းသာအောင် ဆက်ဆံတာဘ်သူ့ချို့ ဟန်နီ တွေ့ဖူးခဲ့။

ဟန်နီ ဆေးကျောင်းတွင် အတော်လေးအဆင်ပြေသည်။ သို့သော် စိတ်မပါသည်က အခက်၊ ဖခင် စိတ်ချမ်းသာအောင် ဆေးကျောင်းတက်နေရခြင်းဖြစ်သည်။

ဟန်နီ၏ဆရာများကလည်း ဟန်နီကို သဘောကျကြ၏။ ဘယောပင်ရိုးရိုးသားသား ချစ်စရာကောင်းသဖြင့် ပါမောက္ခကလည်း သူ့ကို အောင်မြင်စေချင်၏။

ဖြစ်ပုံက သူ့မှ ခန္ဓာဗေဒတွင် အတော်ညံ့သည်။ သတင်းချပ်ပတ်ကြာတော့ သူ့၏ခန္ဓာဗေဒ ဆရာက သူ့ကိုခေါ်တွေ့ပြီး...

'ဆာ မင်းကို စာမေးပွဲချပစ်ရမလိုဖြစ်နေတယ်'

ငါစာမေးပွဲအကျမခံနိုင်။ ဖခင်စိတ်ဆင်းရဲသွား၍မဖြစ်။ ဟူ၍ ဟန်နီစိတ်ထဲမှစဉ်းစားနေသည်။ ပြီးတော့ ပါမောက္ခ အနီးသို့တိုးကပ်လျက်...




## အခန်း (၅)

ပိုက်အတွက် အချိန် ဟူသည် အဓိပ္ပာယ်မဲ့ကုန်လေပြီ။ ...နှင့်အဆုံး ဟူ၍လည်းမရှိတော့။ နေ့တွေ ညတွေမှာလည်း ...ပြောင်းမှန်းမသိ ပြောင်းကုန် ကြသည်။ ဆေးရုံသည်သာ ...မဂ်ဘဝ။ မြင်ပလောအသည် သူ့အတွက် စိမ်းလာပြီး ...းလွမ်းလှဘိ၏။

ဓရှစ္စမတ်လည်း ကျရောက်ကုန်လွန်သွားပြီး နှစ်သစ်သည်း ...ပြီ။ အမေရိကန် စစ်တပ်များက ကူဝိတ်နိုင်ငံကို အီရတ် ...ငံလက်မှ ကယ်တင်ခဲ့သည်။

အဲဖရက်ထံမှ သတင်းလည်းမကြားရတော့။ သူမှားမှန်း ...နှင်တရသွားလေပြီလား၊ မိမိထံ သူပြန်လာလေမည်လား။

မိုးလင်းသည်နှင့် တယ်လီဖုန်းမြည်သံလည်း စဲသွားတော့သည်။ ထူးခြား ကြောက်စရာကောင်းသည့် အဖြစ်အပျက် အသစ်တွေနှင့် လွတ်မြောက်ရပြီဖြစ်၍ ပိုက်စိတ်သက်သာရာ ရခဲ့သည်။ ထင်းတို့မှာ အိပ်မက်ဆိုးတွေနှင့်လည်း၊ တူသည်။ သို့သော် တကယ်အိပ်မက်ဖြစ်လျှင်လည်း၊ အကောင်းသား။

တာဝန်တွေက သိပ်ပိနေရသည်။ လူနာတွေကို မှတ်မိအောင် မှတ်သားဖို့ပင်အချိန်မရ၊ ဆီးအိမ်ကျောက်တည်သူ၊ အသည်းအက်သူ၊ ပေါင်ရိုးကြေသူ၊ ကျောရိုးကွဲသူတွေနှင့်။

ဆေးရုံ တစ်ခုလုံးလည်း စက်ကိရိယာတွေက ထောင်းလမောင်းထနေသည်။ အသက်ရှူ ကိရိယာ၊ နှလုံးခုန်နှုန်း တိုင်းစက်၊ နှလုံးစစ်ဆေးစက်၊ ဓာတ်မှန်ရိုက်စက် စသည်ဖြင့် စုံနေ၏။ စက်တွေမှာ အသံချိုးစုံမြည်နေကြသည်။

အလုပ်သင်ဆရာဝန်အဖြစ် ဒုတိယနှစ် ရောက်တော့ တာဝန်တွေကပိုလာသည်။ အလုပ်သင်ဆရာဝန် အသစ်ကလေးတွေသည် ရောက်လာကြ၏။ သည်တော့ သူတို့လေးတွေ အပေါ် ခပ်တင်းတင်း၊ ခပ်တည်တည် ဆက်ဆံမိပြန်သည်။



'သနားစရာလေးတွေပဲ၊ သူတို့ဘယ်ဘဝကို ရောက်သွားကြတယ်ဆိုတာ မသိရှာကြဘူး'

ကက်က ပိုက်ကိုပြောနေသည်။

'နောက်တော့ သိသွားကြပါလိမ့်မယ်'

ပိုက်နှင့်ဟန်နီက ကက်နှင့်ပတ်သက်၍ စိုးရိမ်နေကြ၏။ ကက်မှာပိန်လာပြီး စိတ်ဓာတ်ကျနေဟန်လည်းရှိသီ၊ စကားပြောနေရင်း ငိုင်ပြီးစဉ်းစားနေသည်ကိုလည်း တွေ့ရသည်။ ထိုသို့ မကြာခဏ ဘယ်ကမှန်း မသိသော တယ်လီဖုန်း လာတတ်ပြီး၊ ဖုန်းလာပြီးတိုင်း မူလအခြေအနေမှာ ပိုဆိုးလာ၏။

ပိုက်နှင့် ဟန်နီက သူမနှင့် စကားပြောရန် ထိုင်လိုက်ကြပြီး၊ ကက်အား—

'နင်ဘာဖြစ်နေတာလဲ ကက်၊ ငါတို့ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိပါတယ်၊ နင့်အခက်အခဲရှိရင် ငါတို့ ကူညီချင်တယ်'

'ကျေးဇူးတင်ပါတယ်ဟာ၊ နင်တို့ကူညီနိုင်တဲ့ကိစ္စ မဟုတ်ပါဘူး၊ ငွေရေးကြေးရေး ပြဿနာပါ'

ဟန်နီက ကက်အား အံ့ဩသလို ကြည့်လျက်…

'နင်က ငွေဘာကြောင့် လိုရတာလဲ၊ ငါတို့ ဘယ်မှ သွားစရာရှိတာမဟုတ်ဘဲနဲ့၊ ဝယ်ဖို့ခြမ်းဖို့လည်း အချိန်ရတာ မဟုတ်ဘူး၊ ပြီးတော့….'

'ငါ့အတွက်လိုတာ မဟုတ်ပါဘူးဟယ်၊ ငါ့မောင်လေး အတွက်ပါ'

ကက်တွင် မောင်လေးတစ်ယောက် ရှိသည်ဟု ယခင်က မပြောဖူးခဲ့။

ပိုက်က…

'နင့်မှာ မောင်ရှိတာ ငါ အခုမှသိတယ်'

'သူက ဆန်ဖရန်စစ္စကိုမှာ နေတာလား'

ဟန်နီကလည်း ဝင်မေးသည်။

'ဟုတ်အား…သူက အနောက်ပိုင်းမှာနေတယ်၊ ဒက်ထရွိုက်မှာပေါ့၊ နောက်တော့ နင်တို့ သူ့ကို တွေ့ရမှာပါ'

'အားဟာ…တို့လည်း တွေ့ချင်တယ်၊ သူက ဘာလုပ်လဲ'

'လုပ်ငန်းရှင်တစ်ယောက် ဆိုပါတော့၊ အခုတလော သူ့လုပ်ငန်း သိပ်မကောင်းဘူး၊ ဒါပေမယ့် သူက ဆက်ကြိုးစားချင်တယ်၊ သူကတော့ အမြဲတမ်း ဒီအတိုင်းပဲ'

ဥမီးပြောသည့်အတိုင်းလည်း မှန်ပါစေဟု ကက်ဆုတောင်းမိသည်။



ဟယ်ရီဘောမင်းမှာ ဒိုင်ဘိုဂါမြို့မှ ပြောင်းလာသူဖြစ်သည်။ ရယ်စရာမောစရာ ပြောတတ်၍ အများနှင့်လည်း မင်အောင် နေတတ်သည်။

တစ်နေ့တွင် သူက ပိုက်အား…

'ကျွန်တော် မနက်ဖြန်ညမှာ ပါတီလေးတစ်ခုလုပ်မလို့ …ကြသာရယ်၊ ဒေါက်တာကက်ဟန်းဘားရယ်၊ ဒေါက်တာ …န်နီရယ် အားလုံးလာခဲ့ပါလား၊ ပျော်ရမှာပါ'

'ကောင်းသားပဲ၊ ကျွန်မတို့ ဘာယူခဲ့ရမလဲ'

ဘောမင်းက ရယ်လျက်…

'ဘာမှ ယူလာစရာ မလိုပါဘူးဗျာ'

'ဟုတ်တဲ့လား၊ ဝိုင် တစ်ပုလင်းလောက်ဖြစ်ဖြစ်၊ ဒါမှ …က်…'

'လုပ်မနေပါနဲ့၊ ကျွန်တော့်တိုက်ခန်းကလေးထဲမှာ လုပ် …ါ'

ဘောမင်း၏ တိုက်ခန်းကလေးတွင် အခန်း ဆယ်ခန်း …ည်။ တစ်အိမ်လုံး ရှေးဟောင်း 'အိမ်ထောင်ပရိဘောဂ' …နှင့် ပြည့်နေ၏။

…မျိုးသမီးသုံးယောက်မှာ အခန်းထဲသို့လျှောက်လာရင်း …တ်ဩနှင့်…

'ဟယ်တော့…ဒါတွေ ဘယ်ကရထားတာလဲ'

…က်က ဆိုသည်။

'ကျွန်တော်က အဖေကောင်းတစ်ယောက် ရှိခဲ့တာကိုးဗျ၊ ကျွန်တော့်အတွက် ပိုင်ဆိုင်တွေ အများကြီး ထားခဲ့တာ'

'ဒါထေခင် ရှင်က အလုပ်ဝင်လုပ်နေသေးလား'

ထက်ကဆိုရာ၊ ဘောမင်းက—

'ကျွန်တော်က ဆရာဝန်ဖြစ်ချင်တာ'

ဘူဖေးပါတီကလေးမှာ အစားအသောက်အလည်း စုံစုံ ဘောမင်းပြောသလိုပင် သူတို့သုံးယောက် ပျော်ခဲ့ကြ မြန်မာနိုင်ငံ ပိုက်က ဘောမင်းအား—

'ကျေးဇူးတင်လို့မဆုံးပါဘူးရှင်'

'စနေနေ့ အားလား'

သူကမေးတော့—

'အားပါတယ်'

'ကျွန်တော့်မှာ မော်တော်ဘုတ်ကလေး တစ်စင်းရှိတယ် လျှောက်စီးဖို့ ခေါ်သွားဦးမယ်'

'သိပ်ကောင်းတာပေါ့'

※

နံနက်လေးနာရီခွဲလောက်တွင် ကက်မှာ ဂျူတီခန်း အိပ်ပျော်နေရာမှ လန့်နိုးခဲ့ရသည်။



'ဒေါက်တာကက်ဟန်းတား— အရေးပေါ်ခန်း အမှတ် သုံးကို လာခဲ့ပါ၊ ဒေါက်တာကက်ဟန်းတား—အရေးပေါ် ခန်း အမှတ်သုံးကို....'

ကက်မှာ ခုတင်ပေါ်မှ လူးလိမ့်ထပြီး မျက်လုံးကိုပွတ်၍ အိပ်ချင်စိတ်ကိုဖျောက်ကာ ဓာတ်လှေကားဖြင့် ဆင်းခဲ့သည်။ နောက်တော့ အော်ဒလီတစ်ယောက်က ဆီးပြီး—

'ဟိုအခန်းထောင့်က တွန်းလှည်းခုတင်ပေါ်မှာ ဒေါက် တာ၊ လူနာက အတော်လေး ဝေဒနာခံစားနေရတယ်'

ကက်က လူနာထံသို့ လျှောက်သွားပြီး—

'ကျွန်မ ဒေါက်တာကက်ဟန်းတားပါ'

'အမယ်လေး....ဒေါက်တာ၊ ကျွန်တော့်ကို ကယ်ပါဦး၊ ကျွန်တော်ကအောင့်တာ သေမတတ်ပဲ'

ကက်က ထမ်းဝေချင်စိတ်ကို ချိုးနှိမ်ကာ—

'အောင့်တာ ဘယ်လောက်ကြာပြီလဲ'

'နှစ်ပတ်လောက်ရှိပြီ'

ကက်က သူ့ကို နားမလည်သလို ကြည့်လျက်—

'နှစ်ပတ် ဟုတ်လား၊ ဘာဖြစ်လို့ စောစောစီးစီး မလာ ခဲ့တာလဲ'

လူနာက ကိုယ်ကိုအနည်းငယ်ပြင်လိုက်သည်တွင် နာသွား ဖြင့် မျက်စိကို မှိတ်လိုက်မိရင်း—

'မှန်တာပြောရရင် ကျွန်တော် ဆေးရုံကို သိပ်ကြောက် တယ်'

'ဒါဆိုလည်း ဘာလို့ အခုလာခဲ့တာလဲ'

'ဒေါက်သီးပွဲကြီး၊ တစ်ပွဲရှိသေးပါ၊ ဒေါက်တာသာ ကျွန်တော့်ကို ကူညီပေးရင် အဲဒီပွဲနဲ့ ကျွန်တော် လွဲနိုင်လိမ့်မယ်'

ဘောက်က သက်မကင်းချက်ချလိုက်...

'ဒေါက်သီးပွဲကြောင့်ကို၊'

'ဟုတ်ပါတယ် ဒေါက်တာ'

ဘောက်က စိတ်ကိုထိန်းလျက်...

'ကျွန်မပြောမယ်၊ မှင် အိမ်ပြန်သော့၊ အက်စပရင်ဆေးပြားနှစ်လုံး သောက်လိုက်ပါ၊ မနက်ကျမှ မသက်သာရင် ကျွန်မဆီကို ဖုန်းဆက်လိုက်'

ပြောပြီး ဖက်က ချာခနဲ လှည့်ထွက်သွားသည်။ လူနာမှာ ပါးစပ်အဟောင်းသားနှင့် ကျန်နေခဲ့၏။

ဟယ်ရီဘောသမင်း၏ မော်တော်ဘုတ်မှာ ပေ ၅၀ ရှည်သော လူစီးမော်တော်ဘုတ် ဖြစ်သည်။

'တက်ကြပါ'

ဘောသမင်းက ပိုက်၊ ဘောက်နှင့် ဟန်နီတို့ကို ခရီးဦးကြိုပြုသည်။



ဟန်နီက မော်တော်ဘုတ်ကို သဘောကျစွာ လိုက်ကြည့်နေ၏၊ ပိုက်က...

'သိပ်လှတာပဲ'

ပင်လယ်ကွေ့တစ်လျှောက် သုံးနာရီခန့် လျှောက်စီးကြရင်း နေသာသောသာခန့်၏ နွေးထွေးသော အရသာကို ခံစားခဲ့ကြသည်။ ဤသည်မှာ သူတို့အတွက် ပထမဆုံးအကြိမ် အပန်းဖြေရခြင်းဖြစ်သည်။

နယ်သမီးကျွန်းတွင် ကျောက်ချရပ်နားပြီး နေ့လယ်စာကို မြိန်ယှက်စွာစားရင်း ဘောက်က...

'ဒါမှဘဝကွ၊ ငါတို့ ကုန်းပေါ်ပြန်မတက်ကြတော့ဘူး'

'သိပ်ကောင်းတာပေါ့'

ဟန်နီက ထောက်ခံသည်။ တကယ် စိတ်ချမ်းမြေ့စရာကောင်းသည်။ ဆိပ်ကမ်းသို့ပြန်ရောက်တော့ ပိုက်က...

'ကျွန်မဖြင့်ပျော်လိုက်တာ မပြောပါနဲ့တော့'

'ကြားရတာ ဝမ်းသာပါတယ်၊ နောက်တစ်ခါ လာကြဦးတာပေါ့၊ ခင်ဗျားတို့သုံးယောက်ကို အချိန်မရွေးကြိုဆိုပါတယ်'

ဘောသမင်းက ဆိုသည်။ အတော်ချစ်စရာကောင်းသည့် လူပဲဟု ပိုက်စိတ်ထဲမှ တွေးနေမိ၏။

သားဖွားခန်းတွင် အလုပ်လုပ်ရသည်ကို ဟန်နီသဘောအကျဆုံး။ အချိန်တိုင်းတွင် ဘဝသစ်ခတွေ့ရ၍ မျှော်လင့်ချက် အသစ်တွေနှင့် မျှော်စရာကြီး။

သားဦးမွေးသည့် မိခင်များမှာ စိတ်အား ထက်သန်စွာ အားတက်သရောရှိကြသည်။ မွေးဖူးပြီးသား မိခင်များကျတော့ စိတ်မရှည်။ မြန်မြန်ပြီး ပြီးရော သဘောထားကြသည်။

မွေးခါနီးမိန်းမတစ်ယောက်က ဟန်နီအား....

'တော်ပါသေးရဲ့၊ အခုမှ ကျွန်မရဲ့ခြေကိုကျွန်မပြန်ကြည့်လို့ မြင်ရတော့မယ်'

ပိုက်သာ၏ နေ့စဉ်မှတ်တမ်း ရေးလေ့ရှိသည်ဆိုလျှင် ဩဂုတ်လ ၁၅ရက်နေ့ကို စာနီတစ်ကောင်လာသောနေ့ဟု မှတ်ထားမိမည်။ ထိုနေ့သည် ဂျင်မီဖို့ဒ် တစ်ယောက် မိမိဘဝထဲသို့ ရောက်လာသောနေ့တည်း။

ဂျင်မီမှာ ဆေးရုံအလုပ်သမား အော်ဒလီဖြစ်၏။ ချိုမြိန်သောမျက်နှာနှင့် အရိုးသားဆုံး လူတစ်ယောက်ဖြစ်သည်။



လူပုံအပိန်သေးသေးနှင့်အဆက်အလည်း ၁၇နှစ်လောက်သာ ရှိမည်ဟုထင်ရ၏။ သို့သော် အသက် ၂၅နှစ်ရှိလေပြီ။ ဆေးရုံ တစ်ခုလုံးလည်း သူ မရောက်သည့်နေရာမရှိ။ ဘာမဆိုအခက်အခဲရှိသည်ဟုလည်း သဘောမထား။

တစ်ချိန်လုံး လူတကာ ခိုင်းသည်ကို လိုက်လုပ်ပေးနေရသည်။ အဆင့်အတန်းခွဲခြားမှုမရှိ။ ဆရာဝန်တွေ၊ သူနာပြုတွေ၊ သန့်ရှင်းရေး အလုပ်သမားတွေကို တစ်တန်းတည်းထား၍ဆက်ဆံသည်။ ရယ်စရာလည်းပြောတတ်သည်။

'တစ်ကိုယ်လုံး ကျောက်ပတ်တီးစည်းထားတဲ့ လူနာတစ်ယောက် ပြောတာကိုကြားဖူးလား၊ သူ့ဘေးခုတင်က လူနာက သူ့ကို ခင်ဗျား အရင်က ဘာလုပ်စားလဲလို့မေးတယ်တဲ့၊ ဒီတော့ သူက ကျွန်တော် အက်ပါယာစတိတ် အဆောက်အအုံကြီးမှာ မှန်တက်သုတ်ရတဲ့ အလုပ် လုပ်တယ်လို့ပြောလိုက်တယ်တဲ့၊ ဒီတော့ ဟိုလူက ခင်ဗျား ဘယ်တုန်းက အလုပ်ထွက်လိုက်တာလဲလို့မေးတော့ သူက အပေါ်က ပြုတ်ကျလို့ တစ်ဝက်လောက်အရောက်မှာ ထွက်လိုက်ရတာလို့ ပြောလိုက်သတဲ့'

ပြောပြီး ဂျင်မီ တစ်ယောက်ယောက် ခိုင်းထားသည့် အလုပ်ကိုလုပ်ရန် သုတ်ခနဲ ထွက်သွားတော့သည်။

သူက ပိုက်ကိုလည်း ခင်သည်။

'ကျွန်တော် တစ်နေ့ ဒေါက်တာလို ဆရာဝန်ဖြစ်အောင် လုပ်မယ်'

ဟုလည်း မေးတတ်သည်။ ပိုက်အား အကြွားပြောနိုင် အလေးကစားစရာ ဇလေးများ လက်ဆောင် ပေးတတ်၏။ လက်ဆောင်ပေးတိုင်းလည်း ဟာသတစ်ခု ပါလာမြဲ။

'ဟူစတန်မြို့မှာ လူတစ်ယောက်က လမ်းမှာတွေ့တဲ့လူ တစ်ယောက်ကိုမေးတယ်၊ ဆေးရုံကို အမြန်ဆုံးရောက်အောင် ဘယ်နည်းနဲ့သွားရမလဲတဲ့၊ ဒီတော့ ဟိုလူက တက္ကဆက် ပြည်နယ်မကောင်းကြောင်း တစ်ခုခုပြောလိုက်ပေါ့လို့ပြန်ဖြေ သတဲ့'

ခပ်ကြမ်းကြမ်းအကြောင်းအရာတစ်ခုဖြစ်သည့်တိုင် သူ့အဖို့တော့ ဟာသဟူ၍သာ ထားတတ်၏။

ပိုက်၊ ကက်နှင့် ဟန်နီနိုတို့ ပြိုင်တူ အားသည့်နေ့ ဆိုလျှင် သုံးယောက်သား ဆန်ဖရန်စစ္စကို မြို့ထဲသို့ လျှောက်လည် တတ်ကြ၏။ ဂျပန်လက်ဖက်ရည် ဥယျာဉ်ကိုလည်း ရောက် သည်။ ကောင်းကင်ကြိုးရထားကိုလည်း စီးသည်။ တာရုန် ဇာတ်ရုံတွင်လည်း ပွဲဝင်ကြည့်ကြ၏။ မဟာရာနီ ဆိုင်တွင် ညစာစားကြသည်။ စားပွဲထိုးတွေက အိန္ဒိယလူမျိုးတွေချည်း။



ပိုက်က စားပွဲထိုးများကို ဟိန္ဒူဘာသာစကားနှင့်ပြောတော့ ကက်နှင့် ဟန်နီနို အံ့သြကုန်ကြသည်။

အိန္ဒိယစကားနှင့် ပြောလိုက်သည်နှင့် စားပွဲထိုးတွေအလိုလေးမရှိ ဂရုစိုက်ကြတော့သည်။

'နင် ဘယ်တုန်းက ကုလားစကား တတ်တာလဲ'

ဟန်နီနိုက မေးသည်။

'ဟိန္ဒူစကားပါ၊ ငါတို့ အိန္ဒိယမှာ နေခဲ့ရသေးတယ် လေ'

အတိတ်တို့ကို ထင်ရှားစွာ အမှတ်ရဆဲ။ အဲဖရက်နှင့်ဒိဒိ အာဂရာမှ နေ၍ တာဂျ်မဟာ အဆောက်အအုံကြီးကို ဝေး ကြည့်ခဲ့ကြသည်လေ။

'တာဂျ်မဟာကို ဘုရင်ကြီးရှားဂျဟန်က သူ့မိဖုရားကြီး အတွက် ဆောက်ပေးခဲ့တာလေ၊ နှစ်ပေါင်း ၂၀ တောင် ကြာခဲ့သတဲ့ အဲဖရက်ရဲ့'

'နင့်အတွက်လည်း ငါ တာဂျ်မဟာတစ်ခု ဆောက်ပေး မယ်၊ ကြာချင်သလောက် ကြာပစေ'

'ဒါက ကာရှင်လေ၊ ငါမိန်းမပါ'

ပိုက် ကြားယောင်နေမိသည်။

သူမအမည်ကို ခေါ်သံကြားသဖြင့် ပိုက် လှည့်ကြည့် လိုက်တော့ မိမိအား စိုးရိမ်ဟန်ကြည့်နေသောကက်ကို တွေ့ လိုက်ရသည်။

'ပိုက်…နင် ဘာဖြစ်နေတာလဲ'
'ဘာမှမဖြစ်ပါဘူး'

စိတ်ပျက်ဖွယ် ကာလများက မကုန်နိုင်သေး၊ နောက်တစ်နှစ်၏ နှစ်ဆန်းအကြိုနေ့ကို ရောက်ကာ တစ်နှစ်ကုန်ပြီး တစ်နှစ်ကူးသွားပြန်လေပြီ၊ တတိယနှစ်သို့ ရောက်ခဲ့သော်လည်း ဘာမျှပြောင်းလဲမှုမရှိသေး။
ဆေးရုံတွင် ဘ၀က ပြင်ပဏာမ္ဗာနှင့် အဆက်အသွယ်ပြတ်လှသည်။ ဟိုအခန်းကြီးက 'နိုင်ငံများတွင် ဇာတ်မှတ်မှတ်တော့အအန္တရာယ်တွေ ကျရောက်နေချိန်၌ ပိုက်တို့မှာလည်း နှစ်ဆယ့်လေးနာရီပတ်လုံး သေရေးရှင်ရေးကိစ္စတွေကို ဖြေရှင်းနေကြရသည်။
ဆေးရုံစကြံတွင် ပိုက်နှင့် ဆုံသည်အခါ ကက်ဆ ရယ်ကျဲကျဲနှင့်…
'အဆင်ပြေရဲ့လား'
'နင် ဘယ်တုန်းက အိပ်ခဲ့ရလဲ'
ပိုက်က ပြန်မေးသည်။



ဘယ်မှတ်မိမှာလဲ၊ ပြီးတော့ နှမ်းခွေစွာ ပိစီးမှုဒဏ်ကို ဘူနီးလှန်ရင်း နေ့ရောညပါ ဆက်၍လျှောက်နေကြရသည်၊ ညသည်အချိန်ကလေးတွင် အသားညှပ်ပေါင်မုန့်လေး ကိုက်လိုက်၊ စက္ကူခွက်ဖြင့် ကော်ဖီ အေးအေးတွေကို ကျိုက်လိုက်နှင့်။

ချစ်ရေးချစ်ရာနှင့် ပတ်သက်၍ ထိန်းချုပ်နေသည်မှာ ကက်အတွက် ဘ၀အစိတ်အပိုင်း၊ တစ်ရပ်လို ဖြစ်လာသည်။ သူမအား လာ၍ စမ်းသူတွေဆည်း ဆရာဝန်များထဲကသာမက လူနာများထဲကပင် ပါသည်။
သူတို့အားလုံးကို ကက်က ဆရာဝန်တစ်ယောက်လိုပင် တုံ့ပြန်ခဲ့၏၊
'ကျွန်မကို ထိလို့ရတဲ့ ယောကျ်ားဆိုတာ လောကမှာ မပေါ်သေးဘူး'
သူမ ထိုအတိုင်းလည်း ယုံကြည်သည်။

အလုပ်များနေသည့် တစ်မနက် ကက်ထံ ဖုန်းလာပြန်သည်။

'ဟော့…မမ'

သူ ဘာပြောလာတော့မည်ကို ကက်သိနေသည်။ သူ့ထံသို့ မိမိထုတ်နိုင်သည့် ငွေတွေသည်း ပို့ပေးပြီးပြီ၊ သို့သော် မိမိ ဘယ်လောက်ပို့ပို့ သူ့အတွက် လောက်မည်မဟုတ်မှန်းလည်း သိနေ၏။

'မမကလည်း ဒုက္ခမပေးချင်ပါဘူး မောင်ရယ်၊ တကယ် ပြောတာပါ၊ ကျွန်တော့်မှာ ငွေကျပ်နေပြန်ပြီ'

အမောင်လေး စိတ်ညစ်နေသည့်လေသံ ပေါက်နေသည်။

'ပိုက်…နင် ဘာဖြစ်နေလဲ'

'ဗြော်…ဘာမှမဖြစ်ပါဘူး၊ လူတစ်ယောက်ဆီက ကျွန်တော်လှည့်ထားတဲ့ငွေကို သူက ပြန်တောင်းနေလို့၊ အဲဒါ ကျွန်တော်…'

'ငါ တတ်နိုင်သလောက် ကြည့်လုပ်ပေးမယ်လေ'

'ကျေးဇူးပဲ မမရယ်၊ ကျွန်တော့်မှာ မမလိုပဲ အဖြူ အားကိုးနေရတာ မဟုတ်ဘူးလား၊ ဒါကြောင့် မမကို ချစ်နေရတာ'

'မမကလည်း ချစ်ပါတယ် မောင်လေးရယ်'



တစ်နေ့ ပိုက်နှင့် ဟန်နီတို့အား ကက်က –

'ငါတို့မှာ ဘာလိုနေလဲ သိလား'

'တစ်သလောက် အိပ်ပစ်ဖို့'

'ခွင့်ယူပြီး လျှောက်လည်ဖို့ဟ၊ ကုန်တိုက်တွေ လျှောက်သွား၊ အဖိုးတန်ပစ္စည်းအရောင်းဆိုင်တွေကို လိုက်ကြည့်'

'ဟုတ်တယ်၊ အကုန်လုံး ပထမတန်းစားတွေချည်းဖြစ်ရမယ်၊ တစ်နေ့လုံးအိပ်၊ တစ်ညလုံးဆော့'

ပိုက်ကပြောတော့ ဟန်နီက ရယ်လျက်…

'သိပ်ကောင်းတာပေါ့'

'လာမယ့် တစ်လ နှစ်လလောက်ဆိုရင် ငါတို့ ခွင့်အားရက်ရမယ်၊ ငါတို့ တစ်နေရာရာသွားဖို့ စီစဉ်ကြမယ်ဟေ့'

ပိုက်က ဆိုသည်။ ကက်က စိတ်အားထက်သန်စွာဖြင့်…

'အဲဒါ သိပ်ကောင်းတယ်၊ ဒီနေ့နေ့ကျရင် ငါတို့ ခရီးသွားအချင်းစီတစ်ခုကို သွားစုံစမ်းကြမယ်'

နေ့လက်သုံးရက် လုံးလုံး သူတို့ အစီအစဉ်တွေဆွဲကြသည်။

'ငါ လန်ဒန်ကို ရောက်ဖူးချင်လိုက်တာဟယ်၊ ဘုရင်မကြီးကိုတောင် တွေ့ချင်တွေ့ရမယ်'

'ငါကတော့ ပဲရစ်မြို့ကိုသွားချင်တယ်၊ ပဲရစ်ဟာ ကမ္ဘာပေါ်မှာ ချစ်ရေးအကောင်းဆုံးပဲ'

'ငါကတော့ အီတာလီနိုင်ငံ ဗင်းနစ်မြို့မှာ သမ္ဗာန်စီးချင်တယ်'

'တို့တို့ များရည်ဆမ်းရေးထွက်ရင် ဗင်းနစ်မြို့ကို သွားကြမယ်၊ မင်း ကြိုက်ရဲ့လား၊'

အဲဒီဖရက်ပြောသံကို ပိုက် ပြန်နီ သည် ကြားယောင်နေမိ၏။ ထာရင်နှင့်သူ ပျားရည်ဆမ်းခရီး ဗင်းနစ်မြို့သို့ ထွက်ခဲ့ကြလေသလား။

ဧနေ့နေ့ခနက်တွင် သုံးယောက်သား ဒေါ်နီချီခရီးသွား အေဂျင်စီသို့ ဝင်ဖြစ်ကြသည်။ ကောင်တာတွင်ထိုင်နေသည့် အမျိုးသမီး ယဉ်ကျေးပျူငှာလှ၏။

'...ယ်ခရီးကို သွားချင်ပါသလဲရှင်'

'ကျွန်မတို့ ဥရောပကို သွားချင်တာပါ၊ လန်ဒန်ရယ်၊ ပဲရစ်ရယ်၊ ဗင်းနစ်ရယ်'

'သိပ်ကောင်းတာပေါ့၊ ဈေးသက်သက်သာသာနဲ့ သွားနိုင်တဲ့ အဖွဲ့လိုက်ခရီးစဉ်တွေ ရှိပါတယ်'

'မဟုတ်ဘူး...မဟုတ်ဘူး၊ ပထမတန်းနဲ့သွားမှာ'

ပိုက်က ဟန်နီကိုကြည့်ကာ ပြုံးပြရင်း ပြောလိုက်သည်။

'ဟုတ်တယ်၊ ပထမတန်း လေယာဉ်ခရီးစဉ်နဲ့ သွားမှာပါ'

ဆက်၍ ဝင်ထောက်သည်၊ ဟန်နီကလည်း...

'ပထမတန်းစားဟိုတယ်မှာလည်း တည်းမယ်'

'ဟုတ်ကဲ့၊ လန်ဒန်မြို့မှာ ရစ်ဇ်ဟိုတယ်ရှိပါတယ်၊ ပဲရစ်မြို့မှာတော့ ခရီလွန်ဟိုတယ်ပါ၊ ဗင်းနစ်မြို့မှာဆိုရင် စီပရီယာနီဟိုတယ်ဟာ အကောင်းဆုံးပါပဲ၊ နောက်ပြီး...'

ပိုက်က...

'ကျွန်မတို့ကို ခရီးစဉ်ကြော်ငြာစာရွက်ကလေးတွေ ပေးလိုက်ပါလား၊ အဲဒါတွေကြည့်ပြီးမှ ဆုံးဖြတ်တာပေါ့'



'ရပါတယ်ရှင်'

ခရီးသွားလုပ်ငန်း ကိုယ်စားလှယ် အမျိုးသမီးက ဆို...။ ပိုက်က စာရွက်များကိုကြည့်လိုက်ပြီး...

'သင်္ဘောစင်းလုံးငှားဖို့လည်း စီစဉ်ပေးတာကို'

'ဟုတ်ပါတယ်ရှင်'

'ကောင်းတယ်၊ ကျွန်မတို့လည်း တစ်စင်းငှားမယ်'

'အင်မတန် ကောင်းတာပေါ့'

ခရီးသွားကိုယ်စားလှယ်က ကြော်ငြာ စာရွက် ကလေး...ကိုစုရှ် ပေးရင်း...

'သွားမယ်ဆိုရင် ကျွန်မကိုအကြောင်းကြားပါရှင်၊ ကျွန်မ...စီစဉ် ပေးရအောင်'

'ကျွန်မတို့ အကြောင်းကြားပါမယ်'

ဟန်နီက ပြောလိုက်သည်။ အပြင်သို့ ရောက်သောအခါ...က တဟားဟား ရယ်လျက်...

'ဒီလောက် ကောင်းတဲ့ စိတ်ကူးယဉ် ရအာမျိုး မရှိဘူး...'

ပိုက်က...

'မပူပါနဲ့ဟယ်၊ တစ်နေ့ ငါတို့ အဲဒီနေရာတွေ အကုန်...နိုင်မှာပါ'

✿

## (အခန်း ၁၀)

အမ်တာဂကက်ဒရိုဆေးရုံတာဝန်ခံ ဆရာဝန်ကြီး ဒေါ်[illegible]တာ ဆေမာဝီလ်ဆင်မှာ၊ လုပ်ငန်းတွေ အဆင်မပြေသ[illegible] စိတ်မရှည်နိုင် ဖြစ်နေသည်။ လူနာတွေကများ၊ ဆရာဝန်[illegible] သူနာပြုတွေက မလုံလောက်၊ အလုပ်ချိန်ကနည်း ဖြစ်[illegible]သည်။ ဝီလ်ဆင်မှာ နံစံမြို့ပြတော့မည့် သတော်[illegible] သဘော်ာမာလိန်မှူး၊ ဆောက်တည်ရာမရ ဝေ့ျာက်[illegible] နေပြီး ဟိုအာပေါက်လိုက်ပိတ်၊ သည်အပေါက်လိုက်[illegible] လုပ်နေသည်နှင့် တူနေတော့သည်။

လောလောဆယ် ဒေါက်တာဝီလ်ဆင် စိုးရိမ်နေသည်[illegible] ဟန်နီနှင့် ပတ်သက်၍ ဖြစ်၏။ သူမကို ဆရာဝန် အခ[illegible]



များများစား ခင်မင် နေကြသော်လည်း၊ ယုံကြည် ရသည့် အလုပ်သင်ဆရာဝန်များနှင့် သူနာပြုများက သူမ လုပ်ငန်း၌တွင် အရည်အချင်း မပြည့်ကြောင်း သတင်း ပို့နေကြသည်။

နောက်ဆုံးတွင် ဝီလ်ဆင်သည် ဆေးရုံအုပ်ကြီး ဒေါက်တာ ပေါလေ့စ်အား သွားတွေ့ကာ...

'ကျွန်တော်တို့ဆီက ဆရာဝန် တစ်ယောက်ကို အလုပ်ထုတ်ပစ်ရမယ်၊ အဲဒီဆရာဝန်မနဲ့တွဲပြီး လုပ်တဲ့ အလုပ်သင် ဆရာဝန်တွေက အဲဒီဆရာဝန်မ လုပ်ငန်း သိပ်[illegible]ားမလည်ဘူးလို့ တိုင်နေကြတယ်'

ဟန်နီကို ပေါလေ့စ် မှတ်မိနေသည်။ ဆေးကျောင်း[illegible]င် အမှတ်ကောင်းကောင်းနှင့် အောင်ခဲ့ကြောင်းထောက်ခံချက်ပါလာသည့် ဆရာဝန်မ ဖြစ်သည်။

'ကျွန်တော်တော့ နားမလည်ဘူး ဖြစ်နေတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ကျွန်တော်တို့ လုပ်ရမှာ တစ်ခုပဲ ရှိတယ်၊ [illegible] များကိုလာတိုင်တာ [illegible]ကယ်သူလဲ'

ဒေါက်တာ အဲလစ်ဆင်ပါ'

'ကောင်းပြီ၊ မနက်ဖြန် နက် ဟန်နီကို ဒေါက်တာ အဲလစ်ဆင်နဲ့တွဲပြီး လုပ်ခိုင်းလိုက်၊ ပြီးတော့ ဟန်နီနဲ့ ပတ်သက်ပြီး သတင်းပို့ဖို့ သူ့ကိုပြော၊ တကယ်လို့ အဲလစ်ဆင်

ဆ ဟန်နီဟာ အလုပ်ကို နားမလည်ပါဘူးလို့ ပြောရင် ကျုပ်အလုပ်ထုတ်ပစ်လိုက်မယ်'

'ကောင်းတယ်၊ ကျေးဇူးပဲ ဆရာကြီး'

နေ့လယ်စာစားစဉ် ဟန်နီအား နောက်နေ့ မနက် မိမိ ဒေါက်တာ အဲလစ်ဆင်နှင့် လှည့်ရမည် ဖြစ်ကြောင်း ပိုက် အား ပြောပြနေသည်။ ပိုက်က—

'သူ့ကိုငါသိပါတယ်၊ နမည်ကတော့ ခပ်ပျက်ပျက်ပဲ'

'ငါလည်း အဲဒီလိုပဲ ကြားတယ်'

ထိုအချိန်တွင် ဆေးရုံ၏ အခြားတစ်နေရာ၌ ဒေါက်တာ ဝီလ်ဆင်က ဒေါက်တာအဲလစ်ဆင်နှင့် စကားပြောနေသည်။ အဲလစ်ဆင်မှာ ရေဗာပ်တွင်း၌ ဆေးဘက်ဆိုင်ရာ အရာရှိ နှစ်ဆယ့်ငါးနှစ် လုပ်လာခဲ့သူ ဖြစ်ပြီး စစ်ရှိန်၊ စစ်ဓာနီဝိုးနေ ဆဲ ဖြစ်၏။ ဝီလ်ဆင်က—

'ခင်ဗျား ဒေါက်တာ ဟန်နီကို စေ့စေ့စပ်စပ်ကြည့်ပါ။ သူလုပ်ငန်း နားမလည်ဘူးဆိုတာ သေချာရင် သူ့ကိုအလုပ် ဖြုတ်ပစ်မယ်၊ နားလည်လား'

'နားလည်ပါပြီ'

သူကလည်း ထိုအခွင့်အရေးကိုမျှော်နေသည်ပင်။ ဒေါက် တာ ဝီလ်ဆင်လိုပင် သူလည်း လုပ်ငန်းနားမလည်သည့်ဆရာ ဝန်တွေကို မနှစ်မျို။

နောက်ပြီး ဆေးဘက်ဆိုင်ရာတွင် မိန်းမတွေ အလုပ်လုပ် သည်ဆိုလျှင် သူနာပြုဆရာမသာ လုပ်ဖို့ကောင်းသည်ဟု ယူဆထားသူလည်း ဖြစ်သည်။



နောက်တစ်နေ့ နံနက် ခြောက်နာရီထိုးတော့ အလုပ်ဆင် ဆရာဝန်များ လှည့်စစ်ကြဖို့ စုဝေးနေကြသည်။ ဒေါက် တာ အဲလစ်ဆင်၏ အဖွဲ့တွင် သူ့လက်ထောက် တွမ်ဘင်ဆင် နှင့် ဟန်နီအပါအဝင် အလုပ်သင်ဆရာဝန် ငါးယောက် ပါ သည်။

အဲလစ်ဆင်က ဟန်နီအား ကြည့်လျက်စိတ်ထဲမှာ ကြည့် ကြသေးတာပေါ့ မိန်းကလေးရယ်ဟု တွေးမိကာ မိမိအဖွဲ့ သက်သို့ လှည့်၍—

'သွားကြစို့'

အဆောင်တစ်ခု၌ ပထမဆုံး တွေ့ရသည့် လူနာမှာ ဆယ်ကျော်သက်အရွယ် ခုတင်ပေါ်တွင် ခေါင်းကို ထူထူခြုံထိုင်နေသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။

'ဒီလူနာ အဖျားဝင်နေတယ်၊ ချမ်းတယ်၊ ကိုယ်သက်မအီမသာဖြစ်တယ်၊ ခံတွင်းပျက်တယ်၊ အပူချိန်တက်တယ်၊ ချောင်းဆိုးတယ်၊ အခြေအနေပတ်ဝန်းကျင်နဲ့ ဘာရောဂါလို့ ထင်လဲ ဒေါက်တာ ဟန်နီ'

ဟန်နီက ရပ်လျက် မျက်မှောင်ကြုတ်ကာ ငြိမ်နေသည်။

'ကဲ...ပြောလေ'

'ဆင်း...ကျောက်နာဖြစ်မယ်လို့ ထင်ပါတယ်၊ ကြွက်ရောဂါ ဖျားအဆုပ်နာပါ'

ဒေါက်တာ အဲလစ်ဆင်မှာ သူမအား တအံ့တဩ ကြည့်လျက်...

'ဘာ...ဘာကြောင့် ခင်းမပြောနိုင်တာလဲ'

'သူ့ဆောက်ဘေးကလေးတွေက ကျောက်နာလက္ခဏာတွေနဲ့ တူနေပါတယ်၊ နောက်ပြီး သူဟာ တိရစ္ဆာန် အရောင်းဆိုင်မှာအချိန်ပိုင်းစာရေးမ ဝင်လုပ်နေတယ်ဆိုလည်း ကျွန်မသိထားတယ်၊ ကျောက်နာတွေဟာအဲဒီရောဂါမျိုးဖြစ်နေတဲ့ ကြွက်တွေရှေးကနေ ကူးတတ်ပါတယ်'

ဒေါက်တာ အဲလစ်ဆင်က ဖြည်းညင်းစွာ ခေါင်းညိတ်လျက်...

'သိပ်မှန်ပါတယ်၊ ဘယ်လိုကုရမယ်ဆိုတာရော သိသလား'



'ဟုတ်ကဲ့... ဘက်ထရာဆိုက်ကလင်း ဆယ်ရက် တိုက်ရအိပ်ရာပေါ်မှာပဲ နားနေပြီး အရည်ကိုပဲ တိုက်ရမယ်'

ဒေါက်တာ အဲလစ်ဆင်က ကျန်လူများဘက်သို့ လှည့်...

အားလုံးကြားရဲ့လား၊ ဒေါက်တာ ဟန်နီပြောတာ သိပ်မှန်တယ်'

နောက် လူနာ တစ်ယောက်ဆီသို့ လာခဲ့ကြပြန်သည်။

က်တာအဲလစ်ဆင်က...

ဒီလူနာရဲ့ ဆေးမှတ်တမ်းကိုဖတ်ကြည့်ရင် သူ့မှာ မီးဆိုးမြင်း ရှိနေတယ်၊ သွေးတိုးတယ်၊ မောပန်းနွမ်းနယ်တိုတာ တွေ့ရမယ်၊ ဘာရောဂါဖြစ်မလဲ'

လုပ်သင်ဆရာဝန် တစ်ယောက်က...

မိုးနီးယား အအေးပတ်ရောဂါ တစ်မျိုး ဖြစ်နိုင်ပါ

ောက် တစ်ယောက်ကလည်း...

ကင်ဆာ ဖြစ်နိုင်ပါတယ်'

ဒေါက်တာ အဲလစ်ဆင်က ဟန်နီဘက်သို့လှည့်၍...

ခင်းကရော ဘာရောဂါလို့ ထင်လဲ'

ဟန်နီက စဉ်းစားသလို လုပ်နေပြီးမှ...

သင်တာပြောရရင် အမျှင်ထူနမိုးနီးယား ဖြစ်နိုင်ပါ

ကျောက်ဂွမ်းအဆိပ်ကြောင့် ဖြစ်တာပါ၊ မှတ်တမ်းသူဟာ ကောင်စေတာစက်ရုံမှာ လုပ်တယ်လို့ ရေးထားးတယ်'

အဲလစ်ဆင်မှာ အထင်ကြီးမှုကို ဖုံးကွယ်မထားနိုင်ခဲ့ဘဲ—

'သိပ်တော်တာပဲ၊ အရမ်းကို တော်တယ်၊ ဒါထက်အ တွက်လိုက်ရမယ်ဆိုတာ ရောသိသေး၊'

'ဒီအတွက်တိတိကျကျ ကုတုံး မတွေ့သေးပါဘူး၊'

ထိုစကားမှာ ပို၍ပင် လေးစားစရာ ကောင်းနေသည်၊ နောက် နှစ်နာရီလောက် ကြာသောအခါ ဟန်နီ အလွန် ရှားပါးသော ရိတ္တာရောဂါ၊ အရိုးရောင်၊ သွေး များ ရောဂါ၊ ၄ုက်ဖျဉ်းရောဂါ တို့ကိုပင် ပြောနိုင်ခဲ့ သည်။

လှည့်လည်စစ်ဆေးပြီးသောအခါ ဒေါက်တာ အဲလစ် ဆင်က ဟန်နီအား လက်ဆွဲနှုတ်ဆက်ပြီး…

'ဆရာဟာ တော်ရုံနဲ့ အထင်ကြီးတတ်တဲ့လူ မဟုတ် ဘူး၊ ဒါပေမယ့် ဆရာပြောမယ်၊ မင်းဟာ ရှေ့လျှော သိပ်ပြီး အောင်မြင်ဦးမယ်'

ဟန်နီက ရှက်သွေးဖြာလျက်…

'ကျေးဇူးတင်ပါတယ် ဒေါက်တာ အဲလစ်ဆင်'

'ဒေါက်တာ ဝေါလေ့စ်ကိုလည်း ဆရာ ဒီအတိုင်း ပြော လိုက်ပါမယ်'

ပြောပြီး လှည့်ထွက်သွားတော့သည်။

ဒေါက်တာ အဲလစ်ဆင်၏ လက်ထောက် ကွမ်ဘင်ဆင်က ဟန်နီကိုကြည့်၍ပြုံးလျက်—



'နောက် နာရီဝက်လောက်ကျမှ မင်းကို ကိုယ် လာတွေ့ မယ် အချစ်ရယ်'

ဒေါက်တာ အာသာကိန်းကို ပိုက် ရှောင်သည်။ သို့ သော်အခါ အားလျော်စွာ သူက ပိုက်အား သူ့ကို ကူ လုပ်ခိုင်းတတ်သည်။ တစ်ကြိမ်ထက် တစ်ကြိမ်လည်း သူ့အ အတင့်ရဲလာ၏။

'မင်းက ငါနဲ့လျောက်မလည်ချင်ဘူးဆိုတာဘာဖြစ်သေး လဲ၊ မင်းမှာ လည်ရမယ့်လူ ရှိနေလို့လား'

ဟုလည်း ပြောတတ်၏။

ပိုက် သူနှင့် အလုပ် လုပ်ရမည်ကို ကြောက်လာသည်။ မလိုအပ်ဘဲ ခွဲစိတ်မှုများ လုပ်နေသည်ကိုလည်း တစ်ခါထက် တစ်ခါ ပိုတွေ့လာရ၏၊ ကောင်းနေသော ကိုယ်တွင်းအင်္ဂါ များအား ခွဲထုတ်သည်မျိုးလည်း လုပ်တတ်သည်။

တစ်နေ့ ကိန်းနှင့်ခွဲစိတ်ခန်းသို့ အတူသွားစဉ် ပိုက်က—

'အခု ဘာခွဲမှာလဲ ဆရာ'

'သူ့ ပိုက်ဆံအိတ်ကို ခွဲမှာ၊ အလကားနေရာက်တာပါ'

သူအား ပိုက်ကိုကြည့်ကာ ပြောနေ၏၊

နောက်ပိုင်းကက်နှင့် တွေးသောအခါ...

'ဒီလူနှားသတ်ရုံမှာ သွားအလုပ်လုပ်ဖို့ပဲ ကောင်း တယ်၊ လူတွေကိုခွဲစိတ်ခိုင်းဖို့ မကောင်းဘူး'

အကောင်းအတိုင်းရှိနေသောအသည်းတစ်ခုကိုခွဲထုတ်ပြီး နောက် ဒေါက်တာကိန်းအား ပိုက်ဘက်သို့ လှည့်၍ ခေါင်းကို ယမ်းရင်း...

'ဒုက္ခပါပဲကွာ၊ ဒီလူအသက်မှ ရှင်ပါ့မလား၊ မသိဘူး'

ပိုက် ဒေါသကို အတော် ချုပ်တည်းထားလိုက်ရသည်၊ ထိုသခကြောင်းတွေ တွမ်ရျန်းကို ပြောမည်ဟုလည်း ဆုံးဖြတ် လိုက်၏၊

'ဒေါက်တာကိန်းနဲ့ ပတ်သက်ပြီး သွားတိုင်ရင် ကောင်း မယ်၊ ဒီလူဟာ လူနာတွေကို သတ်နေတယ်'

'အေးအေး နေစမ်းပါ ပိုက်ရယ်'

'မနေနိုင်ဘူး၊ ဒီလိုလူကို ခွဲစိတ်ခိုင်းတာမျိုး မလုပ်သင့် ဘူး၊ ရာဇဝတ်မှုပဲ၊ သူ့ကို စီစစ်ရေးကော်မတီနဲ့ စစ်ဆေး သင့်တယ်'

'အဲဒါထူးမှာမို့လဲ၊ တခြား ဆရာဝန်တွေကို သက်သေ ထွက်ဆိုခိုင်းရမယ်၊ ဘယ်သူက သူနဲ့ဆန့်ကျင့်ပြီး ထွက်ဆိုရဲ မှာလဲ၊ ဒီနေရာဟာ သူ့အရပ်နဲ့ သူ့ဇာတိ ဆနေကြတာ ကိုယ်လည်း အဆင်ပြေအောင် ကြည့်ရုံပဲ၊ ဆရာဝန် တစ် ယောက် မဟုတ်တာ လုပ်နေတဲ့အကြောင်း တခြား ဆရာဝန် တစ်ယောက်ကို သက်သေထွက်ဆိုနိုင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊



ကိုအားလုံး ဒုက္ခရောက်နိုင်တဲ့လူတွေချည်းပဲ၊ တစ်ယောက်ကို တစ်ယောက် အားကိုးနေကြရတာ၊ စိတ်လျှော့စမ်းပါ ပိုက်ရယ်၊ ကျုပ် ခင်ဗျားကို အပြင်မှာ နေ့လယ်စာ ကျွေး ပါ့မယ်'

ပိုက်က သက်ပြင်းချလျက်...

'ဟုတ်ပါတယ်၊ မဘာဆားတဲ့ စနစ်ကြီးပဲ'

နေ့လယ်စာစားရင်း ပိုက်က...

'ရှင်နဲ့ ဆရိတ္တိအခြေအနေ ဘယ်လိုလဲ'

ချိန်းက ရုတ်တရက် မဖြေ၊ ပြီးမှ...

'ကျွန်... ကျွန်တော်တို့ ပြဿနာ ဖြစ်နေတယ်၊ အလုပ် ကြောင့် ကျွန်တော်တို့ အိမ်ထောင်ရေး ပျက်ရတော့မယ်၊ ကျွန်တော်လည်း ဘာလုပ်ရမှန်းတောင် မသိဘူး'

'နောက်တော့ အဆင်ပြေသွားမှာပါ'

ချိန်းက ခေါင်းငြိမ့်၍...

'အကောင်းဆုံးကတော့....'

ပိုက် သူ့ကိုမော့ကြည့်လိုက်သောအခါ သူက....

'သူသာ ထွက်သွားရင် ကျွန်တော့်ကိုယ်ကျွန်တော် သတ် သေလိုက်မှာပဲ'

❁

နောက်တစ်နေ့နံနက်တွင် ဒေါက်တာကိန်းအား ကျောက်ကပ်ခွဲစိတ်မှုတစ်ခုကို စီစဉ်ထားသည်။ ခွဲစိတ်ဆရာဝန်က ပိုက်အား...

'ဒေါက်တာ ကိန်းက ခွဲစိတ်ခန်း ၄ မှာ သူ့ကိုကူဖို့ မင်းကို လိုချင်တယ်တဲ့'

ပိုက်က ရုတ်တရက် အာတွေခြောက်သွားရသည်။ ပိုက်လူ့အနားသို့မကပ်ချင်။ ထို့ကြောင့် ပိုက်က—

'တခြားတစ်ယောက်ကို ခိုင်းလို့မရဘူးလား ဆရာ'

'သူ မင်းကိုစောင့်နေတယ်'

ပိုက်က သက်ပြင်းချလျက်—

'ကောင်းပါပြီ'

ပိုက် ခွဲစိတ်ဝတ်စုံဖြင့် ရောက်သွားသောအခါ ခွဲရန်အသင့်ဖြစ်နေလေပြီ။

'ကိုယ့်ကို ကူစမ်းပါဦးကွယ်'

ကိန်းက ဆီးပြောသည်။

လူနာ၏ပိုက်တွင် အိုင်အိုဒင်းအရည်ဖြင့် ဆေးဆွဲမှတ်သားပြီးနေပြီ၊ ဗိုက်အပေါ်နား နံရိုးအောက်ဘက်စောက်ဆီတွင်လည်း တစ်ချက်ခွဲထားလေပြီ။ ယခုထိတော့ မဆိုးသေး။

'ဓားပေးပါ'

ခွဲစိတ်သူနာပြုက ဒေါက်တာကိန်းအား ခွဲစိတ်ဓားကမ်းပေးလိုက်သည်၊ သူက မော့ကြည့်ပြီး—

'သီချင်းဖွင့်စမ်းပါဟ'



ခဏကြာတော့ ကွန်ပျူတာစက်ပြောင်းမှ သီချင်းသံပေါ်လာသည်။ ဒေါက်တာကိန်း ဆက်၍ခွဲနေရင်းက—

'နည်းနည်းအပူပေးရအောင်၊ အချစ်ရေ ဘိုဗီကို ကိုင်ကွာ'

အချစ်ရေဆိုပါလား။ ပိုက်က လျှပ်စစ်အပူပေးကိရိယာ ဘိုဗီကို ကောက်ယူလိုက်သည်။ ပြီးတော့ ဗိုက်ထဲသို့ သွေးအဝင်နည်းအောင် သွေးလွှတ်ကြောမ အား အပူပေးလိုက်၏၊ ခွဲစိတ်မှုက အခြေအနေကောင်းနေဆဲ။

တော်ပါသေးရဲ့။

'ရေမြှုတ်ပေးပါ'

သူနာပြုဆရာမက ရေမြှုတ်တစ်ခု ကမ်းပေးသည်။

ကိန်းက ကျောက်ကပ်ပေါ်လာစေရန် ကျောက်ကပ်ပတ်လည်ကို လှည့်ဖြတ်နေရင်း....

'နည်းနည်းစုပ်ထုတ်ရအောင်ဟေ့၊ သွေးဂါက နည်းနည်းရှိနေသေးတယ်၊ ထပ်စုပ်လိုက်ဦး'

သူက ကျောက်ကပ်ကို ညှပ်နှင့်ဆွဲမလိုက်ပြီး....

'ကဲ...ပြန်ချုပ်ရအောင်'

အားလုံး အဆင်ပြေနေသည်။ သို့သော် ပိုက်၏စိတ်ထဲတွင် မနေသင့်စနင်းဖြစ်နေ၏။ ထို့ကြောင့် ကျောက်ကပ်ကို သေသေချာချာကြည့်လိုက်သည်။ ကျောက်ကပ်မှာအကောင်းပကတိ။ ပြီးတော့ သူမ မျက်မှောင်ကြုတ်၍ စဉ်းစားနေမိသည်။ ဘာသဘောလဲ။

ဒေါက်တာကိန်း ဓာတ်ရာကိုပြန်ချုပ်နေစဉ် ပိုက်ဓာတ်မှန် ရှိရာသို့သွားကာ ကြည့်လိုက်သည်။ အလင်းသေတ္တာတွင်ရှိနေသည့် ဓာတ်မှန်ကိုကြည့်လိုက်မိသည်တွင် ပိုက်တိုးတိုးကလေး ရေရွတ်မိ၏။

'ဟယ်... ဒုက္ခပါပဲ'

ဓာတ်မှန်မှာ ပြောင်းပြန် လပ်ထားခြင်းဖြစ်ပြီး ဒေါက်တာကိန်း ခွဲလိုက်သည်မှာ ခွဲရမည့် ကျောက်ကပ်အမြစ် မဟုတ်။

နောက်မိနစ်သုံးဆယ်ကြာသောအခါ ပိုက်မှာဆေးရုံအုပ်ကြီး ဘင်ဂျမင်ဝေါလေ့စ်၏ ရုံးခန်းထဲသို့ ရောက်နေသည်။

'သူက ကောင်းတဲ့ကျောက်ကပ်ကို ခွဲထုတ်ပြီး မကောင်းတဲ့ကျောက်ကပ်ကို ချန်ထားတယ်၊ ဒီလူကို ထောင်ချ ဖို့ကောင်းတယ် ဆရာကြီး'

ပိုက်၏အသံများ တုန်နေသည်။ ဆေးရုံအုပ်ကြီး၏ နှစ်သိမ့်သောလေသံဖြင့်...



'မင်းပြောတာ ဆရာလက်ခံပါတယ် ပိုက်ရယ်၊ အခုဟာက တမင်လုပ်တာမှမဟုတ်တာ၊ မှားတာပဲ၊ ပြီးတော့...'

'မှားတာဟုတ်လား၊ လူနာဟာ တစ်သက်လုံး ကျောက်ကပ်တစ်ခုနဲ့ နေသွားရမှာ၊ ဒီအတွက် တာဝန်ရှိတဲ့လူကို အပြစ်ပေးသင့်တယ်'

'ဆရာပြောမယ်၊ ဒီကိစ္စကို ဆရာတို့စုံစမ်းပါမယ်'

ပိုက်သဘောပေါက်သည်။ သမားတော်ကြီးများ စုရုံး ထိုကိစ္စကို သုံးသပ်ကြမည်။ နောက်ပြီး ရဲဘက်နှင့် အများပြည်သူမသိအောင် လျှို့ဝှက်ထားမည်ဖြစ်၏။

'ဒေါက်တာဝေါလေ့စ်...'

'မင်းဟာ ငါတို့ရဲ့ အတွင်းလူတစ်ယောက်ပါ၊ အားလုံးနဲ့ စိတ်တူကိုယ်တူ ညီညွတ်မှုရှိမှပေါ့'

'ဒီဆေးရုံမှာ သူ့စီးပွားလာရှာစရာမလိုဘူး၊ ဘယ်ဆေးရုံမှာမှလည်း ဒီလိုရှာဖို့မကောင်းဘူး'

'အားလုံးကို ခြုံပြီးကြည့်မှပေါ့ကွယ်၊ သူ့ကို အလုပ်ထုတ်ပစ်လိုက်ရင် ငါတို့ဆေးရုံ နာမည်ပျက်သွားမှာပေါ့၊ လုပ်ငန်းမှားယွင်းလုပ်ဆောင်မှုဆိုပြီး အများကြီး တရားစွဲခံရလိမ့်မယ်'

'လူနာတော့ဘာကာကရော'

'ဒေါက်တာကိန်းကို ဆရာတို့ သေသေချာချာ စောင့်ကြည့်လိုက်ပါ့မယ်၊ မင်းကို ဆရာအကြံပေးချင်တာက မင်းဆရာဝန် လုပ်စားတော့မယ်ဆိုရင် တခြား ဆရာဝန်တွေအပေါ် လည်း စိတ်ကောင်း စေတနာကောင်းထားဖို့လိုတယ်၊

အဲဒီလိုမှမဟုတ်ဘဲ ကိုယ့်ဆရာဝန်အချင်းချင်း အပြစ်ရှာဖော်ထုတ်မယ်ဆိုရင် မင်းအပေါ်လည်း အဲဒီလို တန်ပြန်လာကြလိမ့်မယ်၊ မင်းကို ဆရာ သတိပေးလိုက်ပါရဲ့'

ပိုက် ထ၍ရပ်ပြီး…

'ဒါဆိုတော့ ဆရာကြီး ဘာမှ လုပ်မပေးတော့ဘူးပေါ့လေ'

'ဆရာပြောပြီးပြီပဲ၊ ဆရာတို့ စုံစမ်းလိုက်ပါ့မယ်လို့'

'ဒါပဲလုပ်မှာလား'

'ဒါပဲလေ'

'လုံးဝ မတရားဘူး'

ကော်ဖီဆိုင်တွင် ပိုက်ချေ ဇက်နှင့် ဟန်နီတို့အား ပြောလိုက်ခြင်းဖြစ်သည်။ ဇက်ချေ ခေါင်းကိုယမ်းလျက်—

'ဘဝမှာ အမြဲ တရားမျှအမှုရှိတယ်လို့ပြောတဲ့လူမရှိသေးပါဘူးဟယ်'



ပိုက်က ပိုးမွှားကင်းစင်အောင်လုပ်ထားသည့် ကြွေပြားခင်းအခန်းကို လှည့်ပတ်ကြည့်လိုက်ပြီး…

'ဒီနေရာကြီးမှာ နေရတာ ငါစိတ်ပျက်လာပြီ၊ လူတွေကိုလည်း မသတီတော့ဘူး'

'သတီစရာဆိုလည်း သူတို့ ဒီနေရာကို ဘယ်ရောက်လာကြမလဲ'

ဇက်ချေ ဝင်ထောက်သည်။ ဟန်နီက…

'ငါတို့ ပါတီလေးတစ်ခု လုပ်ရအောင်ဟေ့'

'ပါတီ ဟုတ်လား၊ နင် ဘာတွေပြောနေတာလဲ'

'အစားအသောက်လေး ယမကာလေးမှာပြီး အခမ်းအနားလေးတစ်ခု လုပ်ကြတာပေါ့၊ စိတ်ပြေလက်ပျောက်လေ'

ပိုက် ခဏစဉ်းစားလိုက်ပြီး—

'အေး—မဆိုးဘူး၊ လုပ်ကြတာပေါ့'

ဟန်နီက—

'စိန့်လိုက်၊ ငါစီစဉ်မယ်၊ မနက်ဖြန် ငါတို့လှည့်ပြီးတခါလုပ်ကြမယ်'

ဒေါက်တာကိုနီ၊ ကြေးမုံပေါ်တွင် ပိုက်အနီးသို့ ချဉ်းကပ်လာသည်။ ပြီးတော့ အေးစက်စက်ကျော့ကျော့လေးသံဖြင့်—

'မင်း တယ်မိုက်တဲ့မိန်းကလေးပဲ၊ ခင်းပါးစပ်ကို ပိတ်တတ်အောင်တော့ သင်ပေးဦးမှ'

ပြောပြီး သူ လှည့်ထွက်သွားသည်။

ပိုက်မှာ မယုံနိုင်ဆလို သူ့ကိုကြည့်ရင်း ကျန်ရစ်ခဲ့၏။ မိမိပြောသည်များကို ဒေါက်တာဝေါ်လေ့စ်က သူ့အားပြောလိုက်သည်လား။ သည်လိုတော့ ပြောဖို့မကောင်း။

'ကိုယ့်ဆရာဝန်အချင်းချင်းအပေါ် အပြစ်ရှာ ဖော်ထုတ်မယ်ဆိုရင်'

မိမိ ဤသို့လုပ်ခဲ့မိသည်လား၊ အို…မှန်တာလုပ်တာပဲလေ

---

ပါတီလုပ်မည်ဟူသော သတင်းက ရုတ်ခြည်းပြန့်သွားသည်။ အလုပ်သင်ဆရာဝန်အားလုံး ရောက်လာ၏။ 'အဝ၏ဆိုင်မှ အစားအသောက်များမှာ၍ နီးရာ ယမကာဆိုင်မှ ယမကာများမှာသည်။



ပါတီကို ဆရာဝန်များနားနေခန်း၌ ညနေ ၅ နာရီတွင် ကျင်းပရန် သတ်မှတ်လိုက်သည်။ အစား အသောက်နှင့် ယမကာများ လေးနာရီခွဲတွင် ရောက်လာကြ၏။

၅ နာရီ ၁၅ မိနစ်တွင် ပိုက်၊ ကက်နှင့် ဟန်နီတို့ နားနေခန်းထဲသို့ ရောက်သွားသောအခါ အားလုံး လူစုံနေပြီ။ အလုပ်သင်ဆရာဝန်များ၊ ဆရာဝန်ဟောင်းများနှင့် သူနာပြုများ စုံနေ၏။

ပိုက်က ဟန်နီဘက်သို့လှည့်၍—

'နင့်အကြံ သိပ်ကောင်းတယ်'

'ကျေးဇူးပဲ'

အသံချဲ့စက်မှ ကြေညာချက်တစ်ခုပေါ်လာသည်။

'ဒေါက်တာဖင်လေနဲ့ ဒေါက်တာအတ္တလာတို့ အရေးပေါ်ခန်းကို အမြန်ဆုံးလာခဲ့ပါ'

လူအုပ်ထဲမှ ဆရာဝန်နှစ်ယောက် ဝါးနေသောပုစွန်တွေ မျိုချရင်း တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။ ပြီးတော့ သက်ပြင်းချကာ အခန်းထဲမှ ထွက်သွားကြတော့၏။

တွမ်ချန်းအာ ပိုက်ထံသို့လျှောက်လာပြီး…

'ကျွန်တော်တို့ ဒါမျိုး အမြဲတစ်ခါလုပ်ရင်ကောင်းမယ်'

'ဟုတ်တယ်၊ ဒါမှ—'

အသံချဲ့စက်မှ အသံပေါ်လာပြန်သည်။

'ဒေါက်တာချန်း—အခန်းနံပါတ် ၇၊ ဒေါက်တာချန်း အခန်းနံပါတ် ၇ ကို လာပါ'

မောကြာပြန်တော့...

'ဒေါက်တာစမစ်သီ... ဒေါက်တာစမစ်သီ... အရေးပေါ် အခန်းနံပါတ်နှစ်ကို လာပါ'

အသံချဲ့စက်မှ အသံထွက်ပေါ်သည်ဟူ၍ မရှိတော့။ နာရီဝက်လောက်အတွင်း ဆရာဝန်နှင့် သူနာပြုတွေအားလုံး အရေးတကြီးခေါ်၍ ပြေးကြရတော့သည်။ ဟန်နီခမ်းနာသည်လည်း ခေါ်သံကြားလိုက်ရသည်။ နောက်ပြီး ပိုက်နှင့် ထက်တို့၏ နာမည်တွေလည်း ခေါ်သံကြားရ၏။ ကက်က...

'ငါတော့ ယုံတောင်မယုံဘူး၊ ကိုယ်စောင့်နတ်သမီးတွေလို့ပဲ ကြားဖူးတယ်၊ ငါတို့ကတော့ ကိုယ်စောင့်အရဲမတွေ ဖြစ်နေပြီ'

သူမ စကားက နိမိတ်လို့ဖြစ်ခဲ့လေသည်။

တနင်္လာနေ့နံနက် ပိုက် ဂျူတီထွက်ပြီးနောက် မိမိကားဆီသို့ ဝင်လိုက်သောအခါ ကားဘီးနှစ်လုံးပေါက်နေသည်ကို တွေ့လိုက်ရသည်။

ထိုဘီးများကို ဖေါက်နိုင်သူလိုလည်း စိုက်ကြည့်နေမိ၏။



'ဇင်းပါးစပ်ကို ပိတ်တတ်အောင်တော့ သင်ပေးဦးမှ'

တိုက်ခန်းသို့ပြန်ရောက်တော့ ဇက်နှင့် ဟန်နီတို့အား...

'ဒေါက်တာကိန်းဆိုတဲ့လူကို သတိထားကြ၊ ဒီလူဟာ သူယုတ်မာ'

## အခန်း (၁၀)

တယ်လီဖုန်းလာသဖြင့် ကျမ လန့်နိုးသည်။ မျက်စိ မပွင့်ဘဲ တယ်လီဖုန်းကို လှမ်းယူ၍ နားထောင်လိုက်၏။

'ဟလို....'

'ကျမလား၊ မိုက်ပါ မမ'

ကျမ ထထိုင်မိသည်။ ရင်တွေလည်း တဒိန်းဒိန်းနှင့်။

'မိုက်...နင် ဘာဖြစ်ပြန်ပြီလဲ မောင်လေး'

သူ့ရယ်သံကို ကျမ ကြားလိုက်ရသည်။ ပြီး—

'ဘာမှမဖြစ်ပါဘူး မမ၊ မမနဲ့ မမရဲ့မိတ်ဆွေကို ကျေးဇူးတင်လိုက်တာ'

'မမမိတ်ဆွေ...ဟုတ်လား'



'မစ္စတာဒင်နက်တိုလေ၊ ကျွန်တော့်ကို သူ့ဆီ ကယ်လိုက်တာ'

မည်သူ့ကိုဆိုလိုမှန်း ကျမ သဘောမပေါက်။

'ကျွန်တော် အကြွေးဆပ်စရာရှိတဲ့လူတွေဆိုတာ သိတယ် မဟုတ်လား၊ မစ္စတာဒင်နက်တိုက ဆပ်ပေးလိုက်တယ်၊ ဒီလူ တကယ့် လူကြီးလူကောင်းပါ မမရယ်၊ မမကိုလည်း သူ လေးစားနေတယ်'

မစ္စတာဒင်နက်တိုနှင့် တွေ့ခဲ့သည့် အကြောင်းကို ကျမ မေ့နေသည်။ ယခုမှ ရုတ်တရက် ပြန်သတိရမိ၏။

'မင်း အခုပြောနေတာ ဘယ်သူလဲ မင်းမသိဘူးထင်တယ်၊ သူခိုင်းတဲ့အတိုင်း လုပ်ပေးလိုက်ပါ၊ မစ္စတာ လျူ ဒင်နက်တိုဆိုတာပဲ'

မိုက်က ဆက်ပြောနေသည်။

'မမဆီကို ကျွန်တော် ငွေပို့လိုက်တယ်၊ မမမိတ်ဆွေက ကျွန်တော့်အတွက် အလုပ်တစ်ခုလည်းရှာပေးတယ်၊ ဝင်ငွေ တော်တော်ကောင်းတဲ့အလုပ်ပါ'

မမမိတ်ဆွေဆိုပါလား။ ကျမ ဘဝင်မကျချင်။

'နားထောင်စမ်းမိုက်၊ မင်း နေတာထိုင်တာကြည့်နေပါ'

သူ့ရယ်သံကို ကျမ ကြားရပြန်သည်။

'ကျွန်တော့်အတွက် မပူပါနဲ့ မမရယ်၊ အခြေအနေတွေ အားလုံး ပြန်ကောင်းလာမှာပါလို့ ကျွန်တော် ပြောတယ် မဟုတ်လား၊ အခု ကျွန်တော်ပြောတဲ့အတိုင်း မှန်နေပြီလေ'

'ကိုယ့်ကိုယ်ကိုဂရုစိုက်ပါ မောင်လေးရယ်၊ နောက်ပြီး—

ဝုန်းလိုင်းဖြတ်သွားသည်။

ဘက် ပြန်အိပ်၍မရတော့။ ဒင်နက်တိုက မိမိဓာင်ကို မည်သို့သိသွားသနည်း၊ နောက်ပြီး သူ့ကို ဘာကြောင့် ကူညီခဲ့သနည်း။

နောက်တစ်နေ့ညု ဘက် ဆေးရုံမှပြန်ခဲ့တော့ ကားအနက်ကြီးတစ်စီးမှာ ဆေးရုပ်အညီနေရာမှ သူမအား စောင့်နေသည်။ ရှဲဒိုးနှင့် ရိုင်နီတို့ ကားနောက်တွင် ရပ်နေကြ၏။

ဘက် သူတို့ကို ဖြတ်ကျော်မည်အလုပ် ရိုင်နီက—

'ကားထဲကိုဝင်ပါ ဒေါ်ဂျီတာ၊ ခင်ဗျားကို စွေတာဒင်နက်တိုက တွေ့ချင်လို့'

ရိုင်နီကို ဘက် တစ်ချက်ကြည့်လိုက်သည်။ ရိုင်နီ၏မျက်နှာက မာသည်။ သို့သော် ရှဲဒိုးက ပိုကြောက်စရာကောင်း၏။ ခပ်မဆိတ်နေသည့် သူ့ပုံစံက ကြောက်စရာကောင်းလှသည်။ အခြားရွေးချယ်စရာဆိုလျှင် ဘက် ကားထဲသို့ ဝင်မည် မဟုတ်။ သို့သော် မိုက်တယ်လီဖုန်းဆက်ထားသည့်အကြောင်း က မည်သို့မှန်းမသိ။ နောက်ပြီး ဘက် ပူပန်နေမိသည်။

သူမအား မြို့ဆင်ခြေဖုံးရှိ တိုက်ခန်းတစ်ခန်းသို့ ကားဖြင့် ခေါ်သွားသည်။ ရောက်တော့ ဒင်နက်တိုက သူမအား စောင့်နေသည်ကို တွေ့ရ၏။

'အခုလို လိုက်လာတဲ့အတွက် ကျေးဇူး တင်ပါတယ် ဒေါက်တာ၊ လေးစည်း လေးစားပါတယ်၊ ကျုပ်မိတ်ဆွေ



တစ်ယောက် မတော်တဆ ဒဏ်ရာရသွားလို့၊ အဲဒါ ဒေါက်တာ ကုပေးစေချင်ပါတယ်'

'ရှင်အား မိုက်နဲ့ ဘယ်လိုပတ်သက်တာလဲ'

'ဘာမှတော့ မဟုတ်ပါဘူး၊ သူ ဒုက္ခရောက်နေတယ်လို့ ပြောကြားလို့ပါ၊ အဲဒါနဲ့ ကျုပ်လည်း ကြည့်ရှင်းပေးလိုက်တယ်'

'ဘယ်လို…ရှင် သူ့ကို ဘယ်လိုသိတာလဲ၊ ကျွန်မမောင် ရှင်ဘယ်လိုသိသလဲ'

ဒင်နက်တိုက ပြုံးလျက်…

'ကျုပ်ရဲ့လုပ်ငန်းမှာ အားလုံး မိတ်ဆွေတွေချည်းပါပဲ၊ တစ်ယောက်နဲ့တစ်ယောက် ကူညီရတယ်၊ မိုက်ဟာ ခပ်ဆိုးဆိုး လူတွေနဲ့ နွယ်နေတယ်၊ ဒါကြောင့် ကျုပ်ကူညီလိုက်တာ၊ အတွက် မင်း ကျေးဇူးတင်ရလိမ့်မယ်'

'တင်ပါတယ်၊ တကယ့်ကို ကျေးဇူးတင်ပါတယ်'

'ကောင်းပါတယ် ကွယ်၊ တစ်ယောက်ရဲ့ အခက်အခဲကို တစ်ယောက် ကူညီရတာပေါ့'

ဘက်က ခေါင်းခါလျက်…

'ကျွန်မ တရားမဝင်တော့ လုပ်မပေးနိုင်ဘူး'

ဒင်နက်တို မျက်နှာတင်းသွားပြီး…

'ထရွားမခင် ဟုတ်လား၊ မင်းကို အဲဒီလို လုပ်ရမယ်လို့ တည်း မပြောပါဘူး၊ ကျုပ်မိတ်ဆွေက နည်းနည်း ဒေါ်ရှ ရသွားလို့၊ သူ့အ ဆေးရုံတက်ရမှာလည်း ကြောက်တယ် လေ၊ အဲဒါ နည်းနည်း ကြည့်ပေးပါလား၊'

မိမိ ဘာလုပ်မည်နည်း၊

'ကောင်းပြီလေ'

'ဟိုအိပ်ခန်းထဲမှာပါ'

ဒင်နက်တို၏ မိတ်ဆွေမှာ အဘော်လေး ရိုက်နှက်ခံထား ရသည်၊ ခုတင်ပေါ်တွင် သတိလစ်နေ၏။

'သူ ဘယ်လိုဖြစ်တာလဲ'

ကက်ဏမေးတော့ ဒင်နက်တို့အ သူ့ကိုကြည့်ကာ—

'လှေကားပေါ်က လိမ့်ကျတာ'

'သူ့ကို ဆေးရုံတင်ရင်ကောင်းမယ်'

'သူ့အ ဆေးရုံမတက်ချင်ပါဘူးလို့ ဆိုနေ၊ ဒေါက်တ လိုတဲ့ ဆေးရုံသုံးပစ္စည်းအားလုံး ကျုပ်ရှာပေးမယ်၊ ကျု မိတ်ဆွေကို ကုပေးတဲ့ တခြားဆရာဝန် တစ်ယောက်လည် ရှိပါတယ်၊ သူလည်း မတော်တဆ ထိခိုက်ဒဏ်ရာရသွား

ထိုစကားကြောင့် ကက် စိမ့်ကြွက်သွားမိသည်။ နေရာမှ ထွက်ပြေးကာ အိမ်သို့ ပြန်ချင်သည်၊ ဒင်နက်



ဟူသော အမည်ကိုလည်း မကြားလိုတော့၊ သို့သော် ဘဝ တွင် မည်သို့မျှ လွတ်ထပ်သည်ဟူ၍ မရှိပါလား။

အယူရှိလျှင် အပေးရှိရမည်ပေါ့၊ ကက် အပေါ်အကျီကို ချွတ်ကာ စ၍ကုသတော့သည်။

'မနက်ဖြန် ခွဲစိတ်ခန်း၊ အမှတ် ၃ မှာ အူကျတဲ့ လူနာ အစ်ယောက်ကို ခွဲရမယ် ပိုက်၊ မနက်ခုနစ်နာရီ ခွဲမှာ'

ပိုက်က ရေးမှတ်ထားလိုက်ပြီး—

'ဟုတ်ကဲ့၊ ဘယ်ဆရာဝန်ခွဲမှာလဲ'

'မင်းကိုယ်တိုင် ခွဲရမှာ'

'ဟုတ်ကဲ့၊ ကျွန်မ—ကျွန်မခွဲရမယ် ဟုတ်လား'

'ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

ပိုက်၏မျက်နှာ ဝင်းလက်သွားသည်။

'ဘာမှမဖြစ်ပါဘူး ဆရာကြီး'

'မင်း ခွဲဘတီနေပါပြီ၊ မင်းခွဲတဲ့အတွက် လူနာကံကောင်း ပါစေ၊ လူနာနာမည်က ဝေါလ်ဘာဟွားဇော့တဲ့၊ အခန်း နံပါတ် ၃၁၄ (က)'

'ဟားဇော့၊ အခန်းနံပါတ် ၃၃၄ နော်၊ ကောင်းပါပြီ' ပြောပြီး ပိုက် ထွက်လာခဲ့သည်။

## အခန်း (၁၂)

အလုပ်သင်ဆရာဝန်လုပ်သက် လေးနှစ်တွင်း စတင်ရောက်တော့ ပိုက် ခွဲစိတ်မှုပေါင်းရာနှင့်ချီ၍ ကူညီလုပ်လာခဲ့ရသည်။ ခွဲစိတ်မှုလုပ်ငန်းနှင့်လည်း အတော်လေး ရင်းနှီးလာခဲ့ရ၏။ ဆီးအိမ်၊ ထရက်ရွက်၊ အသည်း၊ အူအတက်တို့အပြင် အလွန်အရေးကြီးသော နှလုံးကိုပင် ခွဲစိတ်ခဲ့ဖူးပြီ။ သို့သော် မိမိကိုယ်တိုင် မခွဲရသေးသဖြင့် မချင့်မရဲ ဖြစ်ရသည်။ 'သူများလုပ်တာကြည့်၊ ကိုယ်တိုင်လုပ်၊ နောက်တစ်ယောက်ကိုသင်ပေး' ဆိုသောမူမှာ မည်သို့ဖြစ်နေသည်မသိ။

ဖြစ်ချင်တော့လည်း ခွဲစိတ်ဆရာဝန်ကြီး ဂျော့ဘက်လန်က ပိုက်အား လာတွေ့ရန် ခေါ်သည်။

ပိုက် တစ်ခါမျှ ဤသို့ စိတ်မလှုပ်ရှားဖူးခဲ့၊ မိမိ ပထမဆုံးအကြိမ် ခွဲစိတ်ဖူးတော့မည်။ လူသားတစ်ယောက်၏ အဆက်ကို ကိုင်တွယ်ရတော့မည်။ မိမိမခွဲတတ်လျှင် ဘယ့်နှယ်လုပ်မည်နည်း။ မိမိမှားသွားလျှင် မည်သို့လုပ်မည်နည်း။ အခြေအနေဆိုသည်မှာ ပြောနိုင်သည်မဟုတ်၊ စိတ်ပင်ပန်းရသည်။

ဆောင်ဖိဆိုင်သို့သွားကာ ဆော်ဖီကြမ်း တစ်ခွက် ထိုင်သောက်လိုက်သည်။ အဆင်ပြေသွားပါလိမ့်မည်ဟု လည်း ကိုယ့်ကိုယ်ကို အားတင်းလိုက်၏၊ အူကျလူနာ ခွဲစိတ်မှုပေါင်းများစွာကို မိမိကူခဲ့ဖူးသည်ပဲ၊ ဘာမျှ ခက်ခဲသည့် အလုပ်မဟုတ်၊ မိမိ ခွဲစိတ်ခြင်းကြောင့် လူနာကောင်းလှသည်။

ကော်ဖီသောက်ပြီးချိန်တွင် မိမိ၏ ပထမဆုံး လူနာကို ရင်ဆိုင်နိုင်ရန် တည်ငြိမ်မှုရသွားလေပြီ။

ဝေါ်လ်တာဟားဇော့မှာ အသက်ခြောက်ဆယ်ကျော်ပြီ ပိန်၍ နှုပ်ဖူးပြောင်သည်။ ဟားဇော့မှာ ကြောက်၍လည်း နေသည်။ ခုတင်ပေါ်တွင် ပေါင်ကြားထဲ လက်ထည့်၍



လဲလျောင်းနေ၏။ ပိုက်က ပနီးတစ်စည်းကိုင်ကာ သူ့သခန်းထဲရောက်သွားသည်။ သူက မော့ကြည့်ပြီး—

'ဆရာမ ကျွန်တော့်ကို ဆရာဝန်တစ်ယောက် ခေါ်ပေးပါ'

ပိုက်က ခုတင်အနီးသို့ လျှောက်သွားပြီး ပန်းစည်းကို ပေးရာ—

'ကျွန်မက ဆရာဝန်ပါ၊ ရှင့်ကိုခွဲမှာ ကျွန်မလေ'

လူနာက ပန်းစည်းကို ကြည့်လိုက် ပိုက်ကို ကြည့်လိုက်—

'ခင်ဗျာ…ဘာရယ်'

'မစိုးရိမ်ပါနဲ့၊ အဘဟာ ကျွမ်းကျင်တဲ့ခွဲစိတ်ဆရာဝန်နဲ့ တွေ့တာပါ'

ပြီးတော့ ပိုက်က ခုတင်ခြေရင်းရှိ လူနာဆေးမှတ်တမ်း ယူဖတ်ကြည့်လိုက်သည်။

'အဲဒီမှာ ဘာတွေရေးထားသလဲ'

လူနာက စိုးရိမ်စွာမေးရင်း ဘာကြောင့် မိမိအား ပန်းများ ပေးပါလိမ့်ဟု တွေးနေသည်။

'ဒီအထဲမှာရေးထားတဲ့အတိုင်းဆိုရင် အဘ နေကောင်းသွားမှာပါ'

'ဒေါက်တာက တကယ်ခွဲမှာလား'

'ဟုတ်တယ်'

'မင်းက သောက်ရမ်းငယ်လွန်းတယ်ကွာ'

ပိုက်က သူ့လက်မောင်းကိုပုတ်၍—

'ကျွန်မခွဲလို့ ဆုံးသွားတဲ့လူနာ မရှိသေးဘူး၊ နေ့ရထိုင်ရတာ အဆင်ပြေရဲ့လား၊ ဖတ်စရာတစ်ခုခု ယူပေးရမလား၊ စာအုပ်ဖြစ်ဖြစ် မဂ္ဂဇင်းဖြစ်ဖြစ်ပေါ့၊ သကြားလုံး စားမလား'

လူနာက စိုးရိမ်စွာ နားထောင်လျက်က...

'ရပါတယ်၊ နေပါစေ'

မိမိအား သူ့ အကြောင်း ကျုံမျှော်နေသည်လော၊ မိမိအား မပြောဘဲထားသည်များ ရှိနေခဲ့သလား။

'ကဲ...မနက်ကျမှ ကျွန်မ လာခဲ့မယ်'

ပိုက်က ချိုသာစွာပြောရင်း စာရွက်ဘေးလေး တစ်ရွက်ပေါ်၌ တစ်စုံတစ်ရာရေးခြစ်လျက် လူနာကိုကမ်းပေးပြီး—

'ရော့—ဒါက ကျွန်မအိမ် ဖုန်းနံပါတ်၊ ဒီည ကိစ္စရှိရင် ဖုန်းဆက်လိုက်ပေါ့၊ ကျွန်မ ဖုန်းနားမှာ ထိုင်စောင့်နေမယ်'

ပိုက် ထွက်သွားသည့်အချိန်တွင် လူနာဝေါလ်ဘာဘာဇော့မှာ စိတ်တွေ အတော်ပင်လှုပ်ရှား၍ ကျန်ခဲ့တော့သည်။

ကောကြီးတော့ ပိုက်ကို ဂျင်မီ နားနေခန်းထဲတွင် တွေ့သည်၊ ဂျင်မီက သူမထံသို့လျှောက်သွားပြီး ပြုံးလျက်—

'ဂုဏ်ယူပါတယ်ဗျာ၊ ဒေါက်တာကိုယ်တိုင် ခွဲစိတ်ရတော့မယ်ဆို'

ပိုက်က သတင်းတွေပြန့်နေပြီပဲဟု တွေးရင်း...

'ဟုတ်တယ်'

'ခွဲစိတ်ခံရမယ့် လူနာကတော့ ကံကောင်းတာပဲ၊ ကျွန်တော်သာ တစ်ခုခုဖြစ်ရင်လည်း ဒေါက်တာ့ကိုပဲ ခွဲခိုင်းမယ်



'ကျေးဇူးပါပဲ ဂျင်မီရယ်'

ဂျင်မီနှင့်တွေ့လိုက်လျှင်တော့ ဟာသတွေချည်း။

'ခြေကျင်းဝတ်မှာ ထူးထူးဆန်းဆန်း နာနေတဲ့ လူနာတစ်ယောက်အကြောင်း ကြားဖူးလား၊ သူက ကပ်စေးနဲပြီး ဆရာဝန်နဲ့လည်း မပြချင်ဘူးတဲ့၊ ဒီတော့ သူ့လိုဝေဒနာမျိုးဖြစ်နေတဲ့ မိတ်ဆွေတစ်ယောက်ကို 'ခင်ဗျားရောဂါ ဆရာဝန်နဲ့ သွားပြပါလား၊ ပြပြီးရင် ဆရာဝန်က ဘာပြောလည်းဆိုတာ ကျွန်တော့်ကို ပြောစမ်းပါ'လို့ ပြောသတဲ့။

'နောက်တစ်နေ့ အဲဒီမိတ်ဆွေ ဆုံးသွားပြီလို့လဲ ကြားရော ဒီလူဟာ ဆေးရုံကို ပြေးပါလေရော၊ စမ်းသပ်တာ ငွေသည်း ငါးထောင်လောက်ကုန်သွားတယ်၊ စမ်းသပ်ကြည့်တော့လည်း အရောဂါမှမတွေ့ဘူး၊ ဒါနဲ့ သူလည်း သေသွားတဲ့ မိတ်ဆွေရဲ့ဇနီးဆီကို ဖုန်းဆက်ပြီး 'ခင်ဗျားအမျိုးသား မသေခင်က တော်တော်ဝေဒနာခံစားသွားရှာလား'တဲ့၊ ဒီတော့ အဲဒီမိန်းမက 'မသိပါဘူး၊ တိုက်သွားတဲ့ကားကိုတောင် သူ မမြင်မသွားရှာဘူး'လို့ ပြောသတဲ့'

ပြောပြီး ဂျင်မီ ထွက်သွားတော့သည်။

ပိုက်မှာ စိတ်လှုပ်ရှားလွန်းသဖြင့် နေ့လယ်စာပင် စား
နိုင်၊ တစ်ညနေလုံး စားပွဲခြေထောက်တွေ၊ မီးအိမ်တွေ
ခွဲစိတ်ကြိုးဖြင့် ထက်တွေ့စမ်းသပ် ချည်တုပ်ကြည့်နေသည်
မနက်အိပ်ရာထ လန်းလန်းဆန်းဆန်း ဖြစ်နေရန် ကော
ကောင်းအိပ်လိုက်မည်ဟုလည်း စိတ်ကူးနေ၏။

သို့သော် တစ်ညလုံး အိပ်မပျော်ခဲ့၊ ခွဲစိတ်မှုကို
ကူးဖြင့် အကြိမ်ကြိမ်လုပ်ကြည့်နေမိသည်။

အူကျသည်ဆိုခြင်းမှာ သုံးမျိုးသုံးစားရှိသည်၊ လျော့
ရသော အူကျခြင်းမှာ အပ်ပယ်ကို ညှစ်ခြင်းဖြင့် ဗိုက်
တွန်းသွင်းသော ဆက်ထားစေနိုင်သည်၊ လျော့၍ မရ
အူကျခြင်းဆိုသည်မှာ ဗိုက်ထဲသို့ ပြန်သွင်း၍မရဲအောင်
ထပ်နေခြင်းဖြစ်၏၊ အဆိုးဆုံးမှာ အူပိတ်အူကျနာ ဖြ
ကျနေသော အူများထဲသို့ သွေးမစီးတော့ဘဲ ပိတ်
အူများပုပ်ခြင်းဖြစ်သည်။

ဝေါ်ထာဘားဇော့၏အူကျမှာ လျော့၍မရသော
နာ ဖြစ်သည်။



နောက်နေ့မနက်အခြောက်နာရီတွင် ပိုက် ဆေးရုံသို့ ကား
ဖြင့် မောင်းလာခဲ့သည်။ ကားရပ်သည့် နေရာတွင် သူမ
ကားရပ်လိုက်တော့ သူမ၏ကားဘေးတွင် အနီရောင်ဖာရာရီ
ကားတစ်စီးရပ်ထားသည်ကို တွေ့လိုက်ရ၏၊ ဘယ်သူ့ကား
ပါလိမ့်ဟုတွေးရင်း အတော် ချမ်းသာသည့် လူပဲ ဟုလည်း
မှတ်ချက်ချမိသည်။

ခုနစ်နာရီထိုးခါနီး ပိုက်မှာ ဝေါ်ထာဘားဇော့အား
ပြာရောင် ဆေးရုံ ဝတ်စုံ လဲပေးနေ၏၊ ဆရာမများက
ဘားဇော့အား အကိုက် အခဲ ပျောက်ဆေး ထိုးပေးထား
ဖြင့် သူ့ကို တွန်းလှည်းဖြင့်တင်လာစဉ် လူနာမှာ ငြိမ်၍
လာသည်။

'ဒါဟာ ကျွန်တော် ပထမဆုံး ခွဲစိတ်ခံဖူးတာပါ'

ကျွန်မလည်း ဒီလိုပါပဲဟု စိတ်ထဲမှ ပြောဖြစ်သည်။

တွန်းလှည်း ခုတင် ရောက် လာ တော့ ဟားဇော့အား
ဘ်ခန်းအမှတ်သုံးကို ပို့လိုက်သည်၊ ပိုက်အား စကြံ်အတိုင်း

ရုတင်ခေတားမှ လျှောက်လိုက်လာ၏၊ ရင်ခုန်သံမှာ ကျ
လောခင်လှုန်းသဖြင့် ဟားဇော့ ကြားသွားလေမည်လား
စိတ်ပူမိသည်။

ခွဲစိတ်ခန်း အမှတ်သုံးမှာ အခတော်လေး ကျယ်သော
အခန်းတစ်ခန်းဖြစ်၍၊ နှလုံးတိုင်းစက်၊ နှလုံးအသုပ်စက်နှင့်
အခြားကိရိယာ တန်ဆာပလာအမြောက်အမြား ရှိနေသည်
အခန်းထဲကို ပိုက်ဝင်သွားတော့ အမှုထမ်းတွေ အားလုံး
အသင့်ရှောက်နေကြပြီး၊ ကိရိယာများကို ပြင်ဆင်နေကြ
အကူဆရာဝန်တစ်ယောက်၊ မေ့ဆေးဆရာဝန် တစ်ယော
အလုပ်သင်ဆရာဝန်နှစ်ယောက်၊ ခွဲစိတ်သူနာပြုတစ်ယော
နှင့် အလုညီကျသူနာပြုနှစ်ယောက်တို့ ဖြစ်သည်။
သူတို့အားလုံးက ပိုက်၏ ပထမဆုံး ခွဲစိတ်မှု မည်
ရှိမည်ကို စိတ်ဝင်တစား ကြည့်နေကြသည်။
ပိုက်က ခွဲစိတ်ခုတင်ဆီသို့ လျှောက်သွားသည်။ ဟားဇေ
၏ပေါင်ချုန်တစ်ပိုက် အမွေးအမျှင် အားလုံးကို ရိတ်
ပိုးသတ်ဆေးများ လိမ်းကျံထားပြီးဖြစ်သည်။ ခွဲစိတ်သ



နေရာတစ်ပိုက်တွင် ပိုးသတ်ပြီးသား အဝတ်တစ်စ ဖုံးထား
သည်။

ဟားဇော့က အိပ်ချင်မူးတူးဖြင့် ပိုက်အား မော့ကြည့်
…။

'ကျွန်တော့်ကို ဒေါက်တာ သေအောင်တော့ မလုပ်ပါ
နော်'

'ဘာ—အဲဒီလိုဆိုရင် ကောင်းနေတဲ့ ကျွန်မနားခည် ပျက်
မှာပေါ့'

ပိုက်က လှုနာအား ထုံဆေးထိုးရန်ပြင်နေသော မေ့ဆေး
ဝန်ကို မော့ကြည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

ခွဲစိတ်မှု စတင်လေပြီ။
'မားပေးပါ'

ပိုက်က ဓားဖြင့် ခွဲမည်လုပ်နေစဉ် အလုညီကျ သူနာပြု
မက တစ်စုံတစ်ခုပြောလိုက်သဖြင့်—
'ဘာ…'

သီချင်းဖွင့်ပေးရမလားဒေါက်တာ'
ကျွန်မ၊ ခွဲန်းမျိုးပထမဆုံးအခမေးခံခြင်းဖြစ်၍ ပိုက်က—
'ကောင်းတာပေ၊ ရှင်မိဘူဇေးရဲ့သီချင်း၊ ဖွင့်စမ်းပါ'

ခေါ်ဖြင့် ပထမတစ်ချက်ခွဲစိတ်ပြီးသည်နှင့် ပိုက်တုန့်... ခြင်းမရှိတော့၊ လှပ်ခနက်ကျအသုပ်တစ်ခုပမာ ဖြစ်အောသည်... ကပ်ပယ်ခေါင်းမှ ပထာ အဆီနှင့်ကြွက်သားလွှာကို ခွဲလိုက်... သည်။ ထို့နောက် ကြွားနေအျ အသံမျှားကို ကြွားနေ... တော့အည်။

'ရေမြှုပ်ဒပနပေါ်'

'ဘိုဗီးပေးပေါ်'

'ယုဝင်ပြီ'

'အချိန်မီပဲဟေ့'

ပိုက်မှာ မိမိလုပ်ကိုင်နေသည်တွင်သာ အာရုံစိုက်နေ... ကပ်ပယ်အိတ်ကိုမျှဉ်းကျနေသည်များကို ကိုယ်တွင်းခေါင်း... ထဲသို့ ပြန်ထည့်၊ ကပ်ပယ်အရင်းတွင် ချည်နှောင်၊ အပိုကို ဖြတ်ယောက်ပစ်၊ ပြီးတော့ ပြန်ချုပ်လိုက်သည်။

စခွဲသည်မှ ပြီးသည်အထိ တစ်နာရီနှင့် မိနစ်နှစ်ဆယ်... ကြာသည်၊ပိုက်မှာ အတော်ပင်ပန်းနေရမည့်အစား အားအား... ပင် စိတ်ဘက်ကြနေ၏။

တာ၊ခေါ့အား ပြန်ချုပ်ပေးပြီးတော့ ခွဲစိတ်ထူနာပြု... ပိုက်အား—

'ဒေါက်တာပိုက်'

'ထင်—'



ဆရာမလေးက ပြုံးလျက်—

'ဒေါက်တာ သိပ်ကျွမ်းတာပဲ'

❁

တနင်္ဂနွေနေ့ဖြစ်သည့်၊ သူတို့သုံးယောက်စလုံး အားသည့် ဖြစ်၏။

'တို့ ဒီနေ့ ဘာလုပ်ရင်ကောင်းမလဲ'

ကက်က မေးလိုက်ခြင်းဖြစ်သည်။ ပိုက်က—

'ဒီနေ့ ရာသီဥတုကောင်းတယ်၊ ရွက်လှေယျာဉ်ကို အားနဲ့ လည်ကြမယ်ဟေ့၊ နေ့လယ်စာကို ထုပ်ယူသွားပြီး ယို သွားမယ်'

'အေး—ကောင်းတယ်ဟေ့'

ဟန်နီက ထောက်ခံသည်၊ ထို့ကြောင့် တယ်လီဖုန်းဖောဖြင့် ယောက်အား တယ်လီဖုန်းဆီသို့ မျက်စိရှေ့ဆက်သွားကြ ည်၊ ကက်က—

'ဆေးလိုက်ပါတော့၊ ဒီနေ့ ငါတို့အားရက်ပဲ၊ ဖုန်းသွား နိုင်နေတော့'

'ငါတို့မှာ အားရက်ဆိုတာ မရှိပါဘူးဟယ်'

ပိုက်ကဆိုသည်။ ကက်က ဖုန်းဆီသို့သွားပြီးကိုင်ကာ—

'ဒေါက်တာအောက်ဟန်းတားပါ'

ဖုန်းကို ဆက်နားထောင်နေပြီးမှ ကက်က ပိုက်အား—

'နှင့်ဆီကိုလာတာ၊ ဒေါက်တာပိုက်တေလာတဲ့'

'အေး—အေး'

ပိုက်က တယ်လီဖုန်းကိုယူ၍ နားထောင်ပြီး....

'ဒေါက်တာပိုက်တေလာပါ၊ ဟဲလို—တွမ်လား၊ ဘာ— ဟင့်အင်း၊ ကျွန်မ အခု အပြင်သွားမလို့၊ ခြောက်—ခေါင်း ဝါပြီ၊ အခု ဆယ့်ငါးမိနစ်လောက်ဆို ကျွန်မရောက်လာမယ်'

ပိုက် ဖုန်းကို ပြန်ချလိုက်သည်။ ပျော်ပွဲစားကလေး တောင် မထွက်ရတော့ပါလား။ ဟန်နီ—

'အခြေအနေ မဟန်ဘူးလားဟေ့'

'အေး....လူနာတစ်ယောက် ဆုံးတော့မယ်၊ ညစာအမီ ဝါကြွားစားပြီး ပြန်လာခဲ့မယ်'



ပိုက်ဆေးရုံရောက်တော့ ကားကို ကားထိုးသည့်နေရာတွင် အနီရောင် ဖရူရီ ကားအသစ်စက်ဈေးတစ်စီးဘေးတွင် ထိုးထားလိုက်၏။ သည်ကားမျိုး ဝယ်နိုင်အောင် ခွဲစိတ်မှု ဘယ်နှခါလောက် လုပ်ပေးရမည်ပါလိမ့်။

နောက် မိနစ်နှစ်ဆယ်လောက်ကြာတော့ ပိုက် ဧည့်သည် များ အခန်းထဲဖြတ်လျှောက်လာသည်။ အနက်ရောင်ဝတ်စုံ နှင့် လူတစ်ယောက် ကုလားထိုင်တစ်လုံးတွင် ထိုင်၍ ပြတင်း ပေါက်ကို ငေးကြည့်နေသည်ကို တွေ့လိုက်ရ၏။

'မစ္စတာနှယူတန်ပါလားရှင်'

ထိုလူက မတ်တတ်ထ၍....

'ဟုတ်ပါတယ်ဗျာ'

'ကျွန်မ ဒေါက်တာပိုက်တေလာပါ။ ရှင့်ကလေးကို ကျွန်မ ကြည့်ပေးမလို့ပါ၊ ပိုက်အောင့်လို့ ဆေးရုံတင်တဲ့ ကလေး လေ'

'ဟုတ်ပါတယ်၊ သူ့ကို ကျွန်တော် ပြန်ခေါ်သွားချင်လို့'

'မဖြစ်ဘူးထင်တယ်၊ ပီတာက သရက်ရွက် ကွဲနေတာ၊ သူ့ကို ချက်ချင်း ဆေးသွင်းပြီး ခွဲရမှာ၊ မခွဲရင် သေလိမ့် မယ်'

မစ္စတာနယ္လတန်ဗိုဒ်ဘူက ခေါင်းကိုယမ်းလျက်....

'ကျွန်တော်တို့ကို ယေရှုသခင်က စောင့်ရှောက်နေတာပါ၊ ဘုရားသခင်က သူ့ကို ပေးသေမှာမဟုတ်ဘူး၊ သူ့ကို ထခြားလူရဲ့ဘေး ရှုန်းပေးတာ ကျွန်တော်မကြိုက်ဘူး၊ သူ့ကို ဆေးရုံလာတင်တာက ကျွန်တော့်မိန်းမပါ၊ အဲဒီအတွက် သူ့ကိုလည်း ဆုံးမရဦးမယ်'

'ကလေးအခြေအနေ ဘယ်လောက် ဆိုးနေတယ်ဆိုတာ ရှင်မသိဘူး မစ္စတာနယ္လတန်၊ ချက်ချင်း မခွဲရင် ရှင့်သား သေလိမ့်မယ်'

ထိုလူက ပိုက်အား ကြည့်ကာ ပြုံးလျက်...

'ဒေါက်တာကလည်း ဘုရားတရားအကြောင်းနားမလည် သေးဘူးထင်တယ်'

ပိုက်မှာ ဒေါသထွက်လာပြီး...

'ဘုရားတရားအကြောင်း ကျွန်မ သိပ်နားလည်ချင်မှ နားလည်မယ်၊ ဒါပေမယ့် အရက်ရွက်ကွဲတဲ့ မောဂါအကြောင်းကိုတော့ ကျွန်မ နားလည်တယ်'

ပိုက်က စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး...

'ရှင်က အုပ်ထိန်းသူဆိုတော့ ခွဲစိတ်ခွင့်ပြုကြောင်း ဒီမှာ လက်မှတ်ထိုးပေးပါ'



'မထိုးဘူးဆိုရင်ရော ဗျာ'

'မထိုးရင် ဘယ်ခွဲလို့ဖြစ်မလဲ'

သူက ခေါင်းတစ်ချက်ဆတ်ပြီး...

'ခင်ဗျားက ဘုရားထက် တန်ခိုးကြီးတယ်လို့ ထင်နေတာပေါ့လေ'

ပိုက်က သူ့ကို စိုက်ကြည့်ရင်း...

'ရှင် လက်မှတ်မထိုးဘူးလား'

'မထိုးနိုင်ဘူး၊ ကျွန်တော့် သားကို ခင်ဗျားထက် တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်က ကယ်လိမ့်မယ်၊ ခင်ဗျား စောင့်ကြည့်နေပါ'

လူနာဆောင်ထဲသို့ ပိုက်ပြန်ရောက်လာသောအခါ ခြောက်နှစ်သား ပီတာကလေးမှာ သတိလစ်၍ ပျော့ခွေနေလေပြီ။

'ဒီကလေး အသက်ရှင်ဖို့ မလွယ်ဘူး၊ သေလုနီးနေပြီ၊ ဒေါက်တာ ဘာလုပ်မလဲ'

ချန်းက မေးလိုက်ခြင်းဖြစ်သည်။ ပိုက်က ဆုံးဖြတ်ချက်ချလိုက်ပြီး...

'ခွဲစိတ်ခန်း အမှတ်တစ်ကို ပို့လိုက်ပါ၊ မြန်မြန်လုပ်'

ချန်းက ပိုက်အား အံ့ဩသလို မော့ကြည့်ပြီး...

'သူ့အဖေ စိတ်ပြောင်းသွားပြီလား'

'ဟုတ်တယ်၊ ပြောင်းသွားပြီ၊ ကဲ—သွားစို့'

'တယ်ဟုတ်ပါလား၊ ကျွန်တော် သူ့ကို နှစ်းချတာ တစ်နှစ်ရှိလှောက်ကြာတယ်၊ လုံးဝမရတူး၊ ဘုရားသခင်က ဖယ် လိမ့်မယ်လို့ချည်း ပြောနေတယ်'

'ဘုရားသခင်က ကယ်မှာပါ'

ပိုက်က အဖြေမခံလိုက်သည်။

အချိန်နှစ်နာရီနှင့် သွေးနှစ်ပိုင့်သွင်းပြီးနောက် ခွဲစိတ်မှုကို အောင်မြင်စွာ လုပ်နိုင်ခဲ့သည်။ ကလေးမှာ အသက်ကလည်း ဖြင်၊လာသည်။

ပိုက်က ကလေး၏ နဖူးကလေးကို သပ်ရင်း....

'[illegible] ကောင်းသွားပါလိမ့်မယ်'



ဆေးရုံအောင်ဒလီဆစ်ထောက်က သူ့ထံ ရုတ်တရက် ပြေးဝင်လာပြီး—

'ဒေါက်တာပိုက်ထေလာ၊ ဒေါက်တာဝေါလေ့စ်က အခု ချက်ချင်း တွေ့ချင်လို့တဲ့'

ဆေးရုံအုပ်ကြီးဒေါက်တာဘင်ဂျမင်ဝေါလေ့စ်မှာဒေါသ ကြောင့် အသံမျှားပင် အက်နေသည်။

'ဘာဖြစ်လို့ မဟုတ်တာတွေ လျှောက် လုပ် တာ လဲ၊ အာယကာရှင် သဘောမတူဘဲ သွေးသွင်းခွဲစိတ်တာ ဥပဒေကို ချိုးဖောက်တာကွ'

'ကျွန်မ ကလေးရဲ့ အသက်ကို ကယ်လိုက်တာပါ'

ဝေါလေ့စ်က ပင့်သက်ကို ရှိုက်လျက်—

'အနည်းဆုံး ဆေးရုံအမိန့်ကို ယူရမှာပေါ့ကွ'

'အချိန်မရတော့ဘူး ဆရာကြီး၊ နောက်ထပ် ဆယ်မိနစ် ဆိုရင် သေတော့မှာ၊ ဘုရားသခင်က တစ်နေရာရာမှာ အလုပ် များနေတာ ဖြစ်မယ်'

ဝေါလေ့စ်က ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း—

'ကဲ—အခု ဘယ်လိုလုပ်ကြမလဲ'

'တရားရုံးအမိန့် သွားယူလိုက်ပေါ့'

'ဘာလုပ်ဖို့လဲ၊ ခွဲပြီးနေပြီမဟုတ်လား'

'အမိန့်စာရက်စွဲကို တစ်ရက် နောက်ဆုတ်လိုက်တာပေါ့ ဘယ်သူသိတာမှတ်လို့'

ဝေါလေ့စ်မှာ သူ့ကို စိုက်ကြည့်ရင်း မှုးနောက်သွားမိ သည်။ ပြီး မျက်လုံးပြူးလျက်—

'ဖြစ်မှဖြစ်ရလေ၊ ငါပါ အလုပ်ပြုတ်တော့မှာပဲ'

ပိုက်က သူ့ကို အကြာကြီး စိုက်ကြည့်နေသည်။ပြီးတော့ တံခါးပေါက်ဆီသို့ လှည့်ထွက်လာ၏။

'ပိုက်'

သူက ရပ်ပြီး....

'ရှင်....'



'မင်း နောက်တစ်ခါ ဒါမျိုးမလုပ်ပါနဲ့'

'လုပ်သင့်ရင်တော့ လုပ်ရမှာပဲ'

ပိုက် အောမခံဆိုက်သည်။

## အခန်း (၁၃)

ဆေးရုံမှန်သမျှ ဆေးခိုးသည့် ပြဿနာ ရှိနေသည်ပင်။ ဥပဒေအရ မူးယစ်နိုင်သည့် ဆေးများ ထုတ်ယူသည့် အခါ လက်မှတ်ထိုး၍ ထုတ်ကြရသည်။ ထိုသို့ စည်းမျဉ်း ထိန်းချုပ်ထားစေကာမူ ဆေးစွဲနေသူများကလည်း နည်းလမ်းရှာ၍ ခိုးကြမြဲပင်။

အမ်ဘာကက်ဒရိုဓရိုင် ဆေးရုံတွင်လည်း ပြဿနာကြီး တစ်ခု ပေါ်တော့မလို ဖြစ်နေ၏။ သူနာပြုချုပ် ဝေဂရက် စပင်ဆာလည်း ဆေးရုံအုပ် ဒေါက်တာဝေါ်လေ့စ်ကိုသွားတွေ့ပြီး....



'ဘယ်လိုလုပ် ရမှန်းတောင် မသိတော့ဘူး ဆရာကြီးရယ်'

ဖင်တန်နိုင်းဆေးတွေ ပျောက်ပျောက်နေတယ်'

ဖင်တန်နိုင်းမှာ စွဲစေနိုင်သည့် မူးယစ်ဆေးတစ်မျိုး ဖြစ်ပြီး မေ့ဆေးအဖြစ် သုံးရသည်။

'ဘယ်လောက်တောင် ပျောက်နေလို့လဲ'

'အများကြီးပဲ၊ နည်းနည်းပါးပါး ပျောက်တာလောက်ဆိုရင်တော့ အမှားအယွင်းကြောင့် ပျောက်တယ်လို့ပြောလို့ရတယ်၊ အခုဟာက ပုံမှန်ပျောက်နေတာ၊ တစ်ပတ်တစ်ပတ် ငါးဆယ့်နှစ်လုံးလောက် ပျောက်နေတယ်'

'ဘယ်သူ ယူမယ်လို့ ထင်သလဲ'

'မသိဘူး ဆရာ၊ လုံခြုံရေးကိုလည်း မေးကြည့်ပြီးပြီ၊ သူတို့လည်း မသိဘူးတဲ့'

'ဆေးတွေကို ဘယ်သူ ထုတ်ခွင့်ရှိသလဲ'

'အဲဒါခက်တာပေါ့၊ မေ့ဆေး၊ ထုံဆေးတွေက အကုန်ယူခွင့်ရှိနေတာပဲ၊ ဆရာဝန်တွေရော ခွဲစိတ်ဆရာတွေရော'

ဝေါ်လေ့စ်က စဉ်းစားရင်း....

'ကဲ.... အခုလို လာပြောတာ ကျေးဇူး တင်ပါတယ် ဆရာငေး၊ ကျုပ် ကြည့်လုပ်လိုက်ပါမယ်'

'ကျေးဇူးပါပဲ ဆရာကြီး'

ဆရာမ စပင်ဆာ ပြန်သွားသည်။

လောလောဆယ် ယခု ပြဿနာ မပေါ်ချင်သေး။ လာမည့် ဆေးရုံကြီးကြပ်ရေးဘုတ်အဖွဲ့ အစည်းအဝေးတွင်ရှင်းရမည့်ပြဿနာတွေက အများကြီး။ အခြေအနေကို ဒေါက်တာ ဝေါလေ့စ် ကောင်းကောင်းသိနေသည်။ အမေရိကန် တစ်နိုင်ငံလုံးရှိ ဆရာဝန်အားလုံး၏ ဆယ် ရာခိုင်နှုန်းလျော့မှာ တစ်ချိန်မဟုတ် တစ်ချိန်တွင် ဆေးစွဲနေသူ၊ အရက်စွဲနေသူများဖြစ်သည်။ ဆေးက ရလွယ်တော့ ဆေးကို မှီခိုကြ၏။

ဆရာဝန်တစ်ယောက်အဖို့ ဆေးဗီရိုသဲမှ မိမိကြိုက်သည့် ဆေးသားရေကွင်း၊ ဆေးထိုးအပ်တို့ကို ထုတ်လာသည်မှာ မဆန်း။ ဆေးစွဲနေသူတစ်ယောက်အဖို့ နှစ်နာရီကြာ တစ်ကြိမ်ဆေးသွင်းနေရသည်။

ယခုလည်း ဆေးရုံတွင် ဤအတိုင်းဖြစ်နေပြီ။ ဘုတ်အဖွဲ့ အစည်းအဝေးမတိုင်မီ တစ်ခုခုတော့ လုပ်မှ ဖြစ်မည်။ သို့မဟုတ်ပါက မိမိနာမည်ပျက်တော့မည်။



ထိုကိစ္စအတွက် တရားခံဖမ်းရန် မည်သူ့အား ယုံယုံကြည်ကြည် ခိုင်းရမည်ကို ဒေါက်တာ ဝေါလေ့စ် မသိသေး။ ချတော့စိုက်မှဖြစ်မည်။ ထိုကိစ္စတွင် ဒေါက်တာ ပိုက်တာနှင့် ဒေါက်တာ ကက်ဟန်းတားတို့လော့ မလာတန်ကောင်း၊ သူတို့ကိုအသုံးချရန် ဝေါလေ့စ် ဆုံးဖြတ်လိုက်သည်။

သူတို့နှစ်ယောက်ကို ခေါ်ခိုင်းလိုက်ပြီး....
'မင်းတို့ကို အကူအညီတောင်းစရာရှိလို့'

ဝေါလေ့စ်ကပြောပြီး ဖင်တန်နိုင်းဆေးများပျောက်နေသည့်အကြောင်း ပြောပြတာ....

'မင်းတို့သတိထားပြီး စောင့်ကြည့်ပေးပါ၊ မင်းတို့နဲ့ တွဲနေတဲ့ ဆရာဝန် တစ်ယောက်ယောက် ခွဲစိတ်ရင်း တန်း ခွဲစိတ်ခန်းအပြင် ထွက်သွားတာမျိုး၊ ဒါမှ မဟုတ် သွားဆေးစွဲနေတဲ့ လက္ခဏာမျိုး တွေ့တယ်ဆိုရင် ဆရာ့ကို ကြောင်းကြားပေါ၊ စိတ်ကျနေတဲ့ အမူအရာမျိုး၊ ဂနာမငြိမ်ဖြစ်နေတာမျိုး၊ အလုပ်နောက်ကျတာတို့အလုပ်မှန်မှန် ဝင်နိုင်တာ တို့ကိုလည်း သတိထားပြီးကြည့်ပါ၊ ဒီကိစ္စကို သွားလျှို့ဝှက်ထားစေချင်တယ်'

ပြန်ထွက်လာတော့ ဘက်က....
'ဒီလောက်ကြီးတဲ့ဆေးရုံမှာဆိုတော့ စုံထောက်ကြီး ရှားလော့ဟုမ်းကိုခေါ်မှ ဖြစ်မယ်'

'ခေါ်စရာ မလိုပါဘူး၊ တ်ဆွ၊ခံ ဘယ်သူလဲဆိုတာ ငါသိနေပါတယ်'

ဒေါက်တာ ကမ်ဘဲမှာ ပိုက်သဘောအကျဆုံး ဆရာဝန်တစ်ယောက်ဖြစ်သည်။ အသက် ငါးဆယ်ကျော်ရှိပြီ၊ ဆံပင်များ ဖြူနေကာ ပျော်တတ်သူတစ်ယောက် ဖြစ်၏၊ ဆေးရုံတွင် အတော်ဆုံး ဆရာဝန် တစ်ယောက်လည်း ဖြစ်သည်။

ကမ်ဘဲမှာ ခွဲစိတ်ခန်းသို့ လာသည့်အခါ အနည်းငယ်နောက်ကျတတ်ပြီး မသိမသာ လက်ဘုန် နေသည်ကိုလည်း ပိုက်သတိပြုမိသည်၊ ပိုက်အား မကြာခဏဆိုသလိုသူ၏ ခွဲစိတ်အကူ ဆရာဝန်အဖြစ် အသုံးတတ်ပြီး အရေးကြီးသည့်ခွဲစိတ်မှုအပိုင်းများကိုလည်း ပိုက်အား ဝင်၍ လုပ်ခိုင်းတတ်သည်။

ခွဲစိတ်နေရင်း တစ်ဝက်လောက်ရောက်လျှင် လူ့လက်တွေတုန်လာပြီး ပိုက်အား ခွဲစိတ်ခိုင်းလွှဲပေးတတ်သည်၊

'ဆရာ သိပ်နေမကောင်းလို့ မင်းဆက် ခွဲလိုက်စမ်းပါ



ထို့နောက် ခွဲစိတ်ခန်းထဲမှ သူ ထွက်သွား တတ်သည်။

သူ ဘာဖြစ်သည်လဲဟု ပိုက် စိုးရိမ်ခဲ့ရသည်၊ ယခုတော့ က်သဘောပေါက်ပြီ။

ထို့ကြောင့် မည်သို့ လုပ်ရမည်ကို မဝေခွဲနိုင် ဖြစ်နေ ၏၊ အကယ်၍ ဒေါက်တာ ဝေါလေ့စ်အား သွားတိုင် က်ပါက ကမ်ဘဲ အလုပ် ပြုတ်တော့မည်၊ ကံဆိုးလျှင် ဆရာဝန် လုပ်စား၍ မရတော့သည်အထိ ဖြစ်သွားနိုင်သည်။

တင်ဖက်ဖာ ကြည့်မြန် စော့ဆည်း မိမိ ဤအတိုင်း ည့်နေလိုက်လျှင် လူနာတွေကိုအန္တရာယ်ရှိအောင် လုပ်သလို စ်နိုင်သည်။ သူ့ကို ပြောကြည့်လျှင် ကောင်းမည်လား။ သိနေသည့် အကြောင်း ပြောပြီး ကုသဖို့ ကူညီလျှင် ာင်းမည်လား၊ ထိုကိစ္စကို ကက်နှင့်တိုင်ပင် ကြည့်သည်။

'ပြဿနာပဲ၊ သူဟာ လူကောင်း တစ်ယောက်ပဲ၊ တော် ည်း တော်တယ်၊ တိုင်လိုက်ပြန်ရင်လည်း သူ ဒုက္ခရောက် ာ့မယ်၊ မတိုင်ပြန်ရင်လည်း သူ့ကြောင့် အန္တရာယ်တွေ ာနိုင်တယ်၊ သူ့ကို ပြောကြည့်ရင် ဘယ့်နှယ် နေမလဲ သိဘူး'

ကက်က ဆိုသည်။

'သူကတော့ ဖြင့်မှာပေါ့ကလေးရယ်'

'အေး...ခက်တော့ အခက်သားပဲ'

နောက်တစ်နေ့တွင် ပိုက်မှာ ဒေါက်တာကမ်ဘဲနှင့် ခွဲစိတ်ရန် တာဝန်ကျသည်။ မိမိအထင်မှားပါစေဟုသာ ပိုက် ဆု တောင်းနေမိ၏။ သူ နောက်မကျပါစေနှင့်။ သူ ခွဲစိတ်ခန်း တန်းလန်း ထွက်မသွားပါစေနှင့်။

ကမ်ဘဲ ခွဲစိတ်ခန်းသို့ ဆယ့်ငါးမိနစ် နောက်ကျပြီး ရောက်လာသည်။ ခွဲစိတ်ရင်း တစ်ဝက်အရောက် အာမွာသွင်း သူက...

'မင်း ဆက်ခွဲလိုက်တော့ ပိုက်ရယ်၊ ဆရာ အခုပဲ ပြန်[illegible] ခဲ့မယ်'



မိမိ သူ့ကိုပြောမှ ဖြစ်တော့မယ်၊ သူ့ကို ဒုက္ခရောက် မစေချင်။

နောက်တစ်နေ့နံနက်တွင် ပိုက်နှင့်ဟန်နီကို့သည် ဆရာဝန်များ ကားရပ်သည့်နေရာတွင် ကားကို ထိုးရပ် လိုက်သည်။ ဘယ်ရီဘောမင်း၏ ကားအနီကလေးက သူတို့ကားဘေးတွင် ဝင်ရပ်လိုက်၏။

'ကားကလေး တအေးလှပါလား၊ ဘယ်လောက် ပေးရမလဲ မသိဘူးနော်'

ဟန်နီက ဆိုသည်။ ဘောမင်းက ရယ်လျက်...
'အဲဒီမေးနေရပြီဆိုကတည်းက မင်းတို့ ဘယ်ဝယ်စီးနိုင်ပါမလဲ'

ပိုက်အနေကော့ သူပြောသည်ကိုနားမထောင်။ ကားကိုသာ ငိုက်ကြည့်နေ၏။ ပြီးတော့ အပျံစား တိုက်ခန်းကြီးနှင့် အကုန်အကျများလှသည့် ပါတီပွဲများ အကြောင်းကိုလည်း

စဉ်းစားနေမိသည်။ 'ကျုပ်က ကံကောင်းချင်တော့ ကျုပ်အဖေက အင်မတန် တော်တယ်လေ၊ သူ့မှာ ရှိတဲ့ ငွေတွေအကုန် ကျုပ်အတွက် ထားခဲ့တယ်'ဟု ဆိုသော ဘောမင်းတစ်ယောက် အဘယ်ကြောင့် ခရိုင်ဆေးရုံတွင် အလုပ်လုပ်နေရသနည်း။

နောက်ဆယ်မိနစ်ခန့် ကြာသောအခါ ပိုက်မှာ ဝန်ထမ်းရေးရာ ရုံးခန်းသို့ရောက်နေပြီး၊ မှတ်တမ်းထိန်း၊ တာဝန်ခံကာရင်နှင့် စကားပြောနေသည်။

'ကျွန်မကို တစ်ခုလောက် ကူညီပါအား ကာရင်၊ ဒီအကြောင်းကို ကျွန်မတို့နှစ်ယောက်တည်းသိပါစေ၊ ဟယ်ရီဘောမင်းက ကျွန်မကိုအမြင်ဆိုက်ဖို့ ချိန်းနေတယ်၊ သူ့မှာ အိမ်ထောင်ရှိတယ်လို့ ကျွန်မ ထင်တယ်၊ သူ့ရဲ့ ကိုယ်ရေးဖိုင်လေး ကြည့်ပါရစေလား'

'ရပါတယ်၊ အလှအား တကာ့ကောင်တွေ၊ သူတို့မှာ ဘယ်တော့မှ အားရတယ်လို့ကို မရှိကြဘူး၊ ဒေါက်တာလျှပ်တာ မှန်တယ်၊ ကျွန်မ သူ့ဖိုင်ကိုပြမယ်'

ကာရင်က ပြောပြီး ကက်ဘိနက် ဗီရိုဆီသို့ သွားကာ စာရွက်အချို့ကို ယူလာသည်။

ပိုက်က စာရွက်များကို ခပ်သွက်သွက်လျှောက်လှန်ကြည့်လိုက်သည်။ ဒေါက်တာဘောမင်း၏ လျှောက်လွှာထဲတွင်



သူသည် အမေရိကန်အနောက်အလယ်ပိုင်းရှိ တက္ကသိုလ်ဆေးသင်ခုမှ မိမိဘာသာရှန်းကန်၍ ဆေးကျောင်းတက်လာရသူဖြစ်ကြောင်း ပါရှိသည်။

နောက်ပြီး သူ့အဖေက ဆတ္တာသည်။

✲

ဟန်နီကို ဆရာဝန် အတော်များများက နားလည်နိုင်အောင်ရှိရသည်။ မနက်ပိုင်း ဆေးရုံတွင် လှည့်လည် စစ်ဆေးသည့်အခါ သူမမှာ မရေမရာ၊ ကြောင်တောင်တောင်နှင့်။ ညနေပိုင်းတစ်ကြိမ် လှည့်သောအခါတွင် သူမမှာ ပုံး၀ ပြောင်းလဲသွားသည်။ လူနာ တစ်ယောက်ချင်းစီကို သိနေပြီး ရောဂါအခြေအနေ ကုထုံးများကိုပါ ပြောနိုင်နေတော့၏။

အထက်တန်း အလုပ်သင် ဆရာဝန်တစ်ယောက်က သူမအကြောင်းကို လုပ်ဖော်ကိုင်ဘက်တစ်ဦးနှင့်ဆွေးနွေးသည်။

'ငါတော့ ဘယ်လိုမှနားမလည်ဘူးကွာ၊ မနက်ပိုင်းမှာ ဒေါက်တာဟန်နီနဲ့ပတီသက်ပြီး တိုင်တာတွေ ထစ်ပုံကြီးပဲ၊ အလုပ်လိုက်တိုင်း တလွဲတွေချည်း၊ ညနေပိုင်းကျတော့ သူ ဆိပ်တော်နေပြန်ရော၊ ကုထုံးတွေကလည်းမှန်တယ်၊ မှတ်စု တွေကလည်း အပြစ်မရှိ၊ အရမ်းကိုထက်မြက်နေတယ်၊ ညနေ ပိုင်းကျမှ တန်ခိုးရှိတဲ့ ဆေးတွေများ သောက်ထားသလား မသိဘူး၊ ငါတော့ အံ့လို့မဆုံးဘူး'

ဒေါက်တာနသန့်ရစ်တာမှာ စာအုပ်ကြီးသာခေါ်း ဖြစ်၏၊ ထက်မြက်သူ တစ်ယောက် မဟုတ်လှသော်လည်း လုပ်ငန်း ကျွမ်းကျင်သူတစ်ယောက်ဖြစ်သည်။ သူနှင့်တွဲ၍ အလုပ်လုပ်သူ ကိုလည်း သူ့လိုကျွမ်းမှုကြိုက်သည်။

သူ့အဖွဲ့တွင် တာဝန်ချခံရသဖြင့် ဟန်နီ ကံဆိုးသည်ဟု ဆိုရမည်။

သူတို့ ပထမဆုံး လှည့်သည်မှာ လူနာဆယ်နှစ်ယောက်ခန့် ထားရှိသည့် အဆောင် တစ်ဆောင် ဖြစ်သည်။ လူနာ မှ



ယောက်မှာ နံနက်ခင်းစာ စားပြီးရုံသာ ရှိသေးသည်။ ဒေါက်တာရစ်တာသာ ထိုလူနာ၏ ခုတင်ခြေရင်းမှ လူနာ မှတ်တမ်းကိုယူကြည့်ပြီး—

'ဒေါက်တာဟန်နီ၊ ဒီမှတ်တမ်းအရ ဒါဟာ မှင်းလူနာ ဆိုပါသလား'

ဟန်နီသာ ခေါင်းညိတ်လျက်—

'ဟုတ်ကဲ့ပါဆရာ'

'ဒီမနက် သူ့ကို အဆုတ်ပြွန်ဘွင်း စစ်ဆေးမှု လုပ်ဖို့ရှိ တယ်မဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါဆို... အဲဒါမလုပ်ခင် သူ့ကို ဘာလို့ အစာစားခိုင်း တာလဲ'

'သူဘာမှမစားရသေးလို့'

ဒေါက်တာရစ်တာက သူ့လက်ထောက်ဆရာဝန်အား သို့ လှည့်ပြီး—

'အဲဒီစစ်ဆေးတဲ့အစီအစဉ်ကို ရက်ရွှေ့လိုက်'

ထို့နောက် ဟန်နီအား၊ တစ်ခုံတစ်ဆွဲပြောပြီး—

'ကဲ...သွားကြမယ်'

နောက်လှနာတစ်ယောက်မှာ ပျအာတိုရိကို လူမျိုးဖြစ်သည်၊ချောင်းလည်းအလွန်ဆိုးနေသည်။ ဒေါက်တာရစ်တာ လူနာကို စစ်ဆေးကြည့်ပြီး...

'ဒါ ဘယ်သူ့လူနာလဲဟေ့'

'ကျွန်မလူနာပါဆရာ'

ဟန်နီက ပြောလိုက်သည်။ ဒေါက်တာရစ်တာ မျက်မှောင်တစ်ချက်ကြုတ်၍...

'သူ့ရောဂါက ပျောက်ဖို့ ကောင်းနေပြီ၊ မင်း သူ့ကို အက်ပီဆလင်ငါးသိန်းယူနစ် တစ်နေ့လေးကြိမ် တိုက်နေတယ်မဟုတ်လား'

'မှန်ပါတယ်ဆရာ'

'မမှန်ပါဘူး၊ မှားနေတယ်၊ ငါးသိန်းယူနစ် တစ်နေ့လေးကြိမ်တိုက်ရမှာ သုညတစ်လုံးလိုနေတယ်'

'ကျွန်မ တောင်းပန်ပါတယ်ဆရာ၊ ကျွန်မ...'

'လူနာသက်သာမလာဘာဖြစ်လို့လဲ၊ အခုချက်ချင်း ဆေးပြောင်းတိုက်ပါ'



'ဟုတ်ကဲ့ပါ ဒေါက်တာ'

ဟန်နီ၏ နောက်လူနာ တစ်ယောက်ဆီသို့ ရောက်သွားသောအခါ ဒေါက်တာရစ်တာသည်စိတ်မရှည်နိုင်တော့ဘဲ...

'သူ့ဗိုက်ကို ခေတ်မှန်ရိုက်ရမှာ ဘယ်မှာလဲ ခေတ်ရောင်ခြည်နဲ့ပတ်သက်တဲ့ အစီရင်ခံစာ'

'ခေတ်ရောင်ခြည်အစီရင်ခံစာလား၊ ဩော်...ဟုတ်ပါရဲ့၊ ကျွန်မတောင်းဖို့မေ့သွားလို့'

ဒေါက်တာရစ်တာက ဟန်နီအား အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

နောက်လူနာတစ်ယောက်မှာ ညည်းနေပြီး မျက်ရည်တွေလည်း ကျနေ၏။

'နာလိုက်တာနော်၊ ကျွန်တော် ဘာရောဂါ ဖြစ်တာလဲဗျာ'

'မသိဘူးလေ'

ဟန်နီက ပြောလိုက်ခြင်းဖြစ်သည်။ ဒေါက်တာရစ်တာက သူမအား စိုက်ကြည့်လျက်...

'ဒေါက်တာဟန်နီ အပြင်ခဏလိုက်ခဲ့စမ်းပါ'

စင်္ကြံရောက်တော့...

'လူနာကို ဘယ်တော့မှ မသိဘူးလို့မပြောပါနဲ့၊ သူတို့အမေးတို့ကို အားကိုးနေတာ၊ ဘာဖြစ်မှန်း မသိရင်တောင် တင်ခုခုရှာကြံပြီးပြော၊ နားလည်လား'

'ပြောခွင့်မရှိ...'

'ပြောခွင့်ရှိတာ မရှိတာ ငါပြောနေတာမဟုတ်ဘူး၊ ငါပြောတဲ့အတိုင်းပဲလုပ်'

နောက်ထပ် အလွန် ရောဂါသည် တစ်ယောက်၊ အသည်းယောင်လူနာတစ်ယောက်နှင့် အခြားလူနာအစိတ်ခန့်ကို စစ်ဆေးခဲ့သည်။ လှည့်စစ်ပြီးသည်နှင့် ဒေါက်တာ ရစ်တာဆေးရုံအုပ်ကြီး ဒေါက်တာ ဝေါလေ့စ်၏ ရုံးခန်းသို့တက်သွားသည်။

'ပြဿနာပဲဆရာကြီး'

'ဘာဖြစ်လို့လဲ နသန်'

'အလုပ်သင်ဆရာဝန်တစ်ယောက်ပေါ့၊ ဟန်နီဘေ'

လာပြန်ပြီ။

'ဟန်နီ ဘာဖြစ်လို့လဲ'

'တကယ့်ပြဿနာမဲ့လေးပဲ'

'သူ့ကို ခေတ္တကစ်ချက်တွေ ပေးကားတာ တော်တော်များတယ်'



'သူ့ကြောင့် လူနာတစ်ယောက် နှစ်ယောက် သေပြီးပြဿနာမတက်ခင် သူ့ကို အလုပ်ထုတ်ပစ်လိုက်ရင် ကောင်းမယ်ဆရာကြီး'

ဝေါလေ့စ်သည် ခေတ္တမျှ စဉ်းစားနေပြီးနောက် ဆုံးဖြတ်ချက်ချလိုက်ပြီ...

'ဟုတ်ပြီ၊ ဗီမိနီးဆာလေးကို မထားတော့ဘူး'

ပိုက်မှာ တစ်မနက်လုံး ခွဲစိတ်ခန်းထဲတွင် အလုပ်များနေသည်။ အလုပ်အားသည်နှင့် ဒေါက်တာဘောမင်းနှင့်တွေ့ဆက်၍ မိမိသိလိုသည်ကို တိုင်ရန် ဒေါက်တာဝေါလေ့စ်၏ရုံးခန်းသို့ တက်လာခဲ့သည်။

'ဘောမင်း...ဟုတ်သား၊ သေချာရဲ့လားကွာ၊ ငါမြင်လောက်တော့ သူ့မှာ ဆေးစွဲတဲ့လက္ခဏာမျိုး မတွေ့ရပါလား'

'သူက ဆေးကိုသုံးတာ မဟုတ်ပါဘူး၊ ရောင်းစားတာပါ၊ သူဟာ အလုပ်သင်ဆရာဝန်တစ်ယောက်ရဲ့ လစာလေးနဲ့ သန်းကြွယ်သူဌေးတစ်ယောက်လို နေနိုင်ပါတယ်'

ဒေါက်တာဝေါလေ့စ်က ခေါင်းညိတ်လျက်—

'ကောင်းပြီလေ၊ ဆရာ စုံစမ်းကြည့်လိုက်ဦးမယ်၊ ကျေးဇူးပဲ ပိုက်ရေ'

ဒေါက်တာဝေါလေ့စ်သည် လုံခြုံရေးမှူးအင်ဒါဆင်ကို ခေါ်၍—

'ငါတို့ ဆေးသုခိုးတစ်ယောက်ကို တွေ့ထားပြီ၊ ဒေါက်တာဘောမင်းကို မင်း မပြတ်စောင့်ကြည့်ထားစမ်း'

'ဘောမင်း...ဟုတ်လား'

အင်ဒါဆင် အံ့ဩမှုကို ကြိုးစား၍ မျိုသိပ်ထားလိုက်ရသည်၊ ဘောမင်းသည် လုံခြုံရေးအစောင့်များအား ကျေးဇူးတင်ဆေးပြင်းလိပ်ကဲ့သို့ လက်ဆောင်အလေးများပေးတတ်သည်၊ သူ့အား အစောင့်တွေက အလွန်ခင်မင်ကြ၏၊

'ဆေးပေးခန်းထဲကို သူဝင်သွားပြီး ပြန်ထွက်လာရင် သူ့ကိုယ်ပေါ်မှာ ရှာကြည့်ပါ'

'ဟုတ်ကဲ့ပါ ဆရာကြီး'



ဟယ်ရီဘောမင်း၊ ဆေးခန်းထဲသို့ တန်းဝင်သွားသည်၊ သူ့တွင် ဆေးထုတ်ရန် အမှာစာရွက်တွေပါသည်၊

သူ့အတွက် မတော်တဆ ကံကောင်းသောအဖြစ်နှင့် ကြုံတွေ့ခဲ့သည်၊ သူသည် အိမ်းစ်မြို့၊ အိုင်အိုဝါမြို့များတွင် အလုပ်သင်ဆရာဝန် လစာလေးနှင့် မနည်း ရုန်းကန်ခဲ့ရသည်၊ ရွှန်ပိန်လောက်ကို မြည်းရုံသာမြည်းခဲ့ရပြီး တီဃာကို အကြွေးသောက်ခဲ့ရဖူးဖြစ်သည်၊

ဆေးရုံအဆင်းသွားသည့်လူနာတစ်ယောက်က တစ်မနက်တွင် သူ့ထံ ဖုန်းဆက်သည်၊

'ဒေါက်တာ...ကျွန်တော် အတော်ခံစားနေရတယ်ဆရာ၊ ကျွန်တော့်ကို တစ်ခုခုတော့ လုပ်ပေးမှဖြစ်မယ်'

'ခင်ဗျားကို ပြန်စမ်းသပ်ပေးရမှာလား'

'ကျွန်တော် အိမ်ကမထွက်ချင်ဘူး၊ ဆရာ တစ်ခုခုယူလာပေးနိုင်မလား'

ဘောမင်း စဉ်းစားလိုက်ပြီး....

'ကောင်းပြီလေ၊ ကျွန်တော် အိမ်ပြန်ရင်၊ ခင်ဗျားဆီဝင်ခဲ့ပါမယ်'

လူနာအိမ်ရောက်တော့ ဖင်တန်နိုင်းတစ်ပုလင်း ပါလာခဲ့သည်၊ လူနာက ထိုပုလင်းကိုလှမ်းဆွဲကာ...

'သိပ်အဆင်ပြေတာပဲ'

ပြီးတော့ လူနာအား ပိုက်ဆံတွေ တစ်ထပ်ကြီး ထုတ်ပေးသည်။ ဘောမင်းက သူ့ကို တအံ့တသြကြည့်ပြီး—

'ပိုက်ဆံပေးစရာ မလိုပါဘူးဗျာ'

'နေ့စဉ်မနေ့စမ်းပါနဲ့ ဒေါက်တာရယ်၊ ဒီပစ္စည်းအား ရွှေလောက် အဖိုးတန်တယ်၊ ဒေါက်တာ ဒီပစ္စည်းမျိုးတွေသာ ယူလာဦးမယ်ဆိုရင် ခင်ဗျားကို ချမ်းသာသွားအောင် ငွေပေးနိုင်တဲ့မိတ်ဆွေတွေ အများကြီးရှိတယ်'

ဆည်လိုနှင့် စနဲ့ခြင်းဖြစ်သည်။ နှစ်လလောက်အတွင်း ဘောမင်းမှာ သူမျှော်မှန်းသည်ထက် များစွာသော ငွေတွေကို ရခဲ့သည်။ ကံဆိုးချင်တော့ အခြေအနေကို ဆေးရုံအုပ်ကြီးအား သိသွားခဲ့သည်။ လူတွေသိမည်စိုးသဖြင့် ဆေးရုံအုပ်ကြီးက ပြဿနာမထက်မီ အလုပ်ထွက်သွားပါက မိမိမှတ်တမ်းတွင် အစွန်းအထင်းမဖြစ်နိုင်ဟု ဆိုလာသည်။

မိမိတွက်သည်ပဲ ကောင်းပါသည်။ ဆန်ဖရန်စစ္စကိုမှာ ဈေးကွက်ပိုကောင်းသည် မဟုတ်ပါလော။

ဆေးပေးခန်းသို့ သူရောက်သွားသည်။ လိုဖြုံရေးမှူး အင်ဒါဆင်က အပြင်ဘက်တွင်ရပ်နေ၏။ ဘောမင်း သူ့ကို ခေါင်းညိတ်နှုတ်ဆက်ပြီး—

'ဟေ့—အင်ဒါဆင်'



'မင်္ဂလာပါ ဒေါက်တာဘောမင်း'

နေ့လက်ငါးမိနစ်ခန့်ကြာသောအခါ ဘောမင်းဆေးပေးခန်းထဲမှထွက်လာသည်။ ဤတွင် အင်ဒါဆင်က—

'စိတ်မရှိပါနဲ့ ဆရာ၊ ကျွန်တော် ဆေးရာကို ရှာရပါလိမ့်မယ်'

ဘောမင်းက သူ့ကိုစိုက်ကြည့်လျက်—

'ကျုပ်ကိုဂျော်ဂျ်—ဟုတ်လား၊ ခင်ဗျား ဘာတွေပြောနေတာလဲ'

'စိတ်တော့မကောင်းပါဘူးဆရာ၊ ဆေးပေးခန်းကို လာတဲ့လူတိုင်းကို ရှာရမယ့် အမိန့်ပေးထားလို့ပါ'

ဘောမင်းက သူ့ကို မကျေမနပ်နှင့်ကြည့်ရင်း—

'အဲဒီအမိန့်ကို ကျုပ်မကြားပါဘူး၊ ကျုပ် အရှာမခံနိုင်ဘူး'

'ဒါဆိုရင် ဒေါက်တာဝေါလေ့စ်ရဲ့အခန်းကို ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

'ကောင်းတယ်၊ အဲဒီအကြောင်း သူသိရင် အရမ်းစိတ်ဆိုးလိမ့်မယ်'

ဘောမင်းသည် ဒေါက်တာဝေါလေ့စ်၏ ရုံးခန်းထဲသို့ ဒုန်းဒုန်းဒိုင်းဒိုင်းဝင်လာပြီး—

'ဘယ်လိုဖြစ်တာလဲ ဆရာကြီး၊ ဒီလူက ကျွန်တော့်ကို ရှာမယ်လို့ပြောနေတယ်'

'ခင်ဗျားက အရှာမခံဘူးလား'
'ဘယ်ခံမလဲ'
'ကောင်းပြီလေ၊ ဒါဆိုလည်း ရဲတွေကိုပဲ ရှာခိုင်းလိုက်တာပေါ့'

ဝေါလေ့စ်က တယ်လီဖုန်းကို ကောက်လှည့်သည်။
ဘောမင်းမှာ ထိတ်ထိတ်ပျာပျာနှင့်—
'နေပါဦး…နေပါဦး၊ အဲဒီလုပ်ဖို့မလိုပါဘူး'

သူ့မျက်နှာကြည်လင်လာပြီး—
'ကျွန်တော် သဘောပေါက်ပါပြီ'

သူ့အ အိတ်ထဲမှ ဖင်တန်နိုင်းပုလွှင်းကလေးတစ်လုံးထုတ်ကာ—
'ဒါကို ကျွန်တော် ခွဲစိတ်ဆေးရုံကို ယူလာတာပါ၊ နောက်ပြီး…'

ဝေါလေ့စ်က ချက်ချင်းထ၍—
'ခင်းအိတ်ထဲက အကုန်ထုတ်လိုက်စမ်းပါ'

ဘောမင်း၏ မျက်နှာပေါ်တွင် ဆောက်တည်ရာမရဖြစ်ကာ—



'ဘာအကုန်ထုတ်စရာရှိလို့—'

'အကုန်ထုတ်လိုက်ပါ'

နောက်နှစ်နာရီကြာသောအခါ ဆန်ဖရန်စစ္စကို မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့သည် ဘောမင်းထံမှ မူးယစ်ဆေးဝါးဝယ်သူများအား ဝန်ခံလက်မှတ် ထိုးခိုင်းနေချေသည်။

ထိုသတင်းကိုကြားသောအခါ ပိုက်သည် ကမ်ဘဲထံသို့ ရောက်သွားသည်။ ကမ်ဘဲက ရုံးခန်းထဲတွင် ထိုင်၍ အနားယူနေ၏။ ပိုက်ဝင်သွားချိန်တွင် သူက လက်များကို စားပွဲပေါ်တင်ထား၏။ ထိုလက်များတုန်နေသည် ပိုက်သတိထားမိသည်။

ကမ်ဘဲက လက်များကိုရုတ်၍ ပေါင်ပေါ်ချထားလိုက်ပြီး….

'ဟော့…ပိုက် နေကောင်းတယ်နော်'

'ကောင်းပါတယ်၊ ကျွန်မ ဆရာနဲ့စကားနည်းနည်းပြောချင်လို့'

'ထိုင်လေ'

ပိုက်က သူနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ…

'ဆရာ ပါကင်ဆင်ဆေးတွေ သုံးနေတာ ဘယ်လောက်ကြာပြီလဲ'

ဇော်မိတ် မျက်နှာမျှားဖြူသွားပြီး—

'ဘာ…'

'ဆဲဒါးပါ၊ ဆရာဟာ အမြဲဖုံးကွယ်ထားတဲ့ကိစ္စလေ'

အကန်ကြာအောင် တိတ်ဆိတ်သွားပြီး….

'ကျုပ်…ကျုပ်…ဟုတ်ပါတယ်၊ ဒါပေမယ့် ဆရာဝန်အလုပ်ကို ကျုပ် မစွန့်လွှတ်နိုင်ဘူး၊ ဒါကိုလည်း ကျုပ်မစွန့်လွှတ်နိုင်ဘူး၊ ကျုပ်ဘဝတစ်ခုလုံးဟာ ဒါပဲ'

ပိုက်က ရှေ့ကိုကိုင်း၍ လေးနက်စွာဖြင့်…

'ဆရာဟာ ဆရာဝန်အလုပ်ကို စွန့်လွှတ်စရာမလိုပါဘူး၊ ဒါပေမယ့် ခွဲစိတ်တဲ့အလုပ်ကိုတော့ မလုပ်သင့်တော့ဘူး'

သူ့မျက်နှာများ အိုမင်းသွားပြီး…



'ကျုပ်သိပါတယ်၊ ပြီးခဲ့တဲ့နှစ်ကပဲ ကျုပ် အလုပ်ထွက်မလို့လုပ်ထေးတယ်၊ အခု ကျုပ်အလုပ်ထွက်ဖို့ကောင်းပြီလေ၊ ...င်းက ဒေါက်တာခေါ်လေ့စ်ကို သွားတိုင်မလို့မဟုတ်လား'

'ကျွန်မ မတိုင်ပါဘူး၊ ဆရာကိုယ်တိုင် ဒေါက်တာခေါ်လေ့စ်ကို သွားပြောပါ'

❋

ဂျော်ဖီဆိုင်ထဲတွင် ပိုက် နှင့်သယ်စာစားနေစဉ် တွမ်ချန်း...င်လာသည်။

'သတင်းတွေ ကျွန်တော် ကြားတယ်၊ ဘောခင်း...ကြောင်းက မယုံနိုင်လောက်အောင်ပဲ၊ အခုလိုလုပ်လိုက်...ာကတော့ ကောင်းပါတယ်'

ပိုက်က ခေါင်းကိုယမ်းလျက်…

'ကျွန်မ လူမှားတော့မလို့'

ချန်းက ဝင်ထိုင်ပြီး ဘာမျှမပြောဘဲနေသည်။

'နေကောင်းရဲ့လား ချန်း'

'ကျွန်တော် နေကောင်းပါတယ်လို့ ကြားချင်သလား၊ ဒါမှမဟုတ် အဖြစ်မှန်ကိုကြားချင်သလား'

'ကျွန်မတို့ သူငယ်ချင်းတွေပဲ၊ အမှန်ကိုပဲသိချင်ပါတယ်'

'ကျွန်တော့် အိမ်မက်တောင်ရေးပျက်သွားပြီဗျာ၊ ကျွန်တော့် မိန်းမ ထွက်သွားပြီ၊ သူ့နိုင်ငံကို ပြန်သွားပြီလေ'

သူက မျက်ရည်စက်လက်နှင့် ပြောနေသည်။

'ကျွန်မ စိတ်မကောင်းလိုက်တာ ချန်းရယ်'

'သူ့အပြစ်မဟုတ်ပါဘူး၊ ကျွန်တော်ဟာ သူနဲ့ညားနေတာမဟုတ်ဘူး၊ ဆေးရုံနဲ့ညားနေတာလို့ သူကပြောတာ မှန်တယ်၊ ကျွန်တော်ဟာ ဘဝတစ်ခုလုံးကို ဒီမှာမြှုပ်ထားပြီး ကိုယ်ချစ်တဲ့လူတွေနဲ့မနေဘဲ သူစိမ်းတွေကိုပဲ ပြုစုနေရတယ်လေ'

'သူ ပြန်လာပါလိမ့်မယ်၊ အဆင်ပြေသွားမှာပါ'

ပိုက်အေ ပြောသိမ့်သည်။

'ဒီတစ်ခါ သူပြန်လာမှာမဟုတ်တော့ဘူး'

'အကျိုးသင့် အကြောင်းသင့် သူနားလည်အောင် ရှင်မပြောဘူးလား၊ ဒါမှမဟုတ်လည်း....'



'သူအာ လက်မခံဘူး'

'စိတ်မကောင်းလိုက်တာ ချန်းရယ်၊ ကျွန်မ ဘာလုပ်ပေးရ—'

ထိုစဉ် အသံချဲ့စက်မှ သူမ အမည်ကိုခေါ်သံ ကြားလိုက်ရသည်။

'ဒေါက်တာပိုက်အေလား၊ အခန်းနံပါတ် ၄၁၀ကို—'

ပိုက် ရုတ်တရက်လန့်သွားရာက—

'ကျွန်မ သွားလိုက်ဦးမယ်'

အခန်းနံပါတ် ၄၁၀ မှာ ဘန်းစတိန်း၏အခန်းဖြစ်သည်။ ဘန်းစတိန်းမှာ ပိုက် အလွန်ခင်သော လူနာတစ်ယောက်ဖြစ်၏၊ သူသည် အလွန်နူးညံ့သိမ်မွေ့ပြီး အသက်ကလည်း ခုနစ်ဆယ်ကျော်ပြီ ဖြစ်သည်။ ဘန်းစတိန်းသည် အစာအိမ်ကင်ဆာဖြင့် ဆေးရုံရောက်လာခြင်းဖြစ်၏။

ဆေးရုံတွင် လူနာအတော်များများမှာ အတော် နားပူနားဆာလုပ်ကြသည်။ ဘန်းစတိန်းကတော့ ထိုသို့မဟုတ်။ ပိုက်က သူ၏ဆတ္တိနှင့် သိက္ခာကို အတော်ပင်လေးစားသည်။

သူ့တွင် ဇနီးတစ်ယောက်နှင့် အရွယ်ရောက်ပြီး သားတစ်ယောက်ရှိသည်၊ သူတို့ကလည်း ဆေးရုံကို အမြဲရောက်လာတတ်၏။ ထူတို့ကိုလည်း ပိုက် ခင်လာသည်။

ဘန်းစတိန်းမှာ အသက်ဆက် စက်ကိရိယာ တပ်ထားရ သူဖြစ်၏။

ပိုက်ဝင်သွားသောအခါ ဘူနာပြုဆရာမ တစ်ယောက်က လူနာခုတင်ဘေးနားတွင် ရပ်နေပြီး ပိုက်အား မော့ကြည့် ကာ...

'သူကတော့ သွားပါပြီ။ဒေါက်တာ၊ အရေးပေါ်အသက် ကယ်နည်းတွေလည်း လုပ်မနေတော့ဘူး၊ ဘာဖြစ်လို့လဲဆို တော့...'

'မလုပ်တာမှန်ပါတယ်၊ ကျေးဇူးပဲ'

'ကျွန်မ ဘာလုပ်ပေးရဦး...'

'ဟင့်အင်း...ကျွန်မဘာသာ စီစဉ်လိုက်မယ်'

ပိုက်မှာ ခုတင်လေးတွင်ရှပ်၍ လူနာ၏ အလောင်းကို စိုက် ကြည့်နေသည်။ တင်ချိန်စာ အသက်ရှင်လျက် ရယ်ရယ်မော မော နေလာခဲ့သူ၊ မိသားစုတွေ၊ မိတ်ဆွေအပေါင်းအသင်း တွေနှင့် နေလာခဲ့သူ၊ တစ်သက်လုံး အလုပ်ကို ကြိုးစားလုပ် လာခဲ့သူ၊ သူချစ်သော မိသားစုကို စောင့်ရှောက်ခဲ့သူ၊ ယခု တော့...

ပိုက်က လူနာ၏ပစ္စည်းများ သိမ်းထားသော အံဆွဲဆီသို့ လျှောက်လာသည်။ တန်ဖိုးသိပ်မရှိလှသော နာရီတစ်လုံး၊



သော့တွဲတစ်ခု၊ ငွေဆယ့်ငါးဒေါ်လာ၊ သွားတုတစ်ခု၊ ငန်း ထံရေးထားသည့် စာတစ်စောင်၊ ထိုပစ္စည်းများသာလျှင် သူ့ဘဝအဖြစ် ကျန်ခဲ့တော့မှာပါလား။

ပိုက်မှာ ဖြေရှိမရအောင် စိတ်ခံအောက်ဖြစ်နေမိသည်။

'ဒီလောက် စိတ်ကောင်းရှိတဲ့လူမှ ဘာကြောင့်များ...'

ကင်က...

'ကိုယ့်လူနာတွေအပေါ် ဒီလောက် သံယောဇဉ်မထား သင့်ဘူး ပိုက်၊ မင်း သိပ်စိတ်ဆင်းရဲရမှာပေါ့'

'ငါသိပါတယ်၊မင်းပြောတာမှန်တယ် ကင်၊ အခုဟာက ချတ်တရက်ကြီး ဖြစ်သွားလို့ပါ၊ ကြည့်စမ်း...ဒီမနက်ပဲ သူနဲ့ ငါ ထိုင်စကားပြောနေကြသေးတယ်၊ မနက်ဖြန်ဆို သူ့ အသုဘ'

'မင်း အဲဒီအသုဘကိုတော့ မသွားဘူးဟုတ်လား'

'သွားရမယ်'

အသုဘကို အန္တိမကုန်းသင်္ချိုင်းတွင် ချသည်။

ဂျူးတို့၏ ဘာသာရေးထုံးစံအတိုင်း ဆုံးဆုံးချင်း အသုဘ ချပစ်ရသည်။ ဆွမ်းသွတ်ကိုတော့ နောက်နေ့မှလုပ်၏။

ဘန်းစတိန်းကို အဖြူရောင်ဝတ်ရုံကြီးဝတ်ပေးကာ အဖြူရောင်အဝတ်ဖြင့် လွှမ်းထားသည်။ မိသားစုမှာ မြေမြုပ်မည့် ကျင်းအနီးတွင် ရပ်နေကြသည်။ ဂျူးဘာသာစကားဖြင့် သရဏဂုံကိုလည်း ရွတ်နေ၏။

ပိုက်၏ဘေးတွင်ရပ်နေသည့်လူတစ်ယောက်က နားမလည်နိုင်ဖြစ်နေဟန်တူသော ပိုက်၏အမူအရာကိုကြည့်ကာ ဘာသာပြန်ပြသည်။



'သင့်အား ဗီယွန်နာနှင့် ဂျေရုဆလင်က အသုဘရှုသူများနှင့်အတူ ဘုရားသခင်က ကောင်းချီးပေးတော်မူသည်'

ထိုသို့ရွတ်ဖတ်နေရင်း မိသားစုတွေက သူတို့ဝတ်ထားသည့် အဝတ်တွေကို ချုတ်ပစ်ကြသည်။

'ဘာလုပ်...'

'အရိုအသေပြုတဲ့သဘောပေါ့၊ မြေမှုန့်ဘဝမှ သင်ဖြစ်လာသည်၊ မြေမှုန့်ဘဝကို သင်ပြန်သွားပြီ၊ ဝိညာဉ်ကမူ ဝိညာဉ်ကို ပေးတော်မူသော ဘုရားသခင်ထံ ပြန်သွားလေပြီ'

ထို့နောက် အသုဘချပြီးသွားသည်။
နောက်တစ်နေ့နံနက်တွင် ကာလီသည် ဟန်နီနှင့် စင်္ကြံထဲတွင် ဆုံသည်။ ဟန်နီမှာ မျက်နှာမကောင်း။ ထက်အ—
'နင် ဘာဖြစ်နေလဲ'

'ဒေါက်တာဝေါ်လေ့စ် ခေါ်ထားလို့၊ နှစ်နာရီထိုးရင် သူ့အခန်းထဲကို လာခဲ့ပါလို့ မှာထားတယ်'

'ဘာဖြစ်လို့တဲ့လဲ'

'ဟိုတစ်နေ့က လှည့်ထဲ့နေရာမှာ ဝါ ချုတ်ချော်တာလေးတွေ ရှိခဲ့တယ်၊ ဒေါက်တာရစ်တာ ဆိုတာကလည်း သူ့ရဲ့ မဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် နှင်းဆင်ပြေသွားမှာပါဟာ'

'ငါလည်း ဒီအတိုင်းပဲ ထင်တာပါပဲ၊ ဒါပေမယ့် စိတ်မကောင်းစရာတစ်ခုပဲ'

❁

နှစ်နာရီထိုးသည်နှင့် ဒေါက်တာဝေါလေ့စ်အခန်းထဲသို့ ဟန်နီ ရောက်သွားသည်။ သူမပိုက်ဆံအိတ်ထဲတွင်လည်း ပျော်ရည်အိုးကလေးတစ်လုံး ပါလာသည်။ ညှော်ကိုစာရေးမရှာ နေ့လယ်စာ ထွက်စားနေ၏။ ဒေါက်တာဝေါလေ့စ်၏အခန်း တံခါးမှာ ဖွင့်ထားပြီး....

'ဝင်ခဲ့ပါ ဒေါက်တာဟန်နီ'

ဟန်နီဝင်သွားတော့ သူက...
'တံခါးပြန်ပိတ်ခဲ့ပါဦး'

ဟန်နီ တံခါးပိတ်ပြီးတော့...
'ထိုင်ပါ'



ဟန်နီက သူနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ တစ်ကိုယ်လုံးလည်း တုန်နေ၏။

ဝေါလေ့စ်က သူမကိုကြည့်ရင်း ခွေးပေါက်စလေးကို ပိတ်ကန်သလို နေတော့မည်။ သို့သော် လုပ်စရာရှိသည်ကို လုပ်ရမည်ပဲဟု တွေးကာ...

'မင်းအတွက် ကံဆိုးတဲ့သတင်း ပြောရမှာ စိတ်တော့ မကောင်းပါဘူးကွာ'

❁

နောက်တစ်နာရီခန့် ကြာသောအခါ ဟန်နီသည် ကက်အား နေဇာလှူ မှန်ခန်းထဲတွင် သွားတွေ့သည်၊ ဟန်နီက ကက်ဘေးတွင် ဝင်ထိုင်ရင်း ပြုံးနေသည်။

'နှင် ဒေါက်တာဝေါလေ့စ်နဲ့ တွေ့ခဲ့လား'

'တွေ့တယ်၊ စကားတွေ ပြောလိုက်တာလည်း အကြာကြီးပါပဲဟယ်၊ ပြီးခဲ့တဲ့ စက်တင်ဘာလက သူ့မိန်းမ အိမ်က ဆင်းသွားတယ်တဲ့ သိလား၊ သူတို့ အိမ်ထောင်ကျတာ ဆယ့်

ဝါးနှစ်ရှိပြီ၊ ပထမအိမ်ထောင်နဲ့ရတဲ့ ကလေးနှစ်ယောက်လည်း အရွယ်ရောက်ကုန်ပြီတဲ့၊ အဲဒီကလေးတွေကိုတောင် သူ သိပ်မတွေ့ဖြစ်ဘူးတဲ့၊ တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ သနစ်ပါတယ်ဟယ်'

## အခန်း (၀၄)

နှစ်သစ်ကူးနေ့သို့ တစ်ကြိမ် ရောက်ပြီ ပြန်နေပြီး ပိုက်အက်နှင့် ဟန်နီတို့ အမ်ဘာ အက်ဒရို ခရိုင် ဆေးရုံမှာပင် ၁၉၉၄ ခုနှစ်အတွင်းသို့ ရောက်လာခဲ့ရပြန်ပြီ၊ သူတို့ ဘဝတွင် လူနာအမည်တွေအား လွှဲ၍ ဘာမျှ အပြောင်းအလဲ မရှိခဲ့။

ကားများ ရပ်သည့်နေရာတွင် ပိုက် လျှောက်လာရင်း ဟယ်ရီဘောမင်းနှင့် သူ၏အနီရောင် ဖလုရီကားလေးကို အတိရမိလိုက်သည်။ ဟယ်ရီဘောမင်း ရောင်းသည့်အဆိပ်ဆေးကြောင့် လူတွေ ဘယ်နှယောက် သေခဲ့ပြီ မသိ။

မူးယစ်ဆေးဝါးတို့သည် အလွန်စွဲလမ်းစေပြီး နောက်ဆုံး၌ သေလောက်အောင်လည်း အန္တရာယ် များလှသည်။

❁

ဂျင်မီဖိုဒ်မှာ ပန်းစည်းနှင့် ရောက်လာပြီး ပိုက်ကို ပေးသည်။

'ဘာအတွက် ပေးတာလဲ ဂျင်မီ'

သူက မျက်နှာရဲသွားပြီး...

'ဒေါက်တာကို ပေးချင်လွန်းလို့ပါ၊ ကျွန်တော် မိန်းမ ယူတော့မယ်သိလား'



'ဟယ်...အံ့ရော၊ ဘယ်သူ့နဲ့ ယူမှာလဲ'

'နာမည်က ဘက်စီတဲ့၊ အထည်ဆိုင် တစ်ဆိုင်မှာ အလုပ် ...ုပ်တယ်လေ၊ ကျွန်တော်တို့အလေး ခြောက်ယောက် မွေး ...စ်ရိုက်မယ်၊ ပထမဆုံးမွေးတဲ့သမီးလေးကို ပိုက်လို့နာမည် ...ပေးမယ်၊ ဒေါက်တာ ခွင့်ပြုမယ် မဟုတ်လားဟင်'

'ဩော်...ကျွန်မတော့ ဂိုက် ဖွရဦးမှာပေါ့'

သူမ မနေတတ်သလို ဖြစ်သွားပြီး...

'ဒေါက်တာ ကြားဖူးသလားမသိဘူး၊ ဆရာဝန် တစ် ...ယောက် ရှိတယ်တဲ့၊ သူက လူနာတစ်ယောက်ကို သတင်း ...တီ အသက် ဆက်ရှင်အောင် ကုပေးတယ်တဲ့၊ ဒီတော့ ...က ဒေါက်တာကို ကျွန်တော် လောလောဆယ် ငွေ ...ချနိုင်သေးဘူးလို့ ပြောတော့ ဆရာဝန်က ဒါဆို ခင်ဗျား နောက်ထပ် နှစ်ပတ် ပိုပြီး မသေအောင် လုပ်ပေးမယ်လို့ ...ာသတဲ့'

ပြောပြီး ဂျင်မီ ထွက်သွားတော့သည်။

တွမ်ချွန်းနှင့် ပတ်သက်၍ ပိုက် စိုးရိမ်မိသည်။

ချွန်းမှာ ပုံမှန်အခြေအနေဖြစ်လိုက်၊ စိတ်ဓာတ်ကျလိုက် ...နေ၏။

တစ်မနက်တွင် ပိုက်နှင့်စကားပြောနေရင်း သူသည်...

'ကျွန်တော်တို့ဟာ မရှိရင် ဗီလူးတွေ သောကနိမ့်မှာပျ သိ လား၊ သူတို့ရဲ့ ရှုပ်ထွေးတဲ့ နေကောင်း၊ ကျန်းမာအောင် ကုသနိုင်တဲ့စွမ်းရည် ကျွန်တော်တို့မှာ ရှိနေတယ်လေ'

နောက်ထပ်နေ့ မနက်ကျပြန်တော့....

'ကျွန်တော်တို့ဟာ ကိုယ့်ကိုယ်ကို လှည့်စားနေကြတယ် ပိုက်၊ ကျွန်တော်တို့ရဲ့ လူနာတွေဟာ ကျွန်တော်တို့မရှိလည်း ဆေးဝါ မြန်မြန်ပျောက်နိုင်ပါတယ်၊ ကျွန်တော်တို့ဟာ ကိုယ့် ကိုယ်ကို လူတော်ကြီးထင်ပြီး၊ ခကြွင်းသူ့ဆော်တွေ လုပ်နေ ကြတယ်၊ တကယ်တော့ ဘာမှ မဟုတ်ပါဘူး'

ပိုက်က သူ့ကို ဝေ့ကာသလို တစ်ချက်ကြည့်ပြီး—

'ဆရာဆီက ဘာကြားသေးလဲ'

'မနေ့က သူ့ဆီ ကျွန်တော်ဖုန်းဆက်တယ်၊ သူအခုတော့ ပြန်မလာနိုင်ဘူးတဲ့၊ ကျွန်ရှင်းပြီးပဲ ပြောနေတယ်'

ပိုက်က သူ့လက်ခေါင်းကို ဆွဲလျက်—

'စိတ်မကောင်းလိုက်တာ ဟွန်မုယ်'

သူက ပခုံးတစ်ချက် တွန့်လိုက်ပြီး—

'ဘာဖြစ်လို့လဲ၊ ဒီအတွက် ကျွန်တော် မပူပါဘူး၊ ဘာမှ မဖြစ်တော့ဘူး၊ ဘာမှမဖြစ်တော့ဘူး၊ နောက်တစ်ခေါက်



ရှာယူရုံပေါ့၊ နောက်အလေးတစ်ယောက်လည်း ရှိမှာပေါ့ ခင်ဗျား ကြည့်နေ

ပြောနေသည့် စကားများမှာ ရင်ထဲက စကားများ မဟုတ်၊ ညကျတော့ ပိုက်ကို ဆက်အား....

'တွမ်ချန်းနဲ့ ပတ်သက်ပြီး ငါ စိုးရိမ်တယ်ဟယ်၊ အခု ကလေး ယူနိုင်နင် စကား ပြောဖြစ်သေးလား'

'အေး'

'သူစိတ်က မှန်ပုံရရဲ့လား'

'ငါအမြင်တော့ ယောကျ်ား မှန်သမျှ စိတ်မှန်တယ်လို့ မထင်ပါဘူး'

'မနက်ဖြန် ည သူ့ကို ထမင်းစားဖိတ်ရအောင်ဟယ်'
'ဖိတ်လေ'

နောက်နေ့ မနက် ပိုက် ဆေးရုံရောက်တော့ ဆေးရုံ မြေ ကွက်ခန်းထဲ၌ တွမ်ချန်း၏ အလောင်းကို သန့်ရှင်းရေး သမား တွေ့ခဲ့ကြောင်း သတင်းစကား ကြားခဲ့ရသည်၊ အိပ် ဆေးတွေ အလွန် အကျွံ သောက်၍ သေရခြင်း ဖြစ်သည် ဟု၏။

ပိုက် ရင်တွေ ဆတုန်ကယင် ဖြစ်ရသည်။

'သူမသေအောင် ငါကယ်နိုင်ရက်သားနဲ့တယ်၊ သူ ငါ့ကို အကူအညီတောင်းတယ်၊ ငါက သဘောမပေါက်ခဲ့ဘူး'

ပိုက်ဆေ ပြောရင်းငိုသည်။ ဆက်၍—

'နင် သူ့ကို ဘယ်လိုမှကယ်လို့မရပါဘူး ပိုက်ရယ်၊ နင့်ကြောင့် ပြဿနာဖြစ်ရတာမှမဟုတ်တာ၊ နင်ဖြေရှင်းလို့ ဘယ်ရပါ့မလဲ၊ သူ့မိန်းမနဲ့ ကလေးမရှိရင် သူ ဘယ်နေနိုင်မလဲ၊ ရှင်းရှင်းလေးပဲ'

ပိုက်က မျက်ရည်သုတ်ရင်း—

'ဒီ သောက်သုံးမကျတဲ့ နေရာကြောင့်ပါ၊ ဒီနေရာမှာ ပျော်စရာသာကောင်းရင် သူ့မိန်းမ သူ့ကိုထားပြီး ဘယ်ထွက်ပါ့မလဲ'

'ဒါပေမယ့် အခုတော့ ထားသွားပြီမဟုတ်လား၊ ပြီး သွားပါပြီဟာ'



တရုတ်အသုဘကို ပိုက် မသွားဖူးခဲ့။ အတော်လေးကြည့်ကောင်းလှသည်။ နံနက်ပိုင်း တရုတ်တန်းရှိ အစိမ်းရောင် လမ်း ရေခဲတိုက်အပြင်တွင် လူတွေ စုရုံးနေကြ၏။ အသုဘပို့သည့် လူတန်းကြီး၏ထိပ်ဆုံးမှ ဘင်ခရာဝိုင်း တစ်ဝိုင်းပါသည်။ အသုဘပို့သူတွေက တုမ်ချန်း၏ဓာတ်ပုံကြီးတစ်ပုံကို ကိုင်လာကြ၏။

ဘင်ခရာဝိုင်းက ကျယ်လောင်စွာ တီးခတ်ပြီး လူတန်းကြီးက ဆန်ဖရန်စစ္စကိုလမ်းတွေထဲ ကွေ့ပတ် သွားနေကြသည်။ အများစုမှာ ခြေကျင်လျှောက်ကြပြီး အသက်ကြီးသူတွေကတော့ မော်တော်ကားဖြင့် လိုက်ပါပို့ကြသည်။

လူတန်းကြီးမှာ လမ်းတွေထဲ ဦးတည်ရာမဲ့သွားနေသည်ဟု ပိုက်ထင်သဖြင့်—

'ဘယ်ကို သွားကြမှာလဲ'

အခြား အသုဘပို့သူတစ်ယောက်အား မေးမိသည်။

ထိုလူက မသိမသာ ဦးညွှတ်၍—

'ကျွန်တော်တို့ထုံးစံအရ သွားလေသူ အသက်ရှိတုန်းက သွားလာခဲ့တဲ့ နေရာတွေ၊ သူစားခဲ့တဲ့ စားသောက်ဆိုင်၊ သူဝယ်ခဲ့တဲ့ ဈေးဆိုင်၊ သူလည်ပတ်ခဲ့တဲ့ နေရာတွေကို ဖြတ်ပြီးပို့ရတယ်'

'ခြော်…ဟုတ်လား'

နောက်ဆုံးတွင် မိမိတို့ဆေးရုံသို့ရောက်ခဲ့ကြသည်။ စောစောကလူက ပိုက်အက်သို့လှည့်ကာ…

'ဒါဟာ တွမ်ချန်းအလုပ်လုပ်ခဲ့တဲ့ နေရာလေ၊ ဒီနေရာမှာ လူ သိပ်ပျော်ခဲ့တာပေါ့'

မှားလိုက်လေ၊ ယည်နေရာမှာ သူ့အတွက် စိတ်အဆင်းရဲခဲ့ရဆုံး၊ ပိုက် စိတ်ထဲမှ ပြောလိုက်ခြင်းဖြစ်၏။

ဈေးကွက်ဆမ်းထဲ တစ်မနက် လျှောက်သွား အဲဗရက်တန်နာကို ပိုက် တွေ့လိုက်ရသည်။ သူ့ကို ပိုက် စိတ်ထဲမှ ပျောက်ဖျက်၍မရသေး။ မီးပွိုင့်စိမ်းတော့ သူက လမ်းကူးသွားသည်။

လမ်းထောင့်သို့ ပိုက်ရောက်သွားတော့ မီးပွိုင့်က ပြန်နီသွားသည်။ မီးနီအည်ကို ဂရုစိုက်မနေတော့ဘဲ ပိုက်



ဆမ်းကူးကို ဖြတ်ပြေးသည်။ ကားတွေထံမှ ဟွန်းသံတွေနှင့် ဆဲသံတွေ ညံသွားတော့သည်။

လမ်းတစ်ဖက်ကိုရောက်တော့ သူ့ကို အမီပြေးလိုက်မြန်သည်။ မီတော့ သူ့အင်္ကျီလက်မောင်းကိုဆွဲလျက်…

'အဲဗရက်…'

သူက လှည့်ကြည့်ပြီးတော့…

'ဘာလဲ မိန်းအလေးရယ်'

ယင်းမှာ အဲဗရက် လုံးဝ မဟုတ်ပါလား။

ပိုက်နှင့် ကက်တို့မှာ အငယ်တန်း ဆရာဝန်ဘဝနှင့် လေးနှစ်တွင်းသို့ ရောက်ခဲ့လေပြီ။ ခွဲစိတ်မှုတွေကိုလည်း ပုံမှန်လုပ်နေကြရပြီဖြစ်၏။

ကက်မှာ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်မှုဆိုင်ရာ ဆရာဝန်များနှင့် တွဲ၍ လုပ်ကိုင်နေရသည်။ လူ၏ ဦးခေါင်းခွံ

အတွင်း၌ ကွန်ပျူတာ သန်းပေါင်းတစ်သိန်းခန့် စုပေါင်းထားသည်နှင့်တူသော အရာတစ်ခု ရှိနေခြင်းအတွက် ကက်အံ့ဩမဆုံး၊ ခွဲစိတ်ရသည်မှာလည်း စိတ်လှုပ်ရှားစရာအတိ။

သူမနှင့် အတူတွဲလုပ်ကိုင်သော ဆရာဝန် အတော်များများက ကက်အား လေးစားကြသည်။ ထိုဆရာဝန်တွေမှာလည်း ထက်မြက်သည့် လူတော်များပါပေ။ သူမကို အနှောင့်အယှက်ပေးသည့် ဆရာဝန် အနည်းငယ်တော့ရှိသည်။ သူတို့က ကက်အား အပြင်ထွက်ရန် ချိန်းသည်။ သူမ ငြင်းလေ သူတို့ဆ ပို၍ချိန်းလေ ဖြစ်လာသည်။

ဆရာဝန်တစ်ယောက်က မကြားတကြား။

တစ်နေ့ သူမသည် ဒေါက်တာ ဆစ်ဘလစ်နှင့် ဦးနှောက်ခွဲစိတ်မှုတစ်ခု လုပ်နေသည်။ ဦးနှောက်အပြင်ပိုင်းကို အနည်းငယ် ခွဲလိုက်ပြီး၊ ဒေါက်တာဆစ်ဘလာက ဦးနှောက် ဗယ်ဘက်အခြမ်းသို့ ရာဘာပြွန်ကလေးတစ်ခု ထိုးသွင်းနေသည်။

ကက်မှာ ခွဲထားသည့်နေရာကို မာနေစေရန် စပွန်ဂျ်ကလေးဖြင့် ဖိပေးထားရ၏၊ သူမ၏အာရုံမှာလည်း ရှေ့တွင် လုပ်ကိုင်နေသည်ကိုသာ ရောက်နေသည်။

ဒေါက်တာ ဆစ်ဘလာက အလုပ်လုပ်နေရင်း သူမကို စစ်ချက်ကြည့်ကာ...



'မင်း ကြားပြီးပြီလား မသိဘူး၊ အရက်သမားတစ်ယောက် ဘားဆိုင်တစ်ဆိုင်ထဲကို ဒယိမ်းဒယိုင်နဲ့ ဝင်သွားသတဲ့၊ ပြီးတော့ အရက်တစ်ခွက် ပေးပါပြောတော့ အရက်ရောင်းတဲ့လူက မပေးဘူး၊ ခင်ဗျား မူးနေပြီပဲလို့ ပြောသတဲ့...

'ဒီတော့ အရက်သမားက ခင်ဗျားမပေးရင် ကျုပ်ကိုယ်ကျုပ် သတ်သေလိုက်မယ်လို့ ဆိုသတဲ့'

ဦးနှောက်တွင်း အရည်များ ရာဘာပိုက်မှတစ်ဆင့် ပန်းထွက်လာသည်။

'ဒီတော့ အရက်ရောင်းတဲ့သူက ကဲ...ဒီလိုဆိုရင် ကျုပ်ပြောမယ်၊ ခင်ဗျားကို အလုပ်သုံးခုခိုင်းမယ်၊ ကျုပ်ခိုင်းတာကို လုပ်ပေးရင် ခင်ဗျားကို အရက်ရောင်းမယ်လို့ ပြောသတဲ့'

သူပြောနေစဉ် ဦးနှောက်အတွင်းသို့ လေ ၁၅ မီလီမီတာ သွင်းနေသည်။ ဦးနှောက်ကိုလည်း ဓာတ်မှန်ဖြင့် ရှေ့နောက် ရိုက်နေသည်။

'နောက်ပြီး အရက်ရောင်းတဲ့လူက ဟောဟိုထောင့်မှာ ထိုင်နေတဲ့ ဘောလုံးသမားကို တွေ့သလား၊ သူ့ကို ကျုပ် နှင်ထုတ်လို့မရဘူး ဖြစ်နေတယ်၊ အဲဒါ ခင်ဗျား နှင်ထုတ်ပေးရမယ်၊ နောက်တစ်ခုက ကျုပ်ရုံးခန်းထဲမှာ အလှမွေးထားတဲ့ မိကျောင်းတစ်ကောင်ရှိတယ်၊ သွားကတော့ မကောင်းဘူး၊

သွလည်း၊ မာန်ထနေလို့ ကျုပ် သူ့အနား မကပ်ရဲဘူးဖြစ်နေတယ်၊ နောက်ဆုံးတစ်ခုစာ ကျန်းမာရေးဌာနမှာ ဆရာဝန်မ တစ်ယောက်ရှိတယ်၊ အဲဒီဆရာဝန်မက ဓီဆိုင်ကိုပိတ်အောင် လုပ်နေတယ်၊ အဲဒီဆရာဝန်မကို အစမ္မပြုပေးရမယ်၊ အဲဒါ တွေ့ပြီးရင် ခင်ဗျားကို တစ်လုံးတိုက်မယ်တဲ့'

ခွဲစိတ်လူနာပြုဆရာမလေးတစ်ယောက်က ဦးနှောက်ထဲမှ သွေးများကို ကရိယာဖြင့် စုပ်ထုတ်နေသည်။

'အဲဒီနှောက် အရက်သမားလည်း ဘောလုံးသမားကို ဆိုင်ပြင်ဆွဲထုတ်ပစ်လိုက်တယ်၊ ပြီးတော့ မိကျောင်းရှိတယ် ဆိုတဲ့ ရုံးခန်းထဲကို ဝင်သွားတယ်၊ ဆယ့်ငါးမိနစ်လောက် ကြာတော့ သူပြန်ထွက်လာတယ်၊ တစ်ကိုယ်လုံးလည်း သွေး တွေနဲ့ အဝတ်အစားတွေလည်း စုတ်ပြတ်လို့တဲ့၊ ပြီးတော့ လူက ဘယ်မှာလဲ သွားမအောင်းတဲ့ ဆရာဝန်မလို့ မေးသတဲ့'

ဒေါက်တာအစ်ဘာလာမှာ ထဟားဟား ရယ်နေပြီးမှ—

'မင်းသဘောပေါက်ရဲ့လား မသိဘူး၊ အရက်သမားဟာ နားလည်မှုမှားပြီး မိကျောင်းကို အစမ္မပြုခဲ့တာကိုး၊ အတွေ့ အကြုံသစ်တစ်ခုးတော့ ရမှာပေါ့နော်'

ကက် ခေါ်ခေါ်ရယ်လိုက်သည်။ ဒေါ်သသည်းထွက်နေ၏။ သူ့ကို ဓါးရိုက်ပစ်ချင်စိတ်သည်၊ ပေါက်မိသည်။



ခွဲစိတ်ပြီးတော့ ကက် ဂျူတီခန်းသို့သွား၍ ဧဝါအခြေ အောင် နေလိုက်ရသည်။ ဤလူယုတ်မာတွေ၏ အနိုင်ကို မိမိ မခံဘူးသည်း တွေးနေမိသည်။

ပိုက်ဆာမှ ဆေးရုံမှ ဆရာဝန်တွေနှင့် မကြာခဏ အပြင် ထွက်စားသည်။ သို့သော် မည်သူနှင့်မျှ မငြိစွန်းအောင် နေခဲ့၏။

အဲဖရက်တန်နစ်ကြောင့် မိမိ အတော်ပင် နာကြည်းခဲ့ရ သည်။ သည်လိုအဖြစ်မျိုး နောက်ထပ် မဖြစ်စေဘူးလည်း ဆုံးဖြတ်ထား၏။

နေ့ရောညပါ ဆေးရုံဘွင်သာ အချိန်ကုန်ရသည်က များ သည်။ တာဝန်ကျချိန်များအလည်း မတူ။ သို့သော် အမြဲတမ်း ခွဲစိတ်မှုတွေ လုပ်နေရသဖြင့် ပိုက် ပျော်နေသည်။

တစ်နံနက်တွင် ခွဲစိတ်ကုဆရာဝန်ကြီး ဂျော့ အင်လန်အား သူမကို ခေါ်တွေ့သည်။

'ဗိန္ဒစ် မင်း၊ရဲ့ အထူးပြုဘာသာရပ် စလုပ်ရတော့မယ်ခနဲဒ်၊ နှလုံး၊ခွဲစိတ်မှုဆေ'

ပိုက်က ခေါင်းညိတ်လျက်...
'ဟုတ်ပါတယ် ဆရာကြီး'
'အေး...အဲဒါ မင်း၊အတွက် စေတနာနဲ့ တစ်ခု ဗိစဉ်ပေးမလို့၊ ဒေါက်တာဘာဏာဆိုတာ ကြားဖူးလား'

ပိုက်က အံ့ဩသလို သူ့ကို ပြန်ကြည့်လိုက်ပြီး....
'ဒေါက်တာလောရင့်ဘာကာကို ပြောတာလား၊ ဆရာကြီး'
'အေး'
'ကြားဖူးတာပေါ့'

ဒေါက်တာလောရင့်ဘာကာကိုလူတိုင်းသိနေသည်။ အမ္ဘာတွင် အတော်ဆုံး နှလုံးခွဲစိတ်ဆရာဝန်တစ်ဦး မဟုတ်လော။

'အေး....ပြီးခဲ့တဲ့အပတ်ကပဲ ဆော်ဗီအာရေဗီးယားက သူပြန်လာတယ်၊ ဆော်ဗီဘုရင်ကို သွားခွဲပေးတာ၊ ဒေါက်တာဘာကာတာ ဆရာ့မိတ်ဆွေကောင်း တစ်ယောက်ပါ၊ သူအတို့ရဲ့ ဆေးရုံမှာ တင်ပတီကို သုံးရက် စေတနာလုပ်အားပေးမယ်'
'ဟာ...ကောင်းလိုက်တာ'
'အဲဒါ ဆရာ မင်းကို သူနဲ့ တွဲပေးမယ်'



ရုတ်တရက် ပိုက် ဘာပြန်ပြောရမည်ပင်မသိ ဖြစ်သွားသည်။

'ကျွန်...ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ သိပ်ကျေးဇူးတင်တာပဲ ဆရာကြီးရယ်'

'မင်း၊အတွက်တော့ သိပ်ကောင်းတဲ့ အခွင့်အရေးပဲ၊ မင်း၊ သူ့ဆီက ပညာတွေ အများကြီးရမယ်'
'ထေချာတာပေါ့၊ ကျေးဇူး တင်ပါတယ် ဆရာကြီး၊ တကယ့်ကိုကျေးဇူးတင်တာပါ'
'မနက်ဖြန်မနက်ခြောက်နာရီကစပြီး မင်း၊ သူနဲ့အတူတူ လှည့်ရမယ်'
'အဲဒီအချိန် မြန်မြန်ရောက်စေချင်ပါပြီ'

'အဲဒီအချိန်မြန်မြန်ရောက်စေချင်ပါပြီ' ဆိုသောစကားမှာ အားပျော့လွန်းသေးသည်။ ဒေါက်တာ လောရင့်ဘာကာလို ဆရာဝန်ကြီးမျိုးနှင့် အတူတွဲ လုပ်ချင်သောဆန္ဒ ပိုက်တွင် ပြင်းပြနေသည်မှာ ကြာခဲ့ပြီ။ ဒေါက်တာ လောရင့်ဘာကာ

လို လူမျိုးဆိုရာတွင်လည်း ဒေါက်တာ အော်ရင့် ဘာသာ တစ်ဘယောက်သာရှိသည်။

သူ၏ဓာတ်ပုံကိုပင် ပိုက်မမြင်ဖူးခဲ့။ သို့သော် သူ့ပုံပန်း သဏ္ဌာန်ကို ပိုက်မှန်းဆကြည့်၍ရသည်။ အရပ်မြင့်မြင့်၊ ခပ် ချောချော၊ ရွှေရောင်နှင့်အဖြူရောင်ဆံပင်တွေရောနေသည်။ လူပုံက ခပ်သွယ်သွယ်၊ လက်ကလေးတွေက ခပ်နုနု၊ နူးညံ့ သိမ်မွေ့မည့်လူမျိုး။

မိမိတို့ တွဲလုပ်ကြမည်။ မိမိဘက်ကလည်း အစွမ်းကုန် ကြိုးစားပြမည်။ သူ့မှာအိမ်ထောင်ရှိသလားမသိ၊ ပိုက် တွေး နေမိသည်။

ထိုည ဒေါက်တာဘာကာနှင့်တွဲ၍ ခွဲစိတ်မှုတစ်ခု လုပ် နေသည်တုန်းလည်း အိပ်မက်တွေးက်နေသည်။

နောက်နေ့မနက်ခြောက်နာရီတွင် ပိုက်သည် ဒုတိယထပ် တွင် အကြီးတန်းအလုပ်သင်ဆရာဝန် ဂျိုဝဲဗိုလ်စ်နှင့် အခြား အလုပ်သင်ဆရာဝန်ငါးယောက်နှင့်အတူ စိတ်မောစွာစောင့် နေသည်။ ထိုစဉ် မျက်နှာထားတင်းတင်းနှင့်လူတစ်ယောက်



လျှောက်လာသည်ကို တွေ့လိုက်ရသည်။ ထိုလူသည် လေပြင်း ကိုဆန့်၍ လျှောက်နေသည့်ပမာ ကိုယ်ကို ရှေ့လည်းကိုင်း သား၏။

အနားရောက်တော့ သူက—

'ဘာရပ်လုပ်နေကြတာလဲ၊ လာ—သွားမယ်'

ပိုက်မှာ ကိုယ့်ကိုယ်ကို အစောင်ပင်ထိန်းလိုက်ရသည်။

ပြီးတော့ အဖွဲ့နောက်သို့ အမီပြေးလိုက်ခဲ့၏။ လျှောက် သွားနေရင်း ဒေါက်တာဘာကာက—

'မင်းတို့ တစ်နေ့ လူနာ သုံးဆယ်ကနေ သုံးဆယ့်ငါး ယောက်ကြား ကိုင်ရမယ်၊ လူနာတစ်ဦးချင်း အသေးစိတ် မှတ်တမ်းတွေလည်း လုပ်ထားပါ၊ နားလည်ကြား'

အားလုံးက သံပြိုင်—

'နားလည်ပါတယ်ဆရာ'

အဆောင်အမှတ်တစ်သို့ ရောက်လာကြသည်။ ဒေါက်တာ ဘာကာက အသက်ခလေးဆယ်ကျော်ခန့်ရှိ လူနာတစ်ဦးရှိရာ တင်သို့ လျှောက်သွားသည်။ ဒေါက်တာဘာကာ၏ မာ သတ်ဆတ်အမူအရာတွေ ချက်ချင်းပျောက်သွားသည်။

ထူးက လူနာ၏ပခုံးကို အသာအယာကိုင်၍—
'မင်္ဂလာပါခင်ဗျာ၊ ကျွန်တော်က ဒေါက်တာဘာကာပါ'

'မင်္ဂလာပါ ဒေါက်တာ'

'ဒီမနက် ဘယ်လိုနေလဲ'

'ငုင်ဘတ်တာအအေငွေ့တယ်'

ဒေါက်တာဘာကာက ခုတင်ခြေရင်းရှိမှတ်တမ်းကို လှမ်းကြည့်လိုက်ပြီး၊ ဒေါက်တာဖီလစ်ဘက်သို့လှည့်၍—

'သူ့ဓာတ်မှန်ထဲမှာ ဘာပြသလဲ'
'အပြောင်းအလဲမရှိဘူး၊ တဖြည်းဖြည်းကောင်းလာတာကို တွေ့ရတယ်'

'သူ့ကို နောက်ထပ် နှလုံးဓာတ်မှန်ရိုက်ပါဦး'

ဖီလစ်က မှတ်စုကို ရေးမှတ်နေသည်။

ဒေါက်တာဘာကာက လူနာအား အသာပုတ်၍—

'အခြေအနေ ကောင်းပါတယ်၊ တစ်ပတ်လောက်ဆိုရင် ခင်ဗျား ဆေးရုံက ဆင်းရတော့မှာပါ၊ ကဲ…သွားကြမယ်၊ လူနာတွေကြည့်စရာ အများကြီးရှိသေးတယ်'



နောက်လူနာမှာ မိန်းမဝဝကြီးတစ်ယောက် ဖြစ်သည်။ ဒေါက်တာဘာကာအား လူနာမှတ်တမ်းကိုယူကြည့်ပြီး—

'မင်္ဂလာပါ မစ္စက်ရှယ်ဘီး၊ ကျွန်တော်က ဒေါက်တာဘာကာပါ'

'ကျွန်မကို ရှင်တို့ ဒီမှာ ဘယ်လောက်ကြာအောင် ထားမှာလဲ'

'အစ်မကြီးက သိပ်ချစ်ဖို့ကောင်းတာပဲ၊ ကျွန်တော်က တော့ အစ်မကြီးကို ဒီမှာ တစ်သက်လုံးနေသွားစေချင်တာ၊ တော့်မှာ မိန်းမရှိနေလို့ပေါ့'

မစ္စက်ရှယ်ဘီအာ ခစ်ခနဲရယ်လိုက်ပြီး—

'ဆရာ့မိန်းမကတော့ သိပ်ကံကောင်းတာပဲ'

ဒေါက်တာဘာကာက မှတ်တမ်းကို ထပ်ကြိမ်ပြန်ကြည့်

'ကြည့်…အစ်မကြီး ဆေးရုံက ဆင်းရတော့မှာပါလား'

'အမယ်လေး…ဝမ်းသာလိုက်တာ'

'ညနေကျရင် ကျွန်တော် တစ်ခေါက် လာကြည့်ဦးမယ်

ပြီးတော့ အလုပ်သင်ဆရာဝန်များဘက်သို့ လှည့်ကာ—
'ကဲ—သွားကြမယ်'

အားလုံး ဒေါက်တာဘာကာနောက်သို့ သီးသန့်ခန်းကလေး တစ်ခုဆီသို့ လိုက်လာကြသည်။ အခန်းထဲတွင် ဂွာတီမာလာ လူမျိုး ဖြစ်သော ကလေး တစ်ယောက်မှာ ခုတင်ပေါ်တွင် လှဲနေသည်။ ခုတင်ဘေးတွင် စိတ်ပူနေသည့် မိဘသားစု ထိုင်နေ၏။

'မင်္ဂလာပါ၊ ဒီမနက် ဘယ့်နှယ်နေသေးလဲ'

ဒေါက်တာဘာကာက လူနာမှတ်တမ်းကို ကြည့်ရင်း ပြောလိုက်သည်။

'နည်းနည်းနေလို့ကောင်းတယ်ဒေါက်တာ'

ဒေါက်တာဘာကာက ဇီသစ်ဘက်သို့လှည့်၍—
'လျှပ်လိုက်တေတီ အခြေအနေ အပြောင်းအလဲရှိသလား'
'မရှိဘူးဒေါက်တာ'

'ဒါဆို ကောင်းတာပေါ့၊ သား ဆေးရုံမှာ ခဏစော နေရဦးမယ်နော် ဂျုအန်း'

မိခင်ဖြစ်သူက စိုးရိမ်စွာဖြင့်—
'ကျွန်မသားလေး ပြန်ကောင်းပါ့မလား ဆရာ'



'ကျွန်တော်တို့ဘက်က တတ်စွမ်းသမျှ သူ့ကို ကုပေး နေပါတယ်ခင်ဗျာ'

'ကျေးဇူးပါပဲ ဒေါက်တာရယ်'

ဒေါက်တာဘာကာ စင်္ကြံထဲသို့ ထွက်လာသည်။ ကျန် လူများလည်း သူ့နောက်မှ လိုက်သွားကြ၏။ ပြီးတော့ သူက ရပ်၍—

'ဒီလူနာမှာ နှလုံးကြွက်သားယောင်ရောဂါ ဖြစ်နေတာ၊ ကြာရှည်တဲ့အခါ တုန်ပြီ။ ဖျားမယ်၊ ခေါင်းကိုက်မယ်၊ ကိုယ် ပေါ်မှာ ရောင်တဲ့နေရာ ရောင်မယ်၊ ဒီရောဂါ ဘာကြောင့် ဖြစ်ရတာလဲ၊ မင်းတို့အထဲက ဘယ်သူပြောနိုင်သလဲ'

ဘယ်သူမှ အသံထွက်မလာ၊ ပိုက်က မဝံ့မရဲဖြင့်—

'ဒါဟာ မွေးရာပါ မျိုးရိုးပါ ရောဂါလို့ ထင်ပါတယ် ဆရာ'

ဒေါက်တာဘာကာက သူ့မကို ကြည့်ကာ ခေါင်းညိတ် သည်။ ပိုက်က အားတက်သွားပြီး ဆက်၍—

'အဲဒါမျိုးဟာ—နေဦး၊ အဲဒါမျိုးဟာ မျိုးဆက်တွေ လည်း ကျော်ပြီး ဖြစ်တတ်ပါတယ်၊ နောက်ပြီး မိခင် ဗီဇ မျိုးရိုးဘက်က ဆင်းသက်တတ်ပါတယ်'

သူမ စကားကိုရပ်လိုက်သည်။ ခမ်းသာဘုတ်ယူမှု အကြောင်း ရှက်နေ၍ တွေးနေသည်။ ပြောနေစဉ် ဒေါက်တာဘာဘာကာအ သူမသို့ တစ်ချက်စိုက်ကြည့်ပြီး—

'ဘယ်က ဟုတ်မှာလဲ၊ ဒါကို ချာဂါ ခေါ် ဂါလို့ ခေါ်တယ်၊ လင်းဘင်အားနေရိုက နိုင်ငံတွေမှာဖြစ်တာ၊ ဖြစ်မှုဖြစ်ရလေ မငဲ့ကို ဘယ်သူက ဆရာဝန်တွေ့ပြလိုက်တာလဲ'

ပိုက် မျက်နှာတစ်ခုလုံး နီရဲသွားသည်။ နောက်ပိုင်း လှည့်စစ်သည့်အချိန်လုံး သူမ ဘာကိုမျှမပြောတော့။ လူနာနှစ်ဆယ်လောက် လှည့်စစ်ခဲ့သည်။ တစ်မနက်လုံး ဒေါက်တာ ဘာကာသည် သူမ ကို အရှက်ခွဲရန် ကြိုးစားနေသကဲ့သို့ ရှိ၏။

ဒေါက်တာဘာကာသည် ပညာစမ်း၍ မေးသည့်အခါ တိုင်း သူမကိုသာ ဦးတည်မေးနေ၏။ သူမ ပြော၍ မှန်သွားသည့်အခါ ချီးကျူးသည့်မျိုးလည်း မရှိ။ မှားလျှင်တော့ အော်ငေါက်ပစ်နေသည်။ တစ်ခါတွင် ပိုက်ပြောသည့်မှာ မှားသွားသဖြင့် သူက ထရှဲဟောက်သည်။

'ငါ့အိမ်ကခွေးကို ခွဲစိတ်ရောခိုင်းရင်တောင် နင့်ကို ငါ မခိုင်းဘူး'

လှည့်၍ပြီးသောအခါ အကြီးတန်း အလုပ်သင်ဆရာဝန် ဒေါက်တာဗီသစ်က—



'နေ့ခင်းနှစ်နာရီမှာ ညနေပိုင်း စလှည့်ကြမယ်၊ မှတ်စု စာအုပ်အဆင်သင့်တွေလည်း ယူလာကြပါ၊ လူနာတစ်ယောက် ချင်းနဲ့ပတ်သက်ပြီး မှတ်စုမှတ်ထားရမယ်၊ မေ့မနေကြနဲ့ဦး'

သူက ပိုက်အား သနားသလိုကြည့်နေပြီး တစ်စုံတစ်ရာ ပြောမည်လုပ်ပြီးမှ လှည့်ကာ ဒေါက်တာဘာကာနောက်သို့ လိုက်သွားသည်။

ဒီလူယုတ်မာကြီးကို ငါ နောက် ဘယ်တော့မှ မတွေ့ချင်တော့ဘူးဟု ပိုက် စိတ်ထဲမှ တွေးနေမိ၏။

❀

ထိုနေ့ညတွင် ပိုက် ဂျူတီကျသည်။ ပြဿနာ တစ်ခုပြီး တစ်ခုနှင့် ကြုံရသည်။ အရေးပေါ်ခန်းတွင် ကြုံလာသော ပြဿနာများကိုလည်း ကြိုးစားဖြေရှင်းခဲ့ရ၏။

နံနက် တစ်ချက်တီးလောက်တွင် သူမ အိပ်ပျော်သွားသည်။ ဆေးရုံမှ ရောက်လာသော လူနာတင်ကား ဥသြသံ ကိုပင် သူမ မကြားလိုက်။ ဆေးရုံဝန်ထမ်း နှစ်ယောက်က

လူနာတင်ကား နောက်ပေါက် တံခါးများကို ဖွင့်လိုက်ပြီး သတိလစ်နေသည့်လူနာကို တွန်းလှည်းနှင့်တင်ကာ အရေးပေါ်ခန်း အမှတ်တစ်ဆီသို့ အပြေးတွန်းလာကြ၏။

ဝန်ထမ်း သူနာပြုကိုလည်း ရေဒီယိုဖုန်းဖြင့် ကြိုတင်အကြောင်းကြားထားသည်။ သူနာပြုဆရာမ တစ်ယောက် လူနာဘေးသို့ အပြေးရောက်လာ၏။ အခြားတစ်ယောက်က လှည်းတွန်းရင်း တစ်နေရာမှ ကြိုစောင့်နေ၏။

စက္ကန့်ခြောက်ဆယ်လောက်ကြာတော့ လူနာအား တွန်းလှည်းပေါ်မှ စမ်းသပ်ခုတင်ပေါ်သို့ ပြောင်းထင်ပြီးသား ဖြစ်နေသည်။

လူနာမှာ လူငယ်တစ်ယောက် ဖြစ်နေပြီး တစ်ကိုယ်လုံး သွေးတွေနှင့် လွှမ်းနေသဖြင့် ရုပ်ကိုပင် ဖမ်း၍မရ။

ဆရာမတစ်ယောက်က လူနာ၏ အဝတ်အစားများကို ဓားအစ်ချောင်းဖြင့် ထိုးခွဲပစ်နေသည်။

'တစ်ကိုယ်လုံး ကျိုးကျေကုန်ပြီ ထင်ပါရဲ့'
'သွေးတွေလည်း တအားထွက်နေတယ်'
'သွေးစမ်းလို့လည်း မရတော့ဘူး'
'တာဝန်ကျဆရာဝန် ဘယ်သူလဲ'
'ဒေါက်တာပိုက်တေလာလေ'



'ခေါ်လိုက်စမ်း၊ ဒေါက်တာ အမြန်ရောက်လာရင် လူနာ သေချင်မှသေမယ်'

တယ်လီဖုန်းသံကြောင့် ပိုက် နိုးလာသည်။

'ဟဲလို...'

'အရေးပေါ်ခန်း တစ်မှာ အရေးပေါ်လူနာတစ်ယောက် ရောက်နေတယ် ဒေါက်တာ၊ အခြေအနေတော့ သိပ်မကောင်းဘူး ထင်တာပဲ'

ပိုက်က ထတိုင်ပြီး....
'ကောင်းပါပြီ၊ ကျွန်မလာခဲ့မယ်'

နာရီကို ကြည့်လိုက်တော့ နံနက်တစ်ချက်ခွဲ။ ပြီးနောက် ဒယိမ်းဒယိုင်နှင့် ထကာ ဓာတ်လှေကားဆီသို့ လာခဲ့သည်။
တစ်မိနစ်ခန့်အကြာတွင် အရေးပေါ်အခန်း အမှတ်တစ်သို့ ပိုက် ရောက်သွားသည်။ အခန်းအလယ် စမ်းသပ်ခုတင်ပေါ်တွင် သွေးအလိမ်းလိမ်းနှင့်လူကို တွေ့လိုက်ရ၏။

'ဘယ်လိုဖြစ်တာလဲ'

'မော်တော်ဆိုင်ကယ် မှောက်တာ ဒေါက်တာ၊ ဘတ်စ်ကားက သူ့ကို ဝင်တိုက်တာ၊ သူ့မှာ ဆိုင်ကယ်စီး ဦးထုပ်လည်း မပါဘူးတဲ့'

ပိုက် လူနာဆီသို့ လျှောက်သွားသည်။ လူနာ၏ မျက်နှာကို မြင်မိကာပင် သူမ သိလိုက်လေပြီ။ မျက်လုံးလည်း ကျယ်သွားပြီ။

'ဆိုင်ဖွီ (ဂလူးကိုစ်) သွင်းဖို့ လုပ်စမ်း၊ အောက်ဆီဂျင်လည်း ပေးပါ၊ သွေးပုလင်းလည်း သွားယူစမ်း၊ မြန်မြန်လုပ်၊ သူ့သွေးအမျိုးအစားကိုလည်း မှတ်တမ်းဌာနကို ဖုန်းဆက်ပြီး မေးပေါ့'

ပိုက်က အမိန့်ပေးနေသည်။ သူနာပြုဆရာမက ပိုက်ကို အံ့ဩသလို ကြည့်လျက်....

'ဒေါက်တာ သူ့ကို သိလို့လား'

'သိတာပေါ့၊ သူ့နာမည်က ဂျင်မီဖွီဒ်တဲ့'

ပိုက်က လူနာ၏ ဦးခေါင်းကို လက်နှင့်စမ်းကြည့်လိုက်ပြီး —

'သိပ်ယောင်ကိုင်းနေတယ်၊ ခေါင်းကို ဓာတ်မှန်ရိုက်ဖို့ လုပ်ပါ၊ ဒီလူနာကို အတတ်နိုင်ဆုံး ကြိုးစားကုရမယ်၊ အသေမခံနိုင်ဘူး'

'ဟုတ်ကဲ့ပါ ဒေါက်တာ'

နောက်နှစ်နာရီလုံးလုံး ဂျင်မီဖွိဒ်အတွက် အကြွစ်နိုင်ဆုံး ဆောင်ရွက်ခဲ့သည်။ ဓာတ်မှန်ရိုက်ကြည့်တော့ ဦးခေါင်းခွံ



အက်သွားပြီး အပေါ် လက်မောင်းရိုး ကျိုးသွားသည်။ မှုန်းပဲ့သည့် ဒဏ်ရာတွေကလည်း ပွန်းစားသည်။ သို့ရာတွင် သူသတိပြန်လည်ရသည်အထိ စောင့်ရဦးမည်။

နံနက် သုံးနာရီခွဲကျတော့ လောလောဆယ် ဒီမျှ တာမျှ လုပ်၍ရေးသားဟု ဆုံးဖြတ်လိုက်သည်။ လူနာအသက်ရှူ ပုံမှန်လာသည်။ သွေးစာလည်း အနည်းငယ် ခုန်လာသည်။ ဆေးတလစ်နေ့ခဲ့သော လူနာကို ပိုက် ငုံ့ကြည့်လျက် သူ့ စကား များကိုသတိရနေမိ၏။ 'ကျွန်တော်တို့အသေးခြောက်သော လေခက် မေ့ပစ်လိုက်မယ်၊ ပထမဆုံး သမီးလေးကို ပိုက်တို့ နာမည်ပေးမယ်၊ ဒေါက်တာ ခွင့်ပြုမယ်မဟုတ်လား ဟင်'

'ဇစ်နရ ထူးခြားတာနဲ့ ကျွန်မဆီကို ဖုန်းဆက်ပါ'

ပိုက်ကပြောလိုက်သည်၊ သူနာပြုဆရာမတစ်ယောက်က...

'မပူပါနဲ့ ဒေါက်တာ၊ ကျွန်မတို့ ဂရုစိုက်လိုက်ပါမယ်'

ပိုက် ဂျူတီခန်းသို့ ပြန်သွားသည်။ အခုတော့ ပင်ပန်းနေ ပြီဖြစ်သော်လည်း ဂျင်မီအတွက် စိုးရိမ်နေသဖြင့် အိပ်၍မရတော့။

တယ်လီဖုန်း မြည်လာပြန်သည်။ ဖုန်းကို လှမ်းကိုင်ရန်ဝင် သိပ်အားမရှိတော့။

'ဟဲလို'

'တတိယထပ်ကို လာခဲ့ပါ ဒေါက်တာ၊ မြန်မြန်လုပ်ပါ၊ ဒေါက်တာဘာကာရဲ့ လူနာတစ်ယောက် နှလုံးရောဂါထနေလို့'

'လာခဲ့မယ်'

ဒေါက်တာဘာကာ၏လူနာ ဆိုပါလား။ သက်ပြင်းတစ်ချက်ချကာ ခုတင်ပေါ်မှ ယိမ်းအယိုင်နှင့်ဆင်းပြီး မျက်နှာသစ်လိုက်သည်။ ပြီးတော့ စင်္ကြံအတိုင်း ဒရောသောပါး ပြေးခဲ့ရ၏။

သီးသန့်ခန်းတစ်ခု၏ အပြင်တွင် သူနာပြုဆရာမ တစ်ယောက်က ရပ်စောင့်နေပြီး....,

'မစ္စက်ဟန်းပါ ဒေါက်တာ၊ နှလုံးကျယ်နေတယ်'

ပိုက် အခန်းထဲဝင်သွားသည်။

မစ္စက်ဟန်းမှာ အသက်ငါးဆယ်ကျော်အရွယ် မိန်းမကြီးတစ်ယောက်ဖြစ်သည်။ သူမမျက်နှာမှာ တစ်ချိန်က အလှ၏ အရိပ်အယောင်တွေ ရှိနေဆဲ။ သို့သော် ခန္ဓာကိုယ်မှာမူ ဝဖိုင့်ဖိုင့် ဖြစ်နေ၏။ လူနာမှာ ရင်ဘတ်ကိုဖိလျက် ညည်းနေ၏။



'ကျွန်မ သေရပါတော့မယ်၊ အသက်ရှူလို့ မရတော့ဘူး'

'နေကောင်းသွားမှာပါ အန်တီ'

ပိုက်ကပြောပြီး သူနာပြုဆရာမဘက်လှည့်၍—

'သူ့ကို အီးစီဂျီ ရိုက်ပြီးပလား'

'သူ့ကို အထိမခံဘူး ဒေါက်တာ၊ အထိခံနိုင်လောက်အောင် ဖြစ်နေတယ်လို့ ပြောတယ်'

'အီးစီဂျီရိုက်မှ ဖြစ်မှာပေါ့'

ပိုက်က လူနာအား ပြောလိုက်သည်။

'ကျွန်မ မသေချင်ဘူး၊ ကျွန်မကို မသေအောင်လုပ်ပေး'

ပိုက်က ဆရာမအား....

'ဒေါက်တာဘာကာဆီကို ဖုန်းလှမ်းဆက်စမ်း၊ အခုလာခဲ့ပါလို့'

ဆရာမ ခပ်သုတ်သုတ် ထွက်သွားသည်။

ပိုက်က မစ္စက်ဟန်း၏ ရင်ဘတ်ကို နားကြပ်နှင့် ထောက်ကြည့်သည်။ နားထောင်လိုက်တော့ နှလုံးမှာ ပုံမှန်ဖြစ်နေကြောင်း တွေ့ရသည်။ သို့သော် ဖြစ်သလိုလည်း မလုပ်ရဲ။

'ဒေါက်တာဘာကာ အခုပဲ ရောက်လာပါလိမ့်မယ်၊ ခဏလောက် သက်သာသလို နေလိုက်ပါဦး'

'ကျွန်မ ဒီလောက် တစ်ခါမှ မခံရဖူးဘူး၊ ရင်ထဲက သိပ်ကျပ်နေတယ်၊ ကျွန်မကို ပစ်မထားခဲ့ပါနဲ့ ဒေါက်တာရယ်'

'ပစ်မထားပါဘူး'၊

ဒေါက်တာဘာဘကာအမြောက်ကို စောင့်ရှင်း ပိုက် အခြား ခပါခန်းအတွင်း လူနာဌာနသို့ ဖုန်းဆက်လိုက်သည်။ ချင်မီ၏ အခြေအနေ မထူးခြားသေးဟု ဆို၏။

နာရီဝက်လောက်ကြာတော့ ဒေါက်တာဘာဘာ ရောက်လာသည်။ ကမန်းကတန်း၊ အဝတ်အစား ဝတ်လာပုံသည် ရှ၏။

'ဘာဖြစ်လို့လဲ'
'မစ္စက်ဟန်း နှလုံးရောဂါပြန်ထနေတယ်ထင်တယ် ဆရာ'
ဒေါက်တာဘာဘာကာအ ခုတင်နားသို့ ကပ်သွားပြီး'
'အီးစီဂျီ ရိုက်ထားလား'
'လူနာက အရိုက်မခံဘူး'
'သွေးခုန်နှုန်းရော'
'ပုံမှန်ပါ ဆရာ၊ အဖျားလည်း မရှိဘူး'

ဒေါက်တာဘာဘာကာအ မစ္စက်ဟန်း၏ကျောကို နားကြပ်နှင့် ထောက်ရင်း...
'အသက်ပြင်းပြင်းရှူစမ်း'

လူနာက ရှူသည်။

'နောက်တစ်ခါ ရှူဦး'

မစ္စက်ဟန်း၏ ကျယ်လောင်စွာ လေတက်သွားသည်။



'ကန်တော့ပါရှဲ၊ ဟာ...သက်သာသွားပြီဒေါက်'
ဘာဘာက သူမကို တစ်ချက်ကြည့်လျက်...
'ညနေက ဘာနဲ့စားလဲ'
'အသားညှပ်ပေါင်မုန့်ပဲစားတယ် ဆရာ'

'အသားညှပ်ပေါင်မုန့်ပဲလား၊ တခြား ဘာမှ မစားဘူးလား၊ တစ်ခုတည်းလား'

'နှစ်ခုပါ ဆရာ'

'နောက် ဘာစားသေးလဲ'

'ကြက်ဆွန်နီနဲ့ ကြက်ဥကြော်စားတယ်'

'ဘာသောက်သေးလဲ'

'နို့ချောကလက် သောက်ပါတယ် ဆရာ'

ဒေါက်တာဘာဘာက လူနာကို ငုံ့ကြည့်လျက်...
'ခင်ဗျားနှလုံးက ကောင်းပါတယ်၊ ခင်ဗျား စားတာ သောက်တာတွေကိုပဲ စိုးရိမ်ရတာ'

သူက ပိုက်ဘက်သို့လှည့်၍...
'သူဖြစ်တာက နှလုံးပူဘာကျ၊ ပြောစရာရှိလို့ အပြင်ခေါ်လိုက်ခဲ့စမ်း'
စင်္ကြံထဲသို့ ထွက်မိသောအခါ...

'မင်းကို ဆေးကျောင်းက ဘာတွေများ သင်လိုက်သလဲ၊ နှလုံးရောဂါထတာနဲ့ နှလုံးပွတာကိုတောင် မခွဲတတ်ဘူး လား'

'ကျွန်မ ထင်တာက…'

'ဘာမှထင်တယ်လုပ်မနေနဲ့၊ နေ့ခင်းတစ်ခါ နှလုံးပွတဲ့ အကြောင်းလေးလောက်နဲ့ ငါ့ကို ညကြီးမင်းကြီးနှိုးရင် နှပ် ချေပြီသာမှတ်၊ နားလည်လား'

ပိုက် တောင့်တောင့်ကြီးရပ်လျက် မျက်နှာမှာသည်း မှုန် နေသည်။

'အချဉ်ပေါက်ဖြေဆေး တိုက်လိုက်ပါ၊ သူ့ကောင်းသွား လိမ့်မယ်၊ မနက်ခြောက်နာရီမှာ လူညီတော့မှ မင်းနဲ့တွေ့ မယ်'

တဆောင့်ဆောင့်နှင့် ထွက်သွားသော သူ့ကို ပိုက် ရပ် ကြည့်နေလိုက်သည်။

ဂျူတီခန်းသို့ ပြန်ရောက်တော့ သူအ ခုံပေါ်ပစ်လှဲရင်း လောချင့်ဘာကာကို ငါသတိရမယ်၊ ဖြည်းဖြည်းချင်း သတ် ပစ်မယ်၊ အကြီးအကျယ် နာမကျန်းဖြစ်အောင် လုပ်မယ်၊ သူ့ကိုယ်ထဲကို ပိုက်တွေ အများကြီး ထည့်ထားရတဲ့အထိ ဖြစ်စေရမယ်၊ သူ့ဝေဒနာတွေကို ပြန်ကုပေးဖို့ ငါ့ကို



တောင်းပန်စေရမယ်၊ ဒါပေမယ့် ငါလုပ်မပေးဘူး၊ သူ ခံစားသွားစေရမယ်၊ သူပြန်နေကောင်းလာတဲ့အခါ အဲဒီ ကျမှ သူ့ကို သတ်ပစ်မယ်။

## အခန်း (၁၅)

ပိုက်မှာ အရှိုင်းအစိုင်းကောင်ကြီးနှင့် နံနက်ပိုင်း လှည့်နေ ရသည်။ အရှိုင်းအစိုင်းကောင်ကြီး ဆိုသည်မှာ ဒေါက်တာ ဘာသာကို ထူမ လျှို့ဝှက်အမည်ပေးထားခြင်းဖြစ်၏။ နှလုံး ခွဲစိတ်မှု သုံးခုတွင်လည်း ဒေါက်တာဘာသာကို ထူမ အကူ ဆရာဝန် လုပ်ပေးခဲ့ရသည်။

လူ့ကို စိတ်ထဲမှ မုန်းသော်လည်း သူ၏ ကျွမ်းကျင်မှုကို တော့ ထူမ မလေးစားဘဲမနေနိုင်။ လူနာ၏ ရင်ဘတ်ကြီးကို ခွဲလိုက်ပြီး မူလနှလုံးကိုထုတ်၍ အလှူရှင်၏နှလုံးနှင့် အစား



ထိုးကာ ပြန်ချုပ်နေပုံကို ထူမ ရင်ဆပ်ရှုမော ကြည့်နေမိ သည်။ ခွဲစိတ်မှုမှာ ငါးနာရီပင် ကြာ၏။

ထင်ပေါ် နှစ်ပတ်သောက်ဆိုလျှင် ထိုလူနာ အကောင်း ပကတိ ပြန်ဖြစ်လာတော့မည်။ ခွဲစိတ်ဆရာဝန်တွေ သူတို့ကိုယ် သူတို့ ဘုန်းစိုးရှင်တွေလောက်ထင်နေကြသည်မှာလည်း အဆန်း တော့မဟုတ်။ သေသူကို ပြန်ရှင်အောင် လုပ်ပေးနိုင်ကြသည် မဟုတ်လော။

နှလုံးတစ်ခု ရပ်သွားပြီး ဘာမျှ အသုံးမကျတော့သည့် အသားတုံးလေးတစ်တုံးအဖြစ်မျိုး ရောက်သွားသည်ကို ပိုက် အကြိမ်ကြိမ် တွေ့ခဲ့ဖူးသည်။ ထို့နောက် ထိုအသားတုံး ကလေးက မျက်လှည့်ပမာ ပြန်လည်လှုပ်ရှားလာပြီး သွေး လှည့်ပတ်မှုများ ဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ခဲ့ရ ဖူးသည်။

ထင်နံနက်တွင် လူနာတစ်ယောက်၏ နှလုံးအတွင်းထဲသို့ ပိုက်ထည့်စစ်ဆေးရမည့် ခွဲစိတ်မှုတစ်ခု လုပ်ခဲ့ရသည်။ ပိုက်မှာ ဒေါက်တာဘာသာနှင့် ခွဲစိတ်ခန်းထဲတွင် ရှိနေ၏။ စခဲ့မည် လုပ်တော့ ဒေါက်တာဘာသာက...

'ခွဲစမ်း'

ပိုက်က သူ့ကိုကြည့်ကာ...

'ဘာဖြစ်လိုက်တာလဲ ဆရာ'

'အခုခွဲရမှာက လွယ်လွယ်လေး၊ ခွဲနိုင်ပါ့မလား'

သူ့အသံတွင် နှိမ့်ချင်တန်ပါနေသည်။ ပိုက်က ခပ်တည်တည်နှင့်—

'ရပါတယ်'

'ကဲ—ဒါဆိုခွဲ'

အတော်ပင် ဒေါသဖြစ်စရာကောင်းသည့်လူ။

နှလုံးသွေးကြောထဲသို့ နှလုံးသို့ ရောက်သည်အထိ ပလတ်စတစ်ပိုက်တစ်လုံး ကျွမ်းကျင်စွာ ထိုးသွင်းနေပုံကို ဒေါက်တာ ဘာကာက ရပ်ကြည့်နေသည်။ ချောချောမောမော လည်း လုပ်နိုင်ခဲ့၏။ ဒေါက်တာ ဘာကာက တစ်ခွန်းမျှ မပြော။

သေစမ်းပါစေတော့။ ငါဘာလုပ်လုပ် သူ အကောင်းကို မထင်ဘူး။ ပိုက်စိတ်ထဲမှ တွေးနေမိ၏။

ပိုက်က ရေဒီယိုအလင်းပိတ် ပစ္စည်းကို ပိုက်ထဲသို့ ထည့်လိုက်သည်။ ထိုပစ္စည်း သွေးကြောမအတိုင်း ဝင်သွားပုံကို မော်နီတာမှတစ်ဆင့် ကြည့်နေကြ၏။ မော်နီတာ မှန်ချပ်ပေါ်တွင် သွေးကြောမထဲမှ ပိတ်ဆို့နေသည့် နေရာများကို



လည်း တွေ့နေရ၏။ ယင်းကို အော်တိုမက်တစ် ကင်မရာက ဓာတ်မှန်ရိုက်ယူနေသည်။

အကြီးတန်းအလုပ်သင်ဆရာဝန်က ပိုက်ကို ကြည့်လျက်—

'တယ်တော်ပါလား'

'ကျေးဇူးတင်ပါတယ်'

ပိုက်က ပြောပြီး ဒေါက်တာဘာကာဘက် လှည့်ကြည့်တော့ သူက ရယ်လှောင်စွာဖြင့်—

'သိပ်နှေးတာပဲ'

ပြောပြီး ထွက်သွားတော့သည်။

ဒေါက်တာ ဘာကာ သူ့ဆေးခန်းတွင် အလုပ်များနေ၍ ဆေးရုံသို့ မလာနိုင်သည့်အတွက် ပိုက် စိတ်ချမ်းသာ နေမိသည်။ သူမက ဆက်အား....

'လူနဲ့တစ်နေ့လောက် မတွေ့ရတာ နယ်ဘက်ကိုတစ်ခါ လောက် အလျှော်ထွက်ရတာ ဘက် စိတ်ချမ်းသာတယ်'

'နင် သူ့ကို တကယ်မုန်းတာနော်'

'သိပ်တော်တဲ့ ဆရာဝန်တစ်ယောက်ဆိုတာဘာ နှိုက်ပါတယ်၊ ဒါပေမယ့် အကောင်းဆုံးစိတ်ပျက်စရာ ကောင်းတဲ့ လူပါ၊ တစ်ခါတလေ လူတွေဟာ နာမည်နဲ့ လိုက်ဘာရှိတယ်၊ ဒေါက်တာဘာသာ လူတွေကို မဟောင်ရရင် သေသွားနိုင်တယ်'

'ငါ့တစ်ခု တွေးမိတယ်၊ သူတို့တစ်တွေဟာ မိန်းမတွေအတွက် ဘုရားသခင်က ပေးတဲ့ လက်ဆောင်တွေလို့ ထင်နေကြတာ၊ လောကမှာ ယောက်ျားတွေမရှိရင် ဘယ်လောက်ကောင်းမလဲ'

ကာလ်အပြောရင်း ရယ်သည်။ ပိုက်က သူမအား ကြည့်လိုက်မိ၏။ သို့သော် ဘာမျှ မပြောလိုက်။



ပိုက်နှင့် ကာလ်တို့ ဂျင်မီဖွိဒ်အခြေအနေကို သွားကြည့်ကြသည်။ သူသတိပြန်မရသေး။ ဒီမီဘွိအခန်းနှင့်လည်း ဘာမှ မသတိနိုင်။ ကာလ်က သက်ပြင်းချလျက်—

'ဖြစ်မှဖြစ်ရလေဟယ်၊ ဒီလိုလူကောင်းကြီးမှ ဒါမျိုး ဖြစ်ရတယ်လို့'

'အေးလေ'

'သူပြန်ကောင်းပါ့မလား မသိဘူး'

ပိုက်က တစ်ချက်ငိုင်လျက်—

'ငါတို့ဘက်ကတော့ တတ်နိုင်သမျှ အကုန်လုပ်ပေးပြီးပြီပဲ၊ ကံတရားပေါ့'

'ရယ်စရာကြီးနော်၊ တို့ဟာ တန်ခိုးရှင်တွေလို့ပဲလို့ ထင်နေခဲ့တာ'

နောက်တစ်နေ့တွင် ညနေပိုင်း လှည်းရှည်ပိုက်အား ဦးဆောင်ရသည်။ အကြီးတန်းအလုပ်သင်ဆရာဝန် ကက်ပလန်က ကြုံနေပါတွင် ပိုက်အား...

'ဒီနေ့တော့ ခင်ဗျားကံကောင်းတာပဲ၊ ခင်ဗျားလှည့်ရင် ခေါ်သွားဖို့ ဆေးကျောင်းသားအသစ် တစ်ယောက်ရောက်နေတယ်'

'ဟုတ်လား'

'ဟုတ်တယ်၊ ဒေါက်တာ ဝေါလေ့စ်ရဲ့ မိန်းမဘက်က တူဖျင်းလေး၊ ဆရာဝန် သိပ်ဖြစ်ချင်တာဆိုပဲ၊ နောက်ဆုံးကျောင်း၊ နှစ်ကျောင်းက သူ့ကို ကျောင်းထုတ် ပစ်လိုက်တယ်၊ ကျွန်တော်တို့ အားလုံးက သူ့ကို စိုင်းဆင်ပေးရမယ်ဆိုပဲ၊ ဒီနေ့ ခင်ဗျား အလှည့်ကျတယ်'

'ကျွန်မမှာ အဲဒီလောက် အချိန်မရပါဘူး၊ ကျွန်မအလုပ်နဲ့ ကျွန်မ....'

ပိုက်က ညည်းဆည်း။

'မရလို့ မဖြစ်ဘူးလေ၊ လိမ္မာစမ်းပါလေ့၊ ဒေါက်တာဝေါလေ့စ်က ဆုချမှာပေါ့'

ပြောပြီး ကက်ပလန် ထွက်သွားသည်။



ပိုက်မှာ ဆက်မြင်းတစ်ချက် ချကာ အလုပ်သင် ဆရာဝန်များ စောင့်နေမည့် အခန်းသို့ လျှောက်လာ ခဲ့တော့သည်။ မဖျင်းလေးဆိုတာ ဘယ်မှာလဲ မသိ၊

ပိုက် နာရီကိုကြည့်လိုက်သည်။ သည်လူငယ်ဆိုးမိနစ်ခန့် နောက်ကျနေပြီပဲ၊ နောက်တစ်မိနစ်တော့ ထပ်စောင့်လိုက်ဦးမည်။ ထိုအချိန်မှ မလာလျှင်တော့ သေဖို့သာမြင်၊

ဤတွင် သူ့ကို ပိုက် လှမ်းတွေ့လိုက်သည်။ အရပ်မြင့်မြင့် ကိုယ်လုံးသွယ်သွယ်၊ ပိုက်ထံသို့ ခပ်သုတ်သုတ် လျှောက်လာနေသည်။

ပိုက်အနီးကို ရောက်တော့ အတော်လေး မောနေဟန် ရှိ၏။ ပြီး သူက...

'ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ ဒေါက်တာဝေါလေ့စ်က ကျွန်တော့်ကို...'

'မင်း နောက်ကျနေတယ်'

'ကျွန်တော် သိပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် လာဖို့အခက်'

'ထားပါတော့၊ မင်းနာမည် ဘယ်လိုခေါ်လဲ'
'ဂျေဆင်ပါ၊ ဂျေဆင် ဆားတစ်လို့ ခေါ်ပါတယ်'

သူက အားဆေးအနေနှင့်သည့်အတွက်ကို ဖေါ်ထားသည်။
'မင်းရဲ့ ဂျူတီကုတ်ကရော'
'ကျွန်တော့် ဂျူတီကုတ် ဟုတ်လား'
'လူညွှိုတဲ့အခါ ဂျူတီကုတ်ဝတ်ရမယ်ဆိုတာ မင်း မသိဘူး လား'

လူငယ်မှာ မျာလောင်ခေတ်သွားပြီး....
'ဟင့်အင်း....ဟို...ကျွန်တော်...'

ပိုက်က စိတ်တိုစွာဖြင့်...
'သွားသူနာပြုချုပ်ရုံးခန်းမှာ ဂျူတီကုတ် သွားတောင်း ချေ၊ မှတ်စုစာအုပ်လည်း မပါပါလား'

'ဟင့်အင်း...'

ဖျောင်းလေးဆိုသည့်ဘက်ပင် ဖျင်းခနဲပါခရောလာ၏။ ပိုက် က...
'အဆောင်တစ်ကို လိုက်ခဲ့'

'ဟုတ်ပါတယ်နော်၊ ကျွန်တော်...'

'ခိုင်းတဲ့အတိုင်း လုပ်စမ်း'

ပိုက်နှင့်အဖွဲ့ ထွက်လာခဲ့ကြသည်။ ဂျေဆင် ကားတစ် စွာ အကြောင်သား ကျန်ခဲ့၏။



ထပ်မံယူလူနာကို စစ်ဆေးနေစဉ် ဂျေဆင် ကားတစ် အပြေးရောက်လာသည်။ ဂျူတီကုတ်ကိုလည်း ဝတ်လာ၏။ ပိုက်က ရှင်းပြနေသည်။

'...နှလုံးကျွမ်းမာမှာ ပထမအဆင့် ဆိုတာ အတော်ရှား တယ်၊ ဒုတိယအဆင့် ဖြစ်တာ များတယ်'

ထို့နောက် အားတစ်ဘက်သို့ လှည့်၍...
'ကျွမ်းသုံးမျိုးရဲ့ အမှည့်တွေကို ခင်း ပြောနိုင်သလား'

သူက ပိုက်ကိုစိုက်ကြည့်လျက်...
'ကျွန်တော်...ကျွန်တော် မသိပါဘူး'

ဘယ်သိမလဲလေ၊ ပြီးမှ ပိုက်က...
'နှလုံးအပေါ်ယံ ကျွမ်း၊ နှလုံးအလယ်ပိုင်း ကျွမ်း၊ နှလုံးအတွင်းပိုင်း ကျွမ်းသို့ ခေါ်တယ်'

သူက ပိုက်ကိုကြည့်၍ ပြုံးလျက်...
'အတော် စိတ်ဝင်စားဖို့ ကောင်းတာပဲ'
ဖြစ်မှ ဖြစ်ရလေ။ ဒေါက်တာ ဝေါလေ့စ် ထူဖြစ်ဖြင်၊ အဖြစ်ဖြစ် သူ့ဆို မောင်းထုတ်ပစ်ချင်နေလေပြီ။
နောက် လူနာတစ်ယောက်ဆီသို့ ရောက်သွား ပြန်သည်။ လူနာကို စစ်ဆေးနေရင်း ပိုက်က ကျန်သူများအား လူနာ များ မကြားနိုင်သည့် စကြံန်ပေါ်သို့ ခေါ်သွားပြီး—

'ဒီလူနာမှာ သိုင်းရိုက်မှန်တိုင်းလို့ ခေါ်တဲ့ သိုင်းရိုက်ဂလင်း အလွန်အကျွံ အလုပ်လုပ်နေတယ်၊ အဖျားလည်း ဝင်နေတယ်၊ နှလုံးတုန်တယ်၊ ခွဲစိတ်ပြီးတော့ဖြစ်လာတာ၊ အဲဒါကို ဘယ်လိုကုသမလဲ'

သူမက ဂျေဆင်အားတစ်ကိုကြည့်၍ မေးလိုက်ခြင်းဖြစ်သည်။ ကားတစ်က ရပ်နေရင်း တစ်ချက်စဉ်းစားကာ....

'သက်သက်သာသာလေး ပြုစုမယ်'

မိုက် စိတ်ကို အတော်ထိန်းလိုက်ရသည်။

'မင်းအ သူ့အမေမို့လို့လား၊ သူ့ဆရာဝန်မဟုတ်လား၊ သူ့ကို ရေနည်းတာဆက်သာအောင် ဂလူးကို့စ်သွင်းပေးရမယ်၊ အိုင်အိုဒင်းဆေးရည်နဲ့ သိုင်းရိုက်ဂလင်းငြိမ်ဆေးလည်း သွင်းရမယ်၊ နှလုံးမတုန်အောင် စိတ်ငြိမ်ဆေးလည်း ပေးရမယ်'

ဂျေဆင်ကားတစ်က ခေါင်းညိတ်လျက်...

'အဲဒါမှဖြစ်နိုင်တယ်'

အခြေအနေက ပိုရှုပ်ထွေးမလာခဲ့။ လှည့်ပြီးသောအခါ မိုက်က ဂျေဆင်အားတစ်အား ခေါ်သို့ခေါ်၍...
'မင်းကို ပွင့်ပွင့်လင်းလင်း တစ်ခုပြောချင်တယ်



'ရပါတယ်၊ ပြောပါ'

'တခြားအလုပ်တစ်ခုကို ပြောင်းလုပ်ပါလား'

သူက မျက်မှောင်ကြုတ်လျက်...

'ကျွန်တော် ဒီအလုပ်နဲ့မဖြစ်ဘူးလို့ ပြောချင်တာလား'

'အမှန်အတိုင်းပြောရရင် လုံးဝမဖြစ်နိုင်ဘူး၊ ဒီအလုပ်ကို မင်း ဝါသနာလည်းမပါဘူး မဟုတ်လား'

'သိပ်မပါပါဘူး'

'ဒါဆို ဘာလို့ ဒီအလုပ်လုပ်ဖို့ရွေးခဲ့တာလဲ'

'အမှန်အတိုင်းပြောရရင် အတင်းလုပ်ခိုင်းလို့ပါ'

'ဒါဆိုလည်း ဒေါက်တာဝေါ်ဆနစ်ကို သူ မှားတဲ့အကြောင်း ပြောပြပေါ့၊ မင်းဘဝအတွက် တခြားလုပ်စရာအလုပ်တစ်ခုခုတွေ့မှာပါ'

'အခုလို ပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒီအကြောင်းကို ကျွန်တော်တို့ ထပ်ဆွေးနွေးကြရအောင်လား၊ ဒီညအားရင် ညစာလိုက်စားနိုင်မလား'

ကားတစ်က အလေးအနက်ထား၍ ပြောနေသည်။

'ထပ်ဆွေးနွေးစရာ မလိုတော့ပါဘူး၊ ငင်းရဲ့ ဦးလေး ကိုသာ ပြောပြလိုက်ပါ'

ထိုစဉ် ဒေါက်တာဝေါလေ့စ်ထွက်လာပြီး—

'ဂျေဆင်…ရှာလိုက်ရတာကွာ'

ပြီးတော့ ပိုက်ဘက်သို့လှည့်၍—

'မင်းတို့နှစ်ယောက် တွေ့ပြီးကြပြီပဲ'

'ဟုတ်ကဲ့၊ တွေ့ပြီးပါပြီဆရာ'

'ကောင်းပါတယ်၊ ဂျေဆင်က တို့ နောက်ထပ်ဆောက်မယ့် အဆောက်အအုံအတွက် ငွေဗိုင်းပုံစံ ဦးစီးရေးဆွဲနေတဲ့ ဗိသုကာလေ'

ပိုက် ကြက်သေသေသွားပြီး—

'ဘွက…ဘာ…'

'ဟုတ်တယ်လေ၊ သူ ပြောမပြဘူးလား'

ပိုက်မျက်နှာတစ်ခုလုံး ထူပူသွားသည်။ 'ဂျူတီကုတ်ဝတ်ရမယ်ဆိုတာ မသိဘူးလေ' 'ဒီအလုပ်ကို ဘာလို့လာလုပ်တာလဲ' 'အမှန်အတိုင်းပြောရရင် အထောင်းလုပ်ရိုင်းလို့ပါ'။



သူ့ကို အထောင်းလုပ်ခိုင်းသည်က မိမိပဲ။

မြေတွင်းခေါက် တစ်ပေါက်သာရှိမည်ဆိုလျှင် ထိုတွင်းထဲသို့ ပိုက် အတော်းဝင်ပြေးသိုက်ချင်သည်။ မိမိကို သူ အရှုံးလုပ်ခဲ့ခြင်းဖြစ်သည်။ သူမအာ ဂျေဆင်ဘက်သို့လှည့်၍—

'ရှင် ဘယ်သူဘယ်ဝါဆိုတာ အစက ဘာလို့ ကျွန်မကို မပြောတာလဲ'

သူက ပိုက်အားကြည့်၍ ပျော်နေဟန်ဖြင့်—

'ကျွန်တော် ပြောခွင့်မှမရတာ'

'ဘာပြောခွင့်မရတာလဲ'

ဝေါလေ့စ်က ဝင်မေးခြင်းဖြစ်သည်။

'ကဲ—ကျွန်မကို ခွင့်ပြုပါဦး'

'ဒီည ညစာလိုက်စားမှာလား'

'ကျွန်မ တာဝန်စားဖြစ်မှာမဟုတ်ဘူး၊ အလုပ်များနေလို့'


ပြောပြီး ပိုက် လှည့်ထွက်သွားသည်။ ဂျေဆင်စားပွဲဘက်မှာ သူမကို နှစ်လိုစွာကြည့်၍ ကျန်ခဲ့ရင်း…

'တောင်ဆိုက်တဲ့ မိန်းကလေး'

'ဟုတ်တယ်ကွာ၊ ကဲ...ဝါရှုံးခန်း သွားပြီး ဒီဇိုင်းကိစ္စ ဆွေးနွေးကြရအောင်'

'ကောင်းသားပဲ'

ဂျူဆင်၏စိတ်ထဲမှာတော့ ပိုက်အားကြဲခြင်းတွေက ရစ်ဝဲဝဲ။



(ဒုတိယပိုင်း ဇာတ်သိမ်းကို ဆက်လက်ဖတ်ရှုပါရန်)

ရွှင်လန်းချမ်းမြေ့ပါစေ—

ဇင်သန့်